www.burmeseclassic.com

# ကြယ်စင်မှူးဝေ

အမှန်းခ ... ည



(အချစ်လုံးချင်းဝတ္ထု၊ သစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၁၄၊ ဖေဖော်ဝါရီ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (ဝ၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (ဝ၈၂၁ဝ) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - ၁၄ဝဝ ကျပ် |
| အုပ်ရေ | - ၅ဝဝ အုပ် |

ကြယ်စင်မှူးဝေ ၈၉၅.၈၃

အမုန်းခ...ည /ကြယ်စင်မှူးဝေ။ – ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၄ ။

၃၁၃ – စာ ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) အမုန်းခ...ည


ကြယ်စင်မှူးဝေ

# အမုန်းခ

# ည

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

ဒေါက်တာ နောင်ခွန်းဆက်နဲ့ သူ့တပည့် မင်းခင်။ ည (၁၂)နာရီလောက်ကြီးပေမယ့် ခုထိ အိမ်ကိုမရောက်နိုင်သေး။ လျှပ်စီးတွေလက်ပြီး မိုးတွေ ထစ်ချုန်းရွာနေသည့် အကာလညကြီးထဲ ကားကိုဖြည်းညှင်းစွာ မီးထိုးပြီးမောင်းနှင်နေရသည်။

မင်းခင်ကိုစိတ်မချသဖြင့် နောင်ခွန်းဆက်ကိုယ်တိုင် ကားမောင်းနေရခြင်းပါ။ လေပြင်းအဝေ့မှာ အပင်တွေ ပြားခနဲပြားခနဲ။ သူတို့ကားလေး လွင့်မသွားအောင် မနည်းဘဲမောင်းနေရတုန်း ဖြုန်းခနဲ ကားရှေ့သို့ တမင်ပြေးဝင်လာသည့် မိန်းကလေးတစ်ယောက်ကြောင့် နောင်ခွန်းဆက် မျက်စိတွေ ပြာခနဲဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွီ! . . . ကျွီ! . . ."

ဘရိတ်ဖမ်းသံကြီးက ညသန်းခေါင်ယံထဲ ကြောက်စရာ လန့်စရာ။ ကားကလည်း နေ့နေ့လေး မောင်းနေခြင်းမို့ မတိုက်မိလောက်ဘူးထင်ပါရဲ့။ သို့သော် ဒုန်းခနဲတော့ ကြားလိုက်ရခဲ့သည်။

"တောက်! ဒါ ငါ့ကိုသက်သက်ဒုက္ခပေးတာ"

ဟုတ်တယ်လေ။ တမင်ကို ကားရှေ့ပြေးဝင်လာတာကိုး။ နောက်မှ လူလိုက်လို့ဆိုလည်း ထားပါတော့။ ခွေးလိုက်လို့ဆိုရင်လည်း ထားပါတော့။ ယခုကျ ဘလိုင်းကြီး။ တမည့်ကျော် မင်းခင်ကတော့ တုန်လှုပ်နေသည့်အသံကြီးနှင့် . . .

"ဆ. . . ဆရာ. . . ခုကွာတော့ မျာနိုးထင်တယ်။ ဘယ်လိုလုပ်ရပါ့မလဲ"

"သေ. . . သေကွာ။ မင်းအမြင်ပဲ၊ ငါ့ကားရှေ့ကို တမင်သက်သက်လာပြီး အတိုက်ခံတာ။ တောက်! သေချင်ရင်လည်း တခြားနည်းလမ်းတွေနဲ့သေပါလား။ အခုတော့ ငါ့ကို အမှုပတ်အောင်လုပ်တယ်"

ကားကိုနောက်ပြန်ဆုတ်ပြီး ကွေ့မောင်းဖို့ သူကြံစည်လိုက်ပေမယ့် မင်းခင်က တောင်းပန်တိုးလျှိုးချင်း သူ့လက်မောင်း





ကို ဆွဲထားၿ၏။

"ဘာပဲဖြစ်ဖြစ်ပါ ဆရာရယ်၊ သူဘာဖြစ်သွားသလဲလို့ ကျွန်တော့် ဆင်းကြည့်ပါရစေ"

"မဆင်းနဲ့ကွာ၊ ထားပစ်ခဲ့လိုက်။ ဒီလောက်ညကြီးမင်းကြီးထဲ၊ ဘယ်သူမှ ငါတို့တိုက်တာမမြင်ဘူး"

"မလုပ်ပါနဲ့ဆရာရယ်၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူး။ ကျွန်တော်တို့တိုက်မိသွားပြီပဲ ဆရာ။ သူ့ကိုဆင်းကြည့်သင့်ပါတယ်"

တကယ်တော့ နောင်ခွန်းဆက်ဆိုတာ လူရိုင်း လူယုတ်မာတစ်ယောက် မဟုတ်ရပါ။ မိန်းမတွေကို စိတ်နာ မုန်းတီးနေသည့် မိန်းမမုန်းတီးရေးသမားတစ်ယောက်မို့သာ သူ ဒီလို ဖွတ်တရွတ်ပြောနေမိခြင်းဖြစ်သည်။ သူ့စိတ်ထဲမှာတော့ မိန်းကလေးကို ဘာဖြစ်သွားသလဲလို့ စိုးရိမ်မိပါသည်။ သူ့ကြောင့် လူတစ်ယောက် အကြောင်းမဲ့ မသေသုံးစေချင်ပါ။

သို့သော် မင်းခင် အတန်တန်တောင်းပန်သဖြင့် လက်ခံရသည့်အသွင်ဖြင့် . . .

"ကောက်! သောက်လုပ်ကိုရှုပ်တယ်။ ဆင်းကွာ၊ ဆင်း။ မင်းကြီးဒေါ်ကို ဆင်းကြည့်လိုက်၊ ဘာမှမဖြစ်ရင် ထားပစ်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



မင်းခင် ဆရာ့ထံမှခွင့်ပြုချက်ရသည်နှင့် မိုးသဲသဲမဲမဲကြီးထဲ ကားတံခါးဖွင့်ကာ ပြေးဆင်းသွားလိုက်တာ ပြာပြာသလဲ။

"ဟာ! ဆရာ"

"ဘာလဲကွ"

မင်းခင်အသံက အလန့်တကြားမို့ သူ စိုးရိမ်စိတ်ကို ဖုံးဖိပြီး အော်ထည့်လိုက်၏။

"သေပြီလားမသိဘူး ဆရာ၊ မလှုပ်တော့ဘူး"

"သေလည်းထားခဲ့ကွာ၊ ပြဿနာပေါ်ရှင်း ငါရှင်းမယ်"

"ဟာ! မဖြစ်သေးဘူးဆရာ၊ ဟို မိုင်တိုင်(ဂျာ)ထဲကလို လိုက်ခြောက်နေလို့ ကျွန်တော်ပါ အကြောက်လွန်ပြီး သေနေဦးမယ်။ ကျွန်တော်က အရမ်းကြောက်တတ်တယ် ဆရာ"

"သေနေမှပဲကွ. . . ဒီမသာကို ဘယ်သွားပို့ရမှာလဲ။ လာ. . . တက်ကွာ၊ မင်းလုပ်နေပုံနဲ့ တစ်ယောက်ယောက် ငါတို့ကို မြင်တော့မှာပဲ"

"ဟာ! လှုပ်နေသေးတယ်ဆရာ၊ မသေသေးဘူး။ မသေဘူး. . . ဆရာ"

"မသေလည်း ထားခဲ့ကွာ၊ နောက်လာတဲ့ကားတွေက ကောက်တင်ပြီး ကုပေးလိမ့်မယ်"





"ဆရာရယ်၊ ကျွန်တော်တို့ကြောင့်ဖြစ်တာ၊ ကျွန်တော်တို့မှာ တာဝန်ရှိတာပေါ့။ ဒီအချိန်ကြီးထဲ နောက်ကားလာဖို့ဆိုတာလည်း သေချာတာမှမဟုတ်ဘဲ။ ပြီးတော့ မိုးထဲလေထဲမှာ အအေးပတ်ပြီး သေသွားမှာပေါ့။ ကျွန်တော်တော့ တင်ခဲ့ချင်တယ် ဆရာ"

"တောက်! မိန်းမတွေများ ငါ့ဘဝမှာ တစ်ခါမှကောင်းကျိုးမပေးခဲ့ဘူး။ ငါ့ကိုနှိပ်စက်ရအောင်၊ ဒုက္ခပေးရအောင်များ မိန်းမတွေ လူဖြစ်နေကြသလားမသိဘူး။ ခုလည်း မင်းအမြင်နော်၊ ငါ့ကားရှေ့ကို တမင်ပြေးဝင်ပြီး အတိုက်ခံတာ။ နောက်မှာ ဘာကောင်မှလည်း လိုက်လာတာမဟုတ်ဘူး"

သူ တပြစ်တောက်တောက်နှင့် ပြောဆိုဒေါပွနေတုန်း မင်းခင်ကတော့ ကားရှေ့မှာ လဲကျ သတိလစ်နေသည့်ကောင်မလေးကို ကားနောက်ထဲသို့ထည့်ပြီး တံခါးပိတ်လိုက်သည်။

"ဟေ့ကောင်! မင်းလည်း နောက်ကပဲစီးတော့။ မင်းမှာ ရေတွေရွဲကုန်ပြီ။ ငါ့အနား လာမထိုင်နဲ့တော့"

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာ့စကားအတိုင်း မင်းခင်မှာ နောက်တံခါးဖွင့်ကာ ကောင်မလေးအနားမှာ ထိုင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒိုးကလည်း သဲကြီးမဲကြီးကို ရှာနေသည်မို့ သူရော ကောင်မလေးပါ ရေတွေစိုရွှဲပြီး ခိုက်ခိုက်တုန်နေခဲ့ကြသည်။

* * *



## အခန်း(၂)

နာရီဝက်လောက်ကြာမှ သူတို့ အိမ်ပြန်ရောက်ကြ၏။ ဆိတ်ငြိမ်ရပ်ကွက်မှာ ခြံနှင့်ဝင်းနှင့် တစ်ထပ်တိုက်နှင့်နေတာမို့ သူတို့ကိုစပ်စုမည့်သူ မရှိ။ ကားကို ဆင်ဝင်အောက် ထိုးရပ်ပြီးသည်နှင့် မင်းဒင်က အရင်ဆင်းပြီး ကောင်မလေးကိုပွေ့ချီထုတ်လိုက်သည်။

နောင်ခွန်းဆက်ဟာ ဆရာဝန်မို့ ကောင်မလေးကို လူသားတစ်ယောက်အနေဖြင့် စိုးရိမ်တော့သွားမိ၏။ သူဟာ မိန်းမမုန်းသည့်ဝါဒီတစ်ယောက်မို့ မိန်းမဆို မထိချင် မကြည့်ချင်ပေမယ့် မင်းဒင်ကိုညွှန်ကြားချက်တွေ ပေးရ၏။ သူ တံခါးကိုအရင်ဖွင့်လိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းခင်၊ သူ့ရေစိုတွေကို အရင်လဲပေးလိုက်။ ပြီးရင် နွေးနွေးထွေးထွေးအဝတ်တွေ လဲပေးလိုက်"

"ဟုတ်. . .ဟုတ်ကဲ့ပါဆရာ၊ ဟာ! မဖြစ်ဘူး. . .မဖြစ်ဘူးဆရာ"

ဆရာတပည့်နှစ်ယောက် ဧည့်ခန်းထဲမှာရောက်ပြီး သူက မီးတွေဖွင့်လိုက်သည်မှ မင်းခင်နှင့်သူချီထားသည့်မိန်းကလေးကို နောင်ခွန်းဆက် ကြည့်လိုက်သည်။ ကြွက်စုတ် ရေနှစ်ထားသလိုပါပဲ။

တစ်ကိုယ်လုံး စိုရွှဲနေသည့်အပြင် ခေါင်းမှလည်း သွေးတွေ စီးကျလို့။

"ငါ့ကော်ဇောတွေတော့ သွားပါပြီ။ ကဲ. . . သွား၊ အဲဒီကောင်မလေးကို မင်းအခန်းထဲခေါ်သွားလိုက်"

"ဗျာ. . . ဆရာ၊ ကျွန်တော့်မှာ ရွာမှာ ဇာဥ်ရှိပြီးသားလေ။ ကျွန်တော်တို့တောသားတွေဆိုတာ သစ္စာတရားကို အသက်လောက် တန်ဖိုးထားတာပါဆရာ"

"ဟေ့ကောင်! ငါ မင်းကို မိန်းမပေးစားနေတာမဟုတ်ဘူး။ ငါတို့တိုက်မှာ အိပ်ခန်းက သုံးခန်းပဲရှိတာ။ တစ်ခန်းက ငါ့မယ်တော်ကြီးလာရင် နေဖို့ဦးထားပြီးသား။ တစ်ခန်းက မင်း၊





တစ်ခန်းက ငါ။ ကဲ! မင်းအခန်းထဲမထားလို့ ဘယ်သူ့အခန်း သွားထားမလဲ"

"ဆရာ့အခန်းထဲမှာ ထားလိုက်ပါဆရာရယ်၊ ကျွန်တော့်အခန်းက လူပျိုသိုးစော်နံတယ်ဆရာရဲ့။ ပြီးတော့ ကျွန်တော်က လူပျိုစစ်စစ်၊ အမဆို ယင်မတောင် မသန်းဖူးသေးတဲ့လူရို"

"တော်. . . တော်. . . မင်း မဆိုင်တာတွေ ဆွဲထည့်မပြောနဲ့။ တောက်! ဒီပြဿနာမင်းဦးခေါင်းမကို ဘယ်မှာထားရမှာပါလိမ့်"

"ဆရာစဉ်းစားနေတာနဲ့ ကောင်မလေး အအေးပတ်ပြီး သေတော့မယ်။ သူ့ကို ဆရာ့အခန်းထဲပို့လိုက်ပြီ၊ ကျွန်တော်လည်း အဝတ်လဲရဦးမှာ ဆရာရဲ့။ ချမ်းတယ်. . . သေတော့မယ်၊ အခုတောင် အဆုတ်အအေးပတ်သွားပြီလားမသိဘူး။ အဟွတ်! အဟွတ်!"

ပြောပြောပြေးပြေးနှင့် မင်းခင် ကောင်မလေးကို သူ့အခန်းထဲ အပြေးပို့ပြီး အပြေးမင် သူ့အခန်းသို့ဝင် ပျောက်ကွယ်သွားခဲ့လျှင် နောင်ခွန်းဆက် ဒေါသတကြီးနှင့် ကျွဲမြီးတို ကျန်ခဲ့ရသည်။

"တောက်! အကုသိုလ်မှ အကုသိုလ်အကြီးကြီးကို ဝင်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ဂြိုဟ်ကြီးကိုးလုံး ဆယ်လုံး ဝင်တာပဲ။ သေရင်လည်း ငါ့ကိုအမှုပတ်ဦးမယ်. . . တောက်!"

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိခဲ့ပေမယ့် ဆရာဝန်ပီပီပင် ဘာဒဏ်ရာတွေ ဘယ်လောက်ရသွားမှန်းမသိ၊ အအေးဘယ်လောက်ပတ်သွားမှန်း မသိရသေးသည့်လူနာကို စစ်ဆေးကုသဖို့ သူစဉ်းစားရလေပြီ။

ဘာပဲဖြစ်ဖြစ် သူ့ကားနှင့်တိုက်မိခဲ့တာမို့ သူ့ကိုအမှုပတ်နိုင်သည်မဟုတ်ပါလား။ မိန်းမတစ်ယောက်ကြောင့် ဘဝပျက်မတတ်ဖြစ်ခဲ့ရ၊ အသည်းကွဲခဲ့ရသည့်သူ့ကိုမှ ကံကြမ္မာကြီးက ကျီစားရက်ပါပေ။

ဒေါ်ပွပွနှင့်ပင် သူ့အတွက် ကြမ္မာဆိုးဝင်လာသည့်လူနာကို စစ်ဆေးကြည့်ရှုဖို့ သူ အခန်းထဲသို့ မကျေမနပ်ဝင်လာရသည်။

ကောင်မလေးက ကြမ်းပြင်ပေါ်မှာ ကြွက်စုတ်တစ်ကောင်လို အခွေလိုက်။ သူမမှာ ရေတွေရွှဲနေလို့ သူ့အိပ်ရာပေါ်သို့ မတင်ခဲ့တာဖြစ်မည်။

"ပထမဦးဆုံး အဝတ်လဲပေးမှပဲ"

မုန်းမုန်းနှင့်ပေမယ့် မျက်စိအောက်မှာ အမြင်မတော်တာမို့ သူ ကိုယ့်ပုဆိုးနှင့်အင်္ကျီတစ်ထည်ကို ထုတ်ယူလိုက်ရသည်။





နောက် ကောင်မလေးကို မျက်နှာပင်မကြည့်ဘဲ အသေကောင်လိုသဘောထားပြီး အဝတ်တွေ ဆွဲချွတ်ပစ်လိုက်၏။ သူဟာ ဆရာဝန်တစ်ယောက်ပဲလေ၊ လူသေတွေနှင့် ထိတွေ့သလိုပေါ့။

နောက် စိုရွှဲနေသည့်ခေါင်းနှင့်ဆံပင်တွေကို မျက်နှာသုတ်စောင်နှင့် ပတ်၊ မျက်နှာသုတ်စောင်တစ်ခုနှင့် ရေသုတ်ပြီးမှ သူ့အဝတ်တွေကို လဲပေးလိုက်သည်။

အသက်ငယ်ပုံရသည့်ကောင်မလေးမှာ အသားတွေပင် ပြာနှမ်းနေပြီမို့ သူ ကိုယ့်ရဲ့နွေးထွေးသည့်အိပ်ရာပေါ်သို့ အသည်းနာနာနှင့် တင်လိုက်ရသည်။

"တောက်! အကုသိုလ်တုံးမ၊ ငါ့ကိုဒုက္ခပေးလွန်းတယ်"

ခါးလောက်ထိ ရှိနိုင်မည့်ဆံပင်တွေကို မျက်နှာသုတ်စောင်နှင့် သုတ်ပေးရပြန်သည်။ ဒဏ်ရာရှာကြည့်လိုက်တော့ ခေါင်းမှာ လက်တစ်ဆစ်လောက် ကွဲသွားတာ တွေ့ရ၏။ ဒဏ်ရာက သိပ်မနက်တာမို့ ဆေးအိတ်ဖွင့်ကာ ဆေးထည့်ပေးရပြန်သည်။

စူပုပ် တောက်ချိတ်နေသည့်မျက်နှာကြီးနှင့်ပေါ့။ နောက် လိုအပ်သည့်ဆေးဝါးတွေကို ထိုးပေးရသေးသည်။ နောက် အပြင်ထွက်ပြီး မင်းဒင်ကို ကုန်းအော်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းခင်"

"ဗျာ. . . ဆရာ"

မင်းခင် အဝတ်လဲပြီး အပြင်ပြေးထွက်လာတော့ ရှုပ်နေသည့် သူ့ဆရာကိုတွေ့လိုက်ရသည်။

"မပြီးသေးဘူးလား။ အဝတ်တစ်ခါလဲတာ ဒီလောက်တောင်ကြာရသလား"

"အဟဲ! အချုံးပြေ တစ်ပက်လောက် ချနေလို့ပါဆရာ။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဘာလုပ်ရမလဲကွ။ မင်းကြီးဒေါ်ကို မင်းဘာသာ ဆက်ကြည့်။ ငါ့အခန်းထဲက ဖယ်ပေး"

"သူ့. . . သူ့ကို ဘယ်မှာထားရမလဲ ဆရာ။ ဟို. . ."

"ဆင်ခြေများမနေနဲ့ စတိုခန်းကိုရှင်းလိုက်။ ပြီးရင် အဲဒီမှာ သွားထား။ ငါ့အခန်းထဲကနေ အမြန်ဆုံးရှင်းပေး"

"ဟုတ်. . . ဟုတ်ကဲ့ပါဆရာ၊ ခဏ. . . ခဏလေးနော်။ သူ့ကိုရော ဆရာကြည့်ပေးပြီးပြီလား။ ဘာဖြစ်သွားသေးလဲ ဆရာ၊ ခမျာ သနားစရာလေးပါဆရာရယ်"

"ဟေ့ကောင်! စကားမရှည်နဲ့ သေချင်လို့ ငါ့ကားရှေ့ တမင်ပြေးဝင်တဲ့မိန်းကလေးကို ဘာသနားနေရမှာလဲ။ မနက်





သတိရရင် ပြန်လွှတ်လိုက်။ အခုတော့ သတိမရသေးဘူး။ သွားကွာ. . . သွား။ အမြန်ဆုံး အခန်းရှင်း။ အမြန်ဆုံးခေါ်သွား"

သူ ဒေါသဖြစ်ဖြစ်နှင့် အော်ပစ်လိုက်တော့လည်း မင်းခင်ခမျာ ကုပ်ကုပ် ကုပ်ကုပ်နှင့် တက်သုတ်ရိုက် လုပ်ဆောင်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ကောင်မလေးက သတိပြန်မရသေးသည်မို့ သူတို့နှစ်ယောက်စလုံး စင်္ကြံခန်းထဲမှာ ဒရင်းဘက်တွေချပြီး အိပ်စောင့်ကြရသည်။ စိုးရိမ်လို့တော့မဟုတ်။ သူစိမ်းတစ်ယောက်ကို မယုံကြည်လို့ရယ်၊ ကိုယ့်အပေါ် အမှုပတ်မှာစိုးလို့ရယ်ကြောင့်ပါ။ သေသွားလျှင် အမှုပတ်မည်မဟုတ်ပါလား။

နောင်ခွန်းဆက် ကောင်မလေးကိုကြည့်တောင်မကြည့်။ နောက်ခိုင်းပြီး ဒရင်းဘက်ပေါ်မှာ အိပ်နေသည်။ ယောဘုယျ ရှပ်ခနဲမြင်လိုက်ရတာတော့ ဆံပင်ရှည်ရှည်၊ အသားဖြူဖြူ၊ အရပ်ရှည်ရှည်။

မင်းအင်ကတော့ တော်တော်သံယောဇဉ်တွယ်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကိုပဲ အရိပ်တကြည့်ကြည့်။ ဟင်း. . . ရွာမှာ တစ္ဆေ ရှိပေလို့ပဲ။

ညကတည်းက သတိမေ့သလား၊ အိပ်ပျော်သွားသလား မသိရသေးသည့် မယ်မင်းကြီးမ၊ မနက်သုံးနာရီလောက်မှ လူး လွန့်ပြီး အသံထွက်လာလေ၏။

"ဟင်း. . . ဟင်း. . . အား. . . သွား. . . လူယုတ်မာ တွေ၊ သွား . . ."

"အောင်မာ!"

စကတည်းက ယဉ်သကိုဆိုသလို သူတို့ကို ပြူးပြူးပြာ ပြာနှင့်ကြည့်ပြီး လူယုတ်မာတွေလို့ ဆိုလိုက်တော့ နောင်ခွန်းဆက် ၏ ရှိုပြီးသားဒေါသတွေက ထောင်းခနဲထွက်လာရသည်။

"မင်းကပဲပြောရတယ်ရှိသေး၊ ပြောစမ်းပါဦး. . . ဘာ ကိစ္စအကြံနဲ့ ငါ့ကားရှေ့ ပြေးဝင်ရတာလဲ။ ငါ့ကိုအချုပ်ထဲရောက် စေချင်လို့လား"

"နေပါဦးဆရာရယ်၊ သူ့ခမျာ ယောက်ျားနှစ်ယောက် ကြီးတောင် မြင်လိုက်ရတော့ လန့်သွားလို့နေမှာပေါ့။ အဖြစ် အပျက်လေးများ မေးကြည့်ပါရစေဦးဗျာ"

"မေးကွာ. . . မေး၊ တောက်! မိန်းမတွေမုန်းပါတယ်





ဆိုမှ တည့်တည့်လာတိုးနေရသေးတယ်။ ငါ့အကုသိုလ် တော် တော်ကြီးမားပါလား"

ဒေါသတွေကြီးနေသည့်ဆရာ့ကို ရှိုနိုးဦးတင် လုပ်ပြပြီး မင်းဒင် ပြူးပြဲစိုးထိတ်နေသည့်ကောင်မလေးကို မေးမြန်းစုံစမ်း ဖို့ ပြင်ရသည်။

"မင်းနာမည် ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာဖြစ်လို့ ငါ တို့ကားရှေ့ ပြေးဝင်လာရတာလဲ"

"ရှင်. . . ရှင်တို့က ဘယ်သူတွေလဲ၊ ကျွန်မကို ဘာလုပ် ကြမလို့ ဖမ်းခေါ်လာကြတာလဲ။ ဟိုလူက လူဆိုးခေါင်းဆောင် ကြီးလား"

"အံမာ! သူကပဲ တစ်ပြန်စီး. . . တောက်!"

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ ဗလပျစ်နှင့် နောင်ခွန်း ဆက်ကို သူမ ကြောက်လန့်နေလျှင် မင်းဒင် ရယ်နေမိသည်။ တကယ်တော့ ဆရာက လူချောတစ်ယောက်ပါ။ မိန်းမတွေကို မုန်းတယ်ဆိုပြီး သူ့ချစ်သူ သူ့အပေါ် သစ္စာဖောက်သွားကတည်း က ဖြစ်သလိုနေပစ်လိုက်လို့ ခုလိုအမွေးတွေဗရပွနှင့် ရုပ်ပျက်နေ ရတာဖြစ်သည်။ မင်းဒင် ရှင်းပြပြန်သည်။

"ဒီလိုပါ ညီမရယ်၊ မင်းက ငါတို့ကားရှေ့ ပြေးဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကားအရိုက်အုပ်လိုက်ပေမယ့် နည်းနည်းထိသွားတယ်လေ၊ ပြီးတော့ မိုးထဲလေထဲ ညကြီးထဲမှာ သတိလစ်နေတဲ့မိန်းကလေး တစ်ယောက်ကို ဒုက္ခရောက်မှာစိုးလို့ ကားပေါ်တင်လာခဲ့တာပါ။ အစ်ကိုတို့ကို မကြောက်ပါနဲ့။ ဆရာက ဆရာဝန်ပါ၊ အစ်ကိုက ဆရာ့တပည့် မင်းအင်တဲ့"

"လျှာတွေရှည်လိုက်တာကွာ၊ သူ့အကြောင်းမမေးဘဲ ကိုယ့်အကြောင်းလျှောက်ပြောနေရသလား အရူးရဲ့"

ဆရာအော်လိုက်တော့ ကောင်မလေး တုန်လှုပ်ကြောက်ရွံ့သွားသဖြင့် မင်းအင် ဆရာ့ကိုတောင်းပန်ရသည်။ ကောင်မလေး ခမျာ ကြောက်လွန်းလို့ အသားတွေပင် တုန်လို့လေ။

"ဆရာကလည်း စိတ်ကိုနည်းနည်းရှည်ပေးပါ၊ သူ့ခမျာ ခုမှသတိရလာခါစ၊ စောစောကလည်း ဘယ်လိုအန္တရာယ်တွေနဲ့ ကြုံခဲ့သလဲမှမသိတာ"

"ဟေ့ကောင်! ငါစိတ်မရှည်တော့ဘူး။ ငါဘာသာ မေးမယ်။ ဟေ့! မိန်းကလေး၊ မင်းဘာဖြစ်လာတာလဲ။ လူသတ်လာတာလား။ ခိုးဝှက်လာတာလား။ ဘာဖြစ်လို့ ညကြီးသန်းခေါင်မှာ ပြေးလွှားနေရတာလဲ. . . ပြော"

သူတစ်ယောက်တည်း အော်ဟစ်မေးမြန်းနေစဉ် ကောင်မလေးက မျက်ရည်တွေနှင့် တုန်လှုပ်ယိမ်းယိုင်လာပြီး ခွေခနဲ ဒုတိယအကြိမ် ပြန်ပြီးသတိလစ်လဲကျသွားသဖြင့် သူတို့တွေ စိုးရိမ်ပူပန်သွားကြသည်။ ကိုယ့်ကိုအမှုပတ်မှာစိုးလို့ပေါ့။

"ဟာ. . . ဆရာရယ်၊ ဆရာ အော်ဟစ် ဒေါသထွက်နေတာနဲ့ ကောင်မလေး သတိလစ်သွားပြန်ပြီ။ ဒုက္ခပါပဲ"

"ဟေ့ကောင်! အဲဒါ မူယာမာယာတွေများနေတာ၊ မင်းဘာသာစောင့်၊ ငါတော့ လူသတ်မိလိမ့်မယ်"

ပြောပြီး နောင်ခွန်းဆက် စိတ်တိုတိုနှင့်ထိုင်ချနေစဉ် မင်းအင်ကတော့ တတ်သရွေ့မှတ်သရွေ့ ပြုစုပေးနေ၏။ ခဏကြာလျှင် ကောင်မလေး သတိရလာခဲ့၏။ စောစောကလို ကြောက်နေသည့်ပုံမျိုးမဟုတ်တော့ဘဲ မာမာထန်ထန်နှင့်။

"ရှင်တို့ ကျွန်မကို မဟားဒယားတော့ လုပ်မယ်မကြံနဲ့။ အသက်ချင်း လဲပစ်လိုက်မယ်"

"ဟေ့! လူတွေကို ဘာထင်လို့လဲ၊ မင်းကို မဟားဒယား လုပ်ချင်မှ ဒီလိုထိုင်ကြည့်နေမလား။ တစ်ညလုံး သတိလစ်နေပြီး ခုမှ ဘာ. . . လူတွေကို ဇော်ကားမော်ကားပြောနေတာလဲ၊ မင်းအင်. . . မင်းဟာမကို ငါ့ခြံထဲက ဆွဲထုတ်သွား၊ ကြုံရာကားကို တားပြီး သူ့တင်ပေးလိုက်. . . သွား"







www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ ဆရာရယ်၊ မိုးလင်းအောင်တော့ စောင့်ပါဦး။ ညီမလေးကလည်း ကိုယ့်ဒုက္ခတွေကိုပြောပြလေ။ ဆရာက သဘောကောင်းပါတယ်ကွာ"

"ဘာမှသဘောမကောင်းဘူး။ အထူးသဖြင့် မိန်းကလေးတွေကို ပိုပြီးမုန်းသေးတယ်"

"ခဏလေးနေပါဦး ဆရာရယ်၊ ကောင်မလေးပြောတာ နားထောင်ပါရစေဦး"

"အမှန်အတိုင်းပြော၊ အလိမ်အညာတွေ မပါစေနဲ့"

သူဟောက်လိုက်တော့ ကောင်မလေး မျက်ရည်တွေ စီးကျလာပြီး သူတို့ကို ရှိုက်ငိုချပြောပြလေတော့သည်။

"ကျွန်မနာမည် ပန်းယွန်းစည်ပါဆရာ"

"လာပြန်ပြီ ပန်းပါတဲ့လူဆို တစ်ယောက်မှမကောင်းဘူးဟေ့။ ငါ့ဘဝကိုဖျက်ဆီး ဒုက္ခပေးသွားတာ ပန်းတွေပဲ"

"ရှင်!"

"ဆက်ပြော"

"ပန်းယွန်းက လူတွေကိုဒုက္ခမပေးပါဘူးရှင်။ လူတွေကသာ ပန်းယွန်းကို ဒုက္ခပေးနေကြတာပါ"

"အောင်မာ... စကားတိုကြည့်ပြော"





"ဆရာတို့ကိုမပြောပါဘူးရှင်၊ ကျွန်မပတ်ဝန်းကျင်က လူတွေကိုပြောတာပါ"

"အဲဒါနဲ့ ငါကားရှေ့ ဝင်တိုးရသလား။ ငါ့ကို ဘယ်အချိုးနဲ့ ထောင်ကျအောင်လုပ်ရတာလဲ"

"ပန်းယွန်းသေချင်လို့ပါရှင်၊ သေချင်လို့ ဘယ်သူ့ကား ဖြစ်ဖြစ်ဆိုပြီး တွေ့ရာကားရှေ့ ဖြတ်ပြေးတာပါ"

"မင်းပတ်ဝန်းကျင်က လူတွေကြောင့် သေချင်တာလား ဇာတ်လမ်းတွေ ဆင်မနေနဲ့နော်... ငါမယုံဘူး။ မိန်းမဆိုတာ အလကား... အညာပလီတွေ။ အပြောတစ်မျိုး အလုပ်တစ်မျိုးတွေ။ ကဲ! မယ်မင်းကြီးမ၊ မနက်မိုးလင်းတာနဲ့ ကြွပေတော့။ ခုတော့ မိုးမလင်းသေးလို့ နေချင်နေလိုက်"

ပြောပြီး မင်းခင်လက်ကိုဆွဲကာ သူ ပန်းယွန်းစည်ရှေ့မှ ထွက်ခွာဖို့ပြင်လျှင် ကောင်မလေးက ငိုကြီးချက်မနှင့် တောင်းပန်တိုးလျှိုးလေသည်။

"ဆ... ဆရာရယ်၊ ပန်းယွန်း အိမ်ကိုမပြန်ပါရစေနဲ့ရှင်။ ပန်းယွန်းကို ဒီမှာပဲလက်ခံထားပေးပါ။ ကျွန်မ ဒီမှာ အိမ်ဖော်ပဲလုပ်ရလုပ်ရ လုပ်ပေးပါ့မယ်ရှင်"

"မဖြစ်ဘူး။ ဒီအိမ်မှာ ငါတို့နှစ်ယောက်တည်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားနှစ်ယောက်ရှိတဲ့အိမ်ကို မင်းမကြောက်ဘူးလား''

''ဆရာတို့စိတ်ကောင်းရှိမှန်း ကျွန်မ လူတွေကိုကြည့်ပြီး ခန့်မှန်းမိပါတယ်ရှင်။ အသက်တစ်ချောင်းကယ်တဲ့အနေနဲ့ ကျွန်မကို ဒီမှာလက်ခံထားပေးပါနော်။ ကျွန်မ အလုပ်တွေ လုပ်ပေးပါ့မယ်ရှင်''

''မရဘူး. . . မရဘူး ရှုပ်ရှုပ်ယှက်ယှက်။ ဟော့! ဒီမှာ မူယာမာယာတွေ များမနေနဲ့။ မင်း ငါတို့အိမ်ကို ဘာတွေခိုးချင် ဖွက်ချင်လို့ ဉာဏ်ဆင်ပြီး ဝင်လာတာလဲ။ မှန်မှန်ပြော''

''ဟာ! နေစမ်းပါဦး ဆရာကလည်း ကျွန်တော်မေးစမ်းကြည့်ပါရစေဦးဗျာ။ ဒီမှာ ပန်းယွန်းစည်၊ နင့်အိမ်က ဘယ်လိုတွေဖြစ်နေလို့ အိမ်မပြန်ချင်ရတာလဲ။ မှန်မှန်တော့ပြောနော်။ ငါတို့ကို မညာနဲ့။ နင်ပြောတိုင်းလည်း ငါတို့ယုံမှာမဟုတ်ဘူး။ မှန်မမှန် စုံစမ်းကြည့်ဦးမှာ''

''မညာပါဘူးအစ်ကိုရယ်၊ ကျွန်မဘဝက ဆူးကြားထဲက ဗူးသီးလိုပါ။ မေမေ့ရဲ့နောက်ယောက်ျားက ကျွန်မကို. . . ကျွန်မကို. . .''

ပြောရင်းမှ ကောင်မလေး မျက်ရည်တွေကျလာလျှင် မင်းဒင်က သနားနေပြီး နောင်ခွန်းဆက် မျက်လုံးပြူးလေ၏။





''ဟာ! ဇာတ်ရှုပ်ကြီး။ ဟော့ကောင် မင်းဒင်၊ မင်းအရှုပ်ထုပ်ကို မင်းရှင်း. . . တော်ကြာ''

''ကျွန်မအပြေးကောင်းလို့ ဘာမှမဖြစ်ခဲ့ပါဘူးရှင်။ ဆရာတို့ကို ဘာမှအမှုမပတ်စေရပါဘူး။ ဆရာရယ်. . . ကျွန်မကို ဒီအိမ်မှာ အခိုက်အတန့်လောက်ဖြစ်ဖြစ် ခိုလှုံခွင့်ပေးပါရှင်။ ကျွန်မ အလုပ်တွေ လုပ်ပေးပါ့မယ်''

''အောင်မာ! ငါ့အိမ်ကိုများ ဒုက္ခသည်စခန်းများ မှတ်နေသလား။ မိန်းမတွေကို အယုံအကြည်မရှိဘူး။ မင်းပြောတဲ့ဇာတ်လမ်းတွေလည်း မယုံဘူး''

သူ့ ခါးခါးသီးသီးငြင်းလေ၊ ကောင်မလေးက ဆောက်တည်ရာမရဖြစ်ကာ ငိုရှိုက်နေလျှင် မင်းဒင်ကပင် သူ့ကိုညှိုးညှိုးငယ်ငယ်နှင့်ဝင်ပြီး တောင်းပန်ခယနေလေ၏။

''ဆရာရယ်. . . သနားပါတယ်၊ ခိုကိုးရာမဲ့နေတဲ့ မိန်းကလေးတစ်ယောက်ကို ခဏတစ်ဖြုတ်လောက်ဖြစ်ဖြစ် ခိုလှုံခွင့်ပေးလိုက်ပါ။ နောက်မှ သူ့အတွက် အကောင်းဆုံးစီစဉ်ပေးကြတာပေါ့နော်''

''မင်းပြောတော့ လွယ်တယ်၊ လူပျိုနှစ်ယောက်တည်းနေတဲ့အိမ်မှာ အပျိုတစ်ယောက် လာနေတော့ သင့်တော်မလား။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က ဘာပြောမလဲ"

"လွယ်ပါတယ်ဆရာရယ်၊ နယ်က ကျွန်တော့်ညီမလေးကို ခိုင်းဖို့ခေါ်ထားတယ်လို့ ပြောလိုက်မှာပေါ့"

"အေး! ဒါဆိုလည်း မင်းဇာတ် မင်းနိုင်အောင်. . . က"

"စိတ်ချပါဆရာ. . . ကျွန်တော် တာဝန်ယူပါတယ်။ သူ့ကြောင့် ဆရာစိတ်အနှောင့်အယှက်မဖြစ်စေရပါဘူး"

"မင်းကြောင့် ငါလက်ခံပေးလိုက်တာနော်။ သူ့ကို ငါနဲ့လုံးဝမပတ်သက်စေနဲ့၊ ကင်းကင်းနေ။ ကြားလား မိန်းကလေး"

ဝန်းယွန်းစည် ဆရာ့စကားကြောင့် ဝမ်းသာသွားရပြီး ခေါင်းကိုသွက်လက်စွာ ညိတ်ပြရင်း ရင်ထဲမှာ အေးသွား၏။ ဒီလူတွေဟာ လူရိုးတွေဆိုတာ သူတို့မျက်နှာမှာ ပေါ်လွင်နေသည် မဟုတ်ပါလား။

"စိတ်ချပါရှင်၊ ပန်းယွန်း ဆရာနဲ့ကင်းကင်းနေပါ့မယ်။ ဆရာမကြိုက်တာ ဘာမှမလုပ်ပါဘူး။ ဒီမှာ ခဏနေခွင့်ပေးတဲ့အတွက် ဆရာ့ကိုအရမ်းကျေးဇူးတင်ပါတယ်။ ပန်းယွန်း ကိုယ့်ဘဝကိုယ် အဆင်ပြေအောင်စီစဉ်ပြီးရင် ဒီကထွက်သွားပေးပါ့မယ်ဆရာ"

"အေး. . . ကိုယ့်စကား ကိုယ်မှတ်ထား"





ဒေါက်တာ နှောင်ခွန်းဆက် အခန်းထဲမှထွက်ခွာသွားလျှင် မင်းဒင် ဝမ်းသာအားရပုံနှင့် ကောင်မလေးကို လက်မထောင်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုရဲ့ တစ်ခုသော သစ်သားအိမ်လေးထဲမှာ ဒေါ်မေမေလှိုင်တစ်ယောက် သမီးပျောက်၍ ယောက်ယက်ခတ်နေရပါသည်။ မိုးတွေလေတွေနှင့် မည်းမှောင်နေသည့်ညမှာမှ သူမ၏မိတ်ဆွေ ဒေါ်မြသီတာ အသည်းအသန်နေမကောင်းသဖြင့် ဒေါ်မေမေလှိုင် ခဏလိုက်သွားခဲ့ရသည်။ နှစ်နာရီလောက်ပဲကြာပေမယ့် အိမ်ပြန်ရောက်တော့ သမီးကိုမတွေ့ရတော့။

ယောက်ျားလှုပ်သူကလည်း နမ့်ကွဲနေပြီး အရက်လည်းမူးနေသေးရဲ့။ သူမ လူမမာကြည့်ရအောင်သွားတုန်း နိုးသောက်ထားတာဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သမီးကိုဘာလုပ်လိုက်တာလဲ။ သမီး အခုဘယ်ရောက်သွားလဲ"

"မင်းနောက် လိုက်သွားတယ်မှတ်လို့ ငါလည်း ကြည့်နေမိတာ။ ရောက်မလာဘူးလား"

"ရှင် အူကြောင်ကြောင်လုပ်မပစ်နဲ့နော်၊ သမီးက ကျွန်မနောက်ကို လိုက်လာစရာလား။ ကြေနွ ရှင်နဲ့ပြဿနာတက်သွားပြီထင်တယ်။ ရှင်မှန်မှန်ပြောစမ်းပါ၊ သမီး ဘယ်ကိုထွက်ပြေးသွားတာလဲ"

"တောက်! ဒီမိန်းမ အလကားနေရင်း ငါ့ကိုပြဿနာလာရှာနေတယ်။ သူ့တာသူ မနေချင်လို့ ဆင်းသွားတာပဲ။ ငါနဲ့ဘာဆိုင်သလဲ၊ တစ်ယောက်တောင် ကျွေးရသက်သာသေး။ မင်းလည်း မနေချင် ဆင်းသွား"

"အောင်မာ! လာလာချည်သေး။ ဒါဘယ်သူ့အိမ်မို့လဲ။ ငါ့ယောက်ျား ကျန်ခဲ့တဲ့ အိမ်ပေါ်လည်း တက်လာသေးတယ်။ သူကပဲ တို့သားအမိတွေကို ပြန်နှင်ချနေသေး။ ရှင် တော်တော်တရားလွန်နေပါလား။ ရှင့်နဖူးကရော ဘာဖြစ်တာလဲ"

"ငါဘာသာ အမူးလွန်ပြီး တိုင်နဲ့ဆောင့်မိလို့ပါ။ ကဲကွာ ဆူမနေနဲ့ နားငြီးတယ်။ ငါအိပ်တော့မယ်၊ မင်းလည်းအိပ်တော့။





မနက်ကျမှ လင်းလင်းချင်းချင်း ဆက်ရှာပေါ့။ မင်းသမီး သူငယ်ချင်းတစ်ယောက်ယောက်အိမ်မှာ ရောက်နေမှာပါ"

"အလိုတော်. . . ရှင်သာအိပ်၊ ကျုပ်တော့ မအိပ်နိုင်ပါဘူး။ သမီးပျိုလေးတစ်ယောက် ပျောက်နေတာ ဘယ်မအေက စိတ်ချလက်ချအိပ်နေနိုင်မှာတဲ့လဲ။ ကျုပ်ကတော့ ရှာဦးမှာပဲ"

ဒေါ်မေမေလှိုင် သမီးငယ်သူငယ်ချင်းတွေဆီ ဖုန်းလျှောက်ဆက်ကြည့်တော့လည်း ဘယ်သူ့ဆီမှမရှိ။ သူမ မျက်ရည်လည်ရွှဲနှင့် ထီးတစ်ချောင်းဆွဲကာ ဟိုရှာဒီရှာ လျှောက်ရှာနေရင်း သူ့ယောက်ျား ဦးမြထိုက်ကို စိတ်ထဲမှ ကျိန်ဆဲနေမိသည်။

ဒီလူကြီး ယုံရတာမဟုတ်။ သမီးအဖျိုဖော်ဝင်ကတည်းက သူ့ဆက်ဆံရေးက ပြောင်းသွားခဲ့သည်။ အရင်က သမီးကိုကလေးမို့ မကြည့်မဖြူဖြစ်နေရာမှ သမီးလည်း အပျိုဖြစ်ရော၊ ဝတ်အစားတွေ ဝယ်ပေး၊ မုန့်ဖိုးတွေပေးနှင့်။ ကားသမားပီပီ ရှာ ငွေတော့ ပေါပါသည်။

ဒေါ်မေမေလှိုင် ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်မိပါ၏။ ကိုယ်မှာ သမီးလေးရှိလျက်နဲ့ နောက်အိမ်ထောင်ထူမိတာကို။ ထွက်ထဲမှာ လျှောက်ရှာပေမယ့် ဘယ်မှာမှမတွေ့ရ။ မိုးတွေလည်း သဲသဲမဲမဲ။ ဘုရားသိကြားမလို့ သမီးလေး ဘာမှမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါစေနှင့်။ ဒေါ်မေမေလှိုင်တစ်ယောက် မိုးရေစိုစိုရွှဲရွှဲထဲမှာ မျက်ရည်တွေကျရင်း ပဋာမြေလူးဖြစ်နေရသည်။

တစ်နာရီလောက် လျှောက်ရှာပြီး မတွေ့တော့ သူမ အိမ်သို့ပြန်လာခဲ့ရ၏။ ရေစိုအဝတ်တွေပင် မလဲဖယ်နိုင်ဘဲ အိမ်ရှေ့မှာထိုင်ငိုနေရင်း သူမ ညည်းခန်းထဲမှာ ပိုးလို့ပက်လက် အိပ်ပျော်နေသည့် ဦးမြထိုက်ကို ရန်တွေ့မိပြန်သည်။

"ကျွန်မ မှရိုတုန်း ရှင် သမီးကို တစ်ခုခုစော်ကားလိုက်တာပဲဖြစ်ရမယ်။ အလကားလူ. . . သမီးချင်း စာနာစိတ်မရှိတဲ့ လူ့ငနွား"

"ဟော့! ဟော့! မင်း ငါ့သိက္ခာကို မစော်ကားနဲ့။ မင်းသမီးကို ငါ့သမီးလိုပဲ သဘောထားခဲ့တာ အားလုံးသိတယ်"

"ယုံချင်စရာပဲ၊ ရှင့်နှမှုက သမီးရိုက်သွားတာပဲဖြစ်ရမယ်"

"တော်တော်. . .မင်းဟာလေ သူ့နိုးစားရိုးကမ်းတဲ့ မိန်းမ၊ လင့်ထက် သမီးကိုခင်တွယ်တဲ့မိန်းမ"

"ရှင်မှမကောင်းဘဲ၊ ကျွန်မက မှန်တဲ့ဘက်က ရပ်တည်နေတာ"

"တောက်! ဒီမိန်းမတော့ ငါသတ်မိတော့မယ်။ မင်းဟာ





လေ၊ ရန်သူနဲ့တူသောမယားဘဲ။ ငါ့မှာပင်ပင်ပန်းပန်းလည်း ရှာကျွေးရသေးတယ်။ အမြဲရန်လုပ်ခံနေရတယ်"

"ဒါတော့ ရှင်က ကောင်းမှမကောင်းဘဲကို။ အရက်သောက် ဖဲရိုက် မိန်းမလိုက်စား"

"ဟော့! ငါ့အပြစ်က အရက်သောက်တာ တစ်ခုတည်းရှယ်။ ကျန်တာတွေ ဆွဲမထည့်နဲ့။ ငါက အရက်ဆို အရက်တစ်ခုတည်း. . . လိုင်းမပူးဘူး။ အရက်သမားသန့်သန့်လေး"

"မနက် ရှာလို့မှမတွေ့ရင် ရှင့်ကို ရဲတိုင်မယ်"

"တိုင်ဟေ့. . . တိုင်၊ မှားပါတယ်. . . ရန်သူနဲ့တူသောမယားကိုမှ ရှာကျွေးပြီး ပေါင်းသင်းနေရတဲ့ဘဝ"

ညကြီးမင်းကြီးထဲ အော်ရင်းဟစ်ရင်းနှင့်ပင် ဒေါ်မေမေလှိုင် သမီးအတွက် ရတက်မအေးဖြစ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

**ပန်းယွန်းစည်** ....

နာမည်လေးလှသလို လူကလည်း လှပေမယ့် ဘဝမလှရှာသူလေးပါ။ အဆင်ပြေသောကိုယ်လုံးလေးနှင့် မျက်နှာလှလှလေးကို သူမ အမြဲဖုံးကွယ်ထားရသည်။ သူများမိန်းကလေးတွေဟာ ကိုယ့်ကိုယ်ကိုယ် လှသထက်လှအောင် ဗျူတီပါလာတွေမှာ အလှပြင် အလှဆင်နေကြပေမယ့် ပန်းယွန်းစည်ကတော့ ကိုယ့်ရဲ့ပွင့်ဖတ်ပွင့်ချပ်တွေကို လှိုခြုံအောင် သိမ်းဆည်းထားခဲ့ရသည်။

အဘယ်ကြောင့်ဆိုသော် သူမဘဝက ကျားသနားမှ နွားချမ်းသာဆိုသလို ပထွေးဖြစ်သူ ဦးမြထိုက်ရဲ့မျက်စိရှေ့ ရောက်နေရသည်ကို။

**ရွှေဝေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



သူမ ရှစ်တန်းအောင်သည့်နှစ်မှာ မေမေက ကားသမား ဦးမြတိုက်နှင့် နောက်အိမ်ထောင်ပြုခဲ့သည်။ ပြေပြေလည်လည် စားရသောက်ရပေမယ့် သူမဘဝကတော့ မရှုနိုင် မကယ်နိုင်။

တစ်ခုတော်သေးသည်က ဦးမြတိုက်ဟာ နယ်ထွက်နေရသည်ကများပြီး အိမ်ကို တစ်ပတ်မှာ တစ်ရက်နှစ်ရက် ပြန်ရောက်လို့ဖြစ်သည်။ သည်လိုနဲ့ သူမ ဆယ်တန်းအောင်ပြီးသည့်နှစ်မှာတော့ ပြဿနာတွေက တစ်ဆင့်တက်ခဲ့သည်။

ဦးမြတိုက်ဟာ ခရီးကပြန်လာလျှင် သူမအတွက် အဝတ်အစား အသုံးအဆောင်တွေ ဝယ်လာခဲ့ခြင်းပါပဲ။ မေမေမသိအောင် ခိုးပေးတာ ဘာသဘောလဲ။

"ပန်းယွန်း. . . ရော့! ဒီတစ်ခေါက် နင့်အတွက် ငါဗိတ်ကပ်ဘူးနဲ့ နှုတ်ခမ်းနီ ဝယ်လာတယ်။ ဈေးကြီးပေမယ့် နင့်ကိုမျှစေချင်လို့။ နင့်အမေ မသိစေနဲ့နော်၊ သူက အသက်ကြီးနေပါပြီ လုဖို့မလိုတော့ပါဘူး"

"တစ်နေ့ တစ်နေ့ ကားမောင်းရတာ ညောင်းလိုက်တာဟာ ဘယ်တော့မှနားရမယ်မသိဘူး။ နင့်အမေကလည်း ရုရုဆောင်းဆောင်းမရှိဘူး။ ရသမျှ သုံးဖြုန်းပစ်နေတာပဲ။ ငါ့ကို တစ်ချက်နှစ်ချက်လောက် နှင်းပေးပါလား"





"အမေ့ နင်းခိုင်း၊ ကျွန်မ မအားဘူး။ အဝတ်တွေလျှော်ရဦးမယ်"

ကိုယ်က ဆယ်တန်းတောင် အောင်ခဲ့ပြီးပြီမို့ သတင်းစာလည်း နေ့တိုင်းဖတ်သည်မို့ ဦးမြတိုက်ကြီး ဆင်ကြံကြံနေတာ ရိပ်မိသည်။ ဒီတော့ ပန်းယွန်းစည်၊ ဦးမြတိုက်နှင့်ချောင်ပိတ်မမိအောင် အမြဲနေခဲ့သည်။

အဝတ်အစားဆိုလည်း သူ့ရှေ့မှာ မဖွယ်မရာမဖြစ်စေရအောင် အမြဲလုံလုံခြုံခြုံဝတ်သည်။ မျက်နှာဆိုလည်း သနပ်ခါးဘဲကြားနှင့်။ နောက် ပန်းယွန်း ပဒေွးလုပ်စာကို အလကားထိုင်မစားပါ။ ရပ်ကွက်ထဲက ဆီးပေါင်းလုပ်သည့်အိမ်မှာ အငှားသွားထုပ်သည်။ တစ်နေ့ နှစ်ထောင်သုံးထောင်တော့ ရသည်။

နောက် အဝေးသင်နဲ့ကျောင်းတက်နေတာ နောက်ဆုံးနှစ်တောင် ရောက်နေခါမှ မနေ့ညက အမေမရှိတုန်း ပန်းယွန်း၏အခန်းထဲသို့ မူးစနှင့်ဝင်လာခဲ့သည့်အဖြစ်။

"ဦးလေး ဒါဘာလာလုပ်တာလဲ၊ သွား. . . ထွက်"

ပတ်ဝန်းကျင်တစ်ခုလုံး မိုးတွေ သဲသဲမဲမဲရွာနေပြီး ခေါ်မကြားအော်မကြား။ ဦးမြတိုက်၏မျက်နှာကြီးက ခက်ခက်ထန်ထန်၊ ဘီလူးသရဲစီးနေသည့်ရုပ်ကြီးနှင့် ဘာစကားတစ်ခွန်းမှမပြော



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ပန်းယွန်း စာကြည့်နေသည့်စားပွဲသို့ တစ်လှမ်းချင်း ကပ်လာပုံက စားတော့ဝါးတော့မည့်အသွင်။

"ဦးလေး ဘာလုပ်တာလဲ၊ သွားနော်. . . ထွက်သွား။ အမေရေ"

အခြေအနေမဟန်တော့ပြီမို့ ပန်းယွန်း ကုလားထိုင်မှ ရုတ်ခနဲခုန်ထလိုက်ပြီး မျက်စိက လက်နက်ရှာနေရသည်။ လူ တစ်ကိုယ်လုံး ပူထူကြောက်လန့်နေပေမယ့် ပန်းယွန်းသတိမလစ်။

ဟော. . . လက်နက်တွေ့ပြီ။ အခန်းထောင့်မှာ ထောင်ထားသည့် သနပ်ခါးတုံးအသစ်။ တစ်တောင်လောက် ရှည်ပြီး အလုံးက လက်ကောက်ဝတ်လောက်။ ပန်းယွန်း သနပ်ခါးတုံးသို့ လက်မရောက်ခင် ဦးမြဝိုက်က သူမအနားသို့ ဖျတ်ခနဲရောက်လာကာ ဖမ်းချုပ်ခဲ့လျှင် မျက်စိထဲ ပြာခနဲဖြစ်ရသည်။

"ဦးလေး. . . ဖယ်နော်၊ လူယုတ်မာကြီး. . . ခွေးလိုမကြံနဲ့"

"ချစ်လို့ပါ ကလေးရယ်. . . ငါ နင့်ကိုခိုးပြေးမယ်လေ။ နင့်အမေကို စိတ်ကုန်နေတာကြာပြီ"

"အောင်မယ်. . . ခွေးသူခိုးကြီး. . . သွား"

ဦးမြဝိုက်၏မျက်နှာကို လက်သည်းရှည်တွေနှင့် ကုတ်





ခြဲလိုက်ပြီး ကိုယ့်ခေါင်းနှင့် သူ့ရင်ဝကိုဆောင့်ပစ်လိုက်တော့ မူးနေသည့်ဦးမြဝိုက်ကြီးလက်မှ ခေတ္တလွတ်သွား၏။ ပန်းယွန်း သနပ်ခါးတုံးကိုပြေးယူလိုက်ပြီး ဦးမြဝိုက်ကို ရင်ဆိုင်သည်။

"ရှင် မယုတ်မာနဲ့နော်၊ ဖယ်. . . သွား၊ အသက်ချင်း လဲပစ်လိုက်မယ်"

"ပန်းယွန်းကလည်းကွာ. . . ဒီလောက် စိတ်ဆိုးနေစရာလား"

ရှေ့သို့ ဦးမြဝိုက်ကြီး ဖျတ်ခနဲအကာ၊ ပန်းယွန်း သူ့နဖူးကို ရိုက်ချလိုက်တာပါပဲ။ မိန်းကလေးအားနှင့်ဆိုပေမယ့် မုန်းမုန်းနှင့် အားကုန်တီးထည့်လိုက်တာမို့ အသံက ခွပ်ခနဲ။

"အား. . ."

ဦးမြဝိုက်ကြီး မိုက်ခနဲ စိုက်ခနဲဖြစ်သွားတုန်း သူ့ကို တွန်းဖယ်ပြီး သူမ မိုးသဲသဲထဲ ပြေးထွက်ခဲ့သည်။

ရင်ထဲမှာ တူးခါးနေအောင် မုန်းသည်။ အော်ဂလီဆန်သည်။ ဒီလိုဖြစ်ခါနီးတွေ အကြိမ်ကြိမ်။ ဒီတစ်ခါတော့အဆိုးဆုံး။

ဘဝဟာ ခင်တွယ်စရာမကောင်းတော့။ ပြေးစရာလည်းမြေမရှိ။ သွားစရာအမျိုးအဆွေလည်းမရှိ။ မျက်ရည်တွေနှင့် စိုစွတ်သော မိုးရေသဲသဲမဲမဲထဲမှာ မိုးကြိုးတွေကလည်း ထစ်ချုန်း

www.burmeseclassic.com



လို့။ ခုနေခါ မိုးကြိုးပစ်လို့သေသွားခဲ့လျှင်လည်း ကောင်းတာပဲ။

ပန်းယွန်း၏ခြေလှမ်းများက အဝေးပြေးလမ်းမကြီးပေါ်သို့ ရောက်လာခဲ့စဉ် ရှေ့မှခပ်ဖြည်းဖြည်းမောင်းလာသော ကားလေးတစ်စီးကို လှမ်းမြင်လိုက်ရလျှင် သူမခေါင်းထဲမှာ အကြံကလက်ခနဲ။

ကားတိုက်ခံသေရလျှင်လည်း ကောင်းတာပဲ။ ဘဝကို နောက်ဆုံးသုံးသပ်ကြည့်လိုက်တော့ သူမမှာ ထွက်ပေါက်မရှိ။ ဒီပဲထွေး ဒီဘဝနဲ့ ဒီလိုပဲကျင်လည်နေရဦးမည့်ဘဝ။

ပန်းယွန်း ကိုယ့်အနားသို့ရောက်တော့မည့်ကားလေးရှေ့သို့ ပြေးဝင်လိုက်ပြီး ဒုန်းခနဲ ကျွိခနဲအသံများကို နောက်ဆုံးကြားလိုက်ရသည်။

သူမနိုးတော့ သူမရဲ့မျက်စိရှေ့မှာ အမွေးတွေ ဗလပျစ်နှင့်လူကြီးကို မြင်လိုက်ရသဖြင့် ကျိုးအော်လိုက်မိသည်။

"သွား. . . သွား. . . လူယုတ်မာတွေ"

"အောင်မာ! သူကပဲ တစ်ပြန်စီး"

နောက်တော့ စကားတွေ အပြန်အလှန်ပြောကြရင်း သူ





တို့နှစ်ယောက်ဟာ လူကောင်းတွေမှန်း သေချာသိလိုက်ရသည့်အခါ ပန်းယွန်းစည် သူတို့ထံမှာ ခေတ္တခိုလှုံခွင့်တောင်းခဲ့မိသည်။

ဒီမိုပ်မြို့မှာ ခေတ္တနားခိုရင်း ကိုယ့်ဘဝကို အကောင်းဆုံးဖြစ်အောင် ဖန်တီးကြည့်ဦးမည်။ ဘာပဲဖြစ်ဖြစ် သေွးအေးသွားတော့လည်း မည်သူမှ ဘဝကိုအဆုံးစီရင်မပစ်ရဲ၊ သူမ မသေချင်တော့၊ ဘဝကိုအရှုံးမပေးချင်တော့။ ထွက်ပေါက်ဆိုတာ ရှိဦးမှာပါလေ။

ကိုယ့်ကို တံခါးနှင့်ဘာနှင့် လုံခြုံသည့်အခန်းလေးတစ်ခုထဲမှာ ထားပေးသည်မို့ ကျေးဇူးတင်ရသည်။ သူတို့ထွက်သွားတော့ တံခါးကိုပြေးပိတ်လိုက်ပြီး ပန်းယွန်းစည် ကိုယ့်ကိုယ်ကိုယ်ငုံ့ကြည့်မိသည်။

"ဟင်!"

တီရှပ်တစ်ထည်နှင့် ပုဆိုးတစ်ထည် ကိုယ်ပေါ်ရောက်နေသည်လေ။ သူမ မျက်နှာတွေပူသွားပြီး အရှက်တွေနှင့် တစ်ကိုယ်လုံး ပြာခနဲ။ ငါ့ကို ဘယ်သူအဝတ်လဲပေးတာလဲ။ မင်းဒင်ဆိုသည့်လူပေါကြီးတော့ မဖြစ်နိုင်။ ဆရာလဲပေးတာပဲဖြစ်ရမည်။

အိုး. . . ရှက်လိုက်တာနော်၊ ငါ့ပစ္စည်းတွေ သူမြင်သွားပြီ။ သို့သော် သူက မိန်းမတွေမှန်းနေသူမို့ မလွှဲသာလို့ ခေါ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မောကြီးနှင့် အဝတ်လဲပေးရပုံပါ။ မိုးရေတွေနှင့်စိုရွှဲနေသည့်သူမကို ပြုစုကုသပေးခဲ့တာတော့ ကျေးဇူးတင်စရာ။

စတိုခန်းထဲမှာ ချိတ်ထားသည့် 'ဒေါက်တာနောင်ခွန်းဆက်' ဆိုသည့်ဆိုင်းဘုတ်ကို မြင်လိုက်ရသဖြင့် သူဟာ ဆရာဝန်တစ်ယောက်မှန်း သိလိုက်ရလျှင် ပန်းယွန်း လေးစား အထင်ကြီးမိသွားသည်။

အသက်သုံးဆယ်ကျော် ပြည့်ဟန်တွေသည့် ဆရာဟာ ဘယ်လိုအကြောင်းများ မိန်းမတွေကို မုန်းတီးနေပါလိမ့်။ သို့သော် ပန်းယွန်း သဘောကျပါသည်။ မိန်းမချစ်တဲ့လူထက် မိန်းမမုန်းတဲ့လူရဲ့အိမ်မှာ နေရတာ ပိုပြီးကောင်းတယ်။ အန္တရာယ် မရှိတော့ဘူးပေါ့။

နောက်ဆုံးနှစ်ဖြေပြီးသွားရင်တော့ အလုပ်ကလေးတစ်ခုရအောင်လုပ်ပြီး မိန်းကလေးအဆောင်တစ်ခုခုမှာ သွားနေလိုက်မည်။ မေမေ့သတင်းလည်း နောက်မှစုံစမ်းကြည့်ပြီး ဦးမြထိုက်ကြီးနှင့်ပေါင်းနေလျှင်တော့ မသွားတော့ဘူး။

အတွေးတွေနှင့် မိုးလင်းသွားသည့်အခါ ပန်းယွန်းအဝတ်အစားတွေ ဖိုလီဗက်သီနှင့်ပင် မီးဖိုတက်သို့သွားလိုက်သည်။ ကိုဒ်က သူများအိမ်မှာ အခန့်သားနေလို့မဖြစ်။ ယောကျ်ားလေးနှစ်





ယောက်တည်းမို့ ချက်ရေးပြုတ်ရေးကတော့ လိုမှာပဲ။

မီးဖိုထဲမှာ ထမင်းပေါင်းအိုးနှင့် ဟင်းချက်အိုးကိုတွေ့ရသည်။ လျှပ်စစ်နှင့်ချက်တာဖြစ်မည်။ သို့သော် မှန်မှန်တော့ချက်စားပုံမရ။

မီးဖိုထဲမှာ စနစ်တကျနှင့် အမြင်လှအောင် သိမ်းဆည်းပေးနေတုန်း မီးဖိုထဲသို့ မင်းအင်ဝင်လာခဲ့သဖြင့် သူမ ရှိုးတို့ရှန်းတန့်ဖြစ်သွားရသည်။ အဘယ်ကြောင့်ဆို ဆရာ့တီရှပ်အောက်မှာ အောက်ခံဘရာဇီယာ မပါရှိတာမို့ မို့မောက်သော ရွှေရင်အစုံကတောင်ပူစာတွေလို ရှန်းကြနေလို့ပါပေ။

"ဟို...၊ အဲ. . . အစ်ကို၊ ပန်းယွန်းကို ဘာလုပ်ရမယ်ပဲ ညွှန်ကြားခဲ့နော်။ ပန်းယွန်းက လူတွေရှေ့မှာ အလုပ်မလုပ်တတ်လို့ပါ"

သို့သော် မင်းအင်ဟာ အစ်မလေးယောက်နှင့် နေလာခဲ့သူမို့ ပန်းယွန်းအခက်အခဲကို ရိပ်မိလိုက်ပါသည်။ ဒီကောင်မလေးကို အဝတ်လေးဘာလေး ဝယ်ပေးဦးမှပါ။ အဲ. . . သူ့မှာတော့ ပိုက်ဆံမရှိ။ ဆရာ့ထံမှပဲ တောင်းမှပါ။ အင်း. . . ဆရာကလည်း ပေးချင်မည်မထင်။ ခက်တာပဲ။

"အေး. . . ဆရာက မနက်စာဆို ထမင်းပူပူနဲ့ ပဲပြုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆီဆမ်းစားတယ်။ ကော်ဖီသောက်တယ်။ ငါ ပဲပြုတ်ထွက်ဝယ် လိုက်ဦးမယ်။ နင် ထမင်းချက်ထား။ ကော်ဖီဖျော်ထားပေါ့"

"ဟုတ်ကဲ့ပါ၊ ဟို. . .ဟင်းချက်စရာပါ တစ်ခါတည်း ဝယ်ခဲ့လေ၊ ဈေးနှစ်ခါမသွားရတော့ဘူးပေါ့။ အစ်ကိုတို့ ခါတိုင်း ရော ထမင်းချက်စားတယ်မဟုတ်လား"

"အင်း. . . ချက်စားတဲ့အခါစား။ ဝယ်စားတဲ့အခါစား ပေါ့။ ဆရာက စိတ်လေနေတော့ အလုပ်က ထွက်ထားတာလည်း ကြာပြီ"

"ဒါဆို အစ်ကိုတို့မှာ စားဖို့မရှိဘူးပေါ့. . . ဟုတ်လား"

ပန်းယွန်းစည်မှာ ကိုယ့်အိမ်လိုမှတ်ပြီး မျက်နှာငယ်လေး နှင့်မေးလိုက်လျှင် မင်းအင် ကိုယ့်နဖူးကိုယ် ရိုက်လိုက်၏။

အမယ်လေးဟဲ့၊ တကယ့်ပညာရှိနဲ့တွေ့နေတယ်။ ဆရာ ကို နင့်လိုမှတ်လို့လား။ ဆရာက သူဌေး. . . ဘဏ်တိုးနဲ့တင် သုံးမကုန်စွဲမကုန်ဘဲ"

"ဪ. . ."

ကြားရတာတော့ အထူးအဆန်းကြီးပါပဲ၊ ဘဏ်မှာ ဘယ် လောက်တောင် အပ်ထားလို့လဲမသိ။

"နောက်ပြီး တိုက်ခန်းလခတွေဆိုတာလည်း"





သူပြောနေတုန်း ဆရာ့အရိပ်ကိုမြင်လိုက်ရသဖြင့် မင်း အင် ဈေးဝယ်သွားဖို့ လစ်တော့သည်။ ဆရာက ကြားတာဝါတာ မကြိုက်။ သူက လူသာမန်တစ်ယောက်လိုသာ နေထိုင်ချင်သူ။ မင်းအင် ထွက်သွားတော့ နောင်ခွန်းဆက် ပန်းယွန်းစည်ကို မျက် မှောင်ကြုတ်ပြီး ကြည့်လိုက်၏။

"ဘာတွေစပ်စုနေတာလဲ၊ မင်း ဘာအကြံနဲ့ရောက်လာ တာလဲ။ မှန်မှန်ပြော"

"ဘာမှမကြံစည်ရပါဘူးရှင်၊ ပန်းယွန်း ထမင်းချက်မလို့ ပါ"

"ဒီအိမ်မှာနေရင် ဘာမှစပ်စပ်စုစုမလုပ်နဲ့၊ မင်းကိုလည်း တစ်ပတ်ထက်ပိုပြီး ခိုလှုံခွင့်မပေးနိုင်ဘူး။ ကိုယ့်လမ်းကိုယ်လျှောက် ဖို့ စဉ်းစား"

"ဟုတ်ကဲ့ပါဆရာ၊ ဟို. . .ကျွန်မကို ဒီအိမ်မှာ အလုပ် သမားအဖြစ်. . ."

ပန်းယွန်းစည် စကားတောင်မဆုံးသေး။ အော်ထည့် လိုက်တာများ လိပ်ပြာလွင့်လောက်စရာ။

"မလိုဘူး။ ငါ့မှာ မင်းအင်ရှိတယ်။ မိန်းမတွေဆို အိမ် မှိုင်တောင် အနင်းမခံချင်ပါဘူးဆိုမှ။ အကောင်လိုက် ရောက်လာ

www.burmeseclassic.com



ရသေးတယ်။ တောက်! ''

နောင်ခွန်းဆက် စိတ်ဆိုးမာန်ဆိုးနှင့် အပြင်ခန်းသို့ထွက်သွားတော့ ပန်းယွန်းစည် မျက်ရည်သုတ်ပြီး ကျန်ခဲ့ရသည်။ ငါ့ဘဝကလည်း ဆိုးလိုက်တာ။ တစ်ပတ်ပဲ လက်ခံမယ်တဲ့။ ငါဘယ်ကိုဆက်သွားရမှာလဲ။

အတွေးတွေကို ခေါင်းချိတ်ပြီး သူမ ထမင်းချက်ဖို့ပြင်ရသည်။ နောက် ကော်ဖီဖျော်ဖို့ပြင်ဆင်ရသည်။ တစ်နာရီခလောက်ကြာတော့ မင်းအင် ဈေးခြင်းတိုင်ကာ ပြန်ရောက်လာ၏။

"တင်! နင် ဘာဖြစ်လို့ ငိုနေတာလဲ။ ဆရာ ဆူလို့လား"

မျက်ရည်တွေ ဘယ်ညာသုတ်ရင်း ပန်းယွန်းစည် မချိပြုံးလေးနှင့်. . .

"ဆရာက ကျွန်မကို တစ်ပတ်ပဲလက်ခံမယ်ဆိုလို့ပါ။ တစ်ပတ်အတွင်း ကျွန်မအလုပ်ရှာလို့ရပါ့မလားတွေးပြီး စိတ်ဆင်းရဲနေလို့ပါရှင်''

"ဪ. . . ဆရာက ကြင်နာသနားတတ်ပါတယ်။ ဒီလိုပြောပေမယ့် ကပ်နေပေါ့။ နင်ကလည်း အလုပ်တွေဘာတွေလုပ်ပြလေ''

"လုပ်ပေးမှာပါ၊ ပန်းယွန်း အလုပ်တွေလုပ်ပေးပါ့မယ်





ရှင်။ အစ်ကိုက ဆရာကြည့်ဖြူချင်အောင် ပြောပေးနော်''

"အေးပါ။ ကဲ. . . ငါဝယ်လာတာတွေ ကြည့်သာချက်၊ ဆရာက ငါးတွေပုစွန်တွေ ကြိုက်တယ်။ ကြက်သားဆို သိပ်ပြန်မကြိုက်ဘူး။ သုတ်ရင် စားတယ်၊ ကြော်ပေးရင်လည်း စားတယ်။ အသားဟင်းတစ်မျိုး၊ ငါးပုစွန်တစ်ခုခုနဲ့ ဟင်းရွက်ကြော်လေး အသုတ်လေးလည်းကြိုက်တယ်။ မှချက်ပေါ့''

"ဟုတ်ကဲ့ပါအစ်ကို၊ ကဲ. . . အစ်ကို အလုပ်လုပ်စရာရှိတာလုပ်ပါ။ ကျွန်မ ကြည့်ချက်ပါ့မယ်၊ နောက်ပြီး. . .''

ပန်းယွန်းစည် ကိုယ်ပြောမည့်စကားကို မပြောရဲတော့ဘဲ ရှက်သွေးတွေဖြာပြီး ဆွံ့အသွားလျှင် မင်းအင် မေးဆတ်ပြလိုက်သည်။

"ဘာလဲ၊ ဘာပြောမလို့လဲ''

"ဟို. . . ဟို''

"ပြောလေ၊ ရှက်မနေနဲ့၊ ဘာလဲ. . . နင့်အဝတ်တွေ ငှန်ယူချင်လို့လား''

"ဟုတ်. . . ဟုတ်ကဲ့''

"ဆရာ့အခန်းထဲမှာ၊ ညက နင့်ကို ဆရာ အဝတ်တွေ ထဲပေးရတာ။ နေဦး. . . ဆရာ့အလစ်မှာ ငါသွားယူပေးမယ်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ငါ့အကျီတွေယူထား''

ကိုမင်းခင်မှာ မည်းမည်းပိန်ပိန်ဖြစ်သဖြင့် သူ့အကျီတွေက ခပ်သေးသေး။ ဆရာ့အကျီတွေကတော့ အကြီးကြီးတွေ။ ဆရာ့ပုံစံက အရပ် ၆ ပေနီးပါးနှင့် ကိုယ်ဟန်ဖြောင့်ဖြောင့်၊ မျက်မှာမှာ အမွှေးတွေ ရှုပ်နေလို့သာ။ အသားကလည်း ဖြူချောချော ပါ။

မင်းခင် ထွက်သွားတော့ ပန်းယွန်းစည် ကိုယ့်စိတ်ကူးနှင့်ကိုယ် ဟင်းများကိုချက်ပြုတ်လိုက်သည်။ သူဝယ်လာတာက အများကြီးမို့ ရေခဲသေတ္တာထဲ ထည့်သင့်တာထည့်ရသည်။

ငါးခူလေးတွေ အကောင်လိုက် ရှနေအောင်ကြော်ပြီး ကြက်သားကိုသုတ်သည်။ နောက် ချဉ်ရည်ဟင်းနှင့် ငံပြာရည်ကြော်၊ နည်းသေးလားမသိဘူး။ သူမတို့အိမ်မှာတော့ ထမင်းနှင့် ချဉ်ပေါင်ကြော်လောက်ဆိုရင်ပဲ ဟင်းကောင်း။

ဖေဖေရှိစဉ်တုန်းက ဖွယ်ဖွယ်ရာရာတွေ စားခဲ့ရပေမယ့် ပတွေးလက်ထက်မှာတော့ သူရှာရတာ သူသောက်တာက များသည်။

မေမေ့ကိုလည်း ပန်းယွန်းစိတ်နာပါ၏။ ကိုယ့်ယောကျ်ားက အိမ်တစ်လုံးထားခဲ့သလို ရွှေတိုရွှေစလေးများလည်း ထား





သည်။ ဒီကြားထဲက နောက်ယောကျ်ားကို အားကိုးဖို့ဆိုပြီး ယူလိုက်တော့ သားအမိတွေ စိတ်ဆင်းရဲရတာပဲ အဖတ်တင်သည်။

ပန်းယွန်းစည် ချက်ပြုတ်နေတုန်းမှာ မင်းခင် အနားသို့ ရောက်လာပြီး ညက သူမဝတ်ခဲ့သည့်အဝတ်များကို အိတ်တစ်လုံးထဲထည့်ကာ ပေးသလို၊ သူ့ဖိုရှုပ်နှစ်ထည်နှင့် ဖျင်စနှစ်စကို ပေးလေသည်။

''ဒီအိမ်မှာ စက်ရှိတယ်၊ ဆရာ့အမေက စက်ချုပ်တတ်တယ်။ ကန့်လန့်ကာတွေ ခေါင်းအုံးစွပ်တွေဟာတွေပေ့ါ၊ ချုပ်တာ''

''ဪ. . . အခု သူက ဘယ်ရောက်နေလို့လဲဟင်''

''သူတို့က မန္တလေးမှာနေတာ၊ ဆရာကသာ ဆရာ့အဖေဘက်က အဘိုးအဘွားတွေနဲ့ နေခဲ့တာ။ ခုကျ အဘိုးအဘွားတွေ မရှိတော့ ဆရာပဲ အမွေတွေရခဲ့တယ်''

''အစ်ကိုက ဆရာ့အကြောင်းတွေ အကုန်သိတယ်နော်။ အတူနေကြတာ ကြာပြီလားဟင်''

''ကြာပြီ. . . သုံးနှစ်လောက်ရှိပြီ''

''ဒါဆို ဆရာ့အကြောင်းတွေသိမှာပေ့ါနော်။ ဆရာက မိန်းမတွေကို ဘာဖြစ်လို့ အရမ်းမုန်းတာလဲဟင်။ ဘယ်သူက ဆရာ့ကိုနှိပ်စက်သွားလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"သူ့ချစ်သူက သူနဲ့လက်ထပ်မယ့်ဆဲဆဲကျမှ သူ့သူငယ်ချင်းနဲ့ လိုက်ပြေးသွားခဲ့တယ်လေ"

"ဪ. . . ဆရာ သနားပါတယ်နော်"

"ဒါကြောင့် ဆရာက မိန်းမတွေကို အရမ်းမုန်းတာ။ ဆရာ အရမ်းခံစားခဲ့ရတယ်လေ။ အလုပ်ကိုလည်း ပစ်ထားလိုက်ပြီး သူ့ကိုယ်သူလည်း ဖြစ်သလိုနေခဲ့တယ်။ တကယ်တော့ ဆရာက တကယ့်လူချော့ပါ"

"ပန်းယွန်း ဧည့်ခန်းထဲက ဓာတ်ပုံကိုမြင်ပါတယ်။ ဆရာ့ချစ်သူနာမည်ကရော ဘယ်သူတဲ့လဲဟင်"

"ဆရာ့ချစ်သူနာမည်က မန်းငုဝါတဲ့"

"အို! လှလိုက်တဲ့နာမည်လေးနော်၊ ဆရာအရမ်းချစ်ခဲ့မှာပဲနော်"

"ချစ်ခဲ့တာပေါ့၊ ကိန္နရီကိန္နရာတွေတောင် အရှုံးပေးရလောက်အောင် ချစ်တာ။ မြင်သူတိုင်း ကြည်နူးရလောက်အောင်ကို ချစ်ခဲ့တာ"

"အဲဒါတောင် ဘာဖြစ်လို့ ကွဲသွားကြတာလဲဟင်"

"ဓာတ်လမ်းက နည်းနည်းရှည်မယ်၊ နင် စိတ်ရှည်ပါ့မလား"





"ရှည်ပါတယ်၊ ပန်းယွန်း ဆရာ့အကြောင်းတွေသိချင်တယ်"

"ဆရာ့မှာ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက် ရှိတယ်။ တစ်ယောက်က ကျော်ထက်လူတဲ့ ဒီအိမ်ကို မကြာခဏလာတယ်၊ ဆရာ့ရဲ့အရင်းနှီးဆုံးသူက လုပ်ငန်းတွေ ထူထောင်တယ်။ ရလာတဲ့အကျိုးအမြတ်ကို တစ်ဝက်စီခွဲယူကြတယ်"

"ဪ. . . တစ်ယောက်က ငွေစိုက်၊ တစ်ယောက်က လုစိုက်"

"ဟုတ်တယ်၊ နောက်တစ်ယောက်က ထက်အာကာတဲ့၊ အခုလောလောဆယ် အမေရိကန်မှာ။ ဆရာ့ချစ်သူက အဲဒီအာကာနဲ့ လိုက်ပြေးသွားတာ"

"ဟင်! အဲဒီထက်အာကာက ဆရာ့ထက်ပိုတော် ပိုချောလို့လား။ အို. . . ပန်းယွန်းသာဆိုရင်တော့ ကိုယ့်ချစ်သူထက် ဘယ်သူ့ကိုမှ ပိုပြီးအထင်မကြီးနိုင် မချစ်နိုင်ပါဘူး"

"အင်း. . . မိန်းမတွေရဲ့စိတ်ကို ငါလည်းမခန့်မှန်းတတ်တော့ပါဘူးဟာ။ မိန်းမဆိုတာ အခနေနီးစပ်ရင် ပေါင်တိုကြီးတောင် ကြိုက်သွားကြတာပဲလေ"

"ကဲပါ၊ မိန်းမတွေဆိုပြီး သိမ်းကျုံးမပြောပါနဲ့၊ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



တွေထဲမှာရော ဒီလိုပဲကောင်းတဲ့လူ မကောင်းတဲ့လူ ရောနေတာပဲ။ ဆရာချစ်သူက ချောလားဟင် အစ်ကို"

"ချောတယ်၊ တော်တော်လေးကို ချောတယ်။ နင့်ထက်တောင် လှဦးမယ်။ ဟိုက ပညာလည်းတော်တယ်၊ ဝတ်ပုံစားပုံလည်း ယဉ်ကျေးတယ်၊ အသားလေးကလည်း ဖွေးနု ဥနေတာပဲ"

"အဟမ်း . . . အဟမ်း"

"ဟင်! ဆရာ"

မီးဖိုခန်းထဲသို့ ဝင်လာသည့်ဆရာ့မျက်နှာက စူပုပ် ထိန်တင်းနေလျှင် ပန်းယွန်းစည် ကြောက်လန့်သွားရပါသည်။ သူမတို့ပြောနေကြတာတွေ ကြားသွားပြီထင်ပါရဲ့။ ကိုယ်က စပ်စုမိပြီမို့ ပန်းယွန်းစည် မျက်နှာမထားတတ်တော့။ မင်းအင်ကလည်း ဆရာ့ကိုကြောက်ရသူမို့ နေစရာမရှိတော့။

"မင်းအင်"

"ခင်ဗျာ. . . ဆရာ"

"မင်း တော်တော်လျှာရှည်ပါလား မင်းကို ဘယ်သူက ရိုက်စစ်နေလို့လဲ"

"မှို. . . ကျွန်တော်က စေတနာနဲ့ပြောမိတာပါ"





"ငါမကြိုက်ဘူး၊. . . မပြောနဲ့။ နောက်တစ်ခါဆို မလွယ်ဘူး"

"ဟုတ်. . . ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော် နောက်မပြောတော့ပါဘူး"

"ဟိုကောင်မလေးရော နောက် ငါ့အကြောင်းတွေ လုံးဝမစပ်စုနဲ့၊ ငါမကြိုက်ဘူး။ ဒီအိမ်ပေါ်က ဆင်းမပြေးချင်ရင် ပါးစပ်ကိုပိတ်ထား"

"ဟုတ်. . . ဟုတ်ကဲ့ပါဆရာ၊ ပန်းယွန်း နောက်မပြောတော့၊ မမေးတော့ပါဘူး"

"တောက်! ငါ့ကွယ်ရာမှာ ငါ့ကိုဟားနေကြတာလောက် မုန်းတာမရှိဘူး"

"ပန်းယွန်းတို့ ဆရာ့ကို မဟားကြပါဘူးရှင်. . . စိတ်မကောင်းဖြစ်နေကြတာပါ"

"မဖြစ်နဲ့၊ ငါ ဘာကိုမှမခံယူချင်ဘူး။ ကဲ! ထမင်းပွဲပြင်၊ ငါအပြင်သွားစရာရှိတယ်"

ပန်းယွန်းစည် မျက်ရည်ကိုအနိုင်နိုင်ထိန်းရင်း ထမင်းပွဲကို မင်းအင်နဲ့အတူ အမြန်ဆုံးခူးခပ်ပြင်ဆင်ပေးရသည်။

ဆရာနဲ့ မင်းအင် အတူထမင်းစားနေကြပေမယ့် သူမကို



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားမခေါ်ပါ။ ပန်းယွန်းကလည်း အတူမစားရဲတာမို့ ဝမ်းမနည်း။ စောစောက အပြောခံလိုက်ရတာကိုပဲ ဝမ်းနည်းနေမိသည်။

ပန်းယွန်းစည် ဆရာ့ကိုမကြည့်ရဲပေမယ့် မျက်စိထဲမှာ အလွတ်ရနေပါပြီ။ အရပ်ရှည်ရှည်၊ ပုံစံဖြောင့်ဖြောင့်နှင့် ရှင်ဆရာဟာ ချမ်းသာလို့ မာန်ကြီးတာလား။ ပညာတတ်ကြီးမို့ မာနကြီးတာလား။ ရုပ်ချောလို့များ မာနကြီးတာလား။

ဒါမှမဟုတ် ချစ်သူပစ်သွားလို့ အသည်းကွဲနေတာလည်း ဖြစ်မည်။ သူများတွေလို အရက်သမားကြီးဖြစ်မသွားတာဘဲ ကံကောင်း။

ဆရာက စိတ်ဆိုးနေပေမယ့် ထမင်းဟင်းများကိုတော့ ခံတွင်းတွေ့ပုံပေါ်ပါသည်။

"မင်းဒင်"

"ဗျာ . . . ဆရာ"

"ဒီနေ့ မင်းချက်တာလား"

"မဟုတ်ပါဘူးဆရာ၊ ပန်းယွန်းချက်တာပါ။ စားကောင်းရင် စားသာစား ဆရာ။ ဆရာခံတွင်းမျက်နေတာ ကြာပြီ"

"လျှာရှည်လိုက်တဲ့ကောင်"





ထမင်းကို အားပါးတရစားပြီး ဆရာ ထသွားလျှင်တော့ ပန်းယွန်းစည် အချိုပွဲအဖြစ် သစ်သီးယန်းကန်လေးကို မင်းဒင်မှတစ်ဆင့် ပို့နိုင်းရသည်။

"ငါတို့ဗိုက်တော့ ခွေးနမ်းပြီပော့၊ နင်ချက်တာ အဆင်ပြေတယ်"

"ဝမ်းသာပါတယ် အစ်ကို၊ ပန်းယွန်းက ဒီအိမ်မှာ ကပ်နေရမယ့်လူဆိုတော့ ကိုယ်ချက်တာတွေ သဘောကျပါစေလို့ ဆုတောင်းနေရသူပါ"

"အိုကေပြီ၊ နင် ကြာကြာနေရအောင် လိမ္မာပါးနပ်စွာသာ နေပေတော့"

"ဟုတ်ကဲ့ပါ အစ်ကို"

"ကဲ! နင်လည်း ထမင်းစားတော့"

မင်းဒင်ပါ ထွက်သွားတော့မှ ပန်းယွန်းစည် ထမင်းစားလိုက်သည်။ နောက် ဆေးကြောသိမ်းဆည်းနေရင်း ကိုယ့်ရှေ့ရေးကို တွေးရသည်။

အမေနဲ့ ဦးမြဲထိုက်ကြီး ကွဲသွားပါစေလို့ ဆုတောင်းရသည့်အဖြစ်။ ပတွေးမရှိတော့ရင် အမေနှင့်သူမ အေးချမ်းစွာ ရှာဖွေစားသောက်ရုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကိုသတိရပေမယ့် နာကြည်းသည့်စိတ်နှင့် သူမ ဖြေလျှော့နေမိသည်။



## အခန်း(၆)

ကိုမင်းခင်ပေးသည့်ပိတ်စနှစ်စကို လုံချည်ချုပ်လိုက်ပြီး ရှိသည့်အစလေးတွေနှင့် သူမ ဘရာစီယာချုပ်ရသည်။ ပန်းယွန်း စက်ချုပ်တတ်ပါသည်။ အမေကလည်း စက်ချုပ်သည်မဟုတ်ပါလား။

ဆရာနှင့်အစ်ကိုမင်းခင်တို့ ကားနှင့်အပြင်ထွက်သွားတုန်း ပန်းယွန်းစည် အပ်ချုပ်စက်ရှိသည့်အခန်းလေးထဲဝင်ပြီး အဝတ်ချုပ်နေခြင်းပါ။

နှစ်နာရီလောက်ကြာတော့ လုံချည်နှစ်ထည်နှင့် ဘရာစီယာနှစ်ထည် ချုပ်ပြီးသွား၏။ အိမ်မှဝတ်လာသည့်ဝတ်စုံကိုလည်း လျှော်ပြီး လှန်းထားခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားရသွားပြီမို့ ပန်းယွန်း ရေအပြေးချိုးလိုက်ပြီး ဝတ်စုံပြည့်ဝတ်လိုက်သည်။ အစ်ကိုမင်းခင်ပေးသည့် စပို့ရှပ်အဝါနှင့်လုံချည်အနက်ပွင့်ကို တွဲဝတ်လိုက်ပြီး ခါးထိရှည်သည့်ဆံနွယ်တွေကိုတော့ တွေ့သည့်ဘီးနှင့်ဖြီးရသည်။ မျက်နှာမှာ လိမ်းစရာ ဘာမှမရှိသည်မို့ မျက်နှာပြောင်နှင့်ပေမယ့်. . .

ဗီရိုမှန်မှာ ပေါ်လာသည့် သူမမျက်နှာလေးက ဝင်းဝင်းပပ။ အစ်ကိုကတော့ ပြောတာပဲ၊ ဆရာ့ချစ်သူက ဇါ့ထက်ပိုချောတယ်တဲ့။ မှန်ထဲမှာ သူမငေးကြည့်နေမိပြန်သည်။

မျက်လုံးလှလှနှင့် မျက်တောင်ကော့လေးတွေ၊ နှာတံလှလှလေးနှင့် နှုတ်ခမ်းနှင်းဆီဖူးလေး။ ခါတိုင်း သနပ်ခါးအပြည့်လူးရင်း ကိုယ့်ရုပ်ကိုဖျက်ထားလို့ရပေမယ့် ယခုတော့ သူမ ရုပ်ဖျက်စရာမလိုတော့ပါ။

သည်စဉ် ခြံထဲသို့ ကားဝင်လာသံကိုကြားလိုက်ရသဖြင့် ပန်းယွန်း ပြာယာခတ်သွားရသည်။ သော့ကတော့ သူတို့အဖြင့်မှ ခတ်၊ ပိတ်သွားကြသဖြင့် ကိုယ့်ဘာသာ ဖွင့်ဝင်ကြပေမည်။

ဆရာက သူ့အမေရဲ့စက်ကို ဝင်သုံးတာ ကြိုက်ချင်မှကြိုက်မှာ။ သူမ စက်ထားသည့်အခန်းမှ အပြေးထွက်လာတုန်း ဆရာနှင့်တွေ့လေသည်။ သူက မျက်မှောင်ကြီးကြုတ်လျက်. . .





"ဒီအခန်းထဲ ဘာဝင်လုပ်တာလဲ။ စည်းကမ်းမရှိ"

ဆရာ့နောက်မှ ပါလာသည့်မင်းခင်ကပင် ဝင်ပြီးပြောပေးရပြန်သည်။

"ဆရာ၊ သူ့မှာ အဝတ်မပါတော့ ကျွန်တော် ဈေးသွားပြီး ဖျင်စနစ်စ ဝယ်ပေးလိုက်တာ။ အဲဒါ"

"ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်နဲ့. . . သွား"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

ပန်းယွန်း ကိုယ့်အခန်းရှိရာ စတိုခန်းလေးသို့ ပြေးရ၏။ ရှုပ်ရှုပ်ယှက်ယှက်မလုပ်နဲ့ဆိုပေမယ့် သူမ မနေနိုင်ပြန်။ ဘုရားခန်းမှာ ဘုရားပန်းက မလှမပဖြစ်နေပြီ။ ခြံထဲမှာလည်း နှင်းဆီတွေ ပွင့်နေတာမြင်နေရသဖြင့် ပန်းယွန်း ကပ်ကျေးကိုင်ကာ မီးဖိုဘက်မှ ခိုးကြောင်ခိုးဝှက် ဆင်းခဲ့သည်။

ဆရာ သူ့အခန်းထဲမှာ စာဖတ်နေမှာပါ။ စာတော့ တော်တော်ဖတ်တဲ့ဆရာ။ သူ့စာအုပ်ဗီရိုကြီးဟာ အကြီးကြီးပဲ၊ စာအုပ်တွေလည်း အများကြီး။

ခြံထဲမှ နှင်းဆီခင်းလေးကိုကြည့်ပြီး အလှဆုံးပန်းတွေကို ခူးမလို့ သူမ ဝမ်းသာအားရလျှောက်ကြည့်နေဆဲ. . .

"ဟိတ်!"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး. . ."

ပန်းယွန်းလန့်ပြီး ကပ်ကျေးပင် လွတ်ကျသွားရ၏။ ဆရာ သူမအနားသို့ တလွှားလွှားရောက်လာပြီး ခါးကြီးထောက်လိုက် ပုံက တကယ့်ကိုကြောက်စရာ။

"မင်းဘာလုပ်ဦးမလို့လဲ၊ ငါ့အိမ်မှာနေပြီး ငါ့ကို စိတ် အနှောင့်အယှက်ဖြစ်အောင် လုပ်ပြန်ပြီ"

"ဘုရားပန်းလဲချင်လို့ပါ ဆရာ၊ ပန်းတွေနွမ်းနေတာနဲ့ နောက် အလှပန်းအိုးလေးဘာလေးလည်း. . ."

"မလိုဘူး။ ငါ့ခြံထဲကပန်းတွေဟာ အလှေကျပန်းတွေ မဟုတ်ဘူး။ အားလုံး ငါစိုက်ထားတာ။ သူများခူးတာမကြိုက်ဘူး"

"မသိလို့ပါရှင်၊ ဒါဆိုလည်း နောက်မှ အစ်ကိုမင်းခေါင် ကို ပန်းဝယ်ခိုင်းပါ့မယ်နော်"

ကပ်ကျေးကောက်ပြီး ပန်းယွန်း သူ့မျက်စေ့ရှေ့မှ ပြေ မည်ပြင်တော့. . .

"ပေး. . . ဘုရားပန်း ငါခူးပေးမယ်"

"ရှင်"

"ငါစိုက်ထားတဲ့ပန်းတွေ ငါပဲ ခူးပေးမယ်"

သူမလက်ထဲမှ ကပ်ကျေးကို ဆတ်ခနဲဆွဲယူပြီး ဆရာ





ကိုယ်တိုင် ပန်းခူးနေတော့ ပန်းယွန်း မျက်ရည်အဝဲသားနှင့် ငေး ကြည့်နေမိသည်။

ပန်းငုဝါတဲ့။ ဆရာ သူ့ချစ်သူကို ဘယ်မေ့နိုင်မလဲ။ နှလုံး သားကို လက်ကြမ်းကြီးနဲ့ဆုပ်ညှစ်သလို ခံစားနေရရှာမှာပဲ။ ပန်း ပါတဲ့နာမည်ကိုမုန်းပြီး ပန်းတွေကိုမမုန်းနိုင်သေးတဲ့ဆရာဟာ သူ့ ချစ်သူကိုလည်း ဘယ်မေ့နိုင်ပါ့မလဲနော်။

သူမတွေးတောပြီး ဆရာ့ကိုသနားကရုဏာသက်နေမိ ခဲ၊ ဆရာ နှင်းဆီပန်းတွေနှင့် သူမအနားသို့ ပြန်ရောက်လာ၏။

"ရော့. . . နောက် ငါခွင့်မပြုဘဲ ငါ့ပန်းခင်းကို မခူးရ ဘူး။ မှတ်ထား"

"ဟုတ်ကဲ့ပါရှင်၊ ပန်းယွန်း နောက်မခူးတော့ပါဘူး"

နှင်းဆီပန်းတွေကို တရိုတသေလှမ်းယူပြီး သူမ ဘုရား ခန်းသို့ ပန်းလဲရအောင် သွား၏။ ဆရာကတော့ သူ့အခန်းထဲသို့ ပြန်ဝင်သွားလေပြီ။

ပန်းယွန်း ဘုရားပန်းလဲပြီး ပိုသည့်ပန်းများနှင့် ဧည့်ခန်း ထဲမှာ အလှပန်းအိုးပြင်နေစဉ် ခြံထဲသို့ ကားဖြူလေးတစ်စီး ဝင် လာသဖြင့် လှမ်းကြည့်မိလျှင် ကားပေါ်မှ လူငယ်တစ်ယောက် ဆင်းလာသည်။ ဆရာတို့အရွယ်၊ သူလည်း လူချော၊ လူဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါပဲ။ အစ်ကိုမင်းခင်ပြောသည့် ဆရာသူငယ်ချင်းဆိုတာပဲဖြစ်ရမည်။

သူက အထဲသို့ဝင်လာရင်း ပန်းယွန်းကိုတွေ့တော့ မျက်နှာက အံ့ဩထူးဆန်းဟန်နှင့်. . .

"မင်းက ဘယ်သူလဲ၊ ဒီအိမ်ကို ဘယ်တုန်းကရောက်လာတာလဲ။ ငါခရီးသွားနေတဲ့တစ်ပတ်အတွင်း ကမ္ဘာကြီး ဇောက်ထိုးမိုးမျှော်ဖြစ်သွားပါလား"

"ဒါ ဘာဆန်းလို့လဲ"

"ဆန်းတာပေါ့။ ခွန်းဆက်က မိန်းမမုန်းဝါဒီတစ်ယောက်လေ။ မိန်းမမုန်းဝါဒီတစ်ယောက်ရဲ့အိမ်မှာ မိန်းမချောလေးတစ်ယောက် ရောက်နေတာ တကယ့်အံ့ဩစရာသတင်းတစ်ပုဒ်ပေါ့"

ပန်းအိုးထိုးပြီးသွားပြီမို့ ပန်းယွန်း ချာခနဲလှည့်ကာ ကိုယ့်အခန်းသို့သွားဖို့ပြင်လျှင် ထိုလူက သူမ၏လက်မောင်းကို ဗျတ်ခနဲဆွဲထားပုံမှာ ရဲတင်းလွန်းလှသဖြင့် ပန်းယွန်း အံ့ဩဒေါသဖြစ်ရသည်။

ဆရာ့သူငယ်ချင်းက ဆရာ့လို တည်ငြိမ်ကြည်ကြည် မဟုတ်ဘဲ ရဲတင်းလွန်းလှချည်။

"ဟင်! ရှင်. . . ရှင် ရဲတင်းလှချည်လား"





ဒီတော့မှ သူမလက်မောင်းကို လွှတ်ပေးလိုက်ပြီး. . .

"ဆောရီး. . . ချာတိတ်က ကဲကဲဆတ်နေတာကိုး။ လှတာ လက်တောက်လောက်နဲ့ ကြီးကျယ်လိုက်တာအလွန်ပဲ။ ကိုယ်က မေးစရာရှိတာမေးချင်လို့ပါ။ မင်းက မတူမတန်သဘောမျိုးနဲ့ အိမ်ထဲဝင်သွားမယ်ဆိုတော့ ကိုယ် အောက်တာပေါ့"

"ကျွန်မက ဒီအိမ်သားမှမဟုတ်ဘဲ၊ ဘာမှညှော်ခံစကားတွေ ပြောနေစရာမလိုပါဘူး။ ဆရာနဲ့တွေ့ချင်ရင် ဆရာ့အခန်းထဲဝင်သွားပေါ့"

သူမ ထပ်မံပြီး ထွက်ခွာဖို့လှည့်လိုက်လျှင် ထိုလူက ပြောပြသလဲ. . .

"ဟော့! ကိုယ် မင်းကို နောက်ထပ် ဆွဲလားလွဲလားမလုပ်ချင်ဘူးနော်။ ကိုယ်မေးတာလေးများလည်း အရေးအရာလုပ်ပြီး ဖြေပါဦး။ မင်းနာမည် ဘယ်သူလဲ၊ ဒီကို ဘယ်လိုရောက်နေတာလဲ။ ကြေနွ ခွန်းဆက်ရဲ့မယ်တော်ကြီး သဘောတူလို့ ပို့ထားတဲ့မိန်းကလေးထင်တယ်. . . ဟုတ်လား။ ငါခန့်မှန်းရင် လွဲခဲ့ပါတယ်"

"ရှင်ထင်တာတွေ လျှောက်ပြောမနေနဲ့၊ သိချင်ရင် ရှင့်သားသာ ကိုမင်းခင်ကိုမေးကြည့်ပေါ့"

"ဪ. . . မင်းက မင်းခင်ရဲ့ချစ်သူကိုး။ ဆောရီး. . .



www.burmeseclassic.com

www.burmeseclassic.com



ဆောရီး. . . ကိုယ်အထင်မှားသွားတယ်။ မင်းဒင် ဒီတစ်ခါတော
တော်သွားပြီ၊ ဒီလောက်ငယ်ငယ်ချောချောလေးကို ရွေးနိုင်တယ်

သူမ ထိုလူ့ကိုဘာမှပြေချင်းချက်မထုတ်တော့ဘဲ မိ
ဘက်သို့သာ လှစ်ခနဲပြေးဝင်ခဲ့တော့သည်။ ဟင်း. . . တော်တေ
မုန်းစရာကောင်းတဲ့လူပဲ။

ကျော်ထက်လူကလည်း တကယ်ပဲအံ့ဩနေတာပါ။ သ
သူငယ်ချင်း နောင်ခွန်းဆက်ဟာ ပန်းငုဝါ သစ္စာဖောက်သွား
ကတည်းက လောကကြီးကို အမုန်းကြီးမုန်း၊ မိန်းမတွေကို အမု
ကြီးမုန်းနေလိုက်တာ။ ယခုကျ မိန်းမငယ်ငယ်ချောချောလေးတ
ယောက်ကို အိမ်ပေါ်တောင် တင်ထားလို့ပါလား။

ကောင်မလေးပုံကြည့်ရတာ အသက်နှစ်ဆယ်ပင် ပြ
ပုံမရသေး။ ငယ်မူငယ်သွေးလေးတွေနှင့် ချောလိုက်တာလည်
မှန်လို့။ ပန်းငုဝါထက်ပင် ချောမောလှပပေဦးမည်။ သူ နော
ခွန်းဆက်ရဲ့အခန်းထဲဝင်သွားတော့ သူ့ကို စာအုပ်တစ်အုပ်
ကုတင်ပေါ်မှာ တွေ့လိုက်ရသည်။

"ခွန်းဆက်တို့ ထပ်ပြီးကြီးပွားနေပါလားဟေ့"

"ဩော်. . . လာ၊ ကျော်ထက်။ ဒီနေ့အလုပ်မရှိဘူးလာ
ငါ့ဆီလာတာ ကိစ္စရှိလို့လား"





"အလုပ်ကိစ္စလေး ရှိလို့ပါ။ ဒါထက် ဟိုကောင်မလေးက ဘယ်သူလဲ။ ငယ်ငယ်ချောချောလေးနော်"

"မင်းဒင်ရဲ့နှမပါကွာ၊ နေစရာမရှိလို့ ခဏနေဖို့ရောက်လာတာ"

"မင်းက လက်ခံထားတယ်ပေါ့။ အံ့ဩစရာပဲ"

"ခဏတစ်ဖြုတ်ပဲကွ၊ လက်ခံရတာပေါ့"

"မင်းဒင်က ရုပ်ဆိုးပြီး သူ့နှမက ဒီလောက်ချောနေတာ၊ မောင်နှမ ဟုတ်ပါ့မလား။ သူ့ရည်းစားလားဘာလား"

"ဒါတွေထိ တွေးမနေဘူး ဟေ့ကောင်။ သူ့အကြောင်းနဲ့သူ"

"ဩော်. . . ငါက မင်းကိုထိနိုက်မှာစိုးလို့ပါ။ အမှန်ဟုတ်မဟုတ် စုံစမ်းကြည့်သင့်တယ်"

"ထားလိုက်စမ်းပါကွာ၊ သူ့အကြောင်း။ မင်းဒင်က ငါ့ရဲ့လူယုံပဲ၊ ငါ့ကိုမဟုတ်တာ ဘယ်တော့မှလုပ်မှာမဟုတ်ဘူး"

"လောကမှာ လူယုံသတ်လို့ သေရတဲ့ သာဓကတွေ အများကြီးရှိတယ်နော် ခွန်းဆက်"

"ဘယ်သူသတ်သတ်ကွာ. . . မင်းသာ ငါ့ကို မသတ်ရင် ပြီးရော။ ကဲ! ဆို၊ ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထက်လူ နောင်ခွန်းဆက်ရဲ့ ခပ်တောက်တော
စကားကြောင့် ပျက်သွားသည့်မျက်နှာကို အမြန်ဆုံးပြန်ပြင်လိုက်
ရသည်။

"ငါက စေတနာနဲ့ပြောမိတာပါကွာ၊ အေးလေ၊ မ
လည်း မင်းရဲ့မိန်းမမုန်းတဲ့စိတ်ကြီးကို ပြင်သင့်ပါပြီ။ လောကကြ
မှာ တစ်ယောက်မကောင်းတာနဲ့ တစ်လောကလုံးကို သိမ်းကျ
ပြီး မုန်းနေတာ မကောင်းပါဘူး။ ကိုယ့်ကိုယ်ကိုယ် ပစ္စလက္ခ
အေးတာလည်း ပြုပြင်သင့်ပါပြီ။ ဒါတွေဟာ လူတိုင်းကြုံရတ
တဲ့ ဝမ္မတာတွေပါလေ"

နောင်ခွန်းဆက် စိတ်တိုသွားရ၏။ ဒီကောင်ဟာ စကာ
ကြီးစကားကျယ်နဲ့ အမြဲ သူ့ကို တရားချသည်။ သင်းက ဘ
မို့လို့လဲ။

လောကကြီးဟာ ဘယ်မှာများ သုံးစားရတော့လို့လဲ
ဘာကိုများ ယုံစားလို့ရတော့သလဲ။ ကိုယ်က အသက်လော
ချစ်ပြီး ကိုယ့်ကိုလည်း အသည်းနင့်အောင် ချစ်တယ်လို့ ထင
ရတဲ့ ချစ်သူအရင်းခေါက်ခေါက်ကြီးကတောင် မယုံကြည်ရ
လောက်အောင် သစ္စာဖောက်ပြီး အခြားသူနောက် ကော
ကောက်ပါအောင် လိုက်သွားခဲ့တာ။





သူ ဒီလောကကြီးထဲ ဘယ်သူ့ကို ယုံစားလို့ ရဦးမှာတဲ့
လဲ။ ဒါကြောင့် မိန်းမတွေကို သူမုန်းသည်။ စိတ်နာသည်။ အထူး
သဖြင့် မိန်းမချောလေးတွေကို ပိုပြီးမုန်းသည်။ ကြောက်စရာ
ဘီလူးမတွေ။ မင်းသမီးခေါင်းဆောင်းထားပြီး တစ်လောကလုံး
ကို ဝါးစားပစ်မယ့် ဘီလူးမတွေ။ သူ အဲဒီလိုပဲ ခံယူထားတာ
သလား။

"ခွန်းဆက်"

"ဘာလဲ"

"ကောင်မလေးက ချောချောလေးနော်၊ ပန်းငုဝါထက်
တောင် ချောသေး"

"ဟေ့ကောင်! ငါ့အနားကို လာမသွနဲ့။ မင်းတို့ သူငယ်
ချင်းအရင်းကြီးမို့ ခွင့်လွှတ်လိုက်တာ။ ကျန်တဲ့ကောင်ဆို ငါဆွဲ
ထိုးပစ်လိုက်ပြီ"

"ဩော် . . . ငါက အကောင်းပြောနေတာပါ။ မင်းရဲ့
သကို အမှောင်ချထားတာလည်း ကြာပါပြီ။ တော်လောက်ပါ
ကွာ။ လောကကြီးထဲ မြန်မြန်ဝင်ပါတော့။ ပြီးခဲ့တာတွေ ပြည်ဖုံး
ထား ချလိုက်ပါတော့"

"ဒီမှာ ကျော်ထက်၊ မင်းကိစ္စမှုတာပြော၊ ပြောပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့။ ငါ့ဘဝထဲ ဟိုလိုလုပ်ပါ ဒီလိုလုပ်ပါဆိုပြီး ဘာမှအကြံ လာပေးမနေနဲ့"

"ဒီလိုဆိုလည်း ဆောရီးပါ ကိုယ့်လူ။ ငါကတော့ ကိုယ့်သူငယ်ချင်းမို့ ဒီလိုအယူမှားနေတာ မကြည့်ရက်လို့ပါ"

ကျော်ထက်လူ စိတ်မကောင်းဖြစ်သွားတာ မြင်ရတော့လည်း နောင်ခွန်းဆက်ပါ စိတ်မကောင်းဖြစ်ရသည်။

"ဆောရီးကွာ. . . ငါ့စိတ်တွေ ကြမ်းတမ်းနေတုန်း မင်းကို အဖျားခတ်သလိုဖြစ်သွားတယ်။ လာ. . . ဧည့်ခန်းထဲသွားရအောင်"

နှစ်ယောက်အတူ ဧည့်ခန်းထဲသို့ထွက်လာကြပြီး၊ နောင်ခွန်းဆက်က မီးဖိုနားသို့သွားကာ အထဲသို့လှမ်းပြောလိုက်သည်။

"ပန်းယွန်းစည်၊ ဧည့်သည်ဖို့ ကော်ဖီဖျော်ခဲ့ပါ"

"ဟုတ်ကဲ့ပါဆရာ"

သူပြန်လှည့်လာပြီး ဧည့်ခန်းမှာ ကျော်ထက်လူကို ဧည့်ခံစကားတွေ ပြောနေတုန်း မင်းအင် လှစ်ခနဲ မီးဖိုဘက်သို့ ဝင်ခဲ့သည်။ ပန်းယွန်းဆက် ဖျော်ပြီးသွားသည့်ကော်ဖီပန်းကန်များကို ဗန်းလေးနှင့်ထည့်ယူလိုက်ပြီး. . .

"ငါသွားပို့လိုက်မယ်၊ နင်ကျန်ခဲ့"





"ဖြစ်ပါ့မလားအစ်ကို၊ တော်ကြာ ဆရာက ကျွန်မကို ခိုင်းထားတာ၊ အစ်ကိုလုပ်ရပါ့မလားဆိုပြီး စိတ်ဆိုးနေလို့"

"မဆိုးဘူး။ ဆရာ့သူငယ်ချင်းကြည့်ရတာ နင့်ကို ဝါးစားတော့မတတ်ဘဲ။ ဒီလူမလွယ်ဘူး. . . ငါနဲ့တော့ တွေ့ဦးမယ်"

မင်းအင် ကော်ဖီဗန်းကိုမပြီး ထွက်သွားလိုက်သည်။ ပန်းယွန်းစည်နဲ့ပတ်သက်ပြီး သူ့နှာချောတွန့်တိုနေတာ ကိုယ့်အတွက်မဟုတ်။ ဆရာ့အတွက်ပါ။

အပွေးမြင်အပင်သိဆိုသလို ပန်းယွန်းစည်ကို မြင်လိုက်ရသည်နှင့် သူကလေးဟာ အဖိုးတန်မိန်းကလေးဆိုတာ အသိသာကြီးပါ။ ဆရာ့အတွက် အဖိုးတန်မြကလေးပါပဲ၊ ကျော်ထက်လူအတွက် မဖြစ်စေရ။ ဒီကောင်က လူရှုပ်လူပွေ။ ငွေရှာကောင်းသလို မိန်းကလေးကိစ္စလည်း ဝါသနာပါပုံရသည်။ အနည်းဆုံး ပန်းယွန်းကို သူသဘောကျနေတာ ထင်သာမြင်သာ။

မင်းအင် ဆရာ့ကို အလွန်အင်မတန်သနားပါ၏။ အချစ်ရေးမှာ ရင်ကွဲနာကျနေရသည့်ဆရာ့ကို အမြန်ဆုံး ပုံမှန်ဘဝသို့ ပြန်ရောက်စေချင်ပါပြီ။ ပြီးတော့ ပန်းယွန်းကိုလည်း သနားသည်။ မိန်းမပြတ်ကလေးတစ်ယောက်ဟာ ဘဝမုန်တိုင်းထဲ စုတ်ပြတ်သတ်မသွားစေကောင်း။ သူတို့နှစ်ယောက် ဆုံစည်းအောင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



က မြားနတ်မောင်။

မင်းအင် ညှော်ခန်းထဲရောက်တော့ စားပွဲပေါ်သို့ ကော်ဖီဗန်းကို တင်လိုက်ပြီး ဆရာနှင့်ကျော်ထက်လူကို ကော်ဖီပန်းကန်များ တမ်းပေးလိုက်သည်။

"ထိုင်ပါဦး မင်းအင်ရဲ့"

သူ့ကို အရေးမလုပ်စဖူး မျက်နှာချိုသွေးပြီး ကျော်ထက်လူ စကားတွေပြောလို့ပါလား။ ဆရာ့မျက်နှာကြောင့် သူ ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်ရ၏။

"သူက မင်းညီမဆို"

"ဟုတ်ပါတယ်"

"နာမည်က"

"ပန်းယွန်းစည်ပါ"

ခုမပြောလည်း နောက်သိမည့်အတူတူ မင်းအင် ပြောရသည်။

"အားပါး. . . နာမည်ရောလူရော အပျံစားပါလား။ မင်းနာမည်က မင်းအင်၊ သူ့နာမည်က ပန်းယွန်းစည်။ ဘာမှလည်းမဆိုင်ဘူး။ ရုပ်ကျတော့လည်း မင်းက မင်းကသလောက် အရုပ်ဆိုးပြီး သူက ပဒေတိထက်တောင် လှဦးမယ်။ ဟုတ်မှလည်း





လုပ်ပါမင်းအင်ရယ်။ မင်းဘယ်လိုပြောပြော ငါတော့မယုံဘူးဟေ့"

"မယုံတာယုံတာ ကျွန်တော့်အလုပ်မဟုတ်ဘူး။ ကျွန်တော့်အလုပ်က ကိုယ့်ညီမကိုစောင့်ရှောက်ဖို့ပဲ"

ကျော်ထက်လူ ရစ်နေလျှင် မင်းအင်စိတ်တိုနေရသည်။ သူ့အထာက ဘာလဲ။ ပန်းယွန်းကို ဆရာနဲ့ပတ်သက်နေသူပါဆိုပြီး လက်ဆုပ်လက်ကိုင်ပြချင်လို့လား။ စွပ်စွဲချင်လို့လား။ ဟုတ်တော့ရော သူ့အကြောင်းလား။

ဒီကြားထဲတောင် ကျော်ထက်လူရုပ်က မပြုံး။ ရှေ့ဆက်လိုက်သေး၏။

"ဒီမှာထားရတာ အဆင်ပြေရဲ့လား မင်းအင်။ မင်းဆရာက မိန်းမတွေကိုမုန်းနေတော့ ကလေးအနေရကျပ်နေမလားလို့"

"အဲဒီတော့ ခင်ဗျားက ဘာလုပ်ပေးချင်သေးလို့လဲ။ တော်စမ်းပါဗျာ. . . ဒီမှာပဲ အဆင်ပြေပါတယ်"

ပြောပြီး မင်းအင် ဆရာ့ကို ရိုကျိုးစွာ လှမ်းမေး၏။

"ဆရာ ကျွန်တော့်ကို ဘာခိုင်းစရာရှိသေးလဲ"

"ရပြီ၊ သွားတော့"

ဆရာ့ထံမှ ခွင့်ပြုချက်ရလျှင် မင်းအင် ခြံထဲသို့ဆင်းခဲ့လေသည်။ ဒီလူ မလွယ်။ တော်တော်သတိထားရမှာပဲ။ အဘယ့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဆို သူဟာ ဆရာ့ထံ မကြာခဏလာတတ်သူမို့ပါပဲ။

"မင်းတပည့်က သူ့ညီမကို တိုနေတာဖြစ်မယ်"

"မင်းကရော ပါးစပ်စည်းကမ်းရှိပါလား"

"ငါက နောက်တာပါကွာ၊ ဆောရီးပါပဲ"

ကျော်ထက်လူ တောင်းပန်လိုက်ရင်း ထပြန်ခဲ့လေတော့သည်။



## အခန်း(၇)

ဆရာနှင့်မင်းခင်တို့ တစ်နေ့လုံးလိုလို ကားတစ်စီးနှင့် မကြာခဏ အပြင်သို့ထွက်သွားလေ့ရှိပြီး အိမ်မှာ အမြဲလိုလိုကျန်ခဲ့ရတာ ပန်းယွန်းစည်တစ်ယောက်တည်း။

ဆရာကြည်ဖြူအောင် ထမင်းဟင်းတွေ ချက်ပြုတ်ပေး၊ အိမ်သန့်ရှင်းရေးတွေလုပ်၊ အဝတ်အစားတွေ လျှော်ဖွပ် မီးပူတိုက်နှင့် သူမဟာ ပုံပြင်ထဲက မနှင်းဖြူလေးလို တစ်နေ့လုံး တကုပ်ကုပ်နှင့် အလုပ်တွေ လုပ်ပေးခဲ့ပါသည်။

ဆရာကလည်း မသိချင်ယောင်ဘဲ ဆောင်သလား၊ ပန်းယွန်းစည်ကို သနားလို့ပဲလားတော့မသိ။ သူမရောက်တာ တစ်ပတ်ကျော်ပေမယ့် နှင်မထုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ပန်းယွန်းကလည်း အကင်းပါးပါသည်။ သူမ အတတ်နိုင်ဆုံး ဆရာ့မျက်စိရှေ့ မရောက်အောင်နေသည်။ သူမ ဆရာ့ကွယ်ရာမှာပဲ အလုပ်တွေကို မနားတမ်းလုပ်ပေးပြီး ဆရာ့ကို အနီးကပ်ပြုစုလုပ်ပေးနေသူကျတော့ မင်းဒင်။ သူတို့နှစ်ယောက် နားလည်မှုတွေ ယူထားကြသည်။

အဝတ်လျှော်စက်တွေ၊ ဖုန်စုပ်စက်တွေရှိသဖြင့် ပန်းယွန်း တအားကြီးတော့ မပင်ပန်းရပါ။ သူတို့နှစ်ယောက် ထွက်သွားတာနှင့် ပန်းယွန်းဟာ ကြွက်ကလေး မြေတွင်းထဲမှထွက်လာသလို တစ်အိမ်လုံးကို သန့်ရှင်းရေးတွေလုပ်၊ ပန်းအိုးတွေလဲပါသည်။

သီချင်းတွေဘာတွေပင် ဆိုညည်းလို့။ တကယ်တော့ ဒီအိမ်ဟာ သူမအတွက် လုံခြုံမှု၊ စိတ်ချမ်းသာမှု ပေးစွမ်းသည့် အိမ်ပါ။ ပန်းယွန်း မေမေ့ကိုလည်း စိတ်မပူအောင် ဖုန်းဆက်ပြီးပါပြီ။

"မေမေ. . . သမီးအဆင်ပြေပါတယ်၊ စိတ်ကောင်းရှိတဲ့အိမ်တစ်အိမ်မှာ ရောက်နေပါတယ်။ သမီးအတွက် ဘာမှမစိုးရိမ်နဲ့တော့။ မေမေပဲ အဆင်ပြေအောင်နေပါ။ မေမေနဲ့ဟိုလူကြီး ကွဲတဲ့နေ့မှပဲ သမီး အိမ်ပြန်လာတော့မယ်"





ဒီလိုပြောပြီး ပန်းယွန်း ဖုန်းချပစ်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် မေမေလည်း အပူသက်သာသွားမှာပေါ့။

ယခုဆို မင်းဒင်ဝယ်လာပေးသည့် ပိတ်စလေးများကို ပန်းယွန်း ချုပ်လုပ်ဝတ်ဆင်ထားသဖြင့် အဝတ်အစားကတော့ အဆင်ပြေနေပါပြီ။ သူတို့ရဲ့ ဖိုရိုဖားယား တီရှပ်တွေ စပို့ရှပ်တွေကို မဝတ်ရတော့ပါ။

ဒီနေ့ ပန်းယွန်းဝတ်ထားတာ စပန့်ဂါဝန်အိအိလေးပါပဲ။ ဂါဝန်လေးက လုံခြုံပါသည်။ ခြေသလုံးတစ်ဝက်လောက်အထိ ရောက်သည်။ သီချင်းလေးတညည်းညည်းနှင့် သူမ ဆရာ့အလစ်မှာမို့ ခြံထဲဆင်းပြီး ပန်းခူးဖို့ပြင်လိုက်သည်။ လက်တစ်ဖက်က ပန်းခြင်းလေးဆွဲ၊ လက်တစ်ဖက်က ကပ်ကျေးနှင့်။

သူမ ပန်းတွေခူးနေတုန်း ခြံရှေ့ရောက်လာသည့် ကားထဲမှ ကျော်ထက်လူ ဆင်းလာတာတွေ့လျှင် ပန်းယွန်း မျက်မှောင်ကြုတ်သွားရသည်။ ဒီလူကြီးကို သူမ သဘောမကျပါ။ မျက်လုံးတွေက စူးစူးရဲရဲနှင့်။ စိတ်ကောင်းရှိမည့်ပုံမထွက်။

သူက ကားဟွန်းနှိပ်ရင်း ကားဆေားမှခါးထောက်ပြီး ရပ်နေတော့ ပန်းယွန်း ခြံဝသို့သွားရသည်။

"ဟေ့! ချာတိတ်၊ ခွန်းဆက်ရှိသလား"

www.burmeseclassic.com



"မရှိဘူး အပြင်သွားကြတယ်"

တကယ်တော့ ကျော်ထက်လူ မြင်မှာပါ။ တိုက်ရှေ့ဆင်ဝင်မှာ ကားရပ်ထားတာ မတွေ့ဘူးမဟုတ်လား။

"တံခါးဖွင့်ပေးကွာ၊ ကိုယ် သူ့ကိုဖုန်းဆက်လိုက်မယ်။ အရေးတကြီးကိစ္စရှိလို့ အိမ်ကနေပဲ စောင့်တော့မယ်"

"ဆရာက သူမရှိရင် ဘယ်သူ့ကိုမှ ခြံတံခါးအိမ်တံခါး ဖွင့်မပေးဖို့ မှာထားတယ်"

ပြောပြီး ပန်းယွန်း ချာခနဲပြန်လှည့်တော့ ခါးထိရှည်သည့် ဆံနွယ်တွေက ဝေ့ခနဲ၊ ဂါဝန်လေးနဲ့သိပ်လှနေတဲ့ကောင်မလေး။

"ဟာ... ဟေ့! ဟေ့! ဒီလိုမလုပ်နဲ့လေ။ ကိုယ်က မင်းဆရာရဲ့အထူးဧည့်သည်ပဲ။ လုပ်ငန်းစပ်တူလုပ်နေတဲ့အလုပ်ရှင်နော်။ တော်ကြာ မင်းကို ခွန်းဆက် အရမ်းစိတ်ဆိုးနေလိမ့်မယ်"

"ရတယ်... ဆိုးပစေ။ တံခါးဖွင့်ပေးလိုက်ကတော့ လုံးဝမဖြစ်ဘူး"

"မင်းက ကိုယ့်ကို မယုံကြည်တဲ့သဘောလား"

"ဒါကတော့ ကြောက်တတ်ရင် ဝန်ကင်းတာပဲ။ သောရီး..."

ပြောပြီးသည်နှင့် ကောင်မလေး အိမ်ထဲသို့ လှစ်ခနဲဝင်





ပြေးလျှင်• ကျော်ထက်လူ မချင့်မရဲဖြစ်ရသည်။ တော်တော်လာတဲ့ကောင်မလေးပါလား။

ကျော်ထက်လူ၏ကား ပြန်ထွက်သွားတာ မြင်ရမှ ပန်းယွန်း စိတ်ဖြောင့်လက်ဖြောင့်နှင့် ဘုရားပန်းအိုးတွေ အလှပန်းအိုးတွေ လဲနေလိုက်၏။ နောက် နေ့လယ်နေ့ခင်းမို့ သူမ ကိုယ့်အခန်းထဲဝင်ကာ ခဏတစ်ဖြုတ် အိပ်စက်အနားယူမိပါသည်။

ကိုယ့်ကုတင်အနားသို့ ခြေသံတရှပ်ရှပ်နှင့် တစ်စုံတစ်ယောက် ရောက်လာသလို ခံစားလိုက်ရသဖြင့် ပန်းယွန်း မျက်လုံးဖွင့်ကြည့်လိုက်တော့ ဖြူဖွေး သွေးဆုတ်နေသည့်မျက်နှာ၊ ဆံဝင်ဖားလျားနှင့် ရေတွေ စက်စက်ကျနေပြီး အဖြူရောင်ဝတ်စုံနှင့် မိန်းမတစ်ယောက်ကိုမြင်လိုက်ရသဖြင့် သူမ လန့်အော်မိ၏။

"အမယ်လေး! ရှင်... ရှင် ဘယ်သူလဲ၊ ဘယ်လိုလုပ်ပြီး အိမ်ထဲဝင်လာတာလဲ"

"မကြောက်ပါနဲ့ မိန်းကလေး။ မင်းကို ငါသတိပေးစရာ ရှိလို့ လာခဲ့တာပါ"

"ရှင်... ရှင်က"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းငုဝါ"

"ရှင်! ဒါ. . . ဒါဆို ရှင်က ဆရာ့ချစ်သူပေါ့"

"ဟုတ်တယ်၊ မင်း ဒီအိမ်မှာနေမယ်ဆိုရင် သတိရှိရှိနဲ့ နေပါ။ ယောက်ျားဆို ဘယ်သူ့ကိုမှ မယုံလေနဲ့"

"ရှင်!"

"အယုံကြည်ရဆုံးလူကလည်း နောက်ကျောကို ဓားနဲ့ ထိုးတတ်တယ်။ အနီးကပ်ဆုံးရန်သူက ပိုပြီးကြောက်စရာကောင်းတယ် ပန်းယွန်းစည်။ မင်းသတိကောင်းကောင်းထားပါ"

"ပန်းယွန်းကို မဟောင်မဟုက်ပါနဲ့ မမရယ်။ ပွင့်ပွင့်လင်းလင်းပြောပြပါလားဟင်။ ပန်းယွန်းအဝေ အဖြစ်ဆိုးလှပါတယ်ရှင်။ ကျွန်မမှာ မှီနားစရာမရှိတဲ့ဘဝပါ"

ပြောရင်းမှ ပန်းယွန်းရှိုက်ငိုလျှင် သူမလည်း မျက်ရည်တွေ ကျလာပါလေ၏။ သို့သော်. . .

"အို!"

ပန်းယွန်းစည် အလန့်တကြားအော်ဟစ်မိပါသည်။ မမပန်းငုဝါ ကျလာတဲ့မျက်ရည်တွေဟာ မျက်ရည်မဟုတ်ဘဲ သွေးတွေဖြစ်နေလို့ပါပင်။

"ငါ ဒီအိမ်မှာ အမြဲရှိနေတယ်။ နင်တို့မမြင်လို့ပါ"





"အို! မဟုတ်တာ၊ ပန်းယွန်း မမကိုတစ်ခါမှမတွေ့မိပါဘူး။ ဒီအိမ်မှာ ဆရာရယ် အစ်ကိုရယ် ပန်းယွန်းရယ် သုံးယောက်တည်းပဲရှိတာပါ"

"ငါက နင်တို့နဲ့ရောယှက်နေလို့မရတဲ့ဘဝမှာ မမြင်ကွယ်ရာအရပ်က နေရတာလေ။ နင်တို့က ငါ့ကိုမမြင်ပေမယ့် ငါက နင်တို့ကိုမြင်ပါတယ်"

"ဆရာက မမကိုအရမ်းစိတ်နာနေတာ၊ မမသိလား"

ပန်းငုဝါ မျက်ရည်များနှင့် ခေါင်းညိတ်ပြပုံက မချိတရိ။

"သိပါတယ်ကွယ်၊ ဒါပေမဲ့ မမက သူထင်သလို သူ့အပေါ်သစ္စာဖောက်ခဲ့တာမဟုတ်ပါဘူး။ မမ လူတွေကိုယုံမိခဲ့လို့ ခုက္ခရောက်ခဲ့တာ။ လူယုံသတ်လို့ သေခဲ့ရတာပါ"

"ရှင်! ပန်းယွန်း ဘာမှနားမလည်တော့ပါလား"

"မမက မောင့်ကိုသိပ်ချစ်ခဲ့ပါတယ်၊ သူ့အပေါ်မှာ လုံးဝသစ္စာမဖောက်ခဲ့ဘူးဆိုတာ ညီမလေး ရှင်းပြပေးပါနော်"

"မမဘာသာ ပြောလေ၊ ပန်းယွန်းလည်း သူ့ကိုကြောက်ရပါတယ်"

"မပြောချင်ပေမယ့် ပြောခွင့်မရလို့ သူ့အနားကပ်မရလို့ပေါ့ကွယ်။ ရှင်းပြပေးပါနော်၊ မမကိုသနားရင် သူနားလည်



www.burmeseclassic.com

www.burmeseclassic.com



အောင် ရှင်းပြပေးပါကွယ်"

ပြောပြီးသည်နှင့် အခန်းဝသို့ ပြန်လှည့်ထွက်ခွာသွားပုံ က ရိုပ်ခနဲ လျှင်မြန်လွန်းလှသဖြင့် ပန်းယွန်းစည် တစ်စုံတစ်ခု ကိုတွေးမိပြီး ကြက်သီးတွေ တဖြန်းဖြန်းထနေမိ၏။

"မမ. . . မမပန်းငုဝါ"

သူမ အလန့်တကြားအော်လိုက်မိစဉ်မှာပဲ ဖျတ်ခနဲ လန့် နိုးသွားသဖြင့် ဒါဟာ အိပ်မက်တစ်ခုပဲဟု ပန်းယွန်း နားလည် လိုက်ရပါသည်။

သို့သော် အိပ်မက်က ပီပြင်လွန်းလှသဖြင့် သူမ တဆတ် ဆတ်တုန်အောင်ပင် ထိတ်လန့်ကြောက်ရွံ့ရ၏။ မမပန်းငုဝါဟာ ဝိညာဉ်လား။ နာနာဘာဝလား။ လူမဟုတ်တာတော့ အသေအချာ သွေးမျက်ရည်တွေ စီးကျနေပြီး မျက်နှာတစ်ခုလုံး ဖွေးဆုပ်နေ ပုံက ပုံမှန်မဟုတ်။ ပြီးတော့ တံခါးပိတ်ထားသည့်အိမ်ထဲကို ဝ ဆို ဘယ်ဝင်နိုင်မလဲ။

ကြက်သီးတွေ တဖြန်းဖြန်းထရင်း ဆရာချစ်သူ ပန်းငု ဘယ်တုန်းက သေဆုံးသွားတာလဲ။ ဆရာတော်င် သိရဲ့လား။ သူမ တုန်လှုပ်စွာ တွေးတောနေမိ၏။

'လူယုံသတ်လို့ သေခဲ့တာ' တဲ့။ ဘယ်လူယုံက သတ်





တာလဲ။ ကိုမင်းခင်လား။ ကျော်ထက်လူလား။ သေသေချာချာ ပြောခဲ့သဖြင့် ပန်းယွန်း မည်သူ့ကိုသတိထားရမှန်းမသိ။

အားလုံးကို သူမ ထိတ်လန့်ကြောက်ရွံ့နေမိရပါ၏။ ဆရာ ကလည်း မတွေ့လိုက်ရနဲ့ တွေ့လိုက်ရင် ဘီလူးစီးနေသည့်အတိုင်း။ ကြည့်ပါလား. . . စတွေ့တဲ့ညက လူကို အခြောက်တိုက်မှန်းတီး နေလိုက်ပုံ။

'ပန်းပါတဲ့နာမည်တွေ တစ်ယောက်မှမကောင်းဘူး။ ငါ့ ဘဝကိုဖျက်ဆီး ဒုက္ခပေးသွားတာ ပန်းတွေပဲ'

'မင်း ငါတို့အိမ်ကဘာတွေ ခိုးချင်ဝှက်ချင်လို့ ညဘက်ဆင် ပြီး ဝင်လာတာလဲ။ မှန်မှန်ပြော'

ဆရာ့စကားတွေက တစ်ချက်မှမသက်သာ။ ဖြစ်နိုင်လျှင် ပန်းယွန်းကို ချက်ချင်းအိမ်ထဲမှမောင်းထုတ်ချင်ပုံ။ အေးလေ၊ သူ ကလည်း သူ့ခံစားချက်နှင့်သူကိုး။ သူမ ဆရာ့ကိုအပြစ်မတင် ရှာပါ။ ဘာပဲဖြစ်ဖြစ် ခုလိုကုပ်ကပ်နေခွင့်ရတာပဲ ကျေးဇူးတင် လှပါပြီ။

အင်း. . . မမပန်းငုဝါမှာသွားတဲ့အတိုင်း ဆရာ့ကိုပြန် ပြောရင် သူယုံပါ့မလား။ ငါ့ကိုဒေါသတကြီးနဲ့ အော်များထုတ် လေမလား။ ငါကလည်း မပြောရဲပါဘူး။ ကိုယ်တော် မနည်း



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ကပ်နေရတာ။ ဆရာ့မျက်စိရှေ့မှ မနည်းလွတ်အောင် နေရ
ရတာ။

အမုန်းတော်ခံဘဝနဲ့ နေရတဲ့အဖြစ်မို့ ပန်းငုဝါပြောနိုင
ပေမယ့် သူမ မပြောရဲပါ။

ဘာတွေကိုကြောက်ရွံ့မှန်းမသိပေမယ့် ပန်းယွန်းသ
အသက်ရှူရမှာပင် မရဲတော့သလို အရာရာကိုကြောက်ရွံ့နေ
လေသည်။



## အခန်း(၈)

ဆရာ့ကိုမပြောရဲပေမယ့် မင်းခင်ကိုတော့ သူမ ပြောကြည့်
င်ပါသည်။ ပန်းငုဝါဆိုတာ ဒီအိမ်မှာ ဓာတ်ပုံလည်းမရှိတာမို့
ယွန်းမသိတာအမှန်။ ဒီအိမ်မက်က စိတ်စွဲလို့မက်တာတော့
ည်တာ အသေအချာ။

ညနေ ဆရာတို့နှစ်ယောက် ပြန်လာကြတော့ မင်းခင်
သူ့ထုံးစံအတိုင်း ပန်းယွန်းရှိရာမီးဖိုဘက်သို့ ရောက်လာခဲ့၏။
ာက်ထဲမှာလည်း သူမအတွက် အိတ်နှစ်အိတ်နှင့်။

"ရော့! ဒီတစ်ခါ ဆရာ ပိုက်ဆံထုတ်ပေးတာဟ။ ဟို
င်မလေးအတွက် အဝတ်လေးအစလေး ဝယ်ပေးလိုက်ဦးဆို
ယ်ရတာ။ ဆရာ့အခန်းထဲမှာ နင်ပါနေပါပြီဟာ။ နင် ဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com



ကနေ မပြေးရတော့ပါဘူး"

"ကျေးဇူးပါပဲ အစ်ကို၊ ထိုင်ပါဦးရှင်. . . အစ်ကို့ကို ပန်း

ယွန်း မေးစရာရှိလို့ပါ"

သူမတောင်းပန်သဖြင့် မင်းအင် ထမင်းစားစားပွဲမှာ ဝင်

ထိုင်လိုက်၏။

"ဘာလဲ. . . မေး၊ ငါတို့မရှိတုန်း ဒီကို ဘယ်သူလာ

သေးလဲ၊ ဘယ်သူ့အကြောင်း မေးချင်တာလဲ"

"ဆရာ့သူငယ်ချင်း ကျော်ထက်လူ လာတယ်၊ သူ

ဘယ်သူမှမရှိပါဘူးဆိုတာတောင် အတင်းဝင်ချင်နေသေးတယ်"

"နင်ဖွင့်ပေးလိုက်သေးလား"

"အစ်ကိုတို့ မှာထားတာပဲလေ၊ ဖွင့်မပေးပါဘူး"

"အေး. . . မဖွင့်နဲ့၊ ဆရာ့သူငယ်ချင်းပေမယ့် ငါ သူ

ကို သိပ်ကြည့်မရဘူး"

"ပန်းယွန်းပြောချင်တာ မမပန်းငုဝါအကြောင်းပါ"

"ဟင်! နင်က သူ့ကိုမသိဘဲနဲ့"

"မသိပေမယ့် နေ့လယ်က ပန်းယွန်း မေ့ခနဲအိပ်ပျော်

သွားတုန်း မမပန်းငုဝါ လာတယ်။ သူ. . . သူက သေသွား

လားဟင်။ သူ့ရုပ်က ဘယ်လိုလဲ၊ အစ်ကို့မှာ သူ့ဓာတ်ပုံရှိလား





သူ့အကြောင်း ပန်းယွန်းကိုပြောပြစမ်းပါအစ်ကိုရယ်။ အကြောင်း

ရှိလို့ပါ"

ပန်းယွန်းတုန်လှုပ်စွာပြောနေလျှင် မင်းအင်လည်း အံ့ဩ

ရသည်။ သူတို့ ပန်းငုဝါအကြောင်း မကြားရတာ ကြာပြီမဟုတ်

ပါလား။ သူမ ဘာဖြစ်နေပြီလဲ။ သူတို့ မသိတော့ပါ။ မင်းအင်

စိတ်မသက်မသာနှင့် သက်ပြင်းချလိုက်ရပါသည်။

"ပန်းငုဝါဆိုတဲ့ ဆရာ့ချစ်သူဟာ စိတ်သဘောထား နူး

ညံ့သိမ်မွေ့ပြီး ဆရာ့ကိုလည်း တော်တော်ချစ်ပါတယ်။ ဒါပေမဲ့

လေ၊ သူဟာ ဆရာ့ရင်ခွင်ကိုစွန့်ခွာပြီး ဆရာ့သူငယ်ချင်းနောက်

သစ္စာဖောက်ပြီး ပါသွားတယ်"

"အို! စိတ်မကောင်းလိုက်တာရှင်၊ ဆရာ့ရဲ့ဘယ်သူငယ်

ချင်းလဲ"

"ထက်အာကာဆိုတဲ့ တစ်ယောက်ပေါ့"

"သူ့ဆီကို လှမ်းစုံစမ်းလိုက်ပါလား။ ပန်းငုဝါ သေလား

မသေလား။ ပန်းယွန်းရဲ့အိပ်မက်ထဲမှာတော့ သူ့ရုပ်က ဖြူဖွေး

သွေးဆုတ်နေပြီး မျက်လုံးထဲကလည်း သွေးတွေထွက်ကျလို့။

ကြောက်စရာကြီးပါအစ်ကိုရယ်"

"သူ့လိပ်စာ ငါ့ဆီမှာမရှိဘူး။ ဆရာကလည်း သူ့တို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဆို နာမည်တောင် လုံးဝကြားချင်တာမဟုတ်ဘူး။ သွေး လေခြောက်ခြားလို့မက်တဲ့အိပ်မက်ပါဟာ။ စိတ်ထဲထားမနေနဲ့''

''ပန်းယွန်းမှ သူ့ကိုမသိဘဲ အစ်ကိုရယ်၊ အိပ်မက်က ထူးဆန်းလွန်းလို့ပါ။ တစ်ခုခုတော့ တစ်ခုခုပါရှင်။ အဲ! အစ်ကို့ ဆီမှာ သူ့ဓာတ်ပုံမရှိဘူးလားဟင်။ ပန်းယွန်း အိပ်မက်တာ သူ ဟုတ်မဟုတ် ကြည့်ချင်လို့ပါ''

ဒီမေးခွန်းကိုမေးလျှင် မင်းအင် ဟိုကြည့်ဒီကြည့်နှင့် စိတ် မလုံသလိုကြည့်လိုက်သေး၏။ ပြီးမှ. . .

''ဆရာက ပန်းငုဝါရဲ့ပုံတွေကို အကုန်ရှင်းပစ်တာ။ ငါ နှမြောလို့ တစ်ပုံသိမ်းထားတယ်။ ပုံလှလှလေးတွေ ဖျက်ဆီးပစ် တာ အရမ်းနှမြောဖို့ကောင်းလို့လေ။ နေဦး. . . ငါပေးမယ်။ နင် ပဲ သိမ်းချင်သိမ်းထားလိုက်''

မင်းအင် လှစ်ခနဲပျောက်သွားပြီး ပြန်ရောက်လာလျှင် သူ့လက်ထဲမှာ ဓာတ်ပုံလေးကိုဝှက်ပြီး ယူလာလေ၏။

''ဒီမှာ နင့်အိပ်မက်ထဲကပုံနဲ့ တူသလား။ ပန်းငုဝါက ချောပေမယ့် နင့်ကိုမမီသလိုဘဲ''

မင်းအင်စကားကို ပြန်မချေပတော့ဘဲ ပန်းယွန်း ဓာတ် ပုံလေးကို ငေးမှုသချာချာကြည့်လိုက်လေသည်။ ဖြူဖွေး သွေး ဆုတ်နေသောမျက်နှာနှင့် ဓာတ်ပုံထဲမှမျက်နှာလှလှလေးကို ယှဉ် တွဲကြည့်မိသည်။

''ဟုတ်တယ်အစ်ကို၊ သူမှသူပဲ။ ဒီအတိုင်းဆို အစ်ကို တို့ သူ့အကြောင်းစုံစမ်းကြည့်ဖို့ လိုပြီ။ သူ့ခမျာ ဒုက္ခရောက်နေရ ရှာတယ်။ သေသွားပြီထင်ပါတယ်အစ်ကိုရယ်။ သူ့မိဘအိမ် ဒါ မှမဟုတ် သူလိုက်သွားတယ်ဆိုတဲ့ ထက်အာကာဆီဖြစ်ဖြစ် လှမ်း စုံစမ်းကြည့်ပါနော်။ သူသစ္စာမဖောက်ပါဘူးတဲ့ရှင်။ ပန်းယွန်းတော့ ယုံတယ်။ မမပန်းငုဝါဟာ သူ့ဒီလောက်ချစ်တဲ့ဆရာ့အပေါ် လုံးဝ သစ္စာဖောက်မှာမဟုတ်ပါဘူး''

''တော်စမ်း! တိတ်! . . . နင်က ဘာနားလည်လို့ ငါတို့ အကြောင်းကို ဝင်ပြီးပြောဆိုနေရတာလဲ''

''အမယ်လေး!''

သူတို့နှစ်ယောက် ရှေ့မကြည့်နောက်မကြည့်နှင့် မီးဖို ချောင်းထဲမှာ ပြောနေကြသဖြင့် ဆရာရောက်လာတာ မသိလိုက်ကြ ပေ။ ဆရာ ဒေါသတကြီးအော်လိုက်မှ ကြောက်လန့်တကြား သိ လိုက်ရသည်။

''ဆ. . . ဆရာ''

''နင် ဒီအိမ်မှာ ကောင်းကောင်းမနေချင်တော့ဘူးနဲ့တူ







www.burmeseclassic.com

www.burmeseclassic.com



တယ်။ ငါက စိတ်ရတာ လုံးဝမကြိုက်ဘူး"

ပန်းယွန်း မျက်ရည်တွေပေါက်ပေါက်ကျရင်း ဆရာ့ကို လက်အုပ်ချီလိုက်မိပါသည်။

"ဆရာရယ်၊ ပန်းယွန်းကို နှင်မထုတ်ပါနဲ့နော်။ နောက် ဆရာမကြိုက်တာ ဘာမှမပြောတော့ မလုပ်တော့ပါဘူးရှင်"

"ပြီးရော. . . ကိုယ့်စကားကိုယ်မှတ်ထား"

ဒေါသနှင့်ဆရာ အခန်းထဲမှထွက်သွားလျှင် မင်းဒင်ပါ နောက်မှ ခေါင်းကုတ်ပြီး လိုက်သွားရသည်။

ပန်းယွန်း မျက်ရည်သုတ်ရင်း ပန်းငုဝါဓါတ်ပုံလေးကို ရင်ဘတ်ထဲသို့ သိမ်းဝှက်လိုက်၏။

"ခွင့်လွှတ်ပါ မမပန်းငုဝါရယ်၊ ပန်းယွန်း ဆရာ့ကို ရှင်း မပြနိုင်သေးတာ ခွင့်လွှတ်ပါ။ အမှန်တရားဆိုတာ တစ်နေ့တော့ ပေါ်လာမှာပါရှင်။ အဲဒီတော့မှ မမကျေနပ်လိုက်နော်"

အရှုံးမလေးလို ရေရွတ်ရင်း ပန်းယွန်း ကိုယ်လုပ်စရာ ရှိသည့်အလုပ်များကို ဆက်လက်လုပ်ကိုင်နေရပါသည်။



# အခန်း(၉)

နောင်ခွန်းဆက်. . .

မိန်းမတစ်ယောက်အတွက်နဲ့ လောကကြီးကို ပြည်ဖုံး ကားချခဲ့တာ သူများ မှားနေသလား။

ပန်းငုဝါကို သတိရသွားပြန်တော့ သူ့ရင်ဘတ်ထဲ စူး အောင့်လာခဲ့ရသည်။ အချစ်ဦးမို့ ရူးနေအောင် ချစ်ခဲ့သူ။ အချစ် ဦးမလေးဟာ အသွေးအရောင်စုံသည့်ငှက်ကလေးလို သိပ်လှပြီး သိပ်ချစ်စရာကောင်းသလို သူ့အတွက်ဆို အသက်ပင် ပေးတော့ မလို သရုပ်ဆောင်ပြနေတော့ သူအရမ်းချစ်မိသွားတာ မဆန်း။

သရုပ်ဆောင်ပြသွားတာ. . .

နောက်ဆုံးလက်ထပ်ခါနီးကျမှ သူ့ရင်ဝကို စုကန်း သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို အရှက်တွေကွဲအောင် ခွဲပြီး၊ အာကာ့နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည့်ပန်းငုဝါ။ ရုပ်ကလေး လှသလောက် သရုပ်ဆောင်ကောင်းတဲ့မိန်းကလေး။

ယခုလာပြန်ပြီ။ ပန်းယွန်းစည်ဆိုတဲ့ကောင်မလေး။ သူ့ကားနှင့်တိုက်မိပြီး သူ့အိမ်မှာ အတင်းတွယ်ကပ်နေသည့် မိန်းကလေး။

သူဟာ ခဲမှန်ဖူးသည့်စာသူငယ်တောင်မဟုတ်။ သေနတ်အမှန်ခံရဖူးသည့်ကျီးကန်းကြီးမို့ မိန်းမတွေကို လုံးဝမယုံတတ်တော့။

ပန်းယွန်းစည် အလိုက်တသိနဲ့ ကျိုးနွံလိမ္မာနေတာတွေကို သူလုံးဝကြည့်လို့မရ။ ဟင်း . . . ဒါ သရုပ်ဆောင်ပြနေတာ။ ဘယ်က ရေမျောကမ်းတင်မှန်းမသိဘာမသိ။ ရုပ်ကလေးချောပေမယ့် အကျင့်စာရိတ္တက ဘယ်လိုလာဦးမည်မသိ။ သူကတော့ မုန်းနေတာပဲ။

ဟိုကောင်မင်းအင်နဲ့ဆို ပြောလားဆိုလား၊ ရယ်လားမောလား။ သူ့ကိုမြင်ရင်တော့ ကြောင်ကိုမြင်လိုက်ရသည့်ကြွက်လို လှစ်ခနဲပျောက်သွား၏။ ပန်းယွန်းစည် အိမ်ရောက်နေတာ နှစ်လပြည့်တော့မည်။ ယခုထိ သူနှင့်ကောင်းကောင်းမျက်နှာချင်း





မဆိုင်ဖူးသေး။

ကျော်ထက်လူကလည်း သူမကိုပဲ အရိပ်တကြည့်ကြည့်။ အိမ်ကို အကြောင်းမရှိအကြောင်းရှာ ရောက်လာတတ်သလို သူမအတွက် လက်ဆောင်ဆိုတာကလည်း တစ်မျိုးပြီးတစ်မျိုး။ ဒါမျှားနေတာ။ ငါးကို မျှားသလိုမျှားနေတာ။

စာရင်းချုပ်လိုက်တော့ ပန်းယွန်းစည်ကို သူကြည့်မရ၊ မုန်းသည်။ အဲ! အိမ်မှနှင်မထုတ်တာကတော့ လူသားချင်းစာနာလို့ပါ။ သူ့ခံမျာ ပထွေးရဲ့ရန်က ကြီးမားသည်မဟုတ်ပါလား။

နောက် သူမရှိတော့ သူတို့ကောင်းကောင်းမွန်မွန် နေရစားရသည်။ မင်းအင်နဲ့နေတုန်းက ဖြစ်သလိုနေရစားရပေမယ့် ပန်းယွန်းစည်ရောက်လာကတည်းက သူ့အိမ်ဟာ အရှိန်အဝါတစ်မျိုးနှင့် လှပစိုပြည်လာသလိုခံစားရသည်။

နောက် စားရသောက်ရတာလည်း ရှယ်၊ ဒီကောင်မလေးဟာ အချက်အပြုတ်ကလည်း ကောင်း၏။ စားဖိုမှူးသင်တန်းတွေဘာတွေများ တက်ထားသလားအောက်မေ့ရ၏။

သည်တော့ သူ့မှာ ပန်းယွန်းစည်ကို မချစ်သော်လည်း အောင့်ခါနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူသဘောမျိုးနှင့်ပင် ဥပေက္ခာပြုထားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပန်းငုဝါ သစ္စာဖောက်သွားကတည်းက လောကကြီးထဲမှ ဘေးထွက်ထိုင်နေမိသည့်အဖြစ်ကို ဒီနေ့တော့ နောင်ခွန်းဆက်ပြန်လည်ဆင်ခြင်သုံးသပ်မိလေပြီ။

အလုပ်ထွက်မိတာကတော့ ထားပါတော့။ ကျန်တဲ့လုပ်ငန်းတွေကို ငါပြန်ပြီးစိတ်ဝင်စားဦးမှပါပဲ။ လူဆိုတာ မသေမချင်းဘဝကိုတိုးတက်အောင် အဆင်ပြေအောင် လျှောက်လှမ်းနေရမှာပဲမဟုတ်လား။

ဟိုကောင် ကျော်ထက်လူနဲ့ လွဲထားရတာ အဆင်ပြေရဲ့လား။ မှန်ကန်ရဲ့လား။ သူ ကျော်ထက်လူကို သံသယတွေဝင်နေမိစဉ် ကျော်ထက်လူထံမှ ဖုန်းဝင်လာခဲ့သည်။ ဒီကောင်တော့ အသက်ရှည်ဦးမယ်။

"ပြော. . . ဖိုးကျော်"

"ခွန်းဆက်၊ ညက ငါ့ဆီ အာကာဖုန်းဆက်တယ်"

"ဘာ! အဲဒါ ငါနဲ့ဘာဆိုင်လဲ။ ဒီကောင်နဲ့ငါ ယေစာရင်ဖျက်ပြီးပြီ"

"ဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးတွေ။ ပြီးတာတွေလည်း ပြီးပါစေတော့"

"မင်းကတော့ ပြောနိုင်မှာပေါ့။ ဘေးလူပဲ။ ငါက ကိုယ်





တိုင်ခံစားရတဲ့လူကွ။ ခုထိ ရင်ဘတ်မစေ့သေးဘူး။ ငါ့ဒဏ်ရာကသွေးစိမ်းရှင်ရှင်ထွက်တုန်းပဲ"

"ရန်ကိုရန်ချင်း မတုံ့နှင်းချင်ပါနဲ့ကွာ။ သူတို့ကို ဒေါသမြှိုက်နေ နာကြည်းနေရတော့လည်း မင်းပဲ ပူလောင်ရပါတယ်။ သူကတော့ နောက်ထပ် သုံးလလောက်နေပြီးရင် ပြန်လာမယ်တဲ့"

"သူတို့နှစ်ယောက်လုံးကို ငါသတ်ပစ်ချင်တယ်၊ ဥပဒေသာ မရှိဘူးဆိုရင် အမှုန့်ချေပစ်တာ ကြာပြီ။ ပြောလိုက်စမ်းကွာ၊ ငါ့မျက်စိရှေ့ကို လုံးဝမလာခဲ့နဲ့လို့။ တွေ့လို့ကတော့ ငါ့အဆိုးဆိုနဲ့"

ကျော်ထက်လူကို ကြိမ်းမောင်းပြီး သူဒေါသတွေထွက်နေရတော့ လူတာ တုန်လှုပ်ယိမ်းယိုင်နေမိ၏။

ထက်အာကာဆိုတဲ့ကောင်။ အသားထဲက လောက်ထွက်သူငယ်ချင်းအပေါ်မှာ သစ္စာဖောက်ရက်သည်။ သူ့အကြောင်းတွေးတာနဲ့ သူ့သွေးတွေ ဆူပွက်လာပြီး အသည်းထဲမှကို တူးခါးသာခဲ့သည်။

ကိုယ်နဲ့လက်ထပ်ဖို့ ဖိတ်စာတွေဘာတွေ ဝေပြီးမှ သစ္စာဖောက်ကြပြီး နှစ်ယောက်သား ခိုးပြေးသွားခဲ့ရက်ကြသည့် အာ



www.burmeseclassic.com

www.burmeseclassic.com



ကာနှင့် ပန်းငုဝါ။

သူ့မင်္ဂလာဆောင်ကိုတောင် မနေနိုင်ဘဲ အမေရိကား ကို ထွက်သွားတော့မည့်သူငယ်ချင်း ထက်အာကာ။ သူ အတန် တန်တားပေမယ့် မရ။

"အိမ်က စီစဉ်ပြီးနေလို့ပါကွာ၊ မင်းတို့မင်္ဂလာဆောင်ကို မနွှဲနိုင်တော့တဲ့ငါ့ကို ခွင့်လွှတ်ပါ။ ပန်းငုဝါကို မင်းနဲ့ငါ အပြိုင်ပို ခဲ့ကြပေမယ့် မင်းရသွားတာ ငါကျေနပ်ပါတယ်။ မင်းက ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်းပဲ။ မင်းတို့နှစ်ယောက် ငါ့ကို လေဆိပ်တော လိုက်ပို့ကြဦးကွာ. . . နော်"

သူက အကြံသမားမို့ ထိုသို့တောင်းဆိုခဲ့တာ။ ပြဿနာ တွေဖြစ်ပြီးမှ နောင်ခွန်းဆက် ရိပ်မိခဲ့သည်။

"ငါမအားလို့ပါကွာ၊ မင်္ဂလာရက်က အရမ်းနီးနေပြီလေ ဒီတော့ မင်းပြန်လာမှပဲ ငါတို့နှစ်ယောက် လာကြိုတော့မယ် ဟုတ်ပြီလား"

"နှစ်ယောက်လုံး မပို့နိုင်လည်း တစ်ယောက်တော့ ကွာ။ ငါတို့တွေဟာ သူငယ်ချင်းတွေပဲ။ မင်းမအားရင် ပန်းငု ကို ပို့နိုင်းလိုက်"

ထက်အာကာ တောင်းဆိုလွန်းတော့ နောင်ခွန်းသေ





လိုက်လျောမိခဲ့တာ မဟာအမှား။

"အေးပေါ့ကွာ၊ ဒါဆိုလည်း ပန်းငုဝါကို ဒရိုင်ဘာနဲ့ ပို့ ခိုင်းလိုက်မယ်။ ဟုတ်ပြီလား. . . ကျေနပ်ပြီလား။ ခွေးကောင်၊ ငါ့မိန်းလောင်းကို မဟုတ်တာတော့ မကြံစည်နဲ့နော်။ အသက် ချင်း လဲပစ်လိုက်မယ်"

"ဟား. . . ဟား. . . ဟား. . . မင်းနဲ့ တစ်နှစ်လောက် သည်းအသန်ကြိုက်ထားတဲ့ ငုဝါကို ငါကလည်း မမုန်းတော့ ဘူးကွာ။ မင်းက လက်သွက်ခြေသွက်ဆိုတော့ ခုလောက်ဆို ကောင်ဂျက်ပြီးရောပေါ့"

"ခွေးကောင်၊ မင်းစိတ်နဲ့မနှိုင်းနဲ့။ ငါက ငုဝါကို မင်္ဂလာ ညကျမှ။ ဟာကွာ. . . မင်းပြောတာနဲ့ ဘာတွေပြောမိမှန်းတောင် သိတော့ပါဘူး"

ငယ်သူငယ်ချင်းမို့ အလိုလိုက် အကြိုက်ဆောင်ပြီး သူကို လေယာဉ်ကွင်းသို့ အပို့ခိုင်းလိုက်မိသည့်အဖြစ်ကို သူ သက်လုံး ခါးစည်းပြီး ခံစားနေရတော့ပေပြီ။

ထိုနေ့က မိုးတွေလည်း သဲသဲမဲမဲရွာလို့၊ ငုဝါဟာ နယ် ပြီး ကျောင်းတက်သူမို့ အဲဒီနေ့က ပြန်ရောက်မလာခြင်း တွက် ဘယ်သူမှမသိလိုက်ကြ။ သူ့မှာသာ အရှုံးမီးပိုင်းဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ငုဝါရေးလိုက်တဲ့ စာလေးက သူ့အသည်းဝေ့ကို
လောင်တိုက်သွင်းခဲ့သည်။ သူ့ဘဝကို မီးလောင်ပြင်ဖြစ်စေခဲ့သ
သူနှင့်အဆောင်မှာအတူနေသည့် သူငယ်ချင်းမက လာပို့သွ
သည့်စာ။

ငုဝါရေးခဲ့သည့်စာထဲမှာ သူမ အာကာ့နောက်ကို လို
သွားပြီမို့ သူမကိုမေ့လိုက် မုန်းလိုက်ပါတော့. . . တဲ့။

လွယ်လိုက်တာ။ တစ်ယောက်နှင့်တစ်ယောက် အသ
ပေါက်မတတ် ချစ်ခဲ့ကြတာဟာ ပုံပြင်တစ်ပုဒ်အလား။ ရူးမ
ချစ်ခဲ့ကြတာ ဒဏ္ဍာရီတစ်ပုဒ်တဲ့လား။ အဲဒီကတည်းက
အသည်းတွေ ဟက်တက်ကွဲခဲ့ရသည်။ သူ့ဘဝတစ်ခုလုံး
လောင်ပြင်လို သွေ့ခြောက်ကြေမွခဲ့ရသည်။

ယခု အာကာပြန်လာတော့မည်တဲ့။ သစ္စာမဲ့တဲ့
ကားကြီးပါ ပြန်လာတော့မည်ပေါ့။ သူ့ဘဝဝင်္ကြွေးက မကုန်
ပါလား။ သူတို့နှစ်ယောက်ကို မတွေ့အောင် ရှောင်ရှားဖို့
ခွန်းဆက် ဆုံးဖြတ်ထားပါသည်။

ကျော်ထက်လူ ဖုန်းချသွားပေမယ့် သူ ဖုန်းကို
ကမ္ဘာကြီးကို မေ့လျော့နေမိသည်။



## အခန်း(၁၀)

ပန်းယွန်းစည် ညအိပ်ရမှာ ကြောက်နေမိသည်။ နေ့လယ်က ပန်းငုဝါကို အိပ်မက်သလိုမျိုး အိပ်မက်မှာ အရမ်းစိုးရိမ်နေမိသည်။ ဒုက္ခပဲ. . . ဒီနေ့မှ မိုးတွေလည်း သဲသဲမဲမဲရွာလို့။

ညဆယ်နာရီလောက်ရှိပေမယ့်လည်း သူမ အိပ်လို့မရသေး။ ကြောက်ရွံ့စိတ်တွေကြောင့် လူက တဆတ်ဆတ်တုန်နေမိသည်။

"ငါက နင်တို့နဲ့ရောယှက်နေလို့မရတဲ့ဘဝမှာ မမြင်ကွယ်ရာအရပ်က နေရတာလေ။ နင်တို့က ငါ့ကိုမမြင်ရပေမယ့် ငါက နင်တို့ကိုမြင်ရတယ်"

ပန်းငုဝါပြောသွားသည့်စကားတွေနဲ့ ပန်းငုဝါ၏ဖြူဖွေး



www.burmeseclassic.com

www.burmeseclassic.com



သွေးရောယှက်နေပြီး သွေးရည်တွေစီးကျနေသည့်မျက်လုံးတွေ။ သူ
မျက်လုံးထဲမှမထွက်။

ဘုရားရှိခိုး မေတ္တာပို့ပြီး ကြောင်နေသည့်မျက်လုံး
အတင်းပိတ်ပြီး သူမအိပ်လိုက်သည်။ သို့သော် မေ့ခနဲအိပ်ပျော်
သွားစဉ် သူမအနားသို့ ပန်းငုဝါ ရောက်လာခဲ့ပြန်သည်။

"ညီမလေး. . . ညီမလေး မောင့်ကိုပြောပေးပြီးပြီလား

"ဟာ! မပြောရဲပါဘူးအစ်မရယ်၊ ကိုယ့်ဘာသာပြော
လား။ အစ်မလှူကြီးအကြောင်းလည်း သိသားနဲ့"

"ဟင်! နင်က ဒါလေးတောင် မကူညီချင်ဘူးလား။
ကတော့ စေတနာထားလိုက်ရတာ။ နင့်ကိုဂုဏ်ပေးမယ့် အနီး
ရန်သူတွေကို သတိပေးလို့။ ငါနိုင်းတာမလုပ်ရင် နင့်ကို အ
မထားဘူး။ အသေသတ်ပစ်မယ်"

ပန်းငုဝါ မျက်လုံးကြီးပြူးပြီး မျက်လုံးထဲမှ သွေးရည်
ဂျဲကို ညှစ်ထုတ်ပြလျှင် ပန်းယွန်းစည် ကြောက်လန့်တကြား
ငယ်သံပါအောင် အော်မိသည်။

"အား. . . သွား. . . သွား. . . မလာနဲ့၊ ငါ့ကိုမလုပ်
သူမအသံက လိပ်ပြာလွင့်မတတ်ဖြစ်နေလျှင် နောင်ခွ
ဆက်နှင့်မင်းအင်တို့ သူမအခန်းရှေ့သို့ အပြေးရောက်လာခဲ့ကြ





သို့သော် ဆရာ့ကိုမြင်သည်နှင့် မင်းအင်က နောက်ကြောင်းပြန်
လှည့်သွားခဲ့သည်။ ဒါမှ ဆရာနှင့်ပန်းယွန်းတို့ အဆင်ပြေမည်
ဆောက်ပါလား။

နောင်ခွန်းဆက် သူမ၏အခန်းတံခါးကို အတင်းပုတ်
နိုးလိုက်သည်။

"ပန်းယွန်းစည်. . . ပန်းယွန်းစည် ဘာဖြစ်တာလဲ။ ထ
မင်း"

သူ တံခါးကိုခပ်ကြမ်းကြမ်းပုတ်လိုက်တော့ အထဲမှ တံခါး
ဖွင့်လာပြီး ကောင်မလေး သူ့ရင်ခွင်ထဲသို့ ပြေးဝင်လာသဖြင့်
နောင်ခွန်းဆက် လန့်သွား၏။

"ဘာလဲ၊ ဘာဖြစ်တာလဲ"

"မမ. . . မမပန်းငုဝါ"

"ဘယ်မှာလဲ. . . ဘာလဲ"

"သူ. . . သူသေပြီနဲ့တူပါတယ် ဆရာရယ်။ ပန်းယွန်း
ကို လာလာပြီး ခြောက်တယ်"

"ဟယ်. . . ပေါက်ပေါက်ရှာရှာ၊ နင်က သူ့ကိုမြင်ဖူး
လို့လား"

"မမြင်ဖူးပေမယ့် မေးစေ့မှာ မှည့်လေးနဲ့ပါ။ ပါးချိုင့်



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ဖက်တည်းနဲ့ မမလှလှလေးပါ။ ဒါပေမဲ့ သူသေသွားပြီ၊ သေရုပ်ကြီးက ကြောက်စရာကြီး။ သူက. . . သူက ဆရာ့အပေါ် သူသစ္စာမဖောက်ကြောင်း ရှင်းပြပေးပါတဲ့။ ပန်းယွန်း ရှင်းမပြဖြစ်လို့ မပြောရသေးဘူးလည်းဆိုရော ပန်းယွန်းကို မျက်လုံးကြီး ပြူးပြီး ခြောက်တယ်။ အီး. . . ပန်းယွန်းကြောက်တယ်၊ မအိပ်ရဲတော့ဘူး''

''နင့်ဘိုးအေ၊ မအိပ်ရဲလည်း ထိုင်နေပေါ့။ တောက်! တော်တော်မဟုတ်တရုတ်ပြောတဲ့ကောင်မလေး။ အိပ်. . . အိပ်စမ်း။ ငါက ဘာများလဲလို့။ အခန်းထဲ လူဝင်သလား သူခိုးဝင်သလားလို့''

သူ မာန်မဲပြီး ပန်းယွန်းကိုတွန်းပစ်ပေးမယ့် သူမက အနားမှမခွာ။ ''စိတ်ညစ်တဲ့အထဲ၊ တောက်! နင်မအိပ်ရဲရင် မင်းဒင်ကိုနှိုးပြီး စောင့်ခိုင်း''

''ဟင့်အင်း. . . ဆရာ့ကိုပဲယုံတယ်၊ သူ့ကိုမယုံဘူး။ မမပန်းဒဝါကပြောတယ်၊ ယောကျ်ားတွေကိုမယုံနဲ့တဲ့၊ အနီးဆုံးလူက ရန်သူပဲတဲ့။ သူ့တုန်းကလည်း လူယုံသတ်လို့ သေခဲ့ရတာတဲ့''

''ငါလည်း ယောကျ်ားပဲလေ၊ ငါလည်း မင်းရဲ့အနီးဆုံး





ပဲ''

''ဟင့်အင်း. . . ဆရာ့ကိုပဲယုံတယ်၊ ပန်းယွန်း ဆရာ့ န်းကြမ်းပြင်မှာ လိုက်အိပ်ပါရစေ။ ဒီအခန်းထဲမှာ မအိပ်ရဲ တော့ဘူး''

''ပန်းယွန်း၊ နင် ငါ့ကိုဖျားယောင်းဖြားဆွယ်မလို့လား။ အကြံ ဒါအကုန်ပဲလား''

''ရှင်!''

ပန်းယွန်းဟာ ရိုးအသူလေးမို့ သူ့ဆိုလိုရင်းကို ချက်ချင်း သဘောမပေါက်။ နောက်မှ မျက်နှာလေးပျက်ကျသွားပြီး သူမ က်ရည်တွေ စီးကျလာခဲ့သည်။

''အဲလိုအထင်ခံရတာ ပန်းယွန်း တားနဲ့မွှန်းခံရတာထက် တယ်ဆရာ။ ရှိပါစေတော့၊ ကျွန်မထိုက်နဲ့ကျွန်မကံ။ လိပ် လွင့်လို့ သေလည်း အေးတာပါပဲရှင်။ ဆရာ့အတွက် အရှုပ် ုပ်တစ်ထုပ် ရှင်းသွားတာပေါ့''

ပြောပြီး ကောင်မလေး သူမရဲ့အခန်းထဲသို့ ချာခနဲလှည့် သွားလျှင် မျက်ရည်နှစ်စက်က သူ့ရင်ဘတ်သို့ လာရောက် င်သွားကြ၏။

သည်လိုတော့လည်း နောင်ခွန်းဆက် စိတ်မကောင်းဖြစ်

www.burmeseclassic.com



ရဖြန့်သည်။ လူတချို့ဟာ အကြောက်လွန်လျှင် သေတတ်သည် ဆိုတော့တော့ ပါလား။ နှလုံးရောဂါသမားများဆိုလျှင် ခေါက်ခနဲ ရှေ့ ရကာ တစ်ခါတည်း အသက်ပါသွားတတ်သည်။ သူ ဆရာဝန်ပဲ သိတာပေါ့။

ကောင်မလေးကြည့်ရတာ အရမ်းကြောက်နေသည့်ပုံ။ တုန်လှုပ်ချောက်ချားနေသည့်ကောင်မလေးအား လွှတ်ထားလိုက် လျှင် ဘယ်လိုဖြစ်သွားနိုင်သလဲ။

"ပန်းပွှန်း . . . ပန်းပွှန်းစည်"

သူလည်း သူ့မအခန်းထဲသို့ ဆတ်ခနဲလိုက်ဝင်သွားပြီး ကောင်မလေးကို သူ လက်ဆွဲထုတ်လာခဲ့ရသည်။

"ငါ့အခန်းကြမ်းပြင်မှာ လိုက်အိပ်၊ ဒါပေမဲ့ ငါ့ကိုတော့ ဒုက္ခမပေးရဘူးနော်။ ငါ့ရဲ့စေတနာကို အလွဲသုံးစားမလုပ်ရဘူး"

"အဲဒီလိုပြောမယ့်အစား အကြောက်လွန်ပြီး သေသွား တာကိုပဲ ကြည့်နေလိုက်ပါတော့ဆရာရယ်။ ပွှန်းက မိန်းကလေး ပါ၊ ဆရာ့ကိုဘာလုပ်နိုင်မှာတဲ့လဲ။ မိန်းကလေးဆိုတာ"

"တော်ပြီ . . . လျှာမရှည်နဲ့တော့"

သူ ပန်းပွှန်းကို သူ့အခန်းထဲသို့ခေါ်လာခဲ့တော့၊ ကောင် မလေးက သူ့မဏ်စောင်နှင့်ခေါင်းအုံးကို ပိုက်ယူလာခဲ့သည်။





သူ ကိုယ့်အခန်းတံခါးကိုဖွင့်ထားလိုက်ပြီး ကောင်မလေး ကို ကြမ်းပြင်သို့ လက်ညှိုးထိုးပြလိုက်သည်။

"နင် အောက်မှာအိပ်၊ ဒီမှာ ဖျာ"

"ဟုတ်ကဲ့ပါဆရာ"

ကောင်မလေး သိပ်အိပ်ချင်နေပြီလားမသိ။ သူ့အခန်း ထောင့်မှာ ဖျာလေးခင်းပြီး ကြောင်မလေးတစ်ကောင်လို ခွေအိပ် နေလိုက်သည်။

နောင်ခွန်းဆက် သက်ပြင်းရှည်ကြီးချရင်း ကိုယ့်အဖြစ် ကိုယ် အံ့ဩနေမိပြန်သည်။ မိန်းမတွေကိုမုန်းတယ် မုန်းတယ် လို့ ဟစ်ကြွေးနေရင်းမှပင် ကောင်မလေးဟာ ကုလားအုပ်တစ် ကောင်နဲ့ အာရပ်အဘိုးအိုလို သူ့တဲထဲသို့ တိုးဝင်လာခဲ့တယ်။

ယခုကျတော့ တဲထဲတွင်မက သူ့အခန်းထဲထိတောင် ရောက်လာခဲ့ပါပကော။ ဒါဟာ အမှန်အကန်လား။ အကြံအဖန် လား။ ကောင်မလေးရဲ့ဖြူစင်နုသစ်သည့် ရုပ်ချောချောလေးကို သူ ကရုဏာသက်နေမိပြီလား။

ကောင်မလေးဟာ သူ့ချစ်သူပန်းငုဝါထက် ငယ်ရွယ်ပြီး ပန်းငုဝါထက် ပိုမိုသန့်စင်သည်။ ငယ်မူငယ်သွေး မပျောက်သေး သည့်အရွယ်။ မြင့်မားလှပသော ကိုယ်ဟန်ကလည်း ဖျတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



အကြည့်မှာပင် သတိထားမိချင်စရာ။

အတွေးစကိုဖြတ်ပြီး နောင်ခွန်းဆက် အိပ်ပျော်အောင် အိပ်လိုက်ရပေမယ့် ရင်ထဲမှာ တဒိန်းဒိန်း။ ကံကြမ္မာကြီးက ကျီစယ်လှချည်လား။

လူပျိုရဲ့အခန်းထဲသို့ အပျိုငယ်ငယ်ချောချောလေးကို ဘာဖြစ်လို့ ထည့်ပေးထားရတာလဲ။ အပျိုချောလေးကတော့ သူ့ကို အားကိုးရှိသွားပြီမို့ တရှူးရှူးနှင့် အိပ်မောကျနေရှာသည်။

သူ မျက်လုံးမှိတ်ပြီး ဖွတ်အိပ်လိုက်တော့ ဒီတစ်ခါမှာ အလှည့်ကျသူက နောင်ခွန်းဆက်ပါ။ သူ့အနားသို့ ပန်းငုဝါရောက်ရှိလာခဲ့ပြီလေ။

"မောင်"

သူကြောက်လန့်တကြားဖြစ်သွားအောင်ပင် ပန်းငုဝါရဲ့ သေရုပ်က ရုပ်ပျက်ဆင်းပျက်။ ဖွေးဖွေးသွေးဆုတ်နေသည့်ရုပ်မှာ တစ်မျက်နှာလုံး သွေးတွေစီးကျလို့။ စကားပြောတိုင်း ပါးစပ်ထဲမှ သွေးတွေ။

"ဘာလဲ၊ နင်ဘာလုပ်တာလဲ။ နင်သေပြီလား"

"ဟုတ်ပါတယ်မောင်ရယ်၊ ငုဝါသေဆုံးခဲ့ပါပြီ။ ငုဝါဘဝဟာ လူတစ်ယောက်ကိုယုံမိလို့ သေဆုံးခဲ့ရပါပြီ"





"ဘယ်သူလဲ၊ အဲဒီကောင် အာကာမဟုတ်လား။ ဒါ နင်ရွေးချယ်ခဲ့တဲ့လမ်းလေ။ သွား. . . သွားတော့"

"မရက်စက်ပါနဲ့မောင်ရယ်၊ ငုဝါ မောင့်ကိုအသက်မကချစ်ခဲ့ရတာတွေကို ပြန်စဉ်းစားပါဦး"

စကားတစ်ခွန်းပြောတိုင်း သွေးတွေက တပွက်ပွက်စီးကျနေတော့ နောင်ခွန်းဆက် သွေးထဲကကို အော်ဂလီဆန်ကာ ကြောက်လန့်လာမိသည်။

"သွား. . . သွားပါတော့ ပန်းငုဝါရယ်။ ငါ့ကို နင်ဒုက္ခပေးပါနဲ့တော့"

"ငုဝါကို ဆွမ်းသွပ်ပေးပါ မောင်ရယ်. . . မောင်လည်း လောကကြီးထဲ ပြန်ဝင်ပါတော့။ အနီးဆုံးလူကိုမယုံနဲ့နော် မောင်။ မောင့်ကို ငုဝါချစ်တယ်၊ အရမ်းချစ်ပါတယ်ရှင်"

ပြောရင်း ပန်းငုဝါလက်ဆန့်တန်းပြီး သူ့ကိုပွေ့ဖက်ဖို့ကြိုးစားလျှင် ဒီတစ်ခါ ငယ်သံပါအောင် အော်ရသူမှာ နောင်ခွန်းဆက်။

"သွား. . . သွား. . . မလာနဲ့. . . သွား"

"ဆရာ. . . ဆရာ. . . ဆရာ ဘာတွေဖြစ်နေတာလဲ"

ပန်းယွန်းစည် ဆရာ့ကိုလှုပ်နှိုးနေလျှင် သူသတိရသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ချွေးတွေနှင့် နစ်နေသည့်ကိုယ့်ခန္ဓာမှာလည်း တုန်တုန်ယင် ယင်။

သူ လောလောဆယ်ကြောက်လန့်နေမိသည်မို့ ပန်းပွင့်ကို ဆွဲဖက်ထားမိလျှင် ကောင်မလေးကလည်း သူ့ကိုပြန်ဖက်ထားပေးသည်။

"ဆရာ မကြောက်နဲ့တော့နော်။ ပန်းပွင့်း ပရိတ်တွေ ရွတ်ပေးမယ်။ မေတ္တာသုတ်ရွတ်ပေးမယ်"

ပြောပြီး သူ့ကျောကုန်းကိုပြန်ဖက်ပေးကာ သူမ ပရိတ်တွေရွတ်ပေးနေလျှင် နောင်ခွန်းဆက်ရင်ထဲ လှိုက်ခနဲနေအောင် ပင် ခံစားလိုက်ရပါသည်။

သူကသာ မတော်မတန်သလို ပြောဆိုဆက်ဆံနေပေမယ့် သူကလေးကတော့ ရိုးသားလှပါလား။ သူ့မှာသာ ဒေါသတွေ မောဟတွေနှင့် တုန်လှုပ်နေရပေမယ့် သူကတော့ ကြည်လင် အေးမြသည့် မေတ္တာတွေ ပေးလို့ပါလားလေ။

မေတ္တာသုတ်ရွတ်ပေးနေသည့် သူမရဲ့အသံက ပကတိ အေးချမ်းလျက်။ မရိုးသားမှုတွေမပါ။ သူက ကြောက်လို့ဆိုပြီး ဖက်ထားတော့လည်း ရုန်းမထွက်ရှာ။ တကယ့်သဘောဖြူအူဖြူ လေးပါလား။





သူ စိတ်မကောင်းစွာဖြင့်ပင် ပန်းပွင့်းကိုလွှတ်ပေးလိုက်သဖြင့် သူမက သူ့ကိုရေတစ်ခွက်တိုက်သည်။

"မကြောက်နဲ့နော်၊ ဆရာ့အနားမှာ ပန်းပွင့်းရှိပါတယ်၊ စောစောကလို အိပ်မက်ဆိုးတွေမက်ရင် ပန်းပွင့်းကိုနိုးနော်"

"တံခါးပိတ်ထားလိုက်ပါလား ပန်းပွင့်းရယ်။ ဖြစ်လား"

"တံခါးပိတ်ထားမှ စိတ်ဖြောင့်မယ်ဆိုရင်လည်း ပိတ်ပေါ့ဆရာရယ်။ ပန်းပွင့်းခွင့်ပြုပါတယ်"

"ကျေးဇူးပါပဲ ချာတိတ်ရယ်"

သူကိုယ်တိုင် တံခါးကိုသေသေချာချာ ချက်ချပြီးမှ နောင်ခွန်းဆက် အိပ်ဆေးသောက်ကာ အိပ်ပျော်အောင် အိပ်ပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

မနက်မိုးမလင်းခင်ပင် ပန်းယွန်း သရော့အခန်းထဲမှ ထွက်ခဲ့သည်။ အလင်းရောင်အောက်မှာတော့ သူမ တဈွေမကြောက်ပါ။ ပြီးတော့ ပန်းယွန်း သရော့အခန်းထဲမှာ အိပ်တာကို မင်းဒင် သိလျှင် တစ်မျိုးထင်လိမ့်မည်။

ပန်းယွန်း မီးဖိုတက်သို့လျှောက်လာရင်း ကိုယ့်အခန်းထဲမှာ အိပ်ရာဝင်ထားလိုက်၏။ သူမ မီးဖိုထဲမှာ ချက်ပြုတ်နေစဉ်ပင် မင်းဒင်ဝင်ရောက်လာခဲ့သည်။

"ဘယ်အချိန်ထဲက ချက်ပြုတ်နေတာလဲ"

"မကြာသေးပါဘူးအစ်ကို၊ အစ်ကိုရော ဒီနေ့ ဘယ်တွေ သွားကြဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက စိတ်လေနေတာဟ။ ဒီလိုပဲ လျှောက်သွားနေတာပဲ။ ဒါပေမဲ့ သူက ငွေရေးကြေးရေးစားရေးသောက်ရေး ပူရတာ မဟုတ်ဘူးလေ။ သိတယ်မို့လား. . . လက်ညှိုးညွှန်ရာ ရေဖြစ်နေတော့တာပေါ့"

"ဒါပေမဲ့ ဆရာက စိတ်ရင်းကောင်းပါတယ်။ အစ်ကိုကလည်း ကိုယ့်ဆရာကိုများ မကောင်းပြောနေလိုက်တာ"

"ငါက အကောင်းပြောတာပါ။ ဒီနေ့ သန်လျင်ဘက်သွားမယ်။ ဘိုးဘွားရိပ်သာမှာ သွားလှူမယ်တဲ့"

"ဘိုးဘွားရိပ်သာများ ရန်ကုန်ထဲမှာလည်း ရှိသားပဲ"

"သူ စက်ကျရာသွားပြီး လှူမှာလေ။ ကဲ! ငါ ပန်းခူးလိုက်ဦးမယ်"

"ဟင်! ဆရာက သူ့ပန်းတွေကို သူများခူးတာတောင် မကြိုက်ဘဲနဲ့"

"အခု ကြိုက်သွားပြီ၊ ငါ့ကို ပန်းတွေခူးခိုင်းတယ်။ ဘိုးဘွားတွေကို သူ့နှင်းဆီပန်းတွေ ဝေမလို့တဲ့လေ"

"ဩော်. . . ဆရာစိတ်ပြောင်းသွားပြီပေါ့နော်။ အစ်ကိုတို့သွားတဲ့နောက် ပန်းယွန်းလည်း လိုက်ချင်လိုက်တာ"

"အောင်မာ! နင်ကလည်း ငါးပိရတော့ ဆားတက်လာ





တယ်။ ဒီအိမ်မှာ လက်ခံထားတာပဲ ကျေးဇူးတင်ပါဦး"

ကိုမင်းဒင်စကားက မှန်နေသဖြင့် သူမ ရယ်ကျဲကျဲလုပ်နေရသည်။ ဘာပဲဖြစ်ဖြစ် ညက ဆရာကြောက်ပြီး ဖက်ထားတော့ ပန်းယွန်း ရင်တွေခုန်ရပါသည်။ ကိုယ်က အရှုံးပဲ။ အရုပ်ကြီးမှ ဟုတ်တာ။ စိတ်ကို အတတ်နိုင်ဆုံးထိန်းပြီး ပရိတ်တွေ ရွတ်နေရတာ။

ဆရာ မနိုးသေးသည်မို့ ကိုယ်လည်း ပန်းတွေခူးချင်သည်နှင့် ပန်းယွန်း မင်းဒင်နောက်သို့ အဲပြေးလိုက်သွားရင်း. . .

"အစ်ကို၊ ပန်းယွန်းလည်း ပန်းတွေခူးချင်တယ်"

"နင်ရော နှင်းဆီကြိုက်လား"

"ကြိုက်တာပေါ့၊ မိန်းကလေးပဲ"

"ပန်းငုဝါလည်း နှင်းဆီကြိုက်တယ်"

"ဒါဆို ဆရာက သူ့ကိုမမေ့သေးဘူးပေါ့နော်။ မိန်းမတွေကို မုန်းတယ်ဆိုပြီး မိန်းမတွေကြိုက်တဲ့ အထူးသဖြင့် ပန်းငုဝါကြိုက်တဲ့ပန်းတွေကိုကျ စိုက်ထားတယ်"

"ဒါကတော့ တစ်မျိုးစီလေ၊ နှင်းဆီတွေက ပန်းငုဝါနဲ့ တွဲခင်ကတည်းက စိုက်ထားတာ။ ခုကျ ငါပဲပြုစုရတာပါ။ ပန်းတွေကို ဆရာက ပစ်ထားတာ။ ဒီနေ့မှ ငါ့ကိုခူးခွင့်ပေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

စကားတပြောပြောနှင့် ပန်းတွေခူးနေစဉ် ပန်းယွန်း လက်ကို ဆူးစူးသွားလေ၏။

"အား..."

"ဟာ! ဆူးစူးသွားပြီလား။ မှန်းစမ်း! ပြစမ်း! နှင်းဆီ က အဆိပ်တက်တယ်"

မင်းဒင်က သူမ၏လက်ကို အတင်းဆွဲယူဆုပ်ကိုင် ဆူးစူးသွားသည့်လက်ညှိုးကို သူ့ပါးစပ်နှင့်စုပ်လိုက်လျှင် ပန်းယွ ရှက်သွားရသည်။

"အာ...အစ်ကိုကလည်း အားနာစရာကြီး။ ဖယ်

"ငါက စေတနာနဲ့လုပ်ပေးတာ၊ နင် အနာရင်းမှာစိုး

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ပန်းယွန်းက ဒီလောက်နဲ့ မှမဖြစ်ပါဘူး။ ရပါတယ်...ဖယ်ပါ"

ကိုယ့်လက်ကိုပြန်ယူပေမယ့် သူက အတင်းစေတ ဇရပွနဲ့ စုပ်ပေးနေတော့ သူမ ပန်းငုဝါရဲ့စကားကို သွားပြီးသ ရမိသည်။

"အနီးဆုံးလူကို သတိထား။ လူယုံသတ်ရင် သေတ တယ်"





အနီးဆုံးလူဆိုတော့ ဘယ်သူ့ကိုပြောတာလဲ။ လူယုံဆိုတာ ကိုမင်းဒင်ကိုပြောတာလား။ အိုလေ...အစ်ကိုက စေတနာသန့်ပါတယ်။

သည်စဉ် သူတို့အနားသို့ ဆရာ မျက်နှာကြီးရှစ်ခေါက်ချိုးနှင့်ရောက်လာလျှင် မင်းဒင် ပန်းယွန်း၏လက်ကို ဆန့်တန်းပြီး လွှတ်ပေးလိုက်လေသည်။

"နင်က ဘာလာလုပ်နေတာလဲ"

"အစ်ကို့ကို ပန်းခူးကူမလို့ပါ"

"သူ့အလုပ် သူလုပ်နိုင်တယ်၊ ကိုယ့်စည်းကိုယ့်ကမ်းနဲ့နေ။ သွား..."

ပန်းယွန်း ဆူးစူးတာကို မေးဖော်ပင်မရဘဲ အော်ထုတ်လိုက်လျှင် သူမမျက်ရည်ကျရင်း ခေါင်းငုံ့ကာ မီးဖိုဘက်သို့ ပြန်ပြေးရ၏။

ဟုတ်တာပဲလေ။ အစ်ကိုက ငါ့လက်ကိုစုပ်နေတော့ လူမြင်လို့ ဘယ်ကောင်းမလဲ။ ဆရာမှန်ပါတယ်။

မကြာမီ သူမပြင်ဆင်ထားသည့်နံနက်စာကို ဆရာတို့နှစ်ယောက် လာစားပြီး သန်လျင်ရှိဘိုးဘွားရိပ်သာသို့ လှူရအောင်ထွက်သွားကြလျှင် ပန်းယွန်းတစ်ယောက်တည်း ကျန်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဆယ်နာရီလောက်မှာ ကျော်ထက်လူ ရောက်လာခဲ့ပြန်လျှင် ပန်းယွန်းစိတ်ညစ်ရသည်။ လူကြီးတွေမရှိမှ ရွေးရွေးပြီးလာတာ ဘာသဘောလဲ။ ပန်းယွန်းကလည်း အားမနာတတ်ပါ။ အမေမှာသည့်ဆန်တစ်ခွဲ သုံးစိတ်နှင့်မလဲဆိုသည့်လူ။

ခြံရှေ့မှ ကားဟွန်းသံကို အဆက်မပြတ်နှိပ်နေသည်ကြောင့် ပန်းယွန်း ခြံဝသို့သွားရသည်။ ပေတေနေလို့မရ။

"နောင်ခွန်းဆက်ရှိလား"

"မရှိဘူး"

"ကိုယ် သူ့ကွန်ပျူတာထဲမှာ စာရင်းတွေ ရှာစရာရှိလို့ အိမ်ထဲခဏဝင်မယ်"

"မရဘူး။ ဆရာက သူမရှိရင် ဘယ်သူ့ကိုမှ တံခါးဖွင့်မပေးရဘူးလို့ မှာထားတယ်"

"လာပြန်ပြီ အခုက အလုပ်ကိစ္စ။ တော်ကြာ မင်းကို စိတ်ဆိုးပြီး အိမ်ပေါ်က နှင်ချနေဦးမယ်"

အိမ်ပေါ်ကတော့ နှင်ချမခံနိုင်ပါ။ သို့သော် ဗီဒီယိုကားတွေမှာ ကြည့်ဖူးတယ်မဟုတ်လား။ ဒီလိုပဲလုည့်ပတ်ပြီး ခုစရိုက်မှုတွေကို ကျူးလွန်သွားတတ်ကြတာတွေ။

နောက်ပြီး ကွန်ပျူတာဆိုတာ အရေးကြီးအချက်အလက်





တွေ ထည့်ထားတာ။ သူ့တစ်မ်းကို ပေးကိုပေးလို့မဖြစ်။ တော်ကြာ နစ်နာမှုတွေဖြစ်ကုန်မည်။ သည်တော့ အခြေအနေကို အမြန်ဆုံးဆင်ခြင်စားရ၏။ ကျော်ထက်လူကတော့ ဖိအားတွေပေးလျက်။

"ပန်းယွန်း တံခါးမြန်မြန်ဖွင့်စမ်း။ ငါအလုပ်ကိုပြန်သွားဦးမယ်။ အလကား. . .ကြောင်စရာမရှိ ကြောင်နေတယ်"

"နေဦး. . .ကျွန်မ ဆရာ့ကို အကျိုးအကြောင်းလှမ်းမေးဦးမယ်။ ယူခွင့်ပြုမှ ရှင့်ကို အိမ်တံခါးဖွင့်ပေးနိုင်မယ်"

ပြောပြောဆိုဆိုနှင့် သူမ အိမ်ထဲသို့ပြန်ဝင်ပြီး ဖုန်းဆက်မည်ကြံစည်လျှင် ကျော်ထက်လူ ကမန်းကတန်း စိတ်ဆိုးမာန်ဆိုးနှင့် ကားပေါ်ပြန်တက်မောင်းသွားတော့သည်။

"တော်ပြီ. . .မမေးတော့နဲ့ ငါဘာသာငါ အဆင်ပြေအောင်ပဲ ကြည့်လုပ်လိုက်တော့မယ်"

သူထွက်သွားပြီမို့ ဆရာ့ကိုလှမ်းမတိုင်တော့ပေမယ့် ပန်းယွန်းစိတ်ထဲမှာ ကျော်ထက်လူကို ထင့်သွားခဲ့သည်။ မမပန်းငုဝါပြောတဲ့ အနီးဆုံးလူဆိုတာ သူလား။ လူယုံသတ်ရင် သေမယ်ဆိုတာ သူလား။

ညနေစောင်းမှ ဆရာတို့နှစ်ယောက် ပြန်ရောက်လာခဲ့လျှင် ဒီတစ်ခါတော့ ပန်းယွန်း မဝံ့မရဲနှင့်မေးရတော့သည်။ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းမှာ ထိုင်နေသည့်ဆရာ့အနားသို့ သူမ ကပ်သွားဖြစ်၏။

"ဘာလဲ၊ ဘာကိစ္စရှိလို့လဲ"

"ဆရာ့သူငယ်ချင်း ကျော်ထက်လူ"

"ကျော်ထက်လူ ဘာဖြစ်လို့လဲ"

"သူ မနက်က အယ်နာရီလောက်မှာ လာတယ်"

ထိုအကြောင်းပြောလိုက်သည်နှင့် ဆရာ့မျက်နှာချောချောမှာ ဒေါသကြောင့် ရှုံ့ခနဲ။

"ဘာ! နင့်ကို ငါ အိမ်မှာလူမရှိရင် ဘယ်သူလာလာ၊ တံခါးဖွင့်မပေးရဘူးလို့ မှာထားတာလေ"

"သူက ဆရာ့သူငယ်ချင်းဆိုတော့"

"သူငယ်ချင်းမကလို့ သူငယ်ချင်းအဖေဖြစ်ဖြစ် ခေတ်ကြီးကိုက ယုံရတာမဟုတ်ဘူး။ လူသတ်မှုတွေ၊ လုယက်မှုတွေ သတင်းစာထဲမှာ မကြာခဏပါနေတာ မတွေ့ရဘူးလား။ သူဘာလာလုပ်တာလဲ. . . ပြော"

"ဆရာ့ကွန်ပျူတာထဲက အလုပ်နဲ့ပတ်သက်တဲ့အချက်အလက်တွေ ကြည့်ချင်လို့တဲ့"

"ဘာ! အဲဒါ နင်ခွင့်ပြုလိုက်လား။ ဖွင့်ပေးလိုက်လား။ တောက်! သွား. . . သွား. . . နင်ထွက်သွားစမ်း။ သွား. . . ငါ့





အိမ်ပေါ်က ဆင်းသွား"

တစ်ယောက်တည်း ပုဏ္ဏားကတိုက်သလို ဝုန်းဒိုင်းကြဲနေပြီး ညှော်ခန်းထဲမှပစ္စည်းများကို ဟိုဟာလွှင့်ပစ် ဒီဟာလွှင့်ပစ်ပြုလုပ်နေလျှင် ပန်းယွန်း ရှေ့ဆက်ပြီး တစ်လုံးမှမပြောရဲတော့။ ပြောခွင့်မသာတော့ချေ။

မင်းဒင်မှာလည်း မျက်စိပျက် မျက်နှာပျက်နှင့်. . .

"ဆရာ. . . ဆရာ. . . သတိထားပါဆရာရယ်၊ ကောင်လေးမှားတာ မဟုတ်ပါဘူး။ ဆရာ့သူငယ်ချင်းကိုက စည်းမစောင့်တာပါ"

"တောက်! ငါ့သူငယ်ချင်းပေမယ့် ဘယ်သူ့မှ ငါမယုံဘူး။ ဟိုခွေးတိရစ္ဆာန် ထက်အာကာတုန်းကလည်း ငါ့ချစ်သူကိုသွားတယ်။ ဒီကောင်ကရော ဘယ်လောက်ယုံရမှာတဲ့လဲ။ ငါရှိတုန်းလာတာကိုက လုံးဝမရိုးသားဘူး"

ပြောပြီး သူဒေါသဖြစ်ဖြစ်နှင့် ကျော်ထက်လူထံ ဖုန်းခေါ်ပြီး ရန်စကားတွေပြောဖို့ ဖြင့်လေသည်။

"ဟေ့ကောင်! မင်း ငါမရှိတုန်း ငါ့အိမ်လာပြီး ငါ့ကွန်ပျူတာထဲက အချက်အလက်တွေ ဘာကိစ္စလာကြည့်ရတာလဲ။ ဟေ့သူခိုး. . . သူငယ်ချင်းပေမယ့် ငါ ဘယ်သူ့မှမယုံဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းလည်းပြောပါ သူငယ်ချင်းရယ်၊ မော်နေပြီ

ယယ်။ ငါက မင်းကောင်မလေးဆီလာပြီး စမ်းသပ်တာပါ။ သူဟာ မင်းအတွက် အန္တရာယ်လား၊ အမှန်အကန်လားဆိုတာ သိချင်လို့ပါ။ မင်းကောင်မလေးက ငါ့ကိုတစ်ခါမှ တံခါးဖွင့်မပေးပါဘူးကွာ။ မင်းမှာထားတဲ့အတိုင်း ဘယ်သူ့ကိုမှ တံခါးဖွင့်မပေးဘူးဆိုပြီး ငြင်းတယ်"

"မင်းဗ္ဗရော ဘာကိစ္စ ရောက်ရောက်လာတာလဲ"

"ဟော. . . ဟော့ကောင်! မင်း ပန်းယွန်းစည်ကို သဝန်တိုနေတာလား။ မင်း သူ့ကိုကြိုက်သွားပြီလား"

"ဟေ့ကောင်! မဟုတ်တာတွေ မစွပ်စွဲနဲ့။ မိန်းမဆို ဘယ်မိန်းမမှ အထင်မကြီးဘူး။ ခုဟာက ငါ့အိမ်မှာ လက်ခံထားတဲ့ အမှုက်ထုပ်မို့ ငါ့မှာတာဝန်ရှိလို့ ပြောနေတာ။ နောက်ပြီး ငါ့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးမှာစိုးလို့ ပြောနေရတာ"

"ဒါဆိုလည်း စိတ်ချပါမောင်။ မင်းဟာမလေးက ခွေးတစ်ကောင်လို ဟောင်မလွှတ်ရုံတမယ်ပါပဲ"

တစ်ဖက်မှစကားကြောင့် သူ ရင်အေးသွားပြီး ဖုန်းကို ချက်ချင်းပင် ပိတ်ပစ်လိုက်သည်။ နောက်ပြီး မီးဖိုထဲမှာ ထွန်လှုပ်စွာငိုကြွေးနေသည့် ပန်းယွန်းထံ တလှမ်းလှမ်းနှင့် လျှောက်သွားလိုက်၏။

"တံခါးဖွင့်မပေးလိုက်ဘူးဆိုလည်း ပြောပါတော့လား။ ခုတော့ ငါ့မှာ ဟိုကောင့်ကိုလှမ်းပြီး ရန်တွေ့မိပြီ"

"ဆရာက စကားဆက်ပြောခွင့်မပေးလို့ပါရှင်"

"အေး. . . နောက် ဘယ်သူဖြစ်ဖြစ် ငါတို့မရှိရင် တံခါးဖွင့်မပေးနဲ့။ သိပ်အရေးကြီးတယ်ဆိုတိုင်းလည်း မယုံနဲ့။ ငါ့ကို ဖုန်းလှမ်းဆက်မေးလို့ရတယ်"

"ဟုတ်ကဲ့၊ ဒါ. . . ဒါဆို ပန်းယွန်းကို အိမ်ပေါ်က နှင်မချတော့ဘူးပေါ့နော်"

သူမ ဝမ်းသာအားရရှုပ်ကလေးနှင့် သူ့ကိုမော့ကြည့်ပြီး ပြောနေလျှင် နောင်ခွန်းဆက် စိတ်တိုရ၏။ တော်တော်အလိုက်ကမ်းဆိုးမသိတဲ့ကောင်မလေးပဲ။

"နှင် တော်တော်လျှာရှည်ပါလား"

ပြောပြီး သူ မီးဖိုဘက်မှ လှည့်ထွက်ခဲ့လေသည်။







www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

ပန်းယွှန်း ညရောက်မှာ ကြောက်နေခဲ့သည်။ မိုးကုန်ခါ ဆို့ မုန်တိုင်းတွေကလည်း ဆက်တိုက်။ ဘာမှမဖြစ်ဘူးဆိုပေ ယ့်လည်း လေပြင်းတွေတိုက်ပြီး မိုးတွေ သဲသဲမဲမဲရွာတာကို သူမ ကြောက်ပါသည်။

ပြီး အိပ်မက်တွေကလည်း ဆိုးဆိုးဝါးဝါး။ သူမ သွေး တ်ဖုတ်ကောင်ဇာတ်ကားတွေကို ကြည့်မိလို့လား။ ဒီလိုလည်း ဆောတ်ပါဘူးလေ။ မမပန်းငုဝါဟာ မကျွတ်မလွှတ်တာပဲဖြစ်ရမည်။ ဒီအိမ်မှာ သူကပ်နေတယ်တဲ့။

နေ့ဘက်မှာ မကြောက်ပေမယ့် ညဘက်ရောက်လျှင် ပန်းယွှန်း ကြက်သီးတဖြန်းဖြန်းထမိသည်။ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



မအိပ်ရဲတော့သည့်ဒုက္ခကလည်း မသေး။ အိမ်မှာ လူနှစ်ယောက်ရှိသည့်အနက် ဆရာ့ကိုပဲ သူမယုံပါသည်။

သို့သော် ဆရာကရော ဘုရားရဟန္တာမှမဟုတ်တာ။ ရေရှည်မှာ ဖြစ်နိုင်ပါ့မလား။ တစ်ခုခုဖြစ်သွားမယ်ဆိုလျှင် သူမလိုရေမျှော်သီးလေးတစ်လုံးကို ဆရာတန့်ဖို့ထားနေမှာမဟုတ်။ လွယ်လွယ်ရလို့ ခူးယူနင်းချေပစ်လိုက်လျှင် သူမဘဝပဲ နစ်မွန်းမည်။

ညရောက်ပြီမို့ စောင်ကိုခေါင်းမြီးခြုံပြီး သူမ မျက်ရည်တွေ ကျနေမိသည်။

"အင်း. . . ဆရာက သူ့အခန်းတံခါးကို ပိတ်မအိပ်ဘူး။ သူအိပ်ပျော်တော့မှ ငါနိုးဝင်ပြီး စားပွဲခုံအောက်ဖြစ်ဖြစ် ခိုးအိပ်ရမယ်"

ဆရာ့အခန်းထဲမှ စာကြည့်စားပွဲဟာ အတန်ငယ်ရှည်လျားတာမို့ အောက်မှာခိုးအိပ်လို့ရမှာပဲ။ ပန်းယွန်းရဲ့ဘဝပေးအသိအရ မင်းဒင်အခန်းထဲမှာတော့ ခိုးမအိပ်ချင်။ သူ့ကိုမယုံ။

ကိုယ်ကအကြံနှင့်မို့ အဝတ်တွေ မီးပူတိုက်ရင်း ဆရာ့အခန်းမီးအပိတ်ကို ခိုးကြည့်နေမိသည်။ ဒီနေ့မှ မိုးတွေကလည်း ရွာလိုက်တာ။ ဧည့်ခန်းထောင့်မှာ မီးပူတိုက်လို့ပြီးသွားလည်း ဆရာ့အခန်းက မီးမပိတ်သေး။ ဆရာစာကြည့်လျှင် ည(၁၁)နာရီ (၁၂)





နာရီထိ ကြည့်သည်ထင်ပါရဲ့။

ကိုယ်က တစ်နေ့လုံး တတောက်တောက်နှင့် အလုပ်တွေ လျှောက်လုပ်နေသူမို့ အဲဒီအချိန်ထိ မနေနိုင်။ နောက်ဆုံး မီးပူတိုက်သည့်နေရာလေးမှာပင် ဆရာ့မီးအပိတ်ကိုစောင့်ကြည့်ရင်း သူမ ခွေခွေလေး အိပ်ပျော်သွားမိသည်။

နောင်ခွန်းဆက်မှာလည်း စာကြည့်နေရင်းမှ ကောင်မလေး တံခါးတွေပိတ်ရဲ့လားလို့ အခန်းပြင်ထွက်ကြည့်လျှင် မီးပူတိုက်သည့်နေရာမှာပင် အိပ်ပျော်နေသည့်ပန်းယွန်းကို မြင်လိုက်ရသဖြင့် နည်းနည်းသနားသွားပါ၏။

ရောက်စကတည်းက သူမကို သူ ဘီလူးထွက်ချည်းထွက်နေပေမယ့် သူ့နှလုံးသားက ဘီလူးခေါင်းဆောင်းထားတဲ့ မင်းသားပါ။

သူ ဟိန်းဟောက် မာန်မဲနေသည့်ကြားမှ သူ့ကိုဆို ပြာပြာသလဲနှင့် လုပ်ကိုင်ပေးတတ်သည့်ကောင်မလေးဟာ တကယ့်ကို တွယ်ရာမဲ့ ရေမျှောသီးလေးမို့လား။ ဒါမှမဟုတ် သူ့ကိုခင်တွယ်လို့လား။ နောင်ခွန်းဆက် မသိ။ သို့သော် မိန်းမတွေ မယုံရကြောင်းတော့ ပွန်းငုဝါက သက်သေပြသွားခဲ့ပေပြီ။

သူ့အပေါ်မှာ အသက်ပေးတော့မတတ် ငုံထားတော့



www.burmeseclassic.com

www.burmeseclassic.com



ဘောတ် ချစ်ပြနေရင်းမှပင် အခြားသူတစ်ယောက်နှင့် လိုက်ပြေ
သွားသည့်အဖြစ်ကို သူဘယ်လိုမေ့ဖျောက်နိုင်မှာလဲ။

မာယာတွေ. . .

မိန်းမတွေဟာ အလှနဲ့မှူးတယ်၊ မာယာတွေနဲ့ ဖြန့်ကျ
ဖြားယောင်းတယ်။ မသိနိုးနဲ့ရုပ်တွေနဲ့ တစ်ဖက်သားကို အလဲထိုး
တတ်ကြတာပဲ။

နောင်ခွန်းဆက် မီးဖိုဘက်သွားကာ ရေခဲသေတ္တာထဲ
ဘီယာတစ်ဘူးထုတ်ယူ ဖောက်သောက်လိုက်ပြီး ကိုယ့်အခန်းထဲ
ဝင်ခဲ့သည်။ ဆယ့်တစ်နာရီထိုးသွားပြီမို့ အခန်းမီးပိတ်ကာ သူ
ကိုယ့်အိပ်ရာပေါ်သို့ လဲလျောင်းရင်း ရှေးဟောင်းနှောင်းဖြစ်တွေ
စဉ်းစားကြည့်နေမိစဉ် နားထဲမှာ ခြေသံတစ်ခု ကြားလိုက်ရသဖြင့်
သူ ခေါင်းနားပန်းကြီးသွားရ၏။

ပန်နှင့်ဝါလား. . . ငုဝါ သူ့ကိုစွဲလန်းပြီး အဲ. . . ငုဝါ
တကယ်များ သေဆုံးသွားပြီလား။ သူ ဘယ်ကိုလှမ်းပြီး စုံစမ်း
မှာလဲ။ ငုဝါရဲ့မိဘတွေရဲ့ဖုန်းနံပါတ်တွေဘာတွေလည်း သူသိတာ
မဟုတ်။ အာကာ့ကိုလည်း လှမ်းပြီးမဆက်သွယ်ချင်။

သူ့စိတ်ထဲမှာ ငုဝါသေတယ်လို့ မထင်ပေမယ့် အိပ်မက်
ထဲမှာ လာလာပြီး နှောင့်ယှက်နေတာ ခက်သည်။





"ငုဝါကို ခွင့်လွှတ်ပေးပါမောင်ရယ်၊ မောင်လည်း လော
ကကြီးထဲ ပြန်ဝင်ပါတော့။ အနိုးဆုံးလူကို မယုံနဲ့နော်"

အဆင်ကြည့်ရတာတော့ ငုဝါသေဆုံးသွားနဲ့ပြီထင်တယ်။
ချစ်သူကို သံယောဇဉ်ကြီး။ အချစ်ကြီးခဲ့ပေမယ့် သူက တူးခါးနေ
အောင် ရက်စက်သွားလိုက်သောအခါ ပုထုဇဉ်ပီပီ သူ ငုဝါကို
အမုန်းကြီးမုန်းမိသည်။

သူ့ရင်ထဲမှာ အချစ်နှင့်အမုန်းက ကြီးမားလွန်းလို့ သူ့
နှလုံးသားခမျာ ကွဲထွက်လုလု။

လာပစေ. . . ဒီတစ်ခါတော့ ငုဝါသော တစ္ဆေသော ဘာ
မှအလွတ်မပေးဘူး။ ဖမ်းချုပ်ပြီး တုတ်နဲ့ရိုက်ပစ်လိုက်မယ်။ သူ
အတွေးနှင့် ရဲဆေးတင်နေဆဲ သူ့အခန်းတံခါးစေ့ထားရာမှ ကျွီ
ခနဲ အသံမြည်သွားလျှင် နောင်ခွန်းဆက် အသင့်ပြင်ထားလိုက်
၏။

လာပစေ. . . ဒီသရဲမကို ကိုင်ပေါက်ပစ်လိုက်မယ်။ သူ
အိပ်ချင်ယောင်ဆောင်ရင်း ဝင်လာသည့်အရိပ်ကို တဒိတ်ဒိတ်
ခုန်သောရင်ဖြင့် ကြည့်နေမိစဉ် သူ့ခေါင်းတွေ မူးနောက်လာမိ
သည်။

သူဟာ အတွေးတွေနှင့် ညညဆို အိပ်မပျော်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှားလို့များသလား အအိပ်မမှန် အစားမမှန်ခဲ့လို့များ ဒါမှမဟုတ် သူ့ အိပ်ယာများ မှားနေမိသလား။

သူ အိပ်ရာပေါ်မှ ပြူးကြည့်နေစဉ် မှန်တံခါးမှ လျှပ်စီး တစ်ချက် လက်လိုက်သဖြင့် သူ့အနားသို့ရောက်လာသည့် မျက်နှာကြီးကို ဖွေးဖွေးပြူးပြူးကြီး မြင်လိုက်ရလျှင်...

"အား..."

နောင်ခွန်းဆက် လန့်အော်မိလိုက်လေ၏။ မိုးချုန်းသံတွေ မိုးကြိုးပစ်သံတွေကြားမှာ မိုးသည်းနေတဲ့ညတစ်ည။ အရုပ်ဆိုးလွှန်းလှပေစွ။

"ဆရာ... ဆရာ... ဆရာဘာဖြစ်လို့လဲ"

သူ့အခန်းထဲသို့ အပြေးဝင်လာပြီး သူ့အနားသို့ ပန်းယွန်းစည် ရောက်လာခဲ့လျှင် နောင်ခွန်းဆက် သူမကို အားကိုးတကြီး ဆွဲဖက်ထားလိုက်မိသည်။

"ဆရာ... ဆရာ သတိထားပါ။ မကြောက်နဲ့နော်။ ပန်းယွန်း အစ်ကိုမင်းအင်ကို သွားနှိုးပေးမယ်"

တကယ်တမ်းကျ ထိုစကားတွေခမျာ အကြောက်လွန်ပြီး တဆတ်ဆတ်တုန်နေသည့်ဆရာ့ ကမူးရှူးထိုးအမူအရာတွေကြားမှာ စီကာစဉ်ကာ မထွက်သာ။





"ကြောက်တယ်...ကြောက်တယ်၊ ဟိုမှာ ပန်းငုဝါ၊ ...ငုဝါ"

သူမကို အားကိုးတကြီးဖက်တွယ်ထားပေမယ့် သူ့အားကိုးသူက မိန်းမငယ်လေးမို့ သူ့ရဲ့ရင်ခွင်ကျယ်ကြီးထဲမှာ ပြားကပ်နစ်မြုပ်နေရသည့်ဘဝ။

ပန်းယွန်းရဲ့ရင်ခွင်မှာ သူ့မျက်နှာကိုနစ်မြုပ်ပြီး သူ တကယ့်ကို တဆတ်ဆတ်တုန်နေသည့်အခါ သူမ ကရုဏာမိုးတွေ ဖွေမိသည်။ ဒါ ဆရာဟန်ဆောင်နေတာမဟုတ်။ တကယ့်ကိုကြောက်လန့်နေတာ။

တချို့သောယောကျ်ားကြီးတွေဟာ အပြင်ပန်းက ခြင်္သေ့ခြောင်ငါးစီးလောက် ဗလကြီးနေပေမယ့် ကြောက်စရာရှိလျှင် မယုံနိုင်လောက်အောင် ကြောက်တတ်ကြသည်။

ယခုလည်း ဆရာ့ခမျာ သူ့ချစ်ဇနီးပန်းငုဝါကြောင့် အအိပ်မမှန် အစားမမှန်နဲ့ ခေါင်းတွေချောင်ကုန်လေသလား။

သို့သော် သူဖက်ထားတာက မြွေနှစ်ကောင်မိတ်လိုက်နေသလို တအားဖဝင်းကျပ် တွယ်ကပ်နေတော့ ရာနှုန်းပြည့် အပျိုစင်လေးခမျာ ဒုက္ခတွေ အကြီးအကျယ်ရောက်နေရပါတော့သည်။

ဒီအတိုင်း ငြိမ်နေလို့ကတော့ ငါ အမှုန့်ဖြစ်သွားမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကရော အကြောက်လွန်နေတာကနေ ဘယ်လိုတွေ ဆက်ဖြစ်ဦးမှာလဲ။

တဆတ်ဆတ်တုန်နေသည့် နောင်ခွန်းဆက်မှာလည်း လူစိတ်ပျောက်သလိုဖြစ်နေရာမှ ဆတ်ခနဲသတိရသွားသည့်အခါ သူ့ရင်ခွင်ထဲမှာ ညက်ညက်ကြေတော့မတတ်၊ သူပွေ့ဖက်ဖျ ညှစ်ထားမိသည့် ပန်းယွန်းစည်ကို အလန့်တကြား တွန်းထုတ် ပစ်လိုက်သည်။

"ဘုန်း... အား..."

ကုတင်အောက်သို့ ပြုတ်ကျသွားရသည့် ပန်းယွန်းစည် မှာလည်း ဆရာ့ကို စိတ်တွေမဆိုးအား၊ မနာအား၊ စဝါးကြီး ကြီးရဲ့လက်မှ လွတ်မြောက်ခွင့်ရသည့်သမင်မလေးလို သူ့အခန် ထဲမှ တစ်ချိုးတည်း ထွက်ပြေးလာခဲ့မိသည်။

သူမ ကိုယ့်အခန်းထဲရောက်လျှင် တံခါးကိုသေသေချ ချာ လော့ခ်ချပိတ်လိုက်ပြီး ကုတင်ဘောင်ကိုဖက်ကာ ရှိုက်ကြ တငင် ငိုကြွေးမိ၏။

တော်ပြီ။ သရဲခြောက်လို့ ဘဝမပျက်ဘူး...

ယောက်ျားတစ်ယောက်ရဲ့အခန်းထဲကို နိုးဝင်မှ ဘဝပျက် မှာ။





အို... အခုက ငါနိုးဝင်မအိပ်လိုက်သေးပါဘူး။ ဆရာ အလန့်တကြားအော်သံကြားလို့ လန့်နိုးပြီး စိုးရိမ်စိတ်တွေနဲ့ ပြေး ဝင်သွားမိတာပါ။

တကာတည်း! ငါ့ကိုဆီးပွေ့ပြီး သူ့အိပ်ရာပေါ်မှာ ကျစ်ကျစ် ပါအောင် ပွေ့ဖက်ထားလိုက်တာ အသက်ရှူရပ်ရတော့မတတ် ဘဲ။ အကြောက်လွန်နေသူတစ်ယောက်ရဲ့ အပြုအမူတွေမို့ ဆရာ့ အမူအရာတွေက အလွန်အင်မတန်ကြမ်းတမ်းနေပါသည်။ သူမ ခမျာ ကိုယ်တွေလက်တွေပင် နာနေပါပြီ။

အင်းလေ... ဆရာ တကယ်ကြောက်လို့ဖြစ်သွားတာ ပဲ။ နောက် ငါဆင်ခြင်ရမယ်။ မိန်းကလေးဘဝဆိုတာ ပန်းကလေး တစ်ပွင့်လိုပါပဲ။ အနွမ်းမခံရဖို့ အနင်းခြေမခံရဖို့ ငါဆင်ခြင်ရမှာ ပေါ့။

ကိုယ့်ဘဝကိုယ် ဝမ်းနည်းလွန်းလို့ သူမ တရှိုက်ရှိုက် ငိုနေစဉ် နောင်ခွန်းဆက် သူမရဲ့အခန်းပြင်မှာရပ်ရင်း စိတ်ထိခိုက် နေရသည်။

ငါ လူမဆန်သလိုဖြစ်သွားခဲ့တယ်။ လောကမှာ တကယ် ရော ပရလောကသားတွေရှိသလား။ ပန်းငုဝါဟာ တကယ်ပဲ သေဆုံးသွားခဲ့ပြီလား။ သေပြီဆိုလည်း သူတို့ဟာ လူတွေကို



www.burmeseclassic.com

www.burmeseclassic.com



နေတွေမနေနိုင်ပါဘူး။ သူတို့ပြောချင်တာ ပြချင်တာ ရှိလို့ လာနေ
တာ။ ငါ့ယောက်ျားဖြစ်ပြီး ဒီလောက်တောင် ကြောက်ရသလား
ကောင်!

ပန်းယွန်းနှင့် မျက်နှာချင်းမဆိုင်ရဲတော့ပြီမို့ သူ နောက်
ကြောင်းသို့ ဖြည်းညင်းစွာ ပြန်ဆုတ်ခဲ့သည်။



## အခန်း(၁၃)

နောက်တစ်နေ့ကစပြီး ပန်းယွန်း သူ့ကိုမြင်လျှင် လှစ်
ခနဲ ပျောက်ပျောက်သွားတတ်သည်။ သူကတော့ သဘောထား
တွေ ပြောင်းလဲသွားခဲ့သည်။ ပန်းယွန်းအပေါ် သူ မမုန်းတော့ဘူး
ခင်ပါသည်။

ကောင်မလေး သူ့ကိုလန့်သွားပြီလား။ မုန်းသွားပြီလား။
သူ အမုန်းတော့မခံချင်။ ကိုယ်ကသာ မုန်းချင်မုန်းမည်။

သွေးပူနေတုန်းက သူ ပရမ်းပတာကြောက်ခဲ့မိကာကို
ပြန်စဉ်းစားမိတိုင်း ကောင်မလေးကို နောင်ခွန်းဆက် အားနာမိ
သည်။ သူလည်း အပြင်တွေဘာတွေ အလကားနေရင်း လျှောက်
ထွက်မနေချင်တော့။ အခန်းအောင်းကာ စာဖတ်နေမိသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်စာတောင် မစားဖြစ်သေး။ မင်းဒင်အသံကိုလည်း မကြား
တော့ ရှေးသွားတာဖြစ်မည်။

နံနက်ရှစ်နာရီလောက်ထိ နောင်ခွန်းဆက် ထွက်မလာ
သေးတော့ ပန်းယွန်း လည်တဆန့်ဆန့်ဖြစ်နေသည်။ ဆရာ့
ရှက်လို့ မျက်နှာချင်းမဆိုင်ရဲပေမယ့် ကွယ်ရာကနေ သူမ အ
ပြုစုပေးနေခဲ့တာ။

ကြာတော့ ပန်းယွန်း မနေနိုင်တော့။ ဆရာ မအားလို့
လာ။ နေမကောင်းလို့လား။ ဘာပဲဖြစ်ဖြစ် ကိုယ်ဟာ သူ့အနီး
ကိုခိုနေသူမို့ သူ့ကိုလျစ်လျူရှုထားလို့မရ။

သည်တော့ စတီးလင်ဗန်းလေးထဲမှာ ဆရာ့အတွက်
ထမင်းကြော်နှင့် လက်ဖက်ရည်ကိုက သပ်ရပ်စွာပြင်ပြီး ပန်းယွန်း
ဆရာ့အခန်းရှေ့သို့ မဝံ့မရဲသွားမိသည်။

ဆရာစာဖတ်နေတာ တွေ့ရသဖြင့် သူမ ဗန်းကိုင်ကာ
အခန်းရှေ့မှာ ရပ်နေတာ အကြာကြီး။ နောက်တော့ ပန်းယွန်း
ဆရာ့ကို တိုးတိုးလေး အသံပြုမိသည်။

"ဆရာ"

တစ်ခွန်းခေါ်တာနှင့် လှည့်ကြည့်တာ ဆရာ ကြိုသိနေ
လို့ပေါ့။





"ဆရာ့အတွက် မနက်စာ"

"အေး. . . ထားခဲ့"

သူမ ဆရာ့အခန်းထဲသို့ဝင်လာခဲ့ပြီး စားပွဲပေါ်သို့ စတီး
ဗန်းလေး တင်လိုက်သည်။ သူက ပန်းယွန်းကို သေသေချာချာ
လေးကြည့်မိသည်။ တော်တော်ချောတဲ့ကောင်မလေးပါလား။

အိမ်နေရင်းမို့ ဘာမှပြင်ဆင်မထားဘဲ သနပ်ခါးရေကြဲ
လေးနှင့်ပင် ဖြူဝင်းစိုပြည်သော အသားအရေက အထင်းသား။
မျက်နှာလုလုလေးမှာ မျက်ခုံးမျက်လုံးလေးတွေထင်းပြီး ရှုန်းလဲ့
သောက်ပနေသလို နှာတံလေးနှင့်နှုတ်ခမ်းလေးကလည်း အထူး
သူပပါ၏။

ဆံပင်က ခါးလောက်မှာ၊ ပိုးသားလို အိစက်စိုလက်နေ
ပြီး အရပ်အမောင်းနှင့် ကိုယ်ခန္ဓာအချိုးအစားကလည်း ပြေပြစ်
လှပါ၏။

သူ ခါတိုင်းက တစ်ခါမှ ဂရုတစိုက်မကြည့်မိဘဲ ယခု
အမှ သေသေချာချာကြည့်မိသည်။ အဝတ်အစားကတော့ သူ
တစ်ခါမှ ဟုတ်တိပတ်တိ ဝယ်မပေးဖူးသဖြင့် မင်းဒင်ဝယ်ပေးထား
သည့် ပေါပေါလောလော အစလေးများကို ချုပ်ဝတ်ထားရှာ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရော မနက်စာစားပြီးပြီလား"

"ဆရာ စားပါ၊ ပန်းယွန်း ပြီးမှစားမှာ"

"လာလေ၊ တစ်ခါတည်းစားပါလား"

"ဟင့်အင်း. . . ဆရာ မဝဘဲနေမှာပေါ့"

ဘယ်တုန်းကမှ သူမကိုအရေးတယူမရှိပါဘဲ အခုကျမှ အတူထမင်းစားဖို့ ခေါ်နေသဖြင့် ပန်းယွန်း အနေရကျပ်နေသည်။ သူမ ဆရာနှင့်အတူ ထမင်းမစားဝံ့ပါ။

"လာ. . . ငါဘယ်ကုန်မလဲ"

"ရတယ်ဆရာ၊ ကျွန်မအလုပ်တွေရှိနေလို့ပါ"

ပန်းယွန်း အပြင်သို့ အခန်းထွက်ပြေးလာတော့ နောင်ခွန်းဆက် မခံချိပ်စိတ်နှင့် ခေါသတွေ ထောင်းခနဲ။ ဒါ ဘာသဘော လဲ။ သူ့ကိုအဖက်မတန်သလို လုပ်သွားတာလား။ သူ့ရဲ့ယောကျ်ား မာနက ဖျတ်ခနဲနိုးကြွသွားလျှင် နောင်ခွန်းဆက် အပြင်သို့ ဆတ် ခနဲထွက်လိုက်လာ၏။

မီးဖိုထဲမှာ ရင်ဘတ်ဖိပြီး ဖိုလှိုက်နေသည့်ပန်းယွန်းကို သူ ဆတ်ခနဲလှမ်းဆွဲလိုက်သည်။

"မင်းက ဘာသဘောလဲ၊ ငါ့အိမ်မှာနေပြီး ငါ့ကိုအဖက် မတန်သလိုလုပ်တာ ဘာသဘောလဲ။ ငါက လူဆိုးလူရမ်းကား





ကြီးလား။ မိန်းမခရေဇီလား။ မိန်းမတွေ သိပ်မုန်းပါတယ်ဆိုတဲ့ လူတစ်ယောက်ရဲ့အိမ်ကို အတင်းတိုးဝင်လာပြီး မတူသလိုမတန် သလို ဆက်ဆံနေတာ ငါ့ကိုစော်ကားတာပဲ"

ပန်းယွန်း ဆရာ့ကိုကြောက်လွန်းလို့ မျက်ရည်တွေကျ ပြီး တဆတ်ဆတ်တုန်နေရပါသည်။ ရစ်လိုက်တာ ဆရာရယ်။ ပြဿနာမရှိ ပြဿနာရှာရက်လိုက်တာ။

"ဟော့! ပြောလေ၊ မင်းက ငါ့ကိုမတူမတန်ဆက်ဆံနေ တာလား"

"မ. . . မဟုတ်ပါဘူးဆရာရယ်၊ ကျွန်မက ဘာမဟုတ် တဲ့မိန်းကလေးတစ်ယောက်ပါ။ ကလေကချေ အခြေမဲ့အနေမဲ့ တစ်ယောက်ပါ။ ဆရာက ဆရာဝန်တစ်ယောက်ပါရှင့်"

"ဒါဆို ဘာဖြစ်လို့ ငါနဲ့အတူ ထမင်းမစားတာလဲ"

ဆင်ကျီစားရာ ဆိတ်မခံသာတဲ့။ ဆရာက ဆင်ကြီးလို ကျီစားရုံတင်မက၊ ဒေါသတွေပါထွက်နေတော့ ပန်းယွန်း နေစရာ မရှိအောင် ကြောက်ရွံ့ခံစားနေရပါသည်။

ဆရာက သူမရဲ့လက်မောင်းတစ်ဖက်ကို တရားခံတစ် ယောက်လို ဖမ်းဆုပ်ထားသေး၏။

"ဟိုတစ်နေ့ညက ငါတကယ်ကြောက်တာပါ။ ငါ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



တော်ထဲမှာ ငှဝါ ရောက်လာတယ်လေ။ အို! အိပ်မက်တောင်ဟုတ် ရဲ့လားလို့ ထင်ရတယ်။ တကယ်ရောက်လာတဲ့အတိုင်းပါဘဲ။ သူ့ မျက်နှာမှာ သွေးတွေယိုစီးကျနေတာကလည်း ရုပ်ပျက်ဆင်းပျက် ပဲ။ ငါ မင်းကိုအသားယူတာ မဟုတ်ရပါဘူး။ လူက အိပ်ရေး ပျက်တာများလို့ ကြောက်စိတ်တွေများပြီး သတိလက်လွှတ်နဲ့ မင်းကိုဖက်မိတာပါ"

"ဟုတ်... ဟုတ်ပါတယ်၊ ဆရာ့ကို ကျွန်မဘာမှမပြော လိုပါဘူး"

"ဒါပေမဲ့ မင်း ငါ့ကိုရှောင်တယ်၊ မတူသလိုမတန်သလို ဆက်ဆံနေတယ်။ ငါဘယ်လောက်အခံရခက်နေသလဲ။ မင်းလို ဘာမဟုတ်တဲ့ကောင်မလေးတစ်ယောက်က"

သူ စိတ်လိုက်မာန်ပါနှင့် ပန်းယွန်းရဲ့လက်မောင်းကိုဆုပ် ကိုင်ဖျစ်ညှစ်ထားသမျှ သူမ နာကျင်စွာခံစားနေရသည်။ မျက်ရည် တွေလည်း စီးကျလို့ပါ။

"တောင်းပန်ပါတယ်ရှင်၊ ပန်းယွန်း ဆရာ့ကိုမရှောင်ပဲ့ ပါဘူး။ ပန်းယွန်း..."

"မင်းကွာ... ငါ့ကို... ငါ့စိတ်ကို နိုးလို့ရလုဖြစ်အောင် လုပ်တယ်"





မပြီးနိုင်မစီးနိုင် ရစ်နေသည့်ဆရာ့ကို ပန်းယွန်းကြောက် လွန်းသဖြင့် ဒူးတွေ ခွေညွတ်ကျလာခဲ့လျှင် ဆရာက သူမကိုဆီး ပွေ့ထားပါ၏။

ပန်းယွန်း ဆရာ့ရင်ခွင်ထဲမှာ တရှိုက်ရှိုက်ငိုကြွေးနေမိ တာ လက်တလော်ပြဿနာတင်မက၊ ကိုယ့်ဘဝကြီးတစ်ခုလုံး အတွက်ပါ ပါဝင်ပါလိမ့်မည်။

"ဆရာ... ပန်းယွန်း ကိုယ့်ဘဝကိုယ် မပျော်တော့ပါ ဘူးရှင်။ ဘဝကိုမခင်တွယ်ချင်တော့ပါဘူး။ ကျွန်မကို မနှိပ်စက် ပါနဲ့တော့နော်။ ဆရာလက်မခံချင်ရင်လည်း ပန်းယွန်း ဒီအိမ်က ထွက်သွားပါရစေတော့"

"ဘာ!"

ဆရာ့အော်သံကြီးက ကြောက်ခမန်းလိလိမို့ ပန်းယွန်း တုန်ခနဲဖြစ်ကာ ဆရာ့လက်ထဲမှ ရုန်းထွက်လိုက်ပေမယ့် ဆရာ က မလွှတ်ပါ။

"မင်းက ဘယ်သူ့အားကိုးနဲ့ ဒီအိမ်က ထွက်သွားမှာ လဲ။ ဘာလဲ... ပထွေးဆီ ပြန်နေမလို့လား"

"ဆရာမှလက်မခံချင်ဘဲ၊ ကျွန်မထွက်သွားတော့မယ်"

"အောင်မာ! အစကတော့ နှင်ထုတ်နေတဲ့ကြားထဲက



www.burmeseclassic.com

www.burmeseclassic.com



အတင်းတွယ်ကပ်နေပြီး အခုကျမှ ထွက်သွားမယ်ဆိုတာ ဘာသဘောလဲ. . . ဒါ ငါ့ကိုစော်ကားတာ။ ငါ့ကိုကြောက်လို့ မင်းအလိမ္မာနည်းနဲ့ ပြေးတာမဟုတ်လား။ တောက်!"

ပန်းယွန်း ဆရာ့ကို နားမလည်နိုင်သည့်မျက်ဝန်းများနှင့်သာ မော့ကြည့်နေမိပါတော့သည်။ ဆရာ့စိတ်ရင်းအမှန်ကို သူမ မခန့်မှန်းတတ်တော့ပါ။

ဆရာ သူမကို အလိုရှိသလား။ အလိုမရှိဘူးလား။ မုန်းနေတာလား။ အမြင်ကပ်နေတာလား မဝေခွဲတတ်ပါ။ ဖြေလည်း ဖြေရှင်းမနေချင်တော့။

သူမ ဆရာ့ရင်ခွင်ထဲမှ ဖြည်းညင်းစွာ ထွက်ခွာလိုက်ပါသည်။ ကိုယ့်ကိုအရမ်းမုန်းနေတဲ့လူတစ်ယောက်ရဲ့ရှေ့မှာ သူမ အငွေ့ပျံမတတ် အနေကျုံ့ရပါသည်။ အမုန်းတွေနဲ့ ပြည့်သိပ်နေသည့်ဆရာ့ရင်ခွင်ကို ထပ်မံပြီး မဖိစီးစေချင်တော့ပါ။

ပန်းယွန်း ဆရာ့ကို လက်အုပ်ချီ ဦးချလိုက်ပြီး နေရာမှ ဖြည်းညင်းစွာ ထရပ်တော့ ဆရာက မေးကြောကြီးများထောင်နေအောင် အံကြိတ်ထား၏။

"မင်းက ငါ့ကိုထားပြီး ထွက်သွားတော့မယ်ပေါ့။ ငါ့ကို အရမ်းမုန်းသွားပြီ၊ ရွံသွားပြီ၊ ကြောက်သွားပြီပေါ့လေ"





"ပန်းယွန်းက အစကတည်းက ဆရာလက်မခံချင်ဘဲ အတင်း အရှက်မဲ့စွာ ကပ်နေမိသူပါဆရာ။ ကျွန်မ ဆရာ့ကို ဒုက္ခတွေပေးခဲ့မိတာ ခွင့်လွှတ်ပါ"

အစကတည်းက အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်သာ ရောက်လာသူမို့ ပန်းယွန်းမှာ ဘာမှယူစရာငင်စရာမရှိပါ။ သူမ မီးဖိုခန်းမှ ဖြည်းညင်းစွာ တစ်လှမ်းချင်းထွက်ခွာလာခဲ့ပါပြီ။ ပန်းယွန်း နောက်သို့လှည့်မကြည့်တော့။

တစ်လလောက် နိုနားခွင့်လေး ပေးခဲ့တဲ့အတွက် ကျွန်မရဲ့အတောင်ပံတွေ သန်စွမ်းခဲ့ပါပြီ။ အားအင်တွေ ပြည့်လာခဲ့ပါပြီ ဆရာ။

တိုက်ထဲမှထွက်ပြီး ခြံထဲသို့ဆင်းလျှောက်လာခဲ့ရာလမ်းတစ်လျှောက် ပန်းယွန်းရဲ့မျက်ရည်တွေ ဘစ်စက်စက် စီးကျနေခဲ့တာ ဆရာကတော့ သိမည်မထင်။

ခြံပေါက်ဝမှာ သူမ ခြံတံခါးဖွင့်ဖို့ လက်လှမ်းခဲ့စဉ် အိမ်ထဲမှ ဆရာ ကမူးရှူးထိုးနှင့် သူ့အနားသို့ ရောက်လာခဲ့၏။

"မင်းမသွားရဘူး ပန်းယွန်း။ ငါ့ကိုထားခဲ့ပြီး မင်း ဘယ်ကိုမှမသွားရဘူး"

သူမရဲ့လက်ကိုဆွဲကာ နောင်ခွန်းဆက် အိမ်ထဲသို့ပြန်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာသဖြင့် ပန်းယွန်း ပြန်ပါလာရသည်။ သို့သော် သူမအသွင်က တရှိုက်ရှိုက်။ နောင်ခွန်းဆက် ပန်းယွန်းကို ဆိုဖာတစ်ခုပေါ်သို့ ထိုင်နိုင်းပြီး မတ်တပ်ရပ်ကြည့်နေပုံက ကြေကြေကွဲကွဲ။

"ဘာဖြစ်လို့လဲလို့ မမေးတော့ဘူးလား ပန်းယွန်း။ ငါ ဘာဖြစ်နေလဲလို့ မင်းမမေးတော့ဘူးလား"

ဆရာ ဘာကိုပေါက်ကွဲနေတာလဲ၊ ပညာတတ်ကြီးတစ်ယောက်ရဲ့ ပရမ်းပတာပေါက်ကွဲမှုကို ပန်းယွန်း လိုက်မမီ။ သည်တော့ ဆရာ့ကို သူမ နားမလည်သည့်မျက်ဝန်းများနှင့်သာ ကြည့်နေမိ၏။

ဆရာ သူမအနားသို့ရောက်လာပြီး ပခုံးမှဆွဲထူလိုက်တော့ ပန်းယွန်း ဆရာ့လက်ထဲသို့ အရုပ်ကလေးတစ်ရုပ်လို ငါ သွားရပြန်သည်။

"မင်းကို ငါချစ်မိသွားလို့ပေါ့ ပန်းယွန်းစည်။ မင်းရော ငါ့ကို ပန်းငုဝါလို တစ်ယောက်တည်းထားခဲ့ဦးမှာလား။ နှစ်ခါကျဲ ရရင်တော့ ငါ့အသည်းတွေ မွမွကြေကုန်ရလိမ့်မယ်"

"ရှင်!"

ပန်းယွန်း နားကြားများလွဲသလားလို့ ဆရာ့ကိုမော့ကြည့်နေမိတော့၊ ဆရာက သူမ၏ကျောလေးကို သိုင်းဖက်ကာ၊ သူမ





၏ပခုံးပေါ်သို့ မျက်နှာမှောက်ထားခဲ့သည်။

"ကိုယ် ပန်းယွန်းကို ဘယ်အချိန်ချစ်မိသွားတယ်မသိဘူး။ ကိုယ့်ကိုမထားခဲ့ပါနဲ့တော့ ကလေးရယ်. . . နော်"

"အာ. . . ဆရာ၊ မဖြစ်နိုင်ပါဘူးရှင်"

"ဘာဖြစ်လို့လဲ၊ ကိုယ်က မင်းထက် အသက်ကြီးလို့လား"

"မဟုတ်ပါဘူးရှင်၊ ဆရာ့မိဘတွေက ကျွန်မလို ဘာမဟုတ်တဲ့ကောင်မလေးတစ်ယောက်နဲ့ ဘယ်သဘောတူမလဲ"

"ကိုယ်က ကလေးတစ်ယောက်မှမဟုတ်တာ။ ကိုယ့်ခင်ငွေနဲ့ကိုယ် ကိုယ့်ဘဝကိုရပ်တည်နိုင်ပါတယ်"

"မတန်မရာပါ ဆရာရယ်၊ ဆရာက တကယ့်ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ယောက်ပါရှင်"

"မင်းကရော မိန်းမကောင်းမိန်းမမြတ်မဟုတ်လို့လား။ ကိုယ့်အတွက်တော့ မင်းဟာ အလိုအပ်ဆုံးမိန်းကလေးပဲ။ ကဲ! မျက်ရည်တွေသုတ်တော့၊ လာ. . . မနက်စာ အတူစားကြမယ်"

ဆရာက သူမကိုဆွဲခေါ်သွားပြီး ထမင်းစားခန်းမှာ မနက်စာအတူစားကြသည်။

"ဒီနေ့မှ မင်းအင်ကလည်း ဈေးသွားတာ ကြာလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်လေ၊ သူမရှိလို့ ခုလိုအဆင်ပြေသွားရတာ''

ဆရာ့ကြည့်ရတာ အရင်လို စူပုပ်ထန်တင်းနေသည့်ရုပ် မဟုတ်တော့ဘဲ ရှင်းသန့်ကြည်လင်လာနေပေမယ့် မရိတ်တဲ့ထား သည့်နှုတ်ခမ်းမွေးတွေ မုတ်ဆိတ်မွေးတွေနှင့်မို့ ကပြစ်ကညစ်။

ပန်းယွန်း ဆရာ့ကိုမယုံရဲပါ။ ဆရာ သူမကိုထကယ်ချစ် လို့လား။ ကျီစားနေတာလား။ ဆရာရယ်. . . ဆရာကြီး ကျီစား တာ ဆိတ်တလေးမခံနိုင်ဖြစ်နေပါဦးမယ်ရှင်။

သို့သော်လည်း ဆရာဟာ လူယုတ်မာတစ်ယောက်တော့ မဟုတ်နိုင်။ သူမကိုလိမ်လည်လှည့်ဖျားပြီး ယုတ်မာကောက်ကျစ် လိမ့်မယ်လို့ သူမ ဘယ်တုန်းကမှမထင်ပါ။

ဆရာနှင့်အတူ လက်ဖက်ရည်နှင့် ထမင်းကြော်စားနေရ ပေမယ့် ပန်းယွန်းအသွင်က ကြောင်ကြီးအနားမှ ကြွက်ကလေး လို မဝံ့မရဲ။ ဒါကို သူလည်း သိပါသည်။

သူက ပန်းယွန်းရှေ့မှာ တစ်လျှောက်လုံးဝင် ကြမ်းနေ ဘီလူးထွက် ထွက်နေခဲ့သည်မဟုတ်ပါလား။ အကြောက်လွန်နေ သည့်ကောင်မလေးကို အကြင်နာတွေနှင့် ယုယရပါဦးမည်။

"ဒီနေ့ ပန်းယွန်းကို ကိုယ် အဝတ်အစားလေးဘာလေး ဝယ်ပေးမယ်။ ပန်းယွန်းမှာ အဝတ်အစားမရှိဘူး''





"ရပါတယ်ဆရာ၊ ပန်းယွန်းအပြင်ထွက်ရတာမှ မဟုတ် ဘဲ။ ရှိတာနဲ့ နေလို့ဖြစ်ပါတယ်''

"မရှည်နဲ့လေ. . . လူကြီးက သင့်တော်လို့ ဝယ်ပေးရင် လက်ခံရတယ်။ အဲ! ဆရာ. . . ဆရာနဲ့လည်းမခေါ်နဲ့တော့ကွာ''

"ရှင်! ဘာ. . . ဘာဖြစ်လို့လဲဆရာ''

"ငါကတော့ ကိုယ့်ကို မောင်လို့ခေါ်တယ်''

"အား. . . အဲဒါ ဆရာတို့က ချစ်သူတွေပဲဟာ''

"ဟင်! မင်းကရော ကိုယ့်ကိုမချစ်ဘူးလား။ အားမကိုး ဘူးလား။ ချစ်သူတွေလို့ လက်မခံသေးဘူးလား''

"ပန်းယွန်း အခြေအနေတွေကို နားမလည်နိုင်သေးပါ ဘူးဆရာ။ အိပ်မက်လို့ပဲ ခံစားနေရတယ်။ ကျွန်မကို သိပ်မုန်း ခဲ့တဲ့အဖြစ်ကနေ ချစ်သွားတယ်ဆိုတာလည်း မယုံကြည်နိုင် လောက်အောင်ဖြစ်နေတယ်''

"ဟာကွာ. . . ဆရာက ကလေးတစ်ယောက်လို ကျိန် ဆွယ်ပြောနေရမှာလားကွာ။ ကိုယ့်ကို ဘာဖြစ်လို့ မယုံကြည်ရ သလဲ. . . ပြော''

တကယ်ကျတော့လည်း ပန်းယွန်း သေသေချာချာတော့ မပြောတတ်ပါ။ ဆရာ့ကို မယုံကြည်ရဲတာ၊ ကြောက်နေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



အမုန်း တောတောကပင် အကြောက်လွန်ပြီး လိပ်ပြာလွင့်တော့မ
လက်မတင်လေး။

မနက်စာစားပြီးသွားပြီမို့ သူမ နေရာမှထလိုက်ပါလျှ
ဆရာက သူမလက်ကို ဖမ်းဆွဲထား၏။

“နေဦး. . .ဒီနေ့ မင်းအင် ထမင်းချက်လိမ့်မယ်။ ပ
ယွန်းနဲ့ကိုယ်က ရှော့ပင်ထွက်မယ်”

“ပိုက်ဆံတွေကုန်လို့ပါ ဆရာရယ်၊ ဝယ်ပေးမနေပါနဲ့
ပန်းယွန်း ဟင်းချက်ပေးဦးမယ်”

“မရဘူး၊ ဒီနေ့ ကိုကိုတို့ရဲ့အချစ်နေ့အဖြစ် သတ်မှ
လိုက်ပြီ၊ နေ့ထူးနေ့မြတ်အတွက် အပြင်ထွက်မယ်၊ ဈေးဝယ်မယ်
တစ်နေရာရာမှာ စားကြမယ်”

ဘယ်လိုမှပြောမရသည့်အခါ ပန်းယွန်း ဆရာ့ကိုအကျ
ကိုင်လိုက်သည်။

“ဒါဆိုလည်း ဆရာ့အမွေးအမှျင်တွေ သန့်ရှင်းလိုက်
ဦး၊ ပန်းယွန်းလည်း အဝတ်လဲလိုက်ဦးမယ်”

“ရတယ်လေ၊ ဒီအမွေးတွေရိတ်ပြီး ကိုယ်ချစ်သူရဲ့အ
ကို လိုက်ရမှာပေါ့ကွာ”

ဆရာ ငယ်ကလေး တချွန်ချွန်နှင့် သူ့အခန်းထဲသို့ဝ





သွားလျှင် ပန်းယွန်းလည်း ကိုယ့်အခန်းထဲဝင်ကာ အဝတ်အစား
လဲရသည်။ ချည်ထည်ခရမ်းရောင်လေး။

နောင်ခွန်းဆက် မရိတ်တာကြာပြီဖြစ်သည့်အမွေးအမှင်
များကိုရိတ်လိုက်တော့ ပင်ကိုချောမွေ့သည့်မျက်နှာက တည်ကြည်
ခန့်ငြားစွာ ပေါ်လာ၏။ သူ့ဥပဓိက လူချောတစ်ဦးပါ။

နက်မှောင်သောမျက်ခုံး၊ တောက်ပသောမျက်လုံးနှင့်
မျက်တောင်တွေကအစ ကြည့်ကောင်းလှသည်။ နှာတံပေါ်ပုံနှင့်
မိရိုးသေသပ်သောနှုတ်ခမ်းကြောင့် သူဟာ လူချောတစ်ယောက်
ဖြစ်ခဲ့သည်လေ။

နောက် ဘောင်းဘီရှည်အနက်နှင့် စပို့ရှပ်အပြာစင်းကို
ဝတ်လိုက်ရုံနှင့်ပင် သူ့အသွင်က တင့်တယ်နေခဲ့ပြီ။ ငွေနှင့် ကွဲ
ကွာပြီးကတည်းက စိတ်လိုလက်ရမရှိခဲ့သည့်သူ၊ ယခု သူ့စိတ်
တွေ ပေါ့ပါးလန်းဆန်းနေပါ၏။

သူအပြင်ထွက်ခဲ့တော့ ဧည့်ခန်းထဲမှာ ချည်ထည်ခရမ်း
ရောင်ဝမ်းဆက်လေးနှင့်ပန်းယွန်းကို ချစ်စဖွယ်တွေ့လိုက်ရသည်။

သူတို့နှစ်ယောက် မင်းအင်ကိုထိုင်စောင့်နေရ၏။ မကြာမီ
မင်းအင် ဈေးမှပြန်ရောက်လာတော့ ဧည့်ခန်းထဲမှာ အတူယှဉ်တွဲ
ထိုင်ပြီး စကားပြောနေကြသည့် သူ့ဆရာနှင့်ပန်းယွန်းကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလျှင် သူ့အထာပေါက်သွားဖြစ်၏။ ကောင်မလေးပုံက အရုပ်တွေနှင့် လုပလို့။

ဆရာနှင့်ပန်းယွန်းတို့ မရိုးသားတော့ဘူး။ ချစ်ရင်တောင် ချစ်သွားကြပြီဖြစ်မည်။ သူ့ ပန်းယွန်းအတွက် ဝမ်းသာအားရဖြစ်မိသည်။ ဒုက္ခတွေနှင့် ကုရာမဲ့ကောင်မလေးဟာ ယခုတော့ နားခိုရာရသွားခဲ့ပြီပေါ့။

အမွှေးမြင်အပင်သိဆိုသလို သူကလေးဟာ အဖိုးတန်မိန်းကလေးမှန်း မင်းအင် မြင်ကတည်းက ခန့်မှန်းပြီးသား။ အတူနေကြသည့်ရက်တွေမှာလည်း သူကလေးရဲ့အရည်အချင်းတွေ မြင်ခဲ့ရပြီးမဟုတ်ပါလား။

မင်းအင် ဧည့်ခန်းထဲဝင်လာကတည်းက ပါးစပ်ဖွေမရတော့။ ဝယ်လာသည့်ဆွဲခြင်းကြီးကို မသက်မသာဆွဲရင်း သူ့ရုပ်က စပ်ဖြဲဖြဲဖြစ်နေလျှင် နောင်ခွန်းဆက် လှမ်းပြောလိုက်၏။

"ဟေ့ကောင်! ဘာဖြစ်နေတာလဲ"

"အဟဲ. . . ခံစားရလွန်းလို့ပါဆရာ"

"ပေါက်ကရတွေ လျှောက်မပြောနဲ့ကွာ၊ ဒီမှာ ပန်းယွန်းအရမ်းရှက်နေပြီ။ ကဲ! ချက်. . . ချက်တော့၊ မင်းတစ်ယောက်တည်း ချက်လိုက်။ ငါ ပန်းယွန်းကို အပြင်ခေါ်သွားမလို့"





"ဟုတ်ကဲ့ပါဆရာ၊ ဒီလိုဖြစ်သွားကြတာ ကျွန်တော် အရမ်းဝမ်းသာလိုက်တာ။ သူနဲ့မှ ဆရာ လိုက်ဖက်တာ။ တကယ့်ကို ရွှေနဲ့မြ. . . နေနဲ့လ"

"ဟေ့ကောင်! ခေတ်ဟောင်းက နိမိတ်ပုံတွေ လာသုံးမနေနဲ့တော့။ ငါတို့က ဘာတွေဖြစ်နေကြလို့လဲ"

နောင်ခွန်းဆက် မင်းအင်ကိုပြောက်ကြည့်တော့ သူ့ပုံစံက စုံထောက်ကြီးဦးစံရှားပုံနှင့်. . .

"အဟဲ. . . ဆရာကလည်း ပြောင်းလဲမှုက ပွင့်လင်းမြင်သာမှုရှိပါတယ်ဗျာ။ ဆရာ့ကောင်မလေးပုံလည်း ကြည့်ဦး။ အရှက်တွေနဲ့ ခေါင်းပလို့လေ။ ဆရာ့ရုပ်ကလည်း ပီတိတွေနဲ့ လင်းထက်လို့။ ကဲ! အခုလေးတင်မှ ဆရာတို့နှစ်ယောက် ချစ်သွားကြတာမဟုတ်လား။ ကျွန်တော်လည်း အိမ်မှာမရှိဆိုတော့ ပြောရရင်. . ."

"ဟေ့ကောင်! တော်. . . တော်. . . မဟုတ်တာတွေ ပါမလာစေနဲ့။ ဒီမှာ ပန်းယွန်းအရမ်းရှက်နေပြီ။ ကဲ! ငါတို့သွားပြီ"

သူ ပန်းယွန်းကိုပခုံးလေးဖက်ပြီး ကားဆီလျှောက်လှမ်းခဲ့တော့ ကောင်မလေးပုံစံက ဘာကိုမှမမြင်နိုင်တော့အောင် အရှက်



www.burmeseclassic.com

www.burmeseclassic.com



တွေ နှင့်သီးလျက်။ အဲ. . . သူကတော့ မိုးမခြင်လေမခြင်၊ အရေ

တွေနှင့် ဝင်းပနေလို့လေ။

"ဘာလို့ ဒီလောက်ရှက်နေရတာလဲကွာ။ ချစ်သူရည်

စားရခါစမို့လား။ မိန်းကလေးတွေဟာ ချစ်သူနဲ့တွေ့ရင် ဒီလို

ရှက်တတ်ကြသလား"

"အင်းပေါ့"

"ဟာ! ဒါဆိုမဖြစ်ဘူး။ ကိုကိုနဲ့ပန်းယွန်းက တစ်အိမ်

တည်းအတူနေတာလေ။ မြင်တာနဲ့ ရှက်နေလို့မဖြစ်ဘူး။ ရှက်

ကြောဖြတ်ပေးမှ ရတော့မယ်"

"အာ. . . ဆရာကလည်း ရှက်ကြောပဲဖြတ်ချိုးမတဲ့"

"ကိုကိုက ဆရာဝန်လေ၊ ရှက်ကြောဖြတ်ပေးတယ်

တယ်"

တကယ်တော့ သူ ပန်းယွန်းကိုနောက်နေတာပါ။ အထ

ကားနေရင်း ပျော်လွန်းလို့လေ။ ကောင်မလေးကို ကားထဲဝင်စေ

ပြီး သူ တစ်ဖက်မှကားပေါ်တက်လိုက်၏။ မင်းဒင်က တိုက်ရှေ့

ထိထွက်လာပြီး မျက်နှာကြီးပြုံးဖြဲဖြဲနှင့် လိုက်ကြည့်နေသဖြင့် သူ

ပိတ်ပြောက်လိုက်ရသေး၏။

"ဟေ့ကောင်! ဘာလိုက်ကြည့်တာလဲ"





"အဟဲ! ဝမ်း. . . ဝမ်းသာလို့ပါဆရာ။ ဒါထက် ဆရာ၊

ကျွန်တော်ရော လိုက်လို့မရဘူးလား"

"အောင်မာ! တို့နှစ်ယောက်ကြားထဲ မင်းက ဘာလိုက်

လုပ်မှာလဲ"

"ဩော်. . . ခါတိုင်းက ဆရာသွားလေရာ ကျွန်တော်

ပါနေကျဆိုတော့"

"မလိုတော့ဘူး။ အခု မင်း နေရာတကာပိုင်း မလိုက်

ရတော့ဘူး။ နောက်မနေစမ်းပါနဲ့ကွာ၊ ကဲ. . . ငါတို့သွားပြီ"

သူ ကားလေးမောင်းထွက်လာရင်း၊ သူ့ဘေးမှ ကောင်

မလေးကို လှည့်တကြည့်ကြည့်။

"ကားကိုကောင်းကောင်းမောင်းပါ ဆရာရယ်၊ ပန်းယွန်း

ဘယ်မှထွက်မပြေးပါဘူးတဲ့ရှင်။ ပြေးစရာလည်း မြေမရှိပါဘူး"

"ပြေးစရာမြေရှိလည်း မပြေးရတော့ပါဘူး။ ဒီတစ်ခါ

ကွဲစရာအသည်း ကိုကို့မှာ မကျန်တော့ဘူး။ အင်း. . . ချစ်သာ

ချစ်ရတယ်။ ခ်ိမုန်းဖူးတဲ့စာသူငယ်လို ကိုကို အသည်းကွဲရမှာကို

ကြောက်နေတယ်"

"ပန်းယွန်းကြောင့်တော့ ကိုကို အသည်းမကွဲစေရပါ

ဘူးရှင်။ ကိုကို့မေမေရော ကိုကို့အသိုင်းအဝိုင်းကပါ ပန်းယွန်းကို



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူကြရင်သာ"

"ကိုကိုက ကလေးမှမဟုတ်တော့တာ။ ကိုယ်ပိုင်ဝင်ငွေနဲ့ ကိုယ်ပိုင်လုပ်ငန်းနဲ့ ရပ်တည်နေနိုင်ပါပြီ။ သဘောမတူလို့ဆိုပြီး အမွေဖြတ်ခံရမယ့်အရွယ်မဟုတ်တော့ဘူး"

"ပန်းယွန်းပြောချင်တာက အမွေကိစ္စမဟုတ်ဘူးဆရာ။ မိဘဆိုတာ သားသမီးကို. . ."

"တော်ပြီ ပန်းယွန်းလေး ဘာမှစိုးရိမ်မနေနဲ့။ ပန်းယွန်းတာဝန်က ကိုကိုကို သစ္စာရှိရှိနဲ့ချစ်ဖို့ပဲ။ ကျန်တာ ကိုကို့တာဝန်ထား"

ကားမောင်းရင်းမှပင် သူ ပန်းယွန်းရဲ့ပခုံးလေးကို လက်တစ်ဖက်က ဖက်ထားမိတော့ ကောင်မလေးက ရှက်လန့်တကြား။

"ဆရာ ကားကိုကောင်းကောင်းမောင်းလေ။ တော်ကြာ"

"ဘာလဲ၊ ခုထိ ဆရာခေါ်တုန်းလား။ ကိုကိုလို့ခေါ်ကွာ။ ကိုကိုခေါ်သံလေး ကြားချင်လို့"

အရင်တုန်းက စူပုပ်ထန်တင်းနေသမျှ ယခု အရမ်းကို ဆရာနူးညံ့နေလေတော့၊ ပန်းယွန်း အံ့ဩရသည်။ အချစ်ဟာ လူကိုပြောင်းလဲစေတာလား။

"ဆရာရယ်၊ အိမ်ကျမှ အဲဒီကိစ္စစဉ်းစားပါ့မယ်။ အခု





လမ်းကြီးမှာ"

"ဘာမှလည်းခက်တဲ့ကိစ္စမဟုတ်တဲ့ ကောင်မလေးတစ်ယောက် လက်ပေါက်ကပ်နေတယ်"

"ဆရာ ကားမောင်းရင် အာရုံမများရဘူးလေ။ ဆရာကလည်း ကလေးလေးကျနေတာပဲ"

"ကဲ! ဒါဆိုလည်း အိမ်ကျမှ အဲဒီကိစ္စဆက်ပြီးဆွေးနွေးမယ်"

ဆရာက ရုပ်တည်ကြီးနှင့် ကားကိုပဲ ဂရုတစိုက်မောင်းနေတော့ ကိုယ့်ကိုစိတ်ဆိုးသွားသလားဟု ပန်းယွန်း ပူပန်နေမိပြန်သည်။ ဩော်. . . ချစ်သူလေးတစ်ယောက် ရမိတာကြောင့် ဂေါ်လီလုံးရသလိုပါပဲလား။

မျက်မှန်တပ်ထားသည့်ဆရာ့အသွင်ကလည်း လန်းမှလန်း။ ယခုမှ အမွေးတွေရိတ်လာခဲ့သည်မို့ ဆရာ့မျက်နှာကလည်း ရှားမင်းသားလို ဖြူစိမ်းရောင်မျက်နှာ။

ပန်းယွန်း ဆရာ့ကိုပဲ ချစ်ရည်ရွှန်းသည့်မျက်လုံးများနှင့် ငေးကြည့်လာခဲ့တော့ မီးပွိုင့်တစ်ခုမှာ ကားဘရိတ်အုပ်လိုက်တာ ပန်းယွန်း ရှေ့ကိုငိုက်ခနဲ။ ဆရာက တဟားဟားရယ်ရင်း. . .

"ကောင်းတယ်၊ ကောင်မလေးတစ်ယောက် ငေးကြော



www.burmeseclassic.com

www.burmeseclassic.com



ထုလာလိုက်တာ။ ဒီက သူနဲ့အတူသွားရမှာတောင် ကြောက်လာပြီ''

ပန်းယွန်း ရှက်စိတ်တွေ မွှန်သွားတော့ ဆရာ့ပခုံးမှာ မျက်နှာလေး အပ်ထားမိပါသည်။

''ဟေး. . .လာမစနဲ့လေ၊ တော်ကြာ ကိုကိုက စိတ်မထိန်းနိုင်တွေဖြစ်ပြီး ကားထဲတင် ဖက်နမ်းမိမယ်''

''တော်ပါ ဆရာ လူဆိုးကြီး''

''ဟောဗျာ. . .ဘာမှလည်းမဆိုးရသေးဘဲနဲ့။ လူဆိုးတံဆိပ် ကပ်နေရသလား''

''ဆိုးပါတယ်''

''ဪ. . .သိပြီ သိပြီ၊ ဟိုညက ငုဝါကိုကြောက်ပြီး ကိုကို ပန်းယွန်းကို တအားဖက်ထားမိတာကို ဆိုလိုတာလား''

''အာ. . . ဆရာကလည်း''

ကောင်မလေးသတိပြန်ရပြီး မျက်နှာလေး တွတ်တွတ်ရဲနေတော့ သူ ကားမီးပွိုင့်မိနေတာကို အခွင့်ကောင်းယူပြီး ဆက်စနေမိသည်။

''ဟုတ်တယ်လေ၊ ဒါပဲ ပျစ်ပျစ်နှစ်နှစ်ရှိခဲ့တာကို''

''တော်ပါတော့ဆရာရယ်၊ ပန်းယွန်း အရှုံးပေးပါတယ်''





မီးပွိုင့်စိမ်းသဖြင့် သူ ကားကို ဆက်မောင်းလာခဲ့ရင်း၊ ငုဝါနဲ့တုန်းက ပျော်ခဲ့ကြသည်များကို သတိရမိသွားတော့ ရင်ထဲ ဆွေးသွားရပြန်သည်။

ဘဝဆိုတာ ရေပေါ်အရုပ်ရေးသလိုပါပဲလား။ သတိလက်လွှတ် ငှက်တောင်ကျွတ်ဖြစ်နေရင် ဘဝဆိုတဲ့လောကဓံရဲ့ ရိုက်ချက်မှာ ဖောက်ထိုးမိုးမျှော်ဖြစ်ကြရမှာပဲ။ ငါဆင်ခြင်ရမယ်။ ငါ ကလေးလေးမဟုတ်ဘူး။ တရားသဘောအရ ဘယ်အရာမှ မတည်မြဲတဲ့အတွက် ခုပျော်ရွှင်နေရတာလည်း တစ်ချိန်ချိန်မှာ ပျောက်ကွယ်ချင်ကွယ်သွားမှာပဲ။

ကြည်လင်ရွှင်မြူနေသည့်ဆရာ့မျက်နှာ ကားမောင်းရင်း ဝေးရော် လွမ်းမှုန်သွားလျှင် သူ့ကိုပဲ အရိပ်တကြည့်ကြည့်ရှိနေမိသည့် ပန်းယွန်းရင်ထဲ နင့်သွား ထင့်သွားမိရသည်။

ဆရာရယ်. . . ဆရာ ငုဝါကိုသတိရသွားတာလား။ ဒါမှမဟုတ် ပန်းယွန်းကို မယုံရဲတော့တာလား။

သူမ ဆရာ့ဘေးမှာ ငြိမ်ငြိမ်လေးလိုက်ပါရင်း ထိုနေ့က ဆရာဝယ်ပေးသမျှ အားနာနာနှင့်ယူခဲ့သယ်ခဲ့ရတာ ပန်းယွန်းတစ်ယောက် ချက်ချင်းပင် နတ်ရေကန်ထဲသို့ ပစ်ချခံလိုက်ရသလို အသွေးအမွေးတွေ ပြောင်းသွားရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းယွန်း တစ်ခါမှ မဝယ်ဖူး၊ မဝတ်ဖူး၊ မသုံးဖူးသည့် ပစ္စည်းတွေ။ ခြော်. . . ဆရာ့ကျတော့လည်း ဘဝရဲ့ဆင်းရဲမွဲတေမှုတွေဟာ သူနှင့်မဆိုင်သလို။

သူမတို့သားအမိတွေ မနည်းရုန်းကန်လှုပ်ရှားခဲ့ရသည့် ဘဝဆိုတာ ဆရာတို့လိုလူတန်းစားတွေအတွက်ကျတော့လည်း သက်တောင့်သက်သာ။

ဒါပေမဲ့ ဘဝဆိုတာ လှေတစ်စင်းလိုပါပဲ။ သတိလက်လွတ်ရှိရင်တော့ မှောက်သွားမှာပါ။ သေးအမြင့်မှာ လွှယ်ကျနေပေမယ့် ကိုယ့်လှေကိုတော့ မျက်ခြည်မပြတ် ဖွဲ့ကိုင်မောင်းနှင်နေရမှာပါပဲ။

ဆရာက တစ်လမ်းလုံး စောစောကလို မသွက်လက်တော့ဘဲ အရင်အတိုင်း အဆွေးသမား အတွေးသမားပုံစံဖြစ်သွားတော့ ပန်းယွန်း ဆရာ့ကိုနားမလည်နိုင်ဖြစ်ရပါတော့သည်။



# အခန်း(၁၄)

ပန်းယွန်းတို့ အိမ်ပြန်ရောက်တော့ ညနေငါးနာရီ။ မင်းခင်က အိမ်ပေါက်ဝမှ ဆီးကြိုပေမယ့် သူ့မျက်နှာက ပြုံးစိစိ။ နောင်ခွန်းဆက် မလုံမလဲဖြစ်ရသည်။

"ဟော့ကောင်! နောက်မနေနဲ့။ ကားထဲမှာ ပန်းယွန်းအတွက် ဝယ်လာတဲ့ပစ္စည်းတွေ၊ အခန်းထဲသယ်သွား"

"ဘယ်သူ့အခန်းထဲလဲ ဆရာ"

"ဟ! သူ့အခန်းထဲပေါ့ကွ"

"မသိပါဘူးဆရာရယ်၊ ဆရာ့အခန်းထဲများ သယ်သွားရမလားလို့ပါ"

"ဟာ! ဒီကောင် သောက်ရူးတော့။ ငါတို့ လက်မှမထပ်



www.burmeseclassic.com

www.burmeseclassic.com



ရသေးတာ။ အတူနေလို့ရမလားကွ"

"အဟဲ. . . ဆရာ၊ ဆောရီးနော်။ ဆရာတို့ကိုကြည့်ပြီး ကျွန်တော်ပျော်လို့ပါဗျာ။ ဒီတစ်ခါ အရင်တစ်ခါလို မကွဲရအောင် အမြန်ဆုံး အပိုင်ချည်လိုက်စေချင်လို့ပါ"

"တော်. . . တော်. . . ပေါက်ကရတွေ လျှောက်မပြောနဲ့။ ပန်းယွန်းအခန်းထဲ သယ်သွားပေးလိုက်"

ဆရာအမိန့်ပေးပြီး သူ့အခန်းဘက်သို့ ထွက်သွားတော့ မင်းခင် မျက်နှာလေးငယ်ငယ်နှင့် ရပ်နေသည့်ပန်းယွန်းကို စိုးရိမ်တကြီးမေးလိုက်သည်။

"နင်တို့နှစ်ယောက် ဘာဖြစ်လာကြတာလဲ၊ သွားတုန်းကတော့ ကမ္ဘာပေါ်မှာ အပျော်ဆုံးရုပ်တွေနဲ့၊ နင်ကလည်း အချ[စ်]တွေ အရှက်တွေနဲ့ နွဲ့နေလိုက်တာ ဘေးကကြည့်ရတဲ့လူတောင် မျက်နှာပူတယ်။ ခုကျ ဘာဖြစ်နေကြတာလဲ၊ ဆရာ့ပုံစံကလည်း အရင်ရုပ်နဲ့ထူးမခြားနား။ နင့်ရုပ်ကလည်း ခုပဲသေတော့မယ့်ရု[ပ်]နဲ့"

"ပန်းယွန်းလည်း မပြောတတ်ပါဘူး အစ်ကိုရယ်"

"ကေန္တ နင် ဆရာမကြိုက်တာတစ်ခုခု ပြောမိလုပ်[မိ]ခဲ့ပြီထင်တယ်။ အထာတွေ သိပ်ကိုင်မနေနဲ့နော်။ ငါ့ဆရာ[က]





ဘယ်အချိန်မှာဖြစ်ဖြစ် မီးဂါစတာ။ ကြည့်ပါလား၊ အရည်အချင်းရော ရုပ်ရော ဥစ္စာနေရော ဘယ်နေရာမှမလိုဘူး"

"ပန်းယွန်း ဆရာ့ကိုချစ်တာ အဲဒါတွေကြောင့်မဟုတ်ပါဘူးရှင်"

"အောင်မယ်! အပိုတွေပြောမနေနဲ့၊ အဲဒါတွေမပါဘူးဆိုရင် နင် ငါ့ကိုချစ်ပါလား။ ဘာလို့ ဆရာ့ကိုသွားချစ်နေသေးလဲ"

"ဟာ. . . အစ်ကိုကလည်း ဘာတွေလျှောက်ပြောနေမှန်းမသိဘူး။ ပေါကြောင်ကြောင်နဲ့"

"အေး. . . ပြောထား ပြောထား။ ငါကဖြင့် ဆရာနဲ့နင့်ကို အဆင်ပြေစေချင်လို့လိုက်ရတာ။ နင် သိပ်မှုမနေနဲ့နော်၊ ဆရာလက်ထပ်ချင်တယ်ဆိုရင် အချိန်တွေ သိပ်ဆွဲမနေနဲ့။ ချက်ချင်းခေါင်းညိတ်လိုက်. . . သိလား"

မင်းခင် သူ့ဆရာဘက်မှ လျှောက်လဲချက်တွေ ပေးနေလျှင် ပန်းယွန်း ခေါင်းကိုညင်သာစွာ ခါမိသည်။

"ပန်းယွန်းက မိန်းကလေးပါအစ်ကိုရယ်၊ အရာရာ စဉ်းစားချင့်ချိန်ရပါတယ်"

"ဘာတွေစဉ်းစားနေစရာလိုသလဲဟ၊ ဒီလောက်တောင်



www.burmeseclassic.com

www.burmeseclassic.com



သဘောထားပြည့်ဝတဲ့ဆရာ့ကိုများ"

"ဆရာ့မိဘတွေရဲ့သဘောထားကိုလည်း ထည့်စဉ်းစားရမယ်။ ပြီးတော့ ဆရာက သိပ်ပြီးမြင့်လွန်းတယ်။ ပန်းယွန်းနဲ့ မတန်ပါဘူး။ ဆရာ့ကို ဂုဏ်သရေရှိတဲ့မိန်းကလေးတွေနဲ့ပဲ လက်ထပ်စေချင်ပါတယ်"

"အမယ်လေးဟဲ့! သဘောကောင်း မနောကောင်းမကြီး။ သူများတွေ လူရှော့င်းသူကောင်းကို အမိအရဖမ်းယူနေကြတဲ့ ခေတ်ကြီးထဲ နင်တစ်ယောက်ပဲ တွေဝေငေးမောနေတယ်။ တော်ကြာ နင့်ဆရာ အာက်တိုးပစ်အပျိုစင်နဲ့ တွေ့နေဦးမယ်။ လူလုချင်းပဲ ဘာမတူမတန်စရာရှိလဲ။ နင် ဆရာ့အပေါ် မယားဝတ္တရားငါးပါးနဲ့အညီ သစ္စာရှိရှိ ကြင်ကြင်နာနာနဲ့ရှိရင် ရပြီ"

မင်းအင် ပန်းယွန်းအခန်းထဲသို့ အထုပ်တွေ အိတ်တွေ လိုက်ပို့ရင်း သူ့အသနတွေကို ရှင်းပြနေခြင်းပါ။ သူဘယ်လိုပင်ပြောပြော ပန်းယွန်းရင်ထဲမှာ သိမ်ငယ်စိတ်ဝင်နေမိသည်။

ဆရာ့အမေဆိုတာ ရောက်လာရင်တော့ သူမတို့ရဲ့ဇာတ်လမ်း တစ်ခန်းရပ်သွားမည်ထင်ပါသည်။





သူမအခန်းထဲမှာ နံရံကပ်ဗီရိုတစ်လုံးရှိနှင့်ပြီး၊ ယခုကျ အထည်တွေ အသုံးအဆောင်တွေပါ ထည့်ထားရပေပြီ။ နောက် ဆရာက သူမအခန်းထဲသို့ မှန်တင်ခုံတစ်ခုဖြည့်ပေးပြီး မိန်းကလေးတစ်ယောက်မှာ ရှိရမည့် လိမ်းစရာခြယ်စရာပစ္စည်းပစ္စယတွေ အစုံဝယ်ဖြည့်ပေးထားလျှင် ပန်းယွန်း ဘာတွေကို ဘယ်လိုသုံးရမှန်းပင်မသိပါ။

သူမဘဝက သနပ်ခါးတုံးနှင့်ကျောက်ပြင်ပဲ ရှိခဲ့ရသည့်ဘဝလေ။ အလွန်ဆုံး မိတ်ကပ်လေး အောက်ခံလိမ်းရုံပဲ။ နှုတ်ခမ်းနီဆိုတာတောင် အခါခပ်သိမ်းမဆိုးခဲ့။

ဆရာဝယ်ပေးလို့သာ တင်ထားရပေမယ့် သူမကတော့ သနပ်ခါးတုံးနှင့် ကျောက်ပျဉ်ကိုပဲ အမက်ဆုံး။ မွှေးနှစ်နေသည့် သနပ်ခါးတုံးက အပွေးအက်အက်။ အဖြူရောင်အပွေးမို့ သနပ်ခါးက မွှေးလည်းမွှေး ဖွေးလည်းဖွေး။

ရောက်နေသည့်တစ်လကျော်လုံးလုံး သနပ်ခါးမလိမ်းခဲ့ရသည်မို့ ဒီနေ့မှ ရေချိုးပြီးသည်နှင့် သနပ်ခါးကို အားရပါးရ သိမ်းပစ်လိုက်သည်။

သနပ်ခါးညိုညိုလေးမှာ ပါးကွက်နှစ်ခုနှင့်ဆိုတော့ ရွှေပြည်နန်းကြော်ငြာလိုလို၊ ပင်တိုင်စံကြော်ငြာလိုလို။



www.burmeseclassic.com

www.burmeseclassic.com



နောက် ဆရာဝယ်ပေးသည့်ဂါဝန်လှလှပန်းရောင်ေ
ကို ဝတ်လိုက်ပြီး ဆံပင်ကိုနှစ်ဖက်ခွဲစည်းထားလိုက်လျှင် ပန်းယွ
ရဲ့အလှပြင်ဆင်မှုက ပြီးပေပြီ။

သူမ မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် လှည့်ပတ်ကြည့်
တုန်း အခန်းဝမှာ ဘွားခနဲပေါ်လာသူမှာ ဆရာ။

"ထမင်းစားကြစို့ ပန်းယွန်း၊ လှပါတယ်ကွာ. . .
တိတ်က လှပြီးသားပါ"

ဆရာက သူမရဲ့လက်ကလေးကို လှမ်းဆွဲပြီး ပါးမှ
ကွက်လေးနှစ်ဖက်ကို ဖျတ်ခနဲမွှေးကြည့်လိုက်သည်။ ပြီးမှ
တည်တည်နှင့်. . .

"သနပ်ခါးကိုမွှေးကြည့်တာနော်"

ရှက်ကိုးရှက်ကန်းဖြစ်သွားသည့် ပန်းယွန်းကို ထမင်း
ခန်းဆီသို့ ခေါ်လာခဲ့တော့လည်း သူမ၏ပခုံးလေးကို ဖက်လို
မင်းခင် ထမင်းပွဲပြင်နေရင်း ပန်းယွန်းကိုလှမ်းကြည့်
လှမ်းစလိုက်၏။

"ဟာ! ဆရာ၊ ပန်းယွန်းမျက်နှာပေါ် ပဲကြီးဟင်းမှ
ဖိတ်လာသလားနော်"

"မင်းကလည်းကွာ. . . လှပါတယ်ကွ။ သနပ်ခါးေ

အဖွေးသားနဲ့ဆိုတော့ ဗီးကွက်လေးနဲ့တူတာပေါ့"

"ဟုတ်တယ်. . . ဟုတ်တယ်၊ ဗီးကွက်မနဲ့တူတယ်"

ဆရာတပည့်နှစ်ယောက် ရုပ်တည်ကြီးတွေနှင့် စနေကြ
လျှင် ပန်းယွန်း အရှက်တွေ ပိုနေရသည်။ မင်းခင် ထမင်းပွဲပြင်
တာ မပြီးသေးသည်မို့ သူမပါ သွားပြီး အမြန်ဆုံးဝင်ရောက်ပြင်
ဆင်ပေးနေလျှင်. . .

"သွားပါဟာ၊ နင်က ငါ့ထက် ရာထူးမြင့်သွားပြီ။ တော်
ကြာ ဆရာကတော်ဖြစ်တော့မှာ။ ငါက ခုကတည်းက နင့်ကို
အားထားရမှာ"

"အစ်ကိုရယ်၊ ဆောက်ဖြစ်မှ ကျောင်းအကာပါရှင်၊ ဘဝ
ဆိုတာ ဘာမှရေရာတာမဟုတ်ပါဘူး။ ရေပေါ်အရုပ်ရေးသလိုပါ
ဗျ"

ပန်းယွန်း တည်တည်ငြိမ်ငြိမ်နှင့် ပြန်ပြောသံက တိုးပေ
မယ့် နောင်ခွန်းဆက် ကြားဖြစ်အောင် ကြားလိုက်လျှင် ဒေါသူပုန်
ထသွားလေ၏။

"ဘာ! မင်းက အဲလိုပေါ့ပေါ့လေး သဘောထားတယ်
ဟုတ်လား။ ငါ့ကို ရာသက်ပန်မရည်စူးဘူးပေါ့။ ဟုတ်လား ပန်း
ယွန်း. . . တောက်! "







www.burmeseclassic.com

www.burmeseclassic.com



ပန်းယွန်း မျက်နှာငယ်လေးနှင့် ဆရာ့ကိုလျှောက်
ချက်ပေးရပါသည်။

"ပန်းယွန်းဘက်က မရည်ရွယ်တာမဟုတ်ပါဘူး ဆရာ
ပန်းယွန်းက နှိမ့်ပါးသူမို့ အခြေအနေတွေကို မယှဉ်ရဲတာပါ။
ကြမ္မာကို မယုံရဲတာပါ"

"မရဘူး၊ ကံကြမ္မာဆိုတာ လူကလုပ်တာ။ အခြေအ
ဆိုတာလည်း လူကဖန်တီးတာပဲ။ မင်း ငါ့အပေါ်သစ္စာရှိနေ
ဆိုရင် အရာရာကို ငါရင်ဆိုင်ရဲပါတယ်"

"ပန်းယွန်း ဆရာ့အပေါ်မှာ ထာဝရ သစ္စာရှိနေမှာ
ရှင်။ ပန်းယွန်း ကိုယ့်အသက်ကို လောင်းကြေးထပ်ပြီး ကတိပြု
တယ်"

ပန်းယွန်း ကတိစကားဆိုလေမှ နောင်ခွန်းဆက် 
နပ်သွားသည်။ ထမင်းပွဲပြင်ပြီးတော့ သူတို့သုံးယောက် အတူ
ကြရင်း ဖုန်းလာသဖြင့် နားထောင်ရ၏။

"သား. . . မေမေပြန်လာမလို့ ညည်သည်လည်း ပါလ
မယ်နော်"

"မေမေရော နေကောင်းလားမေမေ။ မေမေ့ပါ ခေါ်
ခဲ့ပါလားဗျာ"





"မေမေတော့ မပါဘူး၊ မေမေခေါ်လာမယ့်ညည်သည်က
အရေးကြီးတယ်နော် သား"

"မေမေ့ညည်သည်ဆို ဘယ်သူဖြစ်ဖြစ် သား ဂရုစိုက်မှာ
ပါ မေမေ"

"အေးအေး. . . ပြီးရော၊ တော်ကြာ သားကြောင့် မေမေ
မျက်နှာပျက်နေရမှာစိုးလို့"

မေမေ ဖုန်းပိတ်သွားပေမယ့် ဒီဘက်မှ နောင်ခွန်းဆက်
စေတွေးပွားရပေပြီ။ မေမေခေါ်လာမယ့်ညည်သည်ဆိုတာ ဘယ်
သူလဲ။

"မဖြစ်ပါဘူး။ သားရဲ့လောကမှာ မိန်းမတစ်ယောက်
ကောင်းတာနဲ့ မိန်းမထုကြီးတစ်ရပ်လုံးကို စိတ်နာနေလို့တော့
ဘယ်ဖြစ်မလဲ၊ မေမေတို့ကလည်း သားအနားမှာ အမြဲနေမပေး
ဘူး။ သင့်တော်ရာမိန်းကလေးတစ်ယောက်ယောက်နဲ့ စီမံပေး
မှာပါ"

"မေမေနော်၊ သား မိန်းမတွေကိုမုန်းတယ်၊ အလကား
ဘယ်သူမှသစ္စာမရှိကြဘူး။ ခေါ်ကာရဆွေ လျှောက်လုပ်မနေနဲ့"

မေမေမပြန်ခင် ဆွေးနွေးသွားသည့်ကိစ္စ။ ယခု ညည်
သည်ဆိုတာ ဘယ်သူပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ဆရာရယ်. . . ထမင်းပဲ ဖြောင့်အောင်စားပါဦး။ နောက်မှ လာမယ့်ဘေး ပြေးတွေ့ကြတာပေါ့။ ဘာမှပူမနေပါနဲ့"

ထမင်းကို သုံးယောက်သား စိတ်မပါလက်မပါ စားလိုက်ကြပြီးလျှင် ပန်းယွန်း ကိုယ့်အခန်းထဲသို့ဝင်ခဲ့သည်။ ဆရာတို့နှစ်ယောက် ကြိုက်သလိုဆွေးနွေးကြပါစေ။

ပန်းယွန်း ညဝတ်အင်္ကျီလေးတွေကို ထုတ်ဖြန့်ကြည့်နေမိတော့ ညကိုးနာရီရှိပေပြီ။ ဆရာတို့နှစ်ယောက် ဘယ်လို အဖြေထွက်သွားကြသလဲဆိုတာ သူမ မစဉ်းစားတော့။

ညဝတ်အင်္ကျီတွင် သုံးထည်တောင်။ သက်တောင့်သက် သာနှင့် လှလှပပအင်္ကျီလေးတွေ။ အဝါရောင်ဖျော့ဖျော့၊ အစိမ်း ရောင်ဖျော့ဖျော့နှင့် အပြာဖျော့လေး သုံးထည်။ လှလွန်းလို့ ဝတ် တောင်မဝတ်ရက်ပေမယ့် ဆရာက သူ့နေရာနဲ့သူ စမတ်ကျကျ စနစ်ကျကျ ဝတ်ရမယ်တဲ့လေ။

ပန်းယွန်း အဝါရောင်ဖျော့ဖျော့အင်္ကျီလေးကို လဲဝတ် လိုက်သည်။ နောက် အိပ်ရာပေါ်မှာ လဲလျောင်းရင်း ကိုယ့်ဘာ ရှေ့ရေးကို ရေရာသလိုခံစားရပြီး သိမ်ငယ်နေမိသည်။





ဆရာ့မေမေ ရောက်လာရင်တော့ ငါ့ဘဝ ကမောက်ကမ ဖြစ်ဦးမှာလား။

ဒီညနေရော အိပ်မက်ထဲမှာ မမငုဝါ လာဦးမှာလား။ မငုဝါမကလို့ ဘီလူးကြီးပဲလာလာ၊ သူမ လည်စင်းခံလိုက်တော့ ည်။ ဆရာ့အခန်းထဲသို့ မသွားရဲတော့ပါ။

တော်ကြာ မစွန်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်း ညီဆိုသလို ပန်းယွန်းဘဝပျက်လိမ့်မည်။

စိတ်ကိုတင်းပြီး ဘုရားရှိခိုး ဖရိတ်တွေရွတ်၊ နောက် န်းယွန်း ညဝတ်အင်္ကျီလှလှလေးနှင့် အိပ်ရာပေါ်မှာ လှဲအိပ်လိုက် သည်။

"ခေါက်! ခေါက်! "

တံခါးခေါက်သံကြောင့် ပန်းယွန်းလန့်နိုးသွားပြီး စိတ် ခြောက်ခြားနေစဉ် အပြင်မှ ခေါ်သံထွက်လာသည်။

"ပန်းယွန်း. . . ပန်းယွန်း"

ဆရာ့အသံ။ ဆရာဘာဖြစ်လို့လဲ။ ပန်းယွန်းစိတ်ထဲ လေး ားခဲ့သည်။ ချစ်သူတွေမို့ တွေ့ဖို့ခေါ်တာဆိုရင် လွယ်ပါ့မလား။ မ ဒီအိမ်မှာ နေသင့်တော့ရဲ့လား။

ပန်းယွန်း တံခါးဖွင့်ပေးလိုက်တော့ ဆရာက အထဲဝင်



www.burmeseclassic.com

www.burmeseclassic.com



မလာမေမယ့် အပြင်သို့ဆွဲခေါ်သွားခဲ့သည်။

"ဘာဖြစ်လို့လဲဆရာ"

"စကားတွေပြောရဦးမယ်လေ၊ မေမေလာတော့မယ်"

နှစ်ယောက်သား ခြံထဲဆင်းပြီး မြက်ခင်းစပ်က ခုံတန်းမှာထိုင်ရသည်။

"ဆရာ့မေမေကရော မိန်းမတွေ မုန်းသလားဟင်"

"မမုန်းပါဘူး။ ဒါပေမဲ့ သူ့သားရဲ့အိမ်မှာ ကောင်မလေးတစ်ယောက်တွေ့ရင်တော့"

"ပန်းယွန်းနားလည်ပါပြီဆရာ၊ ပန်းယွန်း ဘာဆက်လုပ်ရမလဲ"

"လောလောဆယ် မေမေရှိတုန်း ပန်းယွန်းကို ကိုကိုမင်းခင့်ရဲ့ရွာကို ပို့ထားလိုက်မယ်"

"သူ့ရွာက ဘယ်မှာလဲ"

"မကွေးနားမှာ"

"ပန်းယွန်းအတွက် စိတ်မညစ်ပါနဲ့ဆရာ။ ပန်းယွန်း အိမ်ခဏပြန်နေလိုက်မယ်"

"စိတ်မချပါဘူး။ ပန်းယွန်းရဲ့ပထွေးနဲ့လေ။ ကိုကိုပြောတဲ့အတိုင်း မင်းခင့်ရဲ့ရွာကိုသာ ခဏသွားနေ"





"ဝေးတယ်၊ ဒီရန်ကုန်မှာပဲ တစ်နေရာရာမှာ ပို့ထားပါလား"

"မဖြစ်ဘူး။ သူ့ရွာပဲပို့ထားလိုက်မယ်။ မေမေ ဘယ်နေ့လာမယ်မသိဘူး။ ပန်းယွန်းကို ရွာပို့ထားလိုက်မယ်။ မေမေပြန်တော့မှ လာခေါ်မယ်လေ"

ပန်းယွန်း မမငုဝါ၏စကားကို ကြားယောင်မိလိုက်၏။ သူယုံသတ်လို့သေတာ။ 'အနီးဆုံးလူကို သတိထားပါ' ဆိုသည့်စကား။ တော်ကြာ ကိုမင်းခင့်ရဲ့ရွာကိုလိုက်သွားပြီး ကိုမင်းခင့်ရဲ့ နီးဖြစ်သွားလျှင် ပန်းယွန်းတစ်သက်လုံး ဒုက္ခရောက်ရလိမ့်မည်။

သူမ ဘာမှပြန်မပြောတော့ဘဲ နေရာမှထရပ်လျှင် ဆရာက သူမကိုလှမ်းဆွဲလိုက်သဖြင့် ဆရာ့ရင်ခွင်ထဲ အော်တိုရောက်သွားရ၏။

"ဘာဖြစ်လို့လဲကွာ၊ ကိုကိုက သင့်တော်သလိုစီစဉ်တာ ဘာဖြစ်လို့ လက်မခံချင်ရတာလဲ။ ပန်းယွန်းရဲ့အိမ်ကိုတော့ လုံးဝပြန်မလွှတ်နိုင်ဘူးနော်။ ပန်းယွန်းအိမ်ပြန်ရင် ပထွေးနဲ့တွေ့မှာပဲ။ ပထွေးစာ မိမှာပဲ"

"ပန်းယွန်းသိပါတယ် ဆရာရယ်၊ ကိုယ့်ဘဝ ကိုယ်အပျက်မခံပါဘူး။ ဒါပေမဲ့"

www.burmeseclassic.com



"တော်ပြီကွာ၊ ပန်းယွန်း ဘာဖြစ်လို့ ကိုကို့ကိုမယုံကြည်ရတာလဲ။ ကိုကိုစီမံတာကို ဘာဖြစ်လို့ မနာခံချင်ရတာလဲ"

"ပန်းယွန်းစိတ်ထဲမှာ ထင့်နေတယ်၊ တစ်ခုခုအနှောင့်အယှက်ရှိတော့မလိုပဲ။ ကဲပါ. . . ပန်းယွန်းသွားအိပ်တော့မယ်"

"မရဘူး ပန်းယွန်းကြည့်ရတာ ကိုကို့ကိုမချစ်သလိုဘဲ။ စိတ်ထဲမပါသလိုကြီး။ ဘာလဲကွာ. . . ကိုကို့ကိုမချစ်တာလား။ ကိုကို့အချစ်ကို မယုံကြည်တာလား"

သူမကိုပွေ့ချီထွေးဖက်ထားရင်း နောင်ခွန်းဆက် မချင့်မရဲတွေဖြစ်လာလျှင် သူမ ကြောင်ပေါက်စလေးလို အတင်းရုန်းထွက် ကုတ်ဖဲ့ချင်မိသည်။

ဆရာ့အချစ်ကို သူမ မယုံရဲ၊ တစ်နေ့မှာ ဒုက္ခရောက်မည်လို့ပဲ ခံစားနေရသည်။ သည်တော့ ဒုက္ခရောက်လျှင်လည်း ဒုက္ခကြီးကြီးမရောက်ရအောင် သူမပုံသဏ္ဌာန်က အသင့်အနေအထား။

နောင်ခွန်းဆက် သူမရဲ့မျက်နှာလေးအနှံ့ မွှေးကြူရင်း နှုတ်ခမ်းနုနုလေးဆီ ရောက်လာတော့ ပန်းယွန်း ဆရာ့ရင်ဘတ်ကို အသာအယာတွန်းလိုက်မိသည်။

"တော်ပြီ ဆရာ၊ ပန်းယွန်းဘဝက ဖားသွားပေါ်တ





မှန်ညှင်းစေ့လို တည်းတည်းလေးရယ်။ ပန်းယွန်း ကိုယ့်ဘဝကိုယ် စဉ်းစားပါရစေဦးနော်"

"ဟင့်အင်းကွာ၊ ပန်းယွန်းကို ကိုကိုအရမ်းချစ်တယ်။ ကိုကို မင်းကို တစ်နပ်စားဉာဏ်နဲ့ အကောက်ကြံနေတာမဟုတ်ဘူးလေ။ သေတစ်ပန်သက်တစ်ဆုံး ရည်စူးတာ"

"ဒါပေမဲ့ ပန်းယွန်းက မိန်းမသားပါရှင်၊ ဆရာ. . ."

"အဲဒီအခေါ်အဝေါ်ကိုလည်း ပြောင်းတော့။ ကိုကိုခေါ်၊ မခေါ်ရင် ကိုကို့အဆိုးမဆိုနဲ့"

"ကိုကို"

ပန်းယွန်း တိုးတိုးလေး ခေါ်ကြည့်တော့ နောင်ခွန်းဆက် နားဝင်ပီယံဖြစ်လိုက်တာ ဘယ်အရာနှင့်မှမတူ။ ချစ်စရာခွေးပေါက်လေးကို ပွေ့နည်းမျိုး ပွေ့ဖက်ဖျစ်ညှစ်ချင်လှပါဘိ။ ဒါက လူမလေးမို့သာ၊ အားနာလို့သာ။

"ပန်းယွန်းတောင်းပန်ပါတယ် ကိုကိုရယ်။ လက်မထပ်ရသေးခင်အထိ ဘာမှမဖြစ်တာ အကောင်းဆုံးပါ။ ကိုကိုက လူကြီးပါနော်"

"ပန်းယွန်း ဘာတွေကြောက်နေတာလဲကွာ"

"ကံကြမ္မာကို မယုံရဲလို့ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကိုကို့ကို ပြန်မွှေးခဲ့ တစ်ချက်ထဲ"

နောင်ခွန်းဆက် သူ့ပါးတစ်ဖက်ကို ထိုးပေးရင်း အကျပ်ကိုင်နေပုံက ပန်းယွန်းကို လွှတ်ကိုမလွှတ်။

"ခက်လိုက်တာ ကိုကိုရယ်၊ ဒါဆိုလည်း ကိုကို့မျက်လုံး ကြီးမှိတ်ထား"

"အိုကေ"

သူမျက်လုံးမှိတ်ထားခဲ့ ပန်းယွန်း ကိုကို့ညာဘက်ပါးကို ရှုပ်ခနဲတစ်ချက်မွှေးခဲ့ပြီး လွင့်နေအောင် ပြေးထွက်ခဲ့ပါလေတော့သည်။



## အခန်း(၁၅)

သမီးပျောက်နေတာ တစ်လကျော်ပြီမို့ ဒေါ်မေမေလှိုင် ရှာကာမအေ၏။ ဒီခေတ်ကြီးထဲ လူကောင်းသူကောင်းဆိုတာက လည်း ရှာမှရှားပါဘိ။ ဘုရားသိကြားမလို့ ငါ့သမီးလေး သူတော် ကောင်းတို့လက်ထဲမှာ ရှိနေပါစေ။

ဒေါ်မေမေလှိုင် ခင်ပွန်းဖြစ်သူကိုလည်း အလွန်စိတ်နာသည်။ ဖွတ်ကြီး။ ဖွတ်ထွက်မှ တောင်ပို့မှန်းသိရတယ်။ သူမက လည်း လုလုပပ စိုစိုပြည်ပြည်မို့ အားကိုးအားထား၊ မားမားမတ် မတ်ရမလားလို့ ယူမိပါသည်။

ယခုကျ သမီးလေးအရွယ်ရောက်လာကာတည်းက မအေ တိုပစ်ပြီး သမီးကိုဆင်ကြဲကြဲ ခွေးကြဲကြဲနေတော့သည်။ ဟိုညှ



www.burmeseclassic.com

www.burmeseclassic.com



က သမီး သူ့ကိုရိုက်ပြီး ထွက်ပြေးသွားတာပဲဖြစ်ရမည်။

အဲဒီကတည်းက သူမနှင့်အဆင်မပြေလိုက်တာ ယ

အထိပါပဲ။ ကားသမားမို့ ကားထွက်တာနှင့်ရောပြီး အိမ်ကို ပြ

တစ်ရက် မပြန်တစ်ရက်ပါပဲ။ သူမကလည်း ဒင်းမပြန်လေ ကြိုက်

လေ။ သမီးကိုသာ တွေ့လိမ့်နိုးနိုးနှင့် ရှာဖွေနေမိသည်။

သမီးရဲ့အဖေ သူတော်ကောင်းကြီး ထားခဲ့သည့်အိ

ကလေးရှိလို့သာပေါ့။ ရွှေတို့ရွှေစများကတော့ ပြောင်ပါပြီ။

မေမေလှိုင် ခုတော့ ကိုယ့်ဖမ်းစာကိုယ်ရှာစားရင်း သမီးကိုသ

တမ်းတနေမိသည်။

ဒီလူရှိရင်တော့ သမီးနှင့်ဖြစ်မှာမဟုတ်။ ကွဲချပ်ပြန်တော

လည်း ဒင်းက ဂရုမပေး။ မခံချိမခံသာကလည်း ပြောသေး

"မင်းကိုမက်လွန်းလို့တော့ မဟုတ်ဘူးနော်။ မင်း

သုံးစားမရတော့ပါဘူးကွာ။ အသီအသားကုန်နေပါပြီ။ မင်းရဲ့သ

လေးကိုမျှော်လင့်ပြီး ဆက်ပေါင်းနေရတာ"

"ခွေးကြီး . . . ရှင့်ကို ကျွန်မသတ်မယ်"

"သတ်လေ၊ သတ်လို့ရရင် သတ်ပေါ့ကွာ . . . ဟဲဟဲ

"တစ်ဘဝစံကြီး။ အကုသိုလ်တုံးကြီး"

"သေချာတာပေါ့ ငါက တစ်ဘဝတော့ တောင်းတော





စံသွားမှာ။ မအေတစ်ဖက် သမီးတစ်ဖက်နဲ့စံစားရဦးမှာ။ ငါ့ကို

သတ်ချင်ရင် ရိုးရိုးတော့သတ်လို့မရဘူးနော်။ နပန်းလုံးပြီး သတ်

မှပဲ ရမယ်"

ဒေါ်မေမေလှိုင်တစ်ယောက် သူ့ကို ရင်ထဲမှာ တူးခါး

နေအောင် မုန်းမိပေမယ့် ဘယ်လိုမှမတတ်နိုင်တော့ပါ။ သူမရဲ့

အဖြစ်က လင်ကုန်ရုံးလို့ တစ်သက်လုံးမှောက်နေရပေပြီ။ ကိုယ်

တစ်ယောက်တည်း မှောက်နေရရင် ခါးစည်းခံနိုင်ပေမယ့် ယခု

တော့ သမီးလေးပါ အဆစ်ပါနေရသည့်ဘဝ။

ယခုလည်း ညကိုးနာရီလောက်ကြီး ရှိနေပြီမို့ ဒေါ်မေ

မေလှိုင်တစ်ယောက်တည်း အိမ်ကိုတံခါးပိတ်ကာ စက်ချုပ်နေလေ

သဲ၊ အပြင်မှ ခုနစ်သံချီနှင့် မူးယစ်ရမ်းကားလာသည့် ဦးမြဲထိုက်

အသံကို ကြားလိုက်ရလျှင် ခေါင်းထဲပင် မိုက်ခနဲဖြစ်ရ၏။

"ဟော့! မေလှိုင်၊ မိန်းမ . . . မိန်းမရေ"

"မိန်းမ . . . မင်းယောက်ျားကြီး ပြန်လာတယ်လေ၊ လင်

ယ်ရှိနေရင် နောက်ပေါက်က ပြန်လွှတ်လိုက်နော်။ အချိန်မီသေး

တယ်"

"ငါက သဘောထားကြီးပါတယ်ကွာ၊ ငါပြန်လာလို့ ငါ့

မိန်းမဖြစ်နေရင် ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဗုဆိုးကိုကွင်းသိုင်းပြီး ခေါင်ချာစိုင်းအောင် မှူးနေပုံက
အော်ဂလီဆန်ချင်စရာ။ ခြော်. . . ငါဘာဖြစ်လို့များ ကားသမာ
အောက်တန်းစားကောင်ကို ယူခဲ့မိပါလိမ့်။

"ဟော့! မိန်းမ၊ မင်းချစ်ချစ်ကြီးကို တွဲပါဦး။ ထူပါဦး
ရက်စက်လှချည်လားကွာ. . . အစကတော့ မင်းပဲ ငါ့ကိုချစ်တယ
ဆို"

အိမ်ပေါ်မက်တက်ရင်း ချော်ကျနေပေမယ့် ဒေါ်မေ
လှိုင် သွားမထူ။ အရက်သမားကိုယူမိပြီး ကိုယ့်ဝမ်းစာ ကိုယ်ရ
စားနေရတဲ့အဝကို ဘာမက်နေရဦးမှာလဲ။

"ဟော့! မေလှိုင်၊ ငါ့ကိုထူဦးလေ"

"မထူနိုင်ဘူး။ ကိုယ့်ဘာသာ ရအောင်တက်"

"ခွေးမ. . . မျောက်မ. . . နင်က ဘယ်လင်ငယ် အ
ကိုးနဲ့ ငါ့ကိုအာခံနေတာလဲ"

"အန်ဖတ်ဆို့ပြီး သေပါစေ။ အမူးသမား အရူးသ
ကျ သေမင်းက လာမခေါ်နိုင်ဘူး။ ကားတွေကလည်း မတို
ကြဘူး"

"ကြည့်စမ်း! ငါ့ကိုကျိန်ဆဲနေလိုက်တာ။ နင်သာ ထ
သွားရင်း ကားတိုက်သေမှာ။ သွား. . . ငါ့ဖို့ ထမင်းခူးထား"





"ရှင့်လုပ်စာမှ မရှိတာ၊ ကိုယ့်တစ်ယောက်စာပဲ ချက်
ထားကာ။ စားလို့ကုန်ပြီ"

"အောင်မာ! ဒီလောက်လူပါးဝတဲ့မိန်းမ သေစမ်း! နင့်
ကို ငါသတ်မယ်"

အမူးသမားက ဒေါ်မေမေလှိုင်ကို ဆံပေါ်မှဆွဲချပြီး
လက်သီးနှင့်ထိုးနေပုံက ထိတာထိ၊ ချော်တာချော်။ သူ့ကိုတွန်း
လှဲပြီး ဒေါ်မေမေလှိုင် အိမ်ပေါ်မှဆင်းပြေးလာတော့ လမ်းထဲမှ
လူတွေက ကူညီရအောင် ထွက်ကြည့်နေကြ၏။

"ဟော့ကောင်မ. . . ပြန်လာခဲ့စမ်း! ကိုယ့်လင် အိမ်ပြန်
လာတာတောင် မကြိုဆိုတဲ့မိန်းမ။ လင်ငယ်ရှိနေလို့ ငါ့ကိုအာခံ
နေတာ"

အော်ဟစ်သောင်းကျန်းနေသည့် ဦးမြတိုက်ကြောင့် ဒေါ်
မေမေလှိုင် အရှက်ကွဲနေရ၏။ ဘေးမှရပ်ကြည့်နေသူများမှာ သူမ
ရဲ့အိမ်နီးချင်းတွေ။

"မမလှိုင်. . . သူ့အရမ်းမူးနေတာ၊ ရှောင်နေနော်"

"အေးပါ ညီမရယ်၊ အေးချမ်းနေတဲ့ရပ်ကွက်ထဲကလူ
တွေကို မမအားနာပါတယ်ကွယ်။ မမလည်း ဝဋ်ကျွတ်ချင်လှပါ
ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ပြေး...ပြေး...မမ၊ သူ့လက်ထဲမှာ ဓားကြီးနဲ့

ဦးမြဲထိုက်မှာ အမူးတွေ နည်းနည်းပြေလာပြီး အိမ်
ရှိဓားမြှောင်ကို ဆွဲနှုတ်ယူကာ၊ ဒေါ်မေမေလှိုင်နောက်သို့ ဆ
လိုက်လာသဖြင့် မြင်ရသူအပေါင်းက ပိုင်းအော်ကြသည်။

"ပြေး...မမရေ ပြေး..."

"ဟော့လူ...ဟော့လူ၊ လွှန်မယ်နော်...လွှန်မယ်

လူမိုက်လူရမ်းကား အမူးသမားမို့ မည်သူမျှ ကိုယ်
လက်ရောက် ဝင်မဆွဲရဲကြ။ ရင်တမမနှင့် ကြည့်နေကြရသ
အချို့ကလည်း ဒေါ်မေမေလှိုင်ကိုကူညီဖို့ စဉ်းစားကြသနေကြ

"ဟိုကောင်မ...နေဦး၊ ခွေးမ...ဒီနေ့ နင့်ကိုအပြ
ရှင်းမယ်"

ဒေါ်မေမေလှိုင် လှည့်မကြည့်။ ရှေ့သို့သာ အားသွန်
စိုက်ပြေးနေဆဲ...

"ဟာ!"

"ဟင်!"

"ဟယ်!"

"အား..."

နောက်ဘက်မှ အာမေဍိတ်သံပေါင်းစုံနှင့် ဦးမြဲထိုက်





အသံနက်ကြီးကြောင့် ဒေါ်မေမေလှိုင် အလန့်တကြားလှည့်ကြည့်လိုက်သည်။

"ဟင်! အမယ်လေး..."

မထင်မှတ်သောမြင်ကွင်းကြောင့် ဒေါ်မေမေလှိုင် ကြက်သေသေသွားရ၏။ ဦးမြဲထိုက်တစ်ယောက် ရင်ဝမှာ ဓားတန်းလန်းနှင့် လဲကျနေလိုက်တာ၊ သွေးတွေ ပန်းထွက်နေလေ၏။ သူ့အကုသိုလ်နှင့်သူ ကိုယ့်ဓားနှင့်ကိုယ်ပြန်ထိုးမိခြင်းပါပဲ။

မူးမူးနှင့် ဒယီးဒယိုင်ဆိုတော့ ခလုတ်တိုက်ပြီးအလဲ၊ ကိုယ့်ဓားနှင့်ကိုယ် စိုက်ရင်မိခြင်း။ ဒေါ်မေမေလှိုင် တောင့်တောင့်ကြီးရပ်ကြည့်နေမိသည်။ သူမကို အမြဲနှိပ်စက် အမြဲဆဲဆို ရမ်းကားနေသည့်လင်မို့ ဒေါ်မေမေလှိုင် စိတ်ကုန်နေတာ ကြာပေပြီ။ သူမမှာ တည်မိသည့်ဘုရားမို့သာ လဒအနားခံနေရပေမယ့် ယခု သူသေသွားလည်း တုန်လှုပ်ခြင်းမရှိတော့။

လင်မယားပေမယ့် အချစ်တွေကုန်ပြီး အမုန်းတွေပဲ ကြီးစိုးနေခဲ့ပြီ။

"အမယ်လေး...လုပ်ကြပါဦး...လုပ်ကြပါဦး"

အနီးအနားအိမ်များမှ လူတွေပိုင်းလာပြီး ကြည့်ကြတော့ ဦးမြဲထိုက်တစ်ယောက် သွေးအိုင်ထဲမှာ ဇက်ကျိုးပြီး၊ အသက်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်နေပေပြီ။

"ဖယ်. . . ဖယ်ကြ၊ ဘယ်သူမှမထိကြနဲ့ဦး။ ဒါ ရဲ့
ဆိုင်တဲ့အမှု။ လူသေမှုပေါ့"

"ရပ်ကွက်လူကြီး သွားခေါ်. . . သွားခေါ်။ သူကလ
ဆင့် လိုအပ်တာ လုပ်လိမ့်မယ်"

ရပ်ကွက်လူကြီးကိုပြေးခေါ်တဲ့လူက ခေါ်သည်။ ယ
တော့ ဦးမြဲထိုက်အနားမှာ လူစည်နေပေပြီ။ ရပ်ကွက်ထဲမှ
များမှာ ဓားဒဏ်ရာနှင့်သေနေသော ဦးမြဲထိုက်ကိုကြည့်လိုက်
ခေါ်မေမေလှိုင်ကိုကြည့်လိုက်နှင့်။

ဦးမြဲထိုက် ကိုယ့်ဓားနှင့်ကိုယ် သေသွားတာကို မြင်လိုက်
ရသူတွေကလည်း အများကြီးမို့ ပြဿနာမရှိ။ တစ်ချို့ကလည်
အလိုက်ကမ်းဆိုးမသိ။

"ငိုလိုက်လေ မေမေလှိုင်၊ ငိုချလိုက်"

"တက်သွားဦးမယ်၊ လုပ်ကြပါဦး. . . တချို့က ရက်
မှ အသည်းစွဲတာ"

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကို
ကာ တွေတွေကြီးရပ်နေသည့် ခေါ်မေမေလှိုင်ကို လူတွေက ခံ
ကြေကွဲနေရတယ် မှတ်နေခြင်းပါ။





"ငိုချင်ရင် ငိုလိုက်ပါဟယ်၊ လင်မယားဆိုတော့ သူ့မှာ
ကောင်းကွက်တွေလည်း ရှိမှာပေါ့"

"မရှိဘူး. . . ဘာမှမရှိဘူး။ ဒင်းအတွက် ငါ ဒုက္ခတွေ
ကတွေ ရောက်ခဲ့ရတာ။ ငါ့သမီးလေးကိုလည်း ဒင်း ခော်
အားဖို့ကြံစည်လို့ ထွက်ပြေးခဲ့ရတာ။ ခုမှ ငါဝဋ်ကျွတ်သွားတာ။
သမှာဒေဝနတ်မြတ်နတ်ကောင်းတွေက ငါ့ဒုက္ခကိုမကြည့်ရက်လို့
လိုလုပ်ပေးခဲ့ကြတာ။ ငါပျော်တယ်. . . ပျော်တယ်. . . ဟား
ဟား. . . ဟား"

စိတ်ဖိစီးမှုတွေများလွန်းသဖြင့် ခေါ်မေမေလှိုင် ဟဟား
ဟားနှင့် အော်ရယ်လျှင် ရပ်ကွက်ထဲမှလူများမှာ ထိတ်လန့်ကုန်
ကြလေသည်။

"ဟာ! မေမေလှိုင် သတိထားလေ၊ သတိထား။ နင့်
ယောက်ျားလည်း သေရာက ပြန်ရှင်လာမှာမှမဟုတ်တော့ဘဲ။
စိတ်ကိုထိန်းပါဟယ်၊ နင့်သမီးလေးလည်း နင့်ယောက်ျားသုံးသွား
ကြောင်းကြားရင် နင့်ဆီပြန်လာမှာပါ"

"ဟုတ်တယ်၊ ငါ သူသေကြောင်း သတင်းစာမှာ ပိုက်
ဆံအကုန်ခံပြီး ကြော်ငြာထည့်လိုက်ဦးမယ်။ နာရေးသတင်းထည့်
မယ်။ ဒါမှ ငါ့သမီးလေး ပြန်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်တစ်ယောက်တည်းပေမယ့် အားမငယ်ပါနဲ့ဟယ်။ ငါတို့တွေလည်းရှိတာပဲ"

"မငယ်ပါဘူး. . . ငါ ကလေးမှမဟုတ်တော့ဘဲ။ အရင်တုန်းက ကိုယ့်အားကိုယ်မကိုးခဲ့လို့ သားအမိနှစ်ယောက် ဒုက္ခရောက်ခဲ့ကြတာ။ အခုကတော့ မရတော့ဘူး"

သည်စဉ် ရပ်ကွက်လူကြီးရော ရဲများပါ ရောက်လာကြပြီး ပွဲချင်းပြီးသေဆုံးနေသည့်ဦးမြထိုက်ကို စစ်ဆေးကြသည်။ နောက် ပတ်ဝန်းကျင်ကိုပါ စစ်ဆေးမေးမြန်းကြပြီး အလောင်းကို ဆေးရုံသို့ တင်ဆောင်သွားကြသည်။

ရပ်ကွက်ထဲမှာ ဆူပူသောင်းကျန်းနေပြီး မိန်းမဖြစ်သူကို အမြဲနှိပ်စက်နေသည့် လူရမ်းကားတစ်ယောက်၏ဘဝနိဂုံးကား မလှမပ။ သွေးရဲရဲသံရဲရဲနှင့်။

ကိုယ့်ဒေါသက ကိုယ့်ပြန်စီမံသွားပေပြီ။

ဒေါ်မေမေလှိုင်တစ်ယောက် ရင်ထဲမှာ တုန်လှုပ်နေမိပေမယ့် ကြေကွဲခြင်းမဖြစ်တာတော့အမှန်။

ဒီသတင်းတွေ သမီးလေးသိအောင် သတင်းစာမှာ နာရေးသတင်းထည့်ဖို့သာ အမြန်ဆုံးစီစဉ်ပါတော့မည်။



## အခန်း(၁၆)

ပန်းယွန်း အခုတော့ ခြံထဲမှပန်းတွေအားလုံးကို စိတ်ကြိုက်ခူးခွင့်ရှိလေပြီ။ ကိုယ်က အိမ်ကြီးရှင်ရယ်လို့ ပိုင်ပိုင်နိုင်နိုင်သဘောထားတာကြောင့်မဟုတ်ပေမယ့် ခြံထဲမှပန်းတွေကို ကိုယ့်ပန်းတွေလိုသဘောထားခွင့်ရလိုက်သဖြင့် ပန်းယွန်းပျော်ရွှင်နေမိသည်။

ဒီနေ့ ကိုကိုရော ကိုမင်းခင်ပါ အပြင်သို့ ကားနှင့်ထွက်သွားကြသဖြင့် အိမ်မှာ ပန်းယွန်းတစ်ယောက်တည်း။ ကြောက်စရာတော့မရှိပါ။ ခြံကိုပိတ်ထားတာပဲ။

ခြံထဲမှာရှိနေသည့် နှင်းဆီပန်းတွေ၊ သစ်ခွပန်းတွေကို လျှောက်ကြည့်ရင်း ပန်းယွန်း လိပ်ပြာမလေးလို ပျော်ရွှင်စွာ ဝေ့ဝဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုနေမိခိုက် ခြံရှေ့မှာ ကားဟွန်းသံကြားလိုက်ရသဖြင့် ပန်း
ယွန်း လှမ်းကြည့်လိုက်တော့. . .

"ဟင်! ဒုက္ခပါပဲ၊ လာကုန်ကြပြီ"

ကိုကို့မေမေ။ ဓာတ်ပုံထဲမှာ မြင်ရသည့်အတိုင်း။

"သားရေ. . .သား။ မေမေတို့လာပြီ"

ပန်းယွန်းမှာ ပုန်းပဲနေရမလို၊ တံခါးပဲပြေးဖွင့်ရတော့
မလို။ ကိုယ့်ကိုယ့်ကိုယ်လည်း မလုံမလဲဖြင့်ကြည့်မိ၏။ ဂါဝန်အစိမ်း
နုလေးက အိဖတ်ဖတ်။ လက်ပြတ်လေးမို့ လက်မောင်းလုံးလုံးရှေ့
ကလည်း ဝင်းဝင်းစက်စက်။

"ဟော့! ကောင်မလေး။ တံခါးလာဖွင့်ပေးလေ။ အလို
နင်က ဘယ်သူလဲ။ ငါ့သားက မိန်းမတွေကိုမုန်းတယ် မုန်းတယ်
နဲ့ အခုကျ ကောင်မလှလှလေးတောင် အိမ်ပေါ်ရောက်လို့ပါလား။
ဘုရား. . .ဘုရား. . .ဘာတွေဖြစ်ကုန်ပြီလဲ"

ကိုကို့မေမေမှာ မီးခဲနင်းမိသလို ဆွေ့ဆွေ့ခုန်မတတ်။
သူနှင့်ပါလာသည့်မိန်းကလေးမှာလည်း ချောပါသည်။ မျက်နှာ
လေးကတော့ ခပ်မှုန်မှုန်။

ပန်းယွန်း ကြောက်ကြောက်လန့်လန့်နှင့်ပင် ခြံတံခါးကို
ပြေးဖွင့်ပေးရသည်။ ကိုကို့မေမေ ဒေါ်မြဆက်နှင့် မိန်းကလေး





တစ်ယောက်။

"ညည်းက ဘယ်သူလဲ၊ ငါ့သားရော"

"သူအပြင်ခဏသွားပါတယ်ရှင့်။ အန်တီ ဆရာ့ဆီဖုန်း
ဆက်ရင် သူပြန်လာပါလိမ့်မယ်"

"ညည်း ဆရာကြီးမလုပ်ပါနဲ့၊ ဖွင့်စမ်း! တံခါး"

အိမ်တံခါးကို ပန်းယွန်း အပြေးဖွင့်ပေးရပြန်သည်။ ဒေါ်
မြဆက်နှင့် အဖော်ပါလာသည့်မိန်းကလေးတို့ နှစ်ယောက်သား
အိမ်ထဲသို့ဝင်ကြ၏။ သို့သော် ပန်းယွန်းကိုကြည့်ပုံက ရန်သူတစ်
ယောက်၊ တရားခံတစ်ယောက်ကိုကြည့်သည့်နှယ်။ အထင်သေး
အမြင်သေးပုံစံ။

"ပြောလေ၊ ညည်းက ဘာကိစ္စ ငါ့သားအိမ်ရောက်နေ
ရတာလဲ။ ဘာလဲ. . .ညည်းက မင်းခင်ရဲ့မိန်းမလား"

ပြောရက်လိုက်ပေမယ့် သူမ သည်းခံရပါသည်။ ဒါက
ကိုကို့မေမေ။

"မဟုတ်ပါဘူးရှင်၊ ကိုမင်းခင်ရဲ့နှမပါ"

"ဘာ! ယုတ္တိရှိအောင်လည်း ပြောစမ်းပါအေ။ မင်းခင်
လို ငါးကျီးခြောက်နဲ့ညည်း ဘယ်လိုမှမောင်နှမ မဖြစ်နိုင်ပါဘူး"

"ဟို. . .အမေပါနဲ့ အမေပါမို့ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းယွန်းပါးစပ်ထဲရှိတာ ပြောချလိုက်တော့ ဒေါ်မြဆက်၏မယုံသင်္ကာစိတ်က ပိုပြီးကြီးထွားလေ၏။

"မယုံဘူး. . . မယုံဘူး။ အဖေပါနဲ့အမေပါဆိုလည်း မင်းဒင်က ညည်းကိုကြိုက်သွားမှာပဲ။ ဒီလောက်ချောလှနေမှတော့ ကြိုက်တော့မှာပေါ့အေ့"

"မယုံရင်လည်း သူတို့ပြန်လာမှမေးပါ အန်တီ။ ကျွန်မအန်တီ့အိတ်တွေ အန်တီ့အခန်းထဲပို့ပေးမယ်နော်"

"အေး. . . သယ်သွားလိုက်၊ သမီးရတီအတွက်လည်း တစ်ခန်းပြင်ပေး"

"ဟုတ်. . . ဟုတ်ကဲ့ပါ အန်တီ၊ ဆရာ့ဆီ ဖုန်း. . ."

"ညည်းမဆက်နဲ့၊ ငါဆက်မယ်"

ပြောပြီး ဒေါ်မြဆက် သူ့သားဆီ ဖုန်းပြောနေလေ၏။ ပန်းယွန်းကို ဆူပောက် မာန်မဲနေပေမယ့် သားနှင့်စကားပြောတာကျတော့ ချိုချိုသာသာ။

"သားရေ. . . မေမေတို့ရောက်ပြီ၊ ညီ့သည်လည်းပါလာတယ်။ အဟင်းဟင်း. . . သားကိုအံ့သြစေချင်လို့ အကြောင်းမကြားတာပါ။ ကိစ္စပြီးရင် ပြန်ခဲ့နော်"

"ဪ. . . အိမ်က ကောင်မလေးက ဘယ်သူလဲ သား





ရဲ့။ ဘာလဲ. . . နိုင်းဖို့ခေါ်ထားတာလား။ အိမ်ဖော်ကို ဆင်ပြင်ထားလိုက်တာလဲကွယ်"

"မင်းဒင်နှမ. . . ဟုတ်လား။ သူကလည်း ပြောပါတယ်။ မေမေ မယုံလို့။ ကေန္တ သားတို့ စည်းဝါးကိုက်ထားကြပြီထင်တယ်"

"အေး! ပြန်လာ. . . ပြန်လာ။ သားကို မေမေ အောက်မေ့လှပြီ။ ပါတာပေါ့သားရဲ့။ သားအတွက် လက်ဆောင်လှလှလေး ပါတယ်။ သားမြင်ရင် သဘောကျမှာပါ"

ဒေါ်မြဆက်နှင့် စုရတီနွေးတို့ ပန်းယွန်း တကုန်ကုန်းအလုပ်လုပ်နေတာကို ဧည့်ခန်းမှ လှမ်းကြည့်နေကြ၏။

"အန်တီ ဖြစ်ပါ့မလား၊ ဒီလောက်ချောတဲ့မိန်းကလေးတစ်ယောက် အိမ်ပေါ်ရောက်နေမှတော့ အန်တီ့သားနဲ့မငြိဘဲကို မနေဘူး။ ဇာတ်ရှုပ်ကြီးနော်၊ နွေး ခုညနေကားနဲ့ပြန်မယ်"

"အို! သမီးနွေးကလည်း ဒီလိုအဆင့်အတန်းလောက်ကို အန်တီ့သားက ခေါင်းထဲထည့်မလား။ အခုဟာက မင်းဒင်ကိုသနားလို့ သူ့နှမကိုလက်ခံထားတာတဲ့။ ကောင်မလေးက အိမ်အလုပ်တွေလည်း လုပ်ဖော်ရတယ်လေ။ မြင်တဲ့အတိုင်းပဲ"

"အင်း. . . အလုပ်ကတော့ တော်တော်လုပ်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အန်တီ့ရှေ့မှ ဟန်ရေးပြနေတာလားတော့ မသိဘူး"

"အို! တောသူမတွေဟာ အလုပ်ကိုကောင်းပါတယ်ကွယ်"

ပန်းယွန်း၊ ရတီ့အတွက်အခန်းကို ချက်ချင်းပြင်ဆင်ပြီးသည်နှင့် ရတီ့ကိုလာခေါ်လိုက်သည်။

"လာပါ မမ၊ အခန်းပြင်ပြီးပါပြီ"

ရတီ့အိတ်ကိုဆွဲပြီး သူမအတွက် အခန်းထဲကို ပို့ပေးရ၏။ ရတီက ပန်းယွန်းကိုသေသေချာချာပင် ခပ်ရိုင်းရိုင်းကြည့်နေလေ၏။

"မင်းရောက်တာ ကြာပြီလား"

"တစ်လလောက်တော့ ရှိပါပြီ"

"ကိုကိုက မင်းကိုမကြိုက်ဘူးလား။ မင်းရုပ်ကလည်း ယောကျ်ားကြိုက်ပဲလေ။ တင်တွေရင်တွေက ဖုထစ်ကြွရွနေတာ"

ပန်းယွန်း မျက်နှာပျက်သွားပြီး ရင်ထဲနင့်ခနဲခံစားရပါသည်။ ရတီက လှပေမယ့် ကိုယ်လုံးကတော့ မဖွံ့ဖြိုးရှာပါ။ ပန်းယွန်း ကိုယ့်ကိုယ်ကိုယ် မလုံမလဲပြန်ကြည့်မိပါသည်။ သူပြောသလောက်များ ဖုထစ်ကြွရွနေသလားလို့။

"မကြိုက်. . . မကြိုက်ပါဘူး မမရယ်၊ ပန်းယွန်းက





ဆရာ့ကိုကြောက်ပါတယ်။ မျက်နှာချင်းတောင် မဆိုင်ရဲပါဘူး"

"မင်းအဝတ်အစားတွေကတော့ အပျံစားပါလား။ ဒါတွေအစကတည်းက ပါလာတာလို့ မငြင်းနဲ့နော်။ အသစ်စက်စက်တွေ။ ရေတောင် မလျှော်ရသေးတဲ့ အသစ်စက်စက်တွေ"

"ဒီတစ်ထည်ပဲ အသစ်ပါမမ။ ဒါ အစ်ကိုမင်းဒင် လစာထုတ်လို့ ဝယ်ပေးခဲ့တာပါ"

"မတန်မရာ. . . ဒါ တော်တော်ဈေးကြီးမှာ"

သူမ၏အင်္ကျီကို ကိုင်ကြည့်ပြီး ရတီ ဝေဖန်နေလည်း ပန်းယွန်းခံနေရပါသည်။ ကိုကိုရယ်. . . အမြန်ပြန်လာပါတော့။ မနက်(၁၁)နာရီထိုးတော့မည်မို့ ညီ့သည်တွေအတွက် ထမင်းပွဲပြင်ပေးဖို့ မီးဖိုဘက်သို့သွားမည်ပြင်စဉ် ဆရာတို့ကား ခြံထဲသို့ ဝင်လာသံကြားလိုက်ရသဖြင့် ပန်းယွန်း စိတ်သက်သာရာရသွားသည်။

ရတီ့အခန်းထဲမှ သူမ ခေါင်းလေးညွတ်ပြပြီး ထွက်ခဲ့တော့ ရတီကလည်း သူနိုးဖမ်းသည့်ပုံစံနှင့် သူမနောက်မှ ထပ်ချပ်လိုက်ခဲ့သည်။

ဒေါက်တာနောင်ခွန်းဆက်ကလည်း ညီ့ခန်းထဲမှာ မိခင်ကို နှုတ်ဆက်စကားပြောနေပေမယ့် မျက်လုံးက ဟိုရှာဒီရှာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! သား၊ ဘာတွေရှာနေတာလဲ"

"ဟို. . .မေမေ့ညှိသည်ဆိုတာ ဘယ်မှာလဲလို့ပါ။ ဟို ကောင်မလေး ပန်းယွန်းကရော မေမေတို့ကို သေသေချာချာမှ နေရာချထားရဲ့လား။ ညှိခံရဲ့လား"

"နေရာကတော့ ချထားပါတယ်ကွယ်၊ ညှိကတော့ ခုထိ ဘာမှမကျွေးမွေး ညှိမခံသေးဘူး"

"သည်းခံပါမေမေရယ်၊ သူက မင်းဒင်ရဲ့ညီမလေ။ ဘာ လုပ်လုပ် အလွှဲလွှဲအချော်ချော်ပဲ။ တောသူမလေးမဟုတ်လား"

"ရပါတယ်၊ ဒါပေမဲ့ သားလေးသံက ကရုဏာသံပေါက် နေတယ်နော်။ ကောင်မလေးက ရုပ်ချောတော့ နှစ်များနှစ်သက် သွားပြီလားလို့"

"ဟာ! မေမေကလည်း ကြံကြံဖန်ဖန်၊ ဒီအဆင့်အတန်း လောက်ကိုများ သားက ခေါင်းထဲထည့်မလား"

သူတို့နှင့်မလှမ်းမကမ်းမှာ ရောက်နေသည့်ပန်းယွန်းမှာ ဆရာ့စကားကြောင့် ခေါင်းထဲ မိုက်ခနဲဖြစ်သွားရ၏။ မိခင်ကျေ နပ်အောင် ပြောနေရတယ်ဆိုပေမယ့် ဒီလောက်တော့ မပြောသင့် ပါလေ။

ဒီအဆင့်အတန်းတဲ့။ တကယ်လည်း ဟုတ်တာပဲလေ။





ဆရာနဲ့ငါ့အဆင့်က မိုးနဲ့မြေလောက်ပါ။ ငါစိတ်ရူးထပြီး ဆရာ့ကို ချစ်မိတာ ငါမှားတယ်။

ပန်းယွန်း ဝဲတက်လာသည့်မျက်ရည်ကို အံတင်း ပြန် သိမ်းရင်း အားလုံးအတွက် နေ့လယ်စာပြင်ဆင်လိုက်သည်။ ဘဲဥ ပုံဆုံလည်စားပွဲမှာ ဟင်းကတော့ ညှိသည်လာမယ်မှန်းမသိလို့ အိမ်စားသလိုပါ။ သို့သော် အသားငါးနှင့် အသီးအရွက်ကြော်၊ အသုတ်။ ဖွယ်ဖွယ်ရာရာရှိပါသည်။

သူမ ထမင်းပွဲပြင်ပြီးချိန်လောက်မှာ ညှိခန်းထဲမှ ညှိ သည်များနှင့် ဆရာတို့နှစ်ယောက်ပါ ထမင်းစားခန်းထဲသို့ ဝင်လာ ကြသည်။ ပန်းယွန်း ဟိုလိုလိုဒီလိုလိုနှင့် လစ်မလို့ဟန်ပြင်တော့ ဒေါ်မြဆက်က လှမ်းတားလိုက်သည်။

"ဟဲ့! ဒီမှာလိုအပ်တာ လုပ်ပေးဦးလေ"

"ဟုတ်. . .ဟုတ်ကဲ့"

"အလိုက်ကမ်းဆိုးကိုမသိဘူး။ ဒီခေတ်ကြီးထဲ လူတစ် ယောက်စရိတ်ဆိုတာ နည်းတာမဟုတ်ဘူး"

ပန်းယွန်းခေါင်းငုံ့ပြီး စိတ်ကိုတင်းရသည်။ ငါရုပ်ပျက် လို့မဖြစ်ဘူး။ ငါ့ကြောင့် ဆရာတို့သားအမိ စကားအခြေအတင် မပြောစေချင်ပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲမှာ လေးယောက်သား နေရာယူပြီးကြတော့ သူတို့၏ထမင်းပန်းကန်များထဲသို့ ပန်းယွန်း ထမင်းထည့်ပေးရသည်။ နောက် ခပ်လှမ်းလှမ်းမှ လိုအပ်တာလုပ်ပေးဖို့ ရပ်ကြည့်နေရသည်။

နောင်ခွန်းဆက် ပန်းယွန်းကို ရင်ထဲမရှိအောင် သနားနေရပေမယ့် ကိုယ့်မေမေကိုလည်း မျက်နှာမပျက်ရအောင် ဟန်ဆောင်နေရသည်။

ဒေါ်မြဆက်ကတော့ စကားတွေ ရေပက်မဝင်။

"သားရဲ့၊ ရတီကလေ ခု မန္တလေးမှာ ရွှေဆိုင်ဖွင့်ထားပြီ။ ငယ်ငယ်လေးနဲ့ စီးပွားရေးကတော့ တော်တော်ပြင်ပါ့"

"ကောင်းတာပေါ့"

"မေမေကတော့လေ၊ ဥစ္စာပေါ ရုပ်ချော အလိမ္မာ အိမ်ပါဆိုတဲ့ချွေးမကို အမြန်ဆုံးရပါစေလို့ ဆုတောင်းနေတာ။ ခုတော့ ဆုတောင်းပြည့်ပြီပေါ့"

သည်တစ်ခါမှာတော့ နောင်ခွန်းဆက် ဖော်လိုလိုက်လို့မဖြစ်တော့ပြီ။ မေမေက ပေါ်တင်ကြီးပြောနေပြီကိုး။

"မေမေ၊ သားအနာက ကျက်သေးတာမဟုတ်ဘူးနော်။ မိန်းမတွေကို ရန်သူလို့မြင်နေတုန်းပဲ။ ညအိပ်ရင် အနားကလူကို





လည်ပင်းထညှစ်မိလိမ့်မယ်"

"ဘုရား. . . ဘုရား"

ဒါကတော့ စုရတီနွေး ဘုရားတမိခြင်း။ ဒီလူကြီး စိတ်မှန့်ရဲ့လားမသိ။ မယားတရှူးကြီးလား ဘာလား။

"သားကလည်း ရတီလေးကို နောက်နေပြန်ပါပြီ။ သားတ ဒီလိုပဲ အနောက်သန်တယ် ရတီရဲ့"

"မနောက်ဘူး မေမေ၊ သား တကယ်ပဲ မိန်းမတွေကိုမုန်းတယ်။ ညဘက်ဆို အိပ်မက်ဆိုးတွေမက်ပြီး အနားမှာရှိတဲ့လူကိုလည်း လည်မင်းထညှစ်မိတယ်။ မင်းဒင်ဆို သားအနားမကပ်ရဲဘူး"

နောင်ခွန်းဆက် အတည်ပေါက်နှင့်ပြောသလို မင်းဒင်ကလည်း အကဲပါပါ။

"ဟုတ်တယ်. . . ဟုတ်တယ်၊ တစ်ညသား ဆရာအခန်းထဲက အော်သံကြားလို့ ကျွန်တော်တို့မောင်နှမ ပြေးဝင်သွားမိတာ ပန်းယွန်းကို လည်ပင်းထညှစ်လို့ မနည်းဘဲ ပြေးခဲ့ရတယ်"

"အို!"

စုရတီနွေး ကျောချမ်းသွားမိရချေပြီတည်း။ သူ့ပုံက တကယ်လုပ်လုပ်မည့်ပုံကြီး။ ဖြစ်နိုင်လျှင် ရတီ ချက်ချင်းပင် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြေးလိုက်ချင်ပေမယ့် ဒေါ်မြဆက်ကတော့ ကိုယ်မွေးထားသည့် သားမို့ ကိုယ်သိသည်။

"တော်! နောင်ခွန်းဆက်၊ ငါက လက်နဲ့ရေး နင်က ခြေနဲ့ဖျက်နေတာလား။ စားစရာရှိတာ စား။ ပြီးမှ နင်နဲ့ငါ သေချာချာ ဆွေးနွေးရမယ်"

ဒေါ်မြဆက် တင်းလာတော့ နောင်ခွန်းဆက် လျှော့ ရသည်။ ဒီလိုနည်းနဲ့ မေမေ့ကိုမရ။

"ကဲပါ မေမေရယ်၊ စား. . . စား။ ထမင်းစားတွေ့ ကုန်ပါ့မယ်"

သူတို့လေးယောက် ထမင်းစားပြီးတော့ ညှော်ခန်းထဲ အချိုပွဲဆက်စားကြတုန်း ပန်းယွန်း ထမင်းအမြန်စားရသည်။ ချင်စိတ်မရှိပေမယ့် နည်းနည်းတော့ ဝင်အောင်စားရသည်။

ညှော်ခန်းထဲမှာ အကြိတ်အနယ်ဆွေးနွေးနေကြပြီ။

"သားက မေမေစီမံတာ မနာခံဘူးပေါ့။ ဟုတ်လား"

"မေမေရယ်၊ အေးအေးဆေးဆေးဆွေးနွေးစမ်းပါ။ ရတီနွေးကို အားနာဖို့ကောင်းပါတယ်။ ရောက်တုန်းရောက်ခိုက် နားနားနေနေပေါ့"

သူ့သားပြောတော့မှ ဒေါ်မြဆက် ကိုယ့်စိတ်ကို လျှော့ ရသည်။ ဟုတ်သားပဲ၊ ဒီကိစ္စမျိုးက လောလို့မဖြစ်။

ညှော်ခန်းထဲမှာ ရယ်ရယ်မောမော ပြန်ဖြစ်သွားကြတုန်း ပန်းယွန်း မီးဖိုထဲမှာ သိမ်းဆည်း ဆေးကြောနေရသည်။







www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

ညဆယ်နာရီလောက်မှာ စုရတီနွေး အိပ်ရာဝင်သွားတော့ ဆရာနှင့် သူ့မေမေတို့ ခပ်ကျိတ်ကျိတ်စကားများနေကြတာကို ပန်းယွန်း ကိုယ့်အခန်းထဲမှ ချောင်းကြည့်ရင်း မျက်ရည်ကျနေခဲ့သည်။

ယောက်ျားလေးရှင် မကြည်ဖြူသည့်ဘဝမှာ သူမ ဘယ်လိုဆက်လက်ရပ်တည်ရမှာလဲ။ ပြီးတော့ ဆရာ့ကြည့်ရတာ မိဘကိုလွန်ဆန်နိုင်ပုံမရ။

သူတို့စကားတွေကို မကြားရပေမယ့် ပန်းယွန်း အခြေအနေကိုခန့်မှန်းမိပါပြီ။ သူမ အရှက်မရှိ ကပ်မနေချင်တော့။

အိမ်မှာရော မေမေဘာယ်လိုနေရှာမလဲ။ ဦးမြထိုက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကွဲများကွဲနေမလား။ ရုပ်ဖျက်ပြီး ကိုယ့်ရုပ်ကွက်ကို ပြန်ကြည့်ဖို့ ပန်းယွန်း ဆုံးဖြတ်လိုက်သည်။

ပထွေးသာမရှိဘူးဆိုလျှင် သူမ မေမေနှင့်ပြန်နေမည်။ သားအမိနှစ်ယောက် လုပ်ကိုင်စားသောက်ကြမည်။ ဒီလိုတွေးလိုက်တော့မှ ပန်းယွန်းနေလို့ရသွားသည်။ သူတစ်ပါး မကြည့်ဖြူသည့်ဘဝမှာ အတင်းကုပ်ကပ်ပြီး မနေလိုတော့ပါ။ မနက်ကျရင်တော့ သူမ ဒီအိမ်မှခွာတော့မည်။

ဆရာ့ကို သူမချစ်ပေမယ့် အခြေအနေအရ မဖြစ်နိုင်ပါ။ အလွှာဆိုတာ ခေတ်အဆက်ဆက်မှာ ရှိကြသည်ပဲ။ စိတ်အလိုလိုက်ပြီး ချစ်မိသည့်ဒဏ်ကို သူမ ခါးစည်းခံပါတော့မည်။

ပန်းယွန်း ကိုယ့်အခန်းတံခါးကိုပိတ်လိုက်ပြီး အိပ်ရာပေါ်မှာ လဲလျောင်းလိုက်ပေမယ့် အိပ်မပျော်နိုင်ပါ။ ချစ်မိသည့်ဒဏ်က သူမရဲ့အသည်းကြားကို ဆူးစူးသလို တစ်ဆုံးနှစ်ဝင်နေခဲ့ပြီ။

မျက်ရည်များနှင့် ပန်းယွန်း ကြေကွဲခံစားနေရသဲ ည (၁၂)နာရီလောက်မှာ ဆရာ သူမရဲ့အခန်းတံခါးကို ဖြည်းဖြည်းလာခေါက်ခဲ့သည်။ ပန်းယွန်း အိပ်ချင်ယောင်ဆောင်နေလိုက်၏။ ရင်ထဲမှာ နာကျင် စူးအောင့်နေအောင် ခံစားရပေမယ့် ပန်းယွန်း ဆရာ့ကိုကျောခိုင်းလိုက်ပြီ။





ပညာဗာတ်တွေမို့ တွေဝေတယ်လို့ သတ်မှတ်ရမှာလား။ ဆရာ မစွန့်စားရဲပါဘူးလေ။ မိဘစကားကိုပဲ နားထောင်လိုက်ပါတော့နော်။

မျက်ရည်တွေနှင့် ရှိုက်ငိုမိနေသည့်ပါးစပ်ကို စောင်နှင့်ဆို့ပိတ်ထားရင်း အချိန်တွေကုန်လွန်သွားလိုက်တာ နံနက်(၅)နာရီကျတော့ ပန်းယွန်း ကိုယ့်အခန်းထဲမှ အသာအယာထလိုက်သည်။

သူမဟာ အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် ဒီအိမ်ပေါ်သို့ရောက်လာခဲ့သည်မို့ ယခုလည်း အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့်ပင် ပြန်တော့မည်။ ပန်းယွန်း ဘာကိုမှယူငင်မသွားပါ။ ဆရာဆင်ထားသည့်နားကပ်လေးကအစ အိပ်ရာပေါ်မှာ ချွတ်ထားခဲ့သည်။

လာစဉ်ကအတိုင်းပင် အဝတ်နွမ်းလေးကို ပြန်ဝတ်ပြီး ပန်းယွန်း ဆရာတို့အိမ်မှ ထွက်ခဲ့ပေပြီ။ ရင်ထဲမှာ နာကျင်မိနေသည်မို့ ဘာစာ ဘာနှုတ်ဆက်စကား ဘာသဲလွန်စမှ သူမ ချန်ထားခဲ့တော့ပါ။

ဒါ ဟန်ဆောင်ကစားပွဲမှ မဟုတ်ဘဲနော်။ ဘဝဆိုတဲ့ အကယ့်ကစားပွဲကြီးပေပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းတော့မည်မို့ တိတ်ဆိတ်ငြိမ်သက်နေသည့်အိမ်ကို နောက်ဆုံးအနေနှင့်လှမ်းကြည့်လိုက်ပြီး ခြံတံခါးဖွင့်ကာ သူမ ထွက်ခဲ့ပေပြီ။

တကယ်လို့ မေမေ့အိမ်မှာ ဦးမြထိုက်ကြီးရှိနေဦးမည်ဆိုလျှင်တော့ ပန်းယွန်း သူငယ်ချင်းရှိရာ သန်လျင်သို့သွားမည်။ အဲဒီမှာပဲ လုပ်ကိုင်စားသောက်မည်။ ဘာအလုပ်ပဲလုပ်ရလုပ်ရပါ။

လမ်းမကြီးပေါ်ရောက်သွားတော့ လိုင်းကားတစ်စီးပေါ် တက်ကာ ကိုယ့်ရပ်ကွက်ရှိရာသို့ သူမ ကားနှစ်ဆင့်စီးပြီး ရောက်အောင်သွားဖို့ ခရီးစလိုက်ပေပြီ။



## အခန်း(၁၈)

ပန်းယွန်း ကိုယ့်ရပ်ကွက်ဆီရောက်တော့ နံနက် (၇) နာရီပဲရှိသေးသည်။ အိမ်ဘက်သို့ မရဲတရဲလှမ်းကြည့်လိုက်တော့ အိမ်ရှေ့မှာ တစ်ယောက်တည်း အကျီလက်ချုပ်လိုက်နေသည့်မေမေ့ကို တွေ့ရသဖြင့် ပန်းယွန်း မေမေ့ရင်ခွင်သို့ ပြေးဝင်မိလိုက်သည်။

"မေမေ"

"ဟင်! သမီး. . . သမီး။ ငါ့သမီးလေး. . . သမီးဘာမှ မဖြစ်ဘူးနော်။ မေမေမှာ နေ့တိုင်း မေတ္တာပို့လိုက်ရ လိုက်ရှာလိုက်ရတာ သမီးရယ်။ ကမ္ဘာကြီးက ကျယ်လွန်းတော့ သမီးကိုရှာလို့ မတွေ့ခဲ့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကိုခွင့်လွှတ်ပါ မေမေ။ သမီး သူတော်ကောင်းတွေနဲ့ကြုံခဲ့ရပါတယ်။ ဦးမြဝတိုက်ကြီးရော မေမေ။ သူရှိရင် သမီးပြန်မယ်"

ရပ်ကွက်ထဲမှ ရင်းနှီးသူအချို့လည်း ပန်းယွန်းပြန်ရောက်လာသဖြင့် ဝမ်းသာအားရ လာရောက်နှုတ်ဆက်ကြသည်။

"ဦးမြဝတိုက်ကြီး သေသွားပါပြီကွယ်၊ သမီးသိရင် ပြန်လာအောင် မေမေ သတင်းစာထဲက ထည့်သေးတယ်"

"သတင်းစာလည်း မဖတ်အားပါဘူးမေမေရယ်။ သူဘာဖြစ်လို့ သေသွားတာလဲဟင်"

ပန်းယွန်း၏မေးခွန်းကို ဘေးမှအဒေါ်ကြီးတစ်ယောက်က ဝင်ဖြေသည်။

"သူ့ဒေါသနဲ့သူ၊ သူ့အကုသိုလ်က သူ့ကိုစီရင်သွားတာပေါ့။ ညည်းအမေကို ဓားနဲ့ထိုးရအောင် မူးမူးရူးရူးနဲ့လိုက်တာလေ။ ခလုတ်တိုက်မိပြီး ကိုယ့်ရင်ဝကို ကိုယ့်ဓားနဲ့ထိုးမိပြီး သေသွားတာ"

"ဩော်! ဒီလောက်အကျင့်ယုတ်တဲ့လူကြီး သူ့တရားက သူ့ကိုစီရင်သွားတာပေါ့နော်"

"ဟုတ်တယ် သမီးရေ၊ မေမေတို့သားအမိ အတူတူ





စိတ်ချမ်းသာလက်ချမ်းသာနဲ့ လုပ်ကိုင်စားသောက်လို့ ရပြီပေါ့ကွယ်။ မေမေတော့ အရမ်းဝမ်းသာတယ်၊ ဝဋ်လည်းကျွတ်သွားပြီလေ။ နို့မို့ တစ်နေ့တစ်နေ့ အမူးသမားနဲ့ပေါင်းဖော်နေရတာ အကုသိုလ်ကြီးလွန်းလို့"

သားအမိနှစ်ယောက် စကားတွေ ပြောစရာအများကြီး။ အိမ်နီးချင်းများလည်း အလိုက်တသိနှင့် ပြန်သွားကြပေပြီ။ ဒေါ်မေမေလှိုင် ပန်းယွန်းအကြောင်းတွေကို ရင်တမမနှင့် နားထောင်ရသည်။

"သမီးကိုလက်ခံထားတဲ့ ဒေါက်တာ့နာမည်က နောင်ခွန်းဆက်တဲ့။ သူ့တပည့်နာမည်က မင်းဒင်။ နှစ်ယောက်စလုံး သဘောကောင်းကြပါတယ်"

"သမီးကိုရော မဖွယ်မရာ ဘာမှ. . ."

"အို! မေမေရယ်၊ သူတို့က တကယ့်လူကြီးလူကောင်းတွေပါ"

"အေးကွယ် . . . မောင်မင်းကြီးသားများ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ"

"မနေ့ကတော့ ဆရာ့အမေ မန္တလေးကနေ ရောက်လာတယ်။ ဆရာ့အတွက် သတို့သမီးလောင်းလည်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါသိပြီ၊ သမီးကိုမြင်တော့ ပြဿနာရှာရောမဟုတ်လား"

"အဲဒါထက် ဆိုးတာပေါ့မေမေရယ်။ ထုံးစံအတိုင်း သမီးက ကလေကဝ အုတ်ကြားမြက်ပေါက်ဖြစ်ရတော့တာပေါ့။ သားအမိတွေလည်း စိတ်ဝမ်းတွေ ကွဲတော့မယ်၊ ဒါနဲ့ သမီး သူတို့အိမ်က ထွက်လာခဲ့တာ"

"ကောင်းတယ်၊ တို့သားအမိနှစ်ယောက်ဘဝကို တစ်ကနေ ပြန်စကြမယ်။ ငါတို့မှာ နေစရာအိမ်လည်းရှိပြီ၊ စားဖို့ကတော့ အိမ်ရှေ့မှာစင် အိမ်ဆိုင်လေးဖွင့်ကြမယ်။ စက်လည်းချုပ်မယ်"

"ကောင်းပါတယ်မေမေ၊ ကဲ!. . . ဒီနေ့တော့ သမီးတို့ စကားတွေပဲ ပြောကြမယ်နော်"

"အေးပါကွယ်၊ သမီးသဘောအတိုင်းပါပဲ"

သားအမိနှစ်ယောက် ရင်ဖွင့်ပြောဆိုကြရင်း အေးချမ်းမှု၏အရသာကို နှစ်သက်မိနေကြပေမယ့် ပန်းယွန်း၏ရင်မှာ လောင်ကျွမ်းမြည်ရှလာခဲ့သည့် အချစ်ဝေဒနာ၏ အတိမ်အနက် လှိုက်စားလာမှုကို သူမကိုယ်တိုင်ပင် မသိပါ။ ဝေဒနာဆိုတာ သွေးပုပ်နေတုန်းတော့ မနာကျင်သလိုပါပဲလေ။



## အခန်း(၁၉)

နောင်ခွန်းဆက် အိပ်ရာမှနိုးတော့ နံနက် (၇)နာရီ၊ တစ်ညလုံး အိပ်မပျော်ဘဲ တလူးလူးတလိမ့်လိမ့်ဖြစ်ခဲ့ရသည်မို့ လူက နုံးခွေခွေ။

မေမေ့ကို အဆင်ပြေအောင် ဘယ်လိုများပြောရပါ့မလဲ။ အမှန်အတိုင်းဖွင့်ပြောမှဖြစ်မည်ထင်သည်။

ညက (၁၂)နာရီလောက် လူခြေတိတ်ချိန်မှာ သူ ပန်းယွန်းကိုချော့မော့ဖြောင်းဖြဖို့ ကောင်မလေး၏အခန်းကို သွားခဲ့ပေမယ့် နိုးလို့မရ၊ အိပ်ချင်ယောင်ဆောင်နေတာလည်းဖြစ်မည်။

မေမေ့လုပ်ပုံက သူကလေး၏ရင်ကို နာကျင်ကြေမြည့်စေလိမ့်မည်။ သူတို့နှစ်ယောက်ကြားမှာ အဖုအထစ်တွေ မဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



စေချင်ပါ။

ဒီမနက်တော့ သူ အိပ်ရာမှထလိုက်သည်နှင့် တိတ်ဆိတ်နေသည့်အိမ်ကို သတိထားမိလိုက်သည်။ ခါတိုင်းဆို မီးဖိုဘက်ဆီမှ ပန်းယွန်း၏အသံလေးများကို ကြားရစမြဲ။

ပန်းယွန်းအသံ မကြားရပေမယ့် သူ မေမေ့အသံကိုတော့ ကြားလိုက်ရပါသည်။

"အလိုတော်! အိမ်မှာ သခင်မ မွေးထားကြသလားမသိပါဘူး။ ဘာလဲ. . . ခါတိုင်းရော မင်းတို့ချက်ပြုတ်ပြီးမှ သူကထစားတာလား"

မင်းခင်မှာ မျက်နှာငယ်လေးနှင့် သူ့ကိုလှမ်းကြည့်ပြီး ဖာတ်လှမ်းအရ သူ့ညီမပေမို့. . .

"ခဏနေပါဦး အန်တီရယ်၊ ညီမလေး နေမကောင်းလို့ဖြစ်ပါလိမ့်မယ်။ ခါတိုင်းဆို သူပဲ မနက်စာစီစဉ်တာပါ။ ဒီအချိန်ဆို ပြီးနေပါပြီ။ ကျွန်တော်သွားနှိုးပါဦးမယ်"

မင်းခင် ပန်းယွန်း၏အခန်းသို့သွားကာ တံခါးခေါက်မည်ပြင်တော့ စေ့ထားသည့်တံခါးက အလိုလိုပွင့်သွား၏။ မင်းခင် အထဲသို့လှမ်းကြည့်လိုက်တော့ အခန်းထဲမှာ ဟာလာဟင်းလင်း။

"ဟာ!"





သူတို့အိမ်က တစ်ထပ်အိမ်လေးမို့ ပန်းယွန်း အပြင်မှာမရှိတာ သေချာသိနေရ၏။ အထဲမှာလည်းမရှိဖြစ်နေသည့်အခါ မင်းခင် အခန်းထဲသို့ အလန့်တကြားဝင်ကြည့်လိုက်သည်။

"ဆရာ၊ ဒီမှာ နားကပ်ချွတ်ထားပစ်ခဲ့တယ်။ အဝတ်တွေရော ချွတ်ထားပစ်ခဲ့တယ်။ ဗျာ! ကျွန်တော်တို့မသိဘဲ တစ်နေရာရာ ဒါမှမဟုတ် သူ့အိမ်ပြန်သွားလားမသိဘူး"

"ဟင်!"

နောင်ခွန်းဆက် ပန်းယွန်းအခန်းထဲ ပြေးဝင်ခဲ့ပြီ။ သင့်တော်တာ မသင့်တော်တာတွေ မစဉ်းစားနိုင်တော့။ နောက်မှ သူ့အမေပါ ဝင်လာခဲ့သည်။ နောင်ခွန်းဆက် အိပ်ရာကို သေသေချာချာကြည့်တော့ ခေါင်းအုံးမှာ မျက်ရည်တွေ စွန်းနေတာ မြင်လိုက်ရသဖြင့် ရင်ထဲ နင့်သွားရသည်။

သူ့ဖို့ စာလေးတစ်စောင်၊ သဲလွန်စလေးတစ်စမျှပင် မထားခဲ့ပါလား။ ကောင်မလေး သူ့ကိုအလွန်စိတ်နာနေပြီထင်သည်။ နောင်ခွန်းဆက်နှလုံးသားတစ်ခုလုံး ပူလောင်လာလိုက်သည်မှာ ရင်ထဲမှာ မီးဖိုနေသည့်နှယ်။

"ဟာ! ဒုက္ခပဲ. . . ဒုက္ခပဲ၊ မင်းခင်. . . မင်း သူ့လိပ်စာသိလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ ဆရာရဲ့၊ ဆရာရော မသိဘူးလား"

နှစ်ယောက်သား စိုးရိမ်စိတ်တွေကြောင့် ဟန်ဆောင်ဖို့ မေ့လျော့နေကြလျှင် ဒေါ်မြဆက် ရိပ်မိသွားတော့သည်။

"ဟင်! ဒါနဲ့ မင်းအင်ညီမဆို။ ပြောကြစမ်း. . . နင်တို့ ဇာတ်ရှုပ်ကိုပြောစမ်း"

မထူးတော့ပြီမို့ အမှန်အတိုင်းဖွင့်ပြောဖို့သာ နောင်ခွန်းဆက် စိတ်ကူးပြီး မေမေ့ကိုရင်ဆိုင်လိုက်သည်။

"ဟုတ်တယ်မေမေ၊ ပန်းယွန်းဟာ ကျွန်တော့်ချစ်သူ။ ကျွန်တော် သူ့ကိုပဲလက်ထပ်မယ်။ ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး"

"ဟင်! ဘာ. . . ဘာ. . . အဲဒီမိန်းကလေးက ဘယ်ကလဲ၊ ဘယ်သူ့သမီးလဲ။ ဘယ်မှာနေသလဲ၊ နင် ဘာမှအခြေအမြစ်မသိ၊ အခြေအမြစ်မရှိတဲ့မိန်းကလေးတစ်ယောက်ကို စဉ်းစားစရာလား။ ပညာတွေတတ်ပြီး နင် စုံလုံးကန်းနေသလား"

"သူလည်း နောက်ဆုံးနှစ်ရောက်နေပါပြီမေမေ။ ပညာတတ်ပါတယ်၊ လူတစ်ယောက်ရဲ့အရည်အချင်းနဲ့ စိတ်နေစိတ်ထားကိုမြင်ရင် သိပါတယ်။ မေမေသာ ဇွတ်မမြင်ချင်ယောင်ဆောင်နေတာပါ"





"အလိုတော်! ကဲ. . . ဒါဖြင့် သူ့မိဘမျိုးရိုးနဲ့ သူဘယ်မှာနေသလဲ။ ဘယ်လိုအနေအထားလဲဆိုတာ မင်းသိရဲ့လား"

"သူ့အမေကတော့ ဆုံးသွားပါပြီ အမေပဲရှိတော့တယ်"

"ကဲ! သူဘယ်လိုလုပ်ပြီး မင်းတို့အိမ်ရောက်လာတာလဲ။ ပြောစမ်း"

မေမေ့မေးခွန်းက တရားသူကြီးတစ်ယောက် တရားခွင်မှာ မေးလိုက်သည့်နှယ်။ နောင်ခွန်းဆက် ရဲရဲဝံ့ဝံ့ပင် ရင်ဆိုင်ခဲ့သည်။

"သူ့အမေက နောက်အိမ်ထောင်ထူထားတယ်၊ ပထွေးနဲ့အဆင်မပြေလို့ ထွက်ပြေးရင်း သားကားနဲ့တိုက်မိခဲ့တယ်။ အဲဒီလိုနဲ့ အိမ်မှာ တစ်လလောက် သောင်တင်နေခဲ့တယ်"

"အမယ်လေး! ဘုရား. . . ဘုရား။ ဖြစ်မှဖြစ်ရလေ သားရယ်။ ဇာတ်လမ်းကလည်း မလှမပကြီးပါလား။ သူ့အမေရဲ့ဇာတ်ရှုပ်ကြီးကလည်း မကြားဝံ့မနာသာ။ အိမ်ထောင်များတဲ့မိန်းမပါလား"

"ဒါကတော့ မေမေရယ်၊ တစ်ပင်လဲလို့ တစ်ပင်ထူတာ အပြစ်မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ငါသဘောမတူနိုင်ဘူး။ ငါပေးစားမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရတီ့ကိုပဲ ယူရမယ်''

"မေမေရယ်၊ သားက သူငယ်နှပ်စားလေးမှမဟုတ်တာ၊ ကိုယ်ပိုင်စီးပွားရေးနဲ့ ကိုယ့်ဘာသာ ရပ်တည်နေတဲ့လူတစ်ယောက် ပါ။ သားမှာ ခေါင်းရှိပါတယ်၊ လူငယ်တွေလို နွားသိုးကြိုးပြတ် နွားဝတ်ရေကျမဟုတ်ပါဘူး။ သူ့အသွေးအမွေးနဲ့ သူ့အရည်အချင်း ကိုလည်း သဘောကျလို့ပါ''

မေမေ့ကို အမြန်ဆုံးဖြေရှင်းပြီး နောင်ခွန်းဆက်နှင့် မ ဒင်တို့ ပန်းယွန်းကိုရှာဖို့ အမြန်ဆုံး ကားနှင့်ထွက်ခဲ့ပါသည်။

"သူ့အိမ်ဘယ်မှာရှိလဲ၊ မင်းကိုပြောဖူးလား''

"လှိုင်သာယာဘက်မှာလို့တော့ ပြောဖူးတာပဲဆရာ''

"မင်းအဘ၊ လှိုင်သာယာဆိုတာ အကျယ်ကြီး၊ နော ထပ် မင်းသိတာ ဘာရှိသေးလဲ''

"နေပါဦးဆရာရယ်၊ ဖူးစာမှန်ရင် ပြန်ကိုတွေ့ရမယ် ဆရာသာ ဆရာ့မယ်တော်ကြီးကို လမ်းရှင်းထား''

"ခုလောက် ပြဿနာတွေ ပေါ်နေမှတော့ မင်းရဲ့ လည်း ပြန်ပြေးမှာပါကွာ''

"မပြေးဘဲ ဖွတ်ကပ်နေရင်ရော ဆရာ''

"ဟ! အဲဒါဆို ငါဘယ်အထင်ကြီးတော့မလဲ၊ ပန်းယ





တောင် အခုသူတို့ရောက်လာတာနဲ့ ထွက်သွားတာကြည့်ပါလား''

သူတို့နှစ်ယောက် လှိုင်သာယာဘက်ရောက်တော့ လမ်းတွေကို ဖြည်းဖြည်းလျှောက်မောင်းရင်း ယောင်လည်ယောင်လည်။

"ဆရာ၊ ကျွန်တော့်အသိတစ်ယောက် ဒီလှိုင်သာယာဘက်မှာရှိတယ်။ သူ့ဆီခဏဝင်ရအောင်''

"အေး! ဝင်ကွာ၊ သဲလွန်စလေးဘာလေး ရလိုရငြား''

သူတို့နှစ်ယောက် မင်းအင်ရဲ့အသိဆိုတာဆီ ဝင်ကြည့်ကြသည်။

"ဒီရပ်ကွက်ထဲမှာ ပန်းယွန်းစည်ဆိုတဲ့မိန်းကလေးတစ်ယောက်ရဲ့နာမည်များ ကြားဖူးသလား ကိုအေး''

"ပန်းယွန်းစည်? ဒီရပ်ကွက်တွေက နယ်ဘက်က လာတဲ့အလုပ်သမားတွေ ဝင်လိုက်ထွက်လိုက်ဗျ။ လူတစ်ယောက်ကို ရှာရင် ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရသလိုပဲ''

"သူက ဒီနယ်ခံဗျ၊ တခြားကလာတာမဟုတ်ဘူး။ ခပ်ချောချောလေးဆိုတော့ ခင်များများ သိမလားလို့ပါ''

"ဒီလိုလုပ်ပါလား၊ ဒီရပ်ကွက်လက်ဖက်ရည်ဆိုင်တစ်ခုမှာ တစ်နာရီနှစ်နာရီလောက် ထိုင်လိုက်ဗျာ။ သူဈေးဝယ်ရင် အပြင်ထွက်ရင် ဒီရှေ့ကဖြတ်ရင် တွေ့မှာပါ''



www.burmeseclassic.com

www.burmeseclassic.com



ကိုအေး အကြံပေးသည့်အတိုင်း လူစည်ကားသည့် ထီးရှောတစ်ခုရဲ့ရှေ့မျက်နှာစာမှာ သူတို့သုံးယောက် ထိုင်လိုက်ကြသည်။ ခရေစက်ရှိရင်တော့ ပြန်တွေ့မှာပဲ။ သို့သော် နောင်ခွန်းဆက် ရတက်မအေးနိုင်။ ပေါ့ပေါ့လေး သဘောမထားနိုင်ပါ။

လူက မီးခဲကို ဖင်ခုထိုင်မိသလို ဖင်မထိုင်နိုင်။

"မင်းဒင်ရယ်၊ ထိုင်ကြည့်လို့မတွေ့ရင်ရော။ ငါတော့ လှိုင်သာယာရပ်ကွက်လမ်းတွေအားလုံးကို ကားနဲ့လျှောက်ကြည့်ချင်တယ်ကွာ။ ငါ့ရင်ထဲ မီးတွေလောင်နေပြီ"

"ခဏလောက်စောင့်ကြည့်လိုက်ပါဦးဆရာရယ်။ မတွေ့ရင် ကိုအေးကိုဆရာတင်ပြီး ကျွန်တော်တို့ လိုက်ရှာပါ့မယ်။ ခဏလေး နားလိုက်ပါဗျာ"

မင်းဒင်တောင်းပန်သလို ကိုအေးကလည်း အားပေး

"ဟုတ်ပါတယ်ဗျာ၊ တစ်နာရီလောက် ထိုင်ကြည့်လို့မတွေ့ရင် ကျွန်တော်တတ်နိုင်သလောက် ကူရှာပေးပါ့မယ်။ ကျွန်တော့်ယောက်ဖက ရပ်ကွက်ဥက္ကဋ္ဌပါ။ သူ့ဆီမှာလည်း တရင်း တောင်းကြည့်ပါ့မယ်"

နောင်ခွန်းဆက် လမ်းဘက်ကိုမျက်နှာမူပြီး လမ်းသွားလမ်းလာတွေ၊ ဈေးသွားဈေးလာတွေကို စောင့်ကြည့်ရင်း ထင်





နာရီပြည့်ခါနီးလောက်မှာ. . .

"ဟာ! တွေ့ပြီ၊ တွေ့ပြီ"

ခပ်လှမ်းလှမ်းမှလာနေတာ ပန်းယွန်းနှင့် သူ့အမေဆိုတာဖြစ်ရမည်။ ရုပ်ချင်းခပ်ဆင်ဆင်။

နောင်ခွန်းဆက်နှင့်မင်းဒင်တို့ ဆိုင်ထဲမှလျှင်မြန်စွာ ထွက်ပြီး ပန်းယွန်းရှိရာသို့ ပြေးလုမတတ်ခြေလှမ်းများနှင့် သွားလိုက်ကြသည်။

"ပန်းယွန်း"

"ဟင်! ဆရာ၊ ဘယ်လိုလုပ်ပြီး ရောက်လာကြတာလဲ"

"ရက်စက်လိုက်တာ ပန်းယွန်းရယ်၊ ကိုယ့်ကို နည်းနည်း ထည့်မတွက်ဘူးနော်"

"အော်. . . ဆရာရယ်၊ ပန်းယွန်းက ဆရာ့ဘဝအတွက် ညှောင့်ခလုတ်ပါ။ ပန်းယွန်းမရှိမှ ဆရာ့ဘဝ သာယာဖြောင့်မှာပါ"

ပြောရင်းမှ ပန်းယွန်းမျက်ရည်ပါးပါးစီးကျလာတော့ သူလေး ခံစားနေရကြောင်း နောင်ခွန်းဆက် မြင်ရသဖြင့် ကျေနပ်သည်။

"ထင်သလား. . . ပန်းယွန်းမရှိရင် ကိုယ့်ဘဝ သာယာ



www.burmeseclassic.com

www.burmeseclassic.com



လှပမယ်လို့ ထင်သလား"

"ကဲ! မင်းသားနဲ့မင်းသမီး နောက်မှအလွမ်းသယ်။ လော

လောဆယ် အိမ်ကိုသွားကြရအောင်"

မင်းဒင်ဝင်ပြောလိုက်မှ လမ်းမှာဆိုသည့်အသိဝင်လာကြ

ပြီး သူမတို့နှစ်ယောက် ရှက်ကိုးရှက်ကန်းဖြစ်သွားကြသည်။

"မေမေ့ အဲဒါ သမီးပြောတဲ့ဆရာလေ"

"အေးကွယ်. . . ဆရာ့ကို အန်တီကျေးဇူးအများကြီ

တင်ပါတယ်။ သမီး ဆရာတို့ကို အိမ်ခေါ်သွားလိုက်နော်။ မေ

စားစရာတစ်ခုခုဝယ်လာခဲ့မယ်"

ဒေါ်မေမေလှိုင် ဈေးသို့ဆက်သွားလျှင် ပန်းယွန်း ကို

အိမ်ကိုသွားကြဖို့ နောက်ကြောင်းသို့ ပြန်လှည့်လိုက်၏။

"နေဦး. . . ပန်းယွန်း။ ကားပါတယ်လေ"

သုံးယောက်သား ကားနှင့် ပန်းယွန်း၏အိမ်သို့ ရော

သွားကြသည်။ ခြံနှင့်ဝန်းနှင့် သစ်သားအိမ်လေး။

"ပန်းယွန်းပထွေးရော ဘယ်သွားလဲ"

"သေပြီ"

"ဟင်! ဘယ်လို. . . ဘာဖြစ်လို့သေတာလဲ"

"မေမေ့ကို မူးပြီးရမ်းရင်း ဓားနဲ့လိုက်တာတဲ့။ နော





သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ကိုယ့်ဓားပေါ်ကိုယ် မှောက်လဲပြီး သေ

တာ"

"ဪ"

အိမ်ပေါ်ရောက်ကြတော့ သပ်ရပ်သန့်ရှင်းသည့်အိမ်လေး

ကို သူတို့တစ်ချက်ကြည့်လိုက်ကြသည်။ ပန်းယွန်းက ဧည့်ခန်း

ထဲရှိ သစ်သားဆက်တီလေးများပေါ်မှာ ထိုင်စေသည်။

"ထိုင်ပါဆရာ၊ ကိုမင်းဒင် ခဏထိုင်ဦးနော်။ ပန်းယွန်း

ရေနွေးကြမ်းခပ်ဘူး သွားယူဦးမယ်"

"မယူနဲ့ ပန်းယွန်း။ ကိုကိုတို့ မင်းကိုပြန်လာခေါ်တာ။

မေမေ့ကိုလည်း ကိုယ်အပြတ်ပြောပြီးပြီ"

ပန်းယွန်းမေမေမရှိတုန်း နောင်ခွန်းဆက် အရေးတကြီး

တောင်းဆိုလျှင် ပန်းယွန်း ငေးမှုန်သွား၏။ အတန်ကြာမှ. . .

"အိမ်မှာ မေမေတစ်ယောက်တည်းရယ် ဆရာ။ အစက

ပန်းယွန်း ထွက်ပြေးရတာ ပထွေးရဲ့ရန်ကိုကြောက်လို့ပါ။ အခု

ပထွေးလည်းမရှိတော့ဘူးဆိုတော့"

"ဘာလဲ၊ ပန်းယွန်းက ကိုကို့နောက် ပြန်မလိုက်ဘူးလို့

ဆိုချင်တာလား။ ဒါမှမဟုတ် ကိုကိုနဲ့မပတ်သက်ဘူးလို့ ပြောချင်

တာလား"



www.burmeseclassic.com

www.burmeseclassic.com



နောင်ခွန်းဆက် ကျွဲမြီးတိုနေလျှင် ပန်းယွန်းခေါင်းလေး ငုံ့ကာ တီးတိုးပြောမိသည်။

"အခြေအနေတွေ မတူတော့လို့ပါဆရာရယ်။ မေမေ တစ်ယောက်တည်း ဘယ်လိုထားခဲ့မလဲ။ နောက်ပြီး ပန်းယွန်း ကိုကို့မေမေကိုကြောက်တယ်"

"ပန်းယွန်းပြောတာလည်းဟုတ်သားပဲဆရာရယ်။ ဆရာ မေမေကို အရင်ဆွေးနွေးပါဦး"

"ဘာ! မင်းကပါ ငါ့ဘက်မပါဘဲ သူ့ဘက်ပါရသလား။ မေမေ့ကို ငါပြောပြီးပြီလေ"

"ရလဒ်က ဘယ်လိုလာဦးမယ်မသိဘူးလေ။ ပြီးတော့ ပန်းယွန်း ဘယ်မှာနေတယ်ဆိုတာ သိပြီပဲဆရာရယ်"

နောင်ခွန်းဆက် ဒေါသတွေထွက်နေသလောက် ပန်း ယွန်း ကြေကွဲနေရသည်။ အခြေအနေတွေက ဘယ်လိုဖြစ်လာ ဦးမလဲ။

"ကိုကို ပန်းယွန်းကိုမခွဲနိုင်ဘူး။ ပန်းယွန်းမေမေကိုပါ အိမ်မှာခေါ်ထားလိုက်မယ်"

"လောလောဆယ်တော့ မဖြစ်သေးပါဘူးဆရာ။ လက် တောင်မထပ်ရသေးဘဲနဲ့ မေမေ့ကိုခေါ်သွားဖို့ဖြစ်မှာ မဟုတ်ပါ





ဘူး။ မတော်ပါဘူးရှင်"

အခြေအတင်တွေဖြစ်နေဆဲ ဒေါ်မေမေလှိုင် အကဲခတ် လိုက်ပြီး နောင်ခွန်းဆက်ကို ဖြောင်းဖြလိုက်သည်။

"သားရယ်၊ သားက အန်တီ့သမီးလေးရဲ့ကျေးဇူးရှင်ပါ။ သားကို ဘာမှမယုံမကြည်ဖြစ်နေစရာလည်း မရှိပါဘူး။ ဒါပေမဲ့ တစ်ဖက်မှာ မိခင်ရှိသေးတယ်မဟုတ်လား။ သားဘက်က စီစဉ် သမျှ အန်တီတို့လက်ခံမှာပါ"

"ဒါဆို ကျွန်တော်စိတ်ချမ်းသာအောင် အန်တီတို့သား အမိအတွက် စီစဉ်ပေးပါရစေ။ ဒီရပ်ကွက်က လူရှုပ်တယ်။ ပြီးတော့ ပျံကျရပ်ကွက်လိုဖြစ်နေတော့ ကျွန်တော်စိတ်မချဘူး"

"အန်တီတို့ ဒီလိုပဲနေခဲ့ကြတာပါပဲကွယ်"

"ကျွန်တော်နဲ့မပတ်သက်ခင်တုန်းကတော့ ထားပေါ့လေ၊ အခုတော့ စိတ်မချဘူး။ ကျွန်တော်စီစဉ်တဲ့အတိုင်း လက်ခံပေး ပါ"

ဒေါ်မေမေလှိုင် နောင်ခွန်းဆက်ကို နားမလည်နိုင်စွာ ကြည့်နေရသည်။ အေးလေ. . . သူချစ်လို့ပဲ။ ငါကတော့ ငါ့သမီး လေးကို အတတ်နိုင်ဆုံး စောင့်ရှောက်ပေးရမှာပဲ။

"အေးပေါ့ကွယ်၊ အန်တီကတော့ သား အန်တို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်တက်မှာ စိုးပါတယ်။ သမီးလေး အခြေတကျဖြစ်ပြီဆိုရင်တော့ အန်တီ ရာသက်ပန်တရားစခန်းဝင်မယ်လို့ စိတ်ဆုံးဖြတ်ထားတာပါ''

''ဟာ! မေမေရယ်၊ သမီးတစ်ယောက်တည်း မထားခဲ့ပါနဲ့။ မေမေ့ကို သမီး တစ်လှည့်ပြန်လုပ်ကျွေးပါရစေဦး''

သားအမိနှစ်ယောက် အခြေအတင်ပြောနေကြဆဲ နောင်ခွန်းဆက် သူ့ဆုံးဖြတ်ချက်ကိုပြောလိုက်သည်။

''မနက်ဖြန် ပန်းယွန်းတို့ကို ကိုကို့တိုက်ခန်းတစ်ခုမှာ ပြောင်းပေးမယ်။ တကယ်က အိမ်ကိုခေါ်ချင်တာပါ။ ဒါပေမဲ့ သီးသန့်ထားတာ ပိုအဆင်ပြေမယ်ထင်လို့စီစဉ်တာ။ နောက် တိုကိုနဲ့လက်ထပ်ပြီးရင်တော့ သားအမိနှစ်ယောက်လုံး အိမ်မှာပဲ နေရမှာ''

နောင်ခွန်းဆက် ပန်းယွန်းကိုထားခဲ့ရမှာ စိတ်ထဲတွင်လေးနေမိ၏။ ပန်းငုဝါတုန်းကလည်း မျက်စိအောက်တွင်ပင် သူငယ်ချင်းနှင့်ဖောက်ပြန်သွားခဲ့သည်။

ခဲမှန်ဖူးသည့်စာသူငယ်လို နောင်ခွန်းဆက် ချစ်သူကိုမယုံကြည်၊ ကံကြမ္မာကို မယုံကြည်ဖြစ်နေရ၏။

ပန်းယွန်းကို အတင်းဆွဲတင်သွားလျှင်ဖြစ်ပေမယ့် ခေါ်





မေမေလှိုင်ကို လေးစားရဦးမည်။ နောက် အိမ်မှာ မေမေနှင့်ရတီတို့ရှိသေးသည်။ သူ စိုးရိမ် စိတ်မချဖြစ်နေတာကိုမျိုသိပ်ပြီး ပန်းယွန်းကို အထပ်ထပ်မှာကြားကာ အိမ်သို့ပြန်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

**ထက်အာကာ ...**

မြန်မာပြည်ကိုပြန်ရောက်သည်နှင့် နောင်ခွန်းဆက်ကို အရင်ဆုံးသတိရမိသည်။ လေဆိပ်မှာ လာကြိုသည့်မိဘတွေကို နှုတ်ဆက်ပြီး သူ့ အထုပ်အပိုးတွေ ပေးလိုက်သည်။

သူငယ်ချင်းသုံးယောက်။ နောင်ခွန်းဆက်၊ ကျော်ထက်လွင်နှင့် သူ။ တကယ့်ကို ရဲဘော်ရဲဘက်တွေလို အတူသွား အတူလာ၊ အတူအလုပ်တွေ လုပ်ခဲ့ကြသည်။

သို့သော် သူ အမေရိကားကို သွားကတည်းက နောင်ခွန်းဆက်နှင့် အဆက်အသွယ်မရတော့။ နောင်ခွန်းဆက် ဖုန်းနံပါတ်တွေ အကောင့်နံပါတ်တွေ ပြောင်းပစ်ခဲ့တာ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မသိ။ သူ့ကိုအဆက်အသွယ်မလုပ်ချင်လို့လား။ ဘာအကြောင်းကြောင့်လဲဆိုတာ သူအရမ်းသိချင်ခဲ့သည်။

အမေရိကားမှာ နှစ်နှစ် အလုပ်လုပ်ခဲ့ပြီး သူ မြန်မာပြည်ကိုပြန်လာခိုက် ပထမဦးဆုံးတွေ့ချင်သူဟာ နောင်ခွန်းဆက်ပါပဲ။ ကျော်ထက်လူနှင့်သူက သိပ်ပြီး အစေးမကပ်။ နောင်ခွန်းဆက်က အမြဲဖြန့်ဖြေရစမြဲ။

"တွေ့လိုက်တော့ နှစ်ကောင်စလုံး ဗျင်းပစ်လိုက်မယ်"

အတွေးထဲမှာ အားမလိုအားမရဖြစ်ရင်း သူ့ကား နောင်ခွန်းဆက်၏ခြံရှေ့ရောက်ခဲ့လျှင် သူ ဟွန်းအကျယ်ကြီးတီးလိုက်တာ ဝမ်းသာစိတ်နှင့်ပါ။ လက်ဆောင်တွေလည်း ပေးချင်လို့ပြီး သုံးယောက်ဝိုင်းဖွဲ့ဖို့ကအစ အပြည့်အစုံပါလာပြီးသား။

ခြံထဲမှ ကောင်လေးတစ်ယောက် သူ့ကိုပြူးကြည့်နေလျှင် သူလှမ်းမေးလိုက်သည်။

"ညီလေး၊ ခွန်းဆက်ရှိသလား။ ထက်အာကာ လာတယ်လို့ပြောလိုက်ကွာ"

"ဗျာ. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့"

သူ့ကိုတံခါးဖွင့်မပေးဘဲ ထိုကောင်လေး မျက်လုံးပြူးနှင့် အိမ်ထဲပြန်ဝင်ပြေးသွားပုံက ရယ်စရာ။ လူကိုမြင်ဖူးသည်





အတိုင်း။ အေးလေ. . . ငါကလည်း အမေရိကားပြန်ဆိုတော့ သားနားနေမှာပါ။

သူ ကားပေါ်မှဆင်းကာ တံခါးအဖွင့်ကိုစောင့်နေစဉ် စောစောကကောင်လေးနှင့်အတူ နောင်ခွန်းဆက်ပါ ဒေါသမျက်နှာကြီးနှင့် ပါလာလျှင် သူရယ်နေမိ၏။ ဒီကောင် ခုထိ ဒီအချိုးပဲ။ သူ ဝမ်းသာအားရနှုတ်ဆက်လိုက်ရင်း ကောင်လေးဖွင့်ပေးသည့်တံခါးမှ ဝင်လိုက်သည်။

"သူငယ်ချင်း ခွန်းဆက်၊ ဘာဖြစ်နေတာလဲကွာ။ ငါ့မှာ ဖြင့် လှမ်းလိုက်ရတာ"

"မင်းလာရဲသေးတယ်ပေါ့။ သစ္စာဖောက်"

"ခွပ်!"

အာကာ့မျက်နှာ လည်ထွက်သွားရင်း မယုံနိုင်စွာ နောင်ခွန်းဆက်ကို ကြည့်လိုက်သည်။

"ဟေ့ကောင်! ဘာဖြစ်လို့ ငါ့ကိုထိုးတာလဲ"

"မင်းနဲ့တန်တာ ဒါပဲလေ၊ သစ္စာဖောက် ကြာကူလီရဲ့"

"ဘာကွ! ဘာတွေလဲ. . . ငါလည်း ဘာမှနားမလည်ပါလား"

"ငါ့ကိုဒေါသထွက်အောင် ထပ်ပြီးမဆွနဲ့ အာကာ။ မင်း



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့လက်ထပ်မယ့်ပန်းငုဝါကို ခိုးပြေးသွားခဲ့ပြီးမှ ခုမှ ဘာမသိချင် ယောင်ဆောင်နေတာလဲ။ ဘယ်မှာလဲ ပန်းငုဝါ၊ မင်း သူ့ကိုဘယ် မှာရောင်းစားလိုက်ပြီလဲ။ တောက်! မင်းဟာ ငယ်ငယ်ကတည်း က ငါအမြတ်တနိုးထားတဲ့အရုပ်တွေကို ဖျက်ဆီးခဲ့တဲ့ကောင်။ ကဲကွာ. . .ကဲ''

သူ ဒေါသဖြစ်ဖြစ်နှင့် အကြောင်ရိုက်နေသည့် ထက် အာကာကို လက်သီးနှင့်ထပ်ထိုးမည်ပြင်လျှင်တော့ မင်းခင် သူ တို့နှစ်ယောက်ကြားဝင်ပြီး ကာကွယ်ပေး၏။

''တော်. . .တော်ပါတော့ဆရာရယ်၊ စိတ်ကိုလျှော့ပါ။ ပြဿနာတစ်ရပ်ကို အေးအေးဖြေရှင်းပါဗျာ။ လာကြပါ၊ ဆရာတို့ နှစ်ယောက် ညှိမန်းမှာရှင်းကြပါ''

မင်းခင်က သူတို့ကိုအတင်းဆွဲခေါ်လာလျှင် ထက်အာ ကာလည်း နောက်မှလိုက်လာ၏။ ထက်အာကာ၏မှတ်ခမ်းတော့် ခွန်းမှာ သွေးစတွေနှင့်။ သူက ခပ်ကြမ်းကြမ်းပင် သုတ်ပစ်ရင်း နောင်ခွန်းဆက်ကို ရှင်း၏။

''မင်းပြောတာတွေ ငါနားမလည်ဘူး ခွန်းဆက်။ ပန်း ငုဝါက မင်းနဲ့လက်မထပ်ဖြစ်ဘူးလား။ သူ့ကိုဘာကိစ္စ ငါက ခိုး ရမှာလဲ။ အဲဒီနေ့က ငါ့ကို လေဆိပ်လိုက်ပို့ပြီး သူပြန်သွားခဲ့တာ





ပဲလေ။ ဘာတွေလဲကွာ. . .ငါ ဘာမှနားမလည်တော့ဘူး''

''ဟော့ကောင်! မင်း ငါ့ကိုအကြောင်မရိုက်နဲ့။ ပန်းငုဝါ ကို မင်းခိုးသွားတာ။ သူ့စာနဲ့ကို အသေအချာရေးပစ်ခဲ့တာ''

''အဲဒီ့စာ ရှိသေးလား''

''မရှိတော့ဘူး။ ငါဆုတ်ဖြဲပစ်လိုက်ပြီ''

''မင်းကွာ. . . ငါဘယ်တုန်းက ညာဖူးလို့လဲ။ ငါမဟုတ် သို့ မဟုတ်ဘူးပြောနေတာပါ။ နိုင်ငံခြားကို ငါတစ်ယောက်တည်း သွားခဲ့တာ။ ကိုယ့်အချစ်ဆုံးသူငယ်ချင်းရဲ့ဇနီးလောင်းကို ခိုးသွား နေလောက်အောင်ထိ ငါမမှန်ဘူး။ အောက်တန်းမကျဘူး။ လောက ကြာ မိန်းမပေါ်ပါတယ်ကွာ၊ သူငယ်ချင်းပဲ ရှားတာပါ။ နိုင်ငံခြား ဆိုရော ငါတစ်ယောက်တည်းသွားတာ။ မင်းစုံစမ်းကြည့်လိုက်''

''မင်းတကယ်ပြောနေတာလား အာကာ''

''ငါမညာတတ်တာ မင်းသိပါတယ်ကွာ၊ နေစမ်းပါဦး။ ငုဝါက ဘာဖြစ်လို့ ငါနဲ့လိုက်သွားပြီလို့ ရေးရတာလဲ။ အခု သူ ရော သူ့မိဘအိမ်မှာလား။ ငုဝါကိုလိုက်မေးရင် အားလုံးရှင်းသွား မှာပါ''

ထက်အာကာ၏စကားက အမုန်အကန်မို့ နောင်ခွန်း ဆက် တွေဝေသွားရပြီ။ ဒါဖြင့် ပန်းငုဝါ ဘယ်ရောက်နေဟာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့မိတ်တွေလည်း သူ့ကို ဟိုစဉ်က လာပြီးမေးမြန်းစုံစမ်းဖူးသည်

သူ ထက်အာကာနှင့်ခိုးပြေးသွားပြီလို့ ဒေါ်သနှင့်ပြေ
လိုက်တော့ မျက်စိမျက်နှာပျက်စွာနှင့် ပြန်သွားကြသည်။

"သူ့မိတ်အိမ်မှာလည်း မရှိတာသေချာတယ်။ ငါ့ကို လာ
မေးကြတယ်။ မင်းလည်းခေါ်မသွားဘူးဆိုတော့ ငုဝါ ဘယ်ရော
နေပြီလဲ"

သူ မှခုမှ ငုဝါအတွက် ရင်ထဲမှာ စိုးရိမ်တကြီး ပူ
စိတ်တွေ ဝင်လာတော့သည်။

"ဒါ...ဒါဆို ငုဝါ ပျောက်နေပြီပေါ့။ ငါက မင်း
အစကတည်းက ကြိုတင်ချိန်းဆက်ထားပြီး ခိုးသွားပြီလို့ ထ
ထစ်ချ မှတ်ယူထားလိုက်တာ"

"မင်းကွာ၊ ငါ့ကို ဒီလောက်တောင် အထင်သေး အ
သေးရသလား။ ငါဒီလောက် အောက်တန်းမကျဘူး။ မယုတ်
မကောက်ကျစ်ဘူး။ ငါ့အဘိဓမ္မာမှာ မိန်းမထက် သူငယ်ချင်း
ပိုပြီးအရေးပါပါတယ်"

အာကာ သည်မှုပြောနေတော့ နောင်ခွန်းဆက် ယုံကြ
ရပေပြီ။ သူ့သူငယ်ချင်း ထက်အာကာဟာ အပေါင်းအသင်း
ပိုပြီးခင်တွယ်သူ။





"ဒါဖြင့် ငုဝါကိုလိုက်ရှာမှဖြစ်တော့မယ်။ ငုဝါပျောက်နေ
ပြီ။ ဘုရား...ဘုရား...ဒီအဖြစ်အပျက်တွေကြားမှာ ငုဝါတစ်
ယောက် ပေ့တိမ်နစ်ရရှာပြီလား"

"အေး...ပေါ့လို့တော့မဖြစ်ဘူး။ အခု ငုဝါက သူ့မိတ
အိမ်မှာလည်းမရှိဘူး။ ငါ့ဆီမှာလည်း မဟုတ်ဘူးဆိုတော့၊ ငါတို့
တွေ လူပျောက်တိုင်မှဖြစ်တော့မယ်။ နှစ်နှစ်တောင် ကြာခဲ့ပြီဆို
တော့ သဲလွန်စတောင် တွေ့ပါဦးတော့မလားကွာ"

"မင်းကို ငါတောင်းပန်ပါတယ်သူငယ်ချင်းရယ်။ မင်း
တော်တော်နာသွားမှာပေါ့နော်။ ငါ့ကိုပြန်ထိုးကွာ...ထိုး"

သူ ထက်အာကာ့အနားသို့ မျက်နှာအပ်ပေးလိုက်တော့
အာကာက သူ့ကိုဆွဲဖက်ပြီး သူ့အနားမှာ ထိုင်စေသည်။

"အကြောင်းမသိလို့ ဖြစ်ရတာပဲကွာ၊ ငါ ခွင့်လွှတ်ပါ
တယ်။ ငါတို့တွေ ငုဝါကို အရေးတကြီးရှာကြရအောင်"

"ဘုရား...ဘုရား...ငုဝါ အန္တရာယ်ကင်း ဘေးရှင်း
ပါစေ။ သူ့ကို ငါအိပ်မက်မက်တယ် အာကာ။ အိပ်မက်ထဲမှာ
သူ့တစ်ကိုယ်လုံး သွေးရဲရဲသံရဲရဲနဲ့။ ငါ့ကိုအမြဲတောင်းပန်တယ်။
သူ လူယုံသတ်လို့ သေရတယ်ချည်းပြောနေတယ်"

"ဟာ! ဒါဆို ငုဝါအသတ်ခံလိုက်ရတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ထင်တာပဲ၊ အသေအချာတော့မသိဘူး"

"ငှဝါကို ငါခိုးတယ်လို့ တလာပေးတာ ဘယ်သူလဲ"

"ငှဝါနဲ့တစ်ဆောင်တည်းနေတဲ့ ကောင်မလေးပဲ"

"အဲဒီကောင်မလေးကတစ်ဆင့် သဲလွန်စရှာရမှာပဲ"

"သူလည်း နယ်ပြန်သွားပြီလို့ကြားတယ်"

"အဲဒါ မရိုးသားမှုပဲ သူငယ်ချင်း"

နှစ်ယောက်သား လက်ချင်းဆုပ်လိုက်မိကြပေပြီ။ အရေး ကြီးပြီမို့ ဒေွးနီးကြဖို့ အလိုလိုသိကြပြီးသား။



## အခန်း(၂၁)

ထက်အာကာ နောင်ခွန်းဆက်အိမ်မှထွက်ခဲ့ပြီး ကျော် ထက်လူထံ ဖုန်းဆက်လိုက်သည်။

"ခွေးကောင်တွေ၊ ငါ့ကိုလာမကြိုတဲ့အပြင် ငါကလိုက် ဖြီး ကန်တော့နေရတယ်။ တော်တော် ပေါင်းဖို့သင်းဖို့ကောင်းတဲ့ ကောင်တွေ"

"ဪ. . . ငါတို့ချင်း နားလည်နေတာပဲကွာ၊ မင်းက လည်း ဒေါချည်းပဲ။ မင်းကို ငါ စပယ်ရှယ်ပြုစုပါ့မယ်ကွာ"

"အပြောကတော့ ရွှေမန်းပဲ၊ နောင်ခွန်းဆက်နဲ့လည်း ငါတွေ့ပြီးပြီ။ လက်စသတ်တော့ ငါက သူ့ရင်ထဲမှာ ဒဿဂီရိ အဖြစ်ရှိနေတာကိုးကွ။ မင်းနဲ့တွေ့မှပြောတော့မယ်ကွာ။ စောင့် နေ"



www.burmeseclassic.com

www.burmeseclassic.com



သူဖုန်းပိတ်လိုက်ပြီး ကျော်ထက်လူအိမ်သို့ အမြန်မောင်းသွားလိုက်သည်။ သူ့ခေါင်းထဲမှာ ပန်းငုဝါပျောက်ဆုံးမှုက ကြီးစိုးလျက်။ ဘာဖြစ်တာလဲ၊ ဘာတွေလွဲချော်နေတာလဲ။ သူရောက်သွားတော့ ကျော်ထက်လူ အိမ်တံခါးဖွင့်ကာ သူ့ကိုကြိုဆိုနေသည်။ သူ့တိုက်ခန်းမှာ သူတစ်ယောက်တည်းနေသည်။ မြေညီထပ်မို့ ကားရပ်ရတာ အဆင်ပြေသည်။

"လာ... ငါစောင့်နေတာ၊ တို့တွေ ဘယ်ဟိုတယ်ကို သွားကြမလဲ"

"နေပါဦးကွာ၊ သုံးယောက်ဆုံမှ ပျော်စရာကောင်းတာကွ။ အခုလောလောဆယ် ငါမရှင်းတာလေးတွေ မေးပါရစေဦး"

"မေး..."

"ပန်းငုဝါပျောက်နေတယ်ကွ၊ ခွန်းဆက်က ငါ သခွာ တယ်ထင်နေတာ။ သူ့အိမ်ကလည်း လာမေးတယ်တဲ့။ ငုဝါဘယ်ရောက်နေပါလိမ့်"

"သူ့ဘာသာ ဘယ်ရောက်ရောက်ပေါ့ကွ။ ဒါ သူ့ကိစ္စ"

"ဟ! ငါတို့က သူငယ်ချင်းတွေလေကွာ။ ဒီကြားထဲ ငါ့ကိုအထင်ခံထားရတာဆိုတော့ ငုဝါပြန်တွေ့မှ ဖြစ်မှာပေါ့"

"ကဲပါ၊ အဲဒီကိစ္စကို ပြီးမှ ကူရှင်းပေးကြတာပေါ့၊ ရော့!





လက်ဖက်ရည်နဲ့မုန့်၊ သောက်လိုက်စားလိုက်ဦး"

ထက်အာကာ၊ ကျော်ထက်လူ ညွှန်ခံသည့်တို့ကို စားသောက်နေပေမယ့် လူက ဘဝင်မကျ။

"ပြီးတော့ ငုဝါက ခွန်းဆက်ကို အိပ်မက်လာပေးတယ်တဲ့ကွ။ သူ လူယုံသတ်လို့သေရတယ်၊ အနီးဆုံးရန်သူရှိတယ်လို့ ပြောသွားတယ်တဲ့"

"ကဲ... အာကာ၊ မင်းတော့ ဒီအကြောင်းပဲ ခေါင်းထဲရောက်နေတယ်။ ထ... သွားကြစို့"

"ဘယ်ကိုလဲ"

"ဘယ်ကိုဖြစ်ဖြစ်ကွာ... သွားမယ်။ ဘားတစ်ခုခုဖြစ်ဖြစ်"

"သွားမယ်ဆိုလည်း ခွန်းဆက်အိမ်ပဲ သွားကြမယ်။ တို့သုံးယောက် သူ့အိမ်မှာဆုံပြီး ဒီပြဿနာကို ရှင်းကြရအောင်လေ"

"ကျွတ်! အာကာ၊ မင်းဟာလေ ပြဿနာကို မီးထွန်းရှာချင်တဲ့ကောင်ပဲ။ ပျောက်နေတာ နှစ်နှစ်တောင်ကြာကာမှ ခုမှ အပူထပြင်းထရှာလို့ လွယ်ပါ့မလားကွာ။ ကဲကဲ... မင်းဆန္ဒရှိရင်လည်း လုပ်၊ သွားကြစို့"

နှစ်ယောက်အတူတူ သူ့ကားနှင့်ထွက်လာကြပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မောင်သူက ကျော်ထက်လူ့။ ကားနှင့်ထွက်လာကြစဉ် မြို့ထဲ တစ်နေရာမှာ ထက်အာကာ အလန့်တကြား ကားရပ်ခိုင်းသည်။

"ကျော်ကြီး. . . ကားခဏရပ်. . . ရပ်"

"ဘာဖြစ်လို့လဲ၊ လမ်းမှာ ရပ်လို့မရဘူးလေ"

"ဟိုမှာ. . . ဟိုဟာ ငုဝါနဲ့အတူ အဆောင်မှာနေတဲ့ ကောင်မလေးမဟုတ်လား"

"ဟိုက နယ်ပြန်သွားပြီလေ၊ တူလို့နေမှာပါကွာ"

"အဲဒီကောင်မလေးမေးစေ့မှာ မှည့်လေးနဲ့ကွ။ ဟုတ် မဟုတ် ဆင်းကြည့်မယ်။ ကားခဏရပ်ပေး"

ငြင်းရင်းခုန်ရင်းနှင့်ပင် ကောင်မလေး လိုင်းကားတစ်စီး ပေါ်တက်သွားသလို သူတို့ကားလည်း အဝေးသို့ရောက်ခဲ့ပြီ။

"အာကာရယ်၊ ကာယကံရှင်ထက် မင်းက ပိုပြီးစိတ် ဝင်စားနေတာ ဘာကြောင့်လဲ"

"ခွန်းဆက်က ငါ့ကိုအထင်လွဲခဲ့တာလေ။ အဖြစ်မှန်ကို ငါက သူနားလည်စေချင်လို့ပါ"

"ဒါကတော့ကွာ၊ အချိန်က စကားပြောသွားမှာပေါ့ မြေမှန်ရင် တွင်းဝင်ဖြောင့်ပါလိမ့်မယ်"

"ဒါပေမဲ့ကွာ"





"မင်းကသာ သနားနေ. . . ဟိုကောင်က နောက်တစ် ယောက်နဲ့အဆင်ပြေနေပြီ။ ခုနေ ငုဝါကိုပြန်တွေ့ရင်တောင် ဒုက္ခ"

"ဒါကတော့ကွာ၊ ငုဝါကိုတစ်သက်လုံးလွမ်းပြီး အထီး ကျန်ဆန်နေလို့မှမရတာ"

အာကာ နောင်ခွန်းဆက်ဘက်မှ ရှေ့နေလိုက်နေလျှင် ကျော်ထက်လူ မြူးမိသည်။ သူက နောင်ခွန်းဆက်ကို ကိုယ့်ထက် ပိုခင်သည်လေ။

ထက်အာကာ၊ နောင်ခွန်းဆက်ဆီ ဖုန်းဆက်ကြည့်တော့ သူ့ကောင်မလေးဆီ ရောက်နေသည်ဆိုသဖြင့် သူတို့နှစ်ယောက် နီးစပ်ရာစားသောက်ဆိုင်တစ်ခုထဲသို့ ဝင်လိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

နောင်ခွန်းဆက်၊ ပန်းယွန်းရှိရာသို့ နေ့တိုင်းရောက်သည်။ ပန်းယွန်းကလည်း သူ့ကို တယုတယဆီးကြိုမြဲ။ ဒေါ်မေမေလှိုင်ပါ အနားမှာ လာထိုင်သည်မို့ ညှော်ခန်းထဲမှာ ဣန္ဒြေရရ စကားပြောဖြစ်ကြသည်။

"အန်တီ၊ ကျွန်တော် သစ်သီးတွေဝယ်လာပါတယ်"

"ဒုက္ခရှာလို့ကွယ်၊ အန်တီတို့က ဒါတွေသိပ်မစားတတ်ပါဘူး။ နောက်ဝယ်မလာပါနဲ့ကွယ်၊ အားနာတယ်"

"စားစေချင်လို့ပါ အန်တီရယ်။ ရော့! ပန်းယွန်း၊ သွားသိမ်းလိုက်ဦး"

ပန်းယွန်း သစ်သီးတွေ သွားသိမ်းနေဆဲ၊ နောင်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက် ဒေါ်မေမေလှိုင်ကို ရိုသေစွာ စကားစခဲ့သည်။

"အန်တီ. . . နားနဲ့မနာ ဖတ်ပါနဲ့နော်ပါခင်ဗျာ။ ကျွန်တော် ပန်းယွန်းကို လက်ထပ်ပါရစေတော့။ မေမေလည်း မန္တလေးပြန် သွားပါပြီ။ သူ့အကြံအစည်ကို နောက်ဆုတ်သွားပါပြီ။ ကျွန်တော် ကလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေတဲ့လူငယ်တစ် ယောက်မို့ ကိုယ်တိုင်ပဲ ခွင့်တောင်းရတာပါ"

တရားဝင်ခွင့်တောင်းနေဆဲ ပန်းယွန်းပြန်ရောက်လာလျှင် ဒေါ်မေမေလှိုင် သမီးကိုမေးမြန်းလိုက်သည်။

"သမီး။ မောင်ခွန်းဆက်ကတော့ သမီးကိုလက်ထပ်ပါ ရစေတော့တဲ့။ သမီးကရော ဘာပြောစရာရှိလဲ"

ပန်းယွန်းမျက်နှာလေး နီရဲသွားပြီး နောင်ခွန်းဆက်ကို မဝံ့မရဲငေးကြည့်မိလျှင် သူ အပူတပြင်းတောင်းဆိုရသည်။

"အန်တီ၊ ကျွန်တော်နဲ့ပန်းယွန်းက မေတ္တာမျှနေကြတာ ပါ။ သူငြင်းစရာမရှိပါဘူး။ ကျွန်တော် ပန်းယွန်းကို အမြန်ဆုံး လက်ထပ်ချင်ပါတယ်။ လက်ထပ်ပြီးရင် အန်တီ့ကိုပါ ကျွန်တော့် အိမ်မှာနေဖို့ ခွင့်ပန်ပါရစေ"

ဒေါ်မေမေလှိုင်၊ နောင်ခွန်းဆက်ကိုငေးကြည့်နေရင်း ဒီ လောက် အရည်အချင်းရှိသည့်ဆရာဝန်လေးမို့ ငြင်းစရာမရှိဖြစ်





နေသည်။ မိဘသဘောမတူပေမယ့် သူကိုယ်တိုင်က တစ်အိုး ထမ်းအိမ်နှင့် စီးပွားနှင့်မို့ သဘောမတူစရာမမြင်။ သမီးကလည်း နှစ်သက်သည်။

"အန်တီကတော့ စစ်ကိုင်းတောင်မှာသွားပြီး တရားအား ထုတ်တော့မယ်။ သမီးအတွက် စိတ်အေးရရင် ပြီးပါပြီ။ စစ်ကိုင်း မှာ အန်တီ့အမျိုးတွေရှိတယ်"

"ဟင်! မေမေ. . . သမီးကိုထားခဲ့တော့မှာလား။ ဟုတ် လား"

ပန်းယွန်းဝမ်းနည်းကျေကွဲနေလျှင် နောင်ခွန်းဆက် ချော့ မော့ရပါသည်။

"ကဲ! အန်တီကလည်း နောက်မှတရားအားထုတ်ပါ။ လောလောဆယ်တော့ ပန်းယွန်းစိတ်ချမ်းသာအောင်နေပေးပါဦး ဗျာ။ သူဝမ်းနည်းနေပါဦးမယ်"

"သမီးကလည်း မေမေ့ကိုနားလည်ပေးပါ။ လူဆိုတာ သေကွဲကွဲရမှာ မမှတာပဲလေ။ ရှင်ကွဲကွဲတာကိုလည်း ခံနိုင်ရမှာ ပေါ့။ မေမေ့ဘဝအတွက် သံသရာအတွက် ကောင်းကျိုးကောင်း ရာလုပ်တာပဲလေ။ သမီးနားလည်နော်"

ပြောကာမှ ပန်းယွန်းမျက်ရည်တွေ ကျလာလျှင် နောင်



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဆက် သူမ၏လက်ကလေးကို ဆုပ်ကိုင် အားပေးမိသည်။

"အန်တီက ကောင်းတဲ့အလုပ် လုပ်ချင်တာပဲကွယ်၊ ပန်းယွန်းကြောင့် စိတ်အနှောင့်အယှက်မဖြစ်ပါစေနဲ့"

"မေမေနဲ့ မခွဲချင်ဘူး၊ မေမေနဲ့ရော ဆရာနဲ့ပါ အတူတူ နေချင်တာ။ မေမေရယ်. . . ဆရာ့ကိုအားနာလို့ မလိုက်တာလား ဟင်"

"ကဲပါ သမီးရယ်၊ စိတ်ဆင်းရဲစရာတွေ မတွေးနဲ့၊ မေမေလည်း ချက်ချင်းမသွားသေးပါဘူး။ အတူနေဦးမှာပါ။ ကဲ! မောင်ခွန်းဆက်၊ ညစာ ဒီမှာစားသွားနော်"

"ဟုတ်ကဲ့ပါခင်ဗျ၊ ကဲ. . . ထ! ပန်းယွန်း၊ အန်တီနား ပါစေ၊ ကိုကိုတို့ ထမင်းဝိုင်းသွားပြင်ရအောင်"

နှစ်ယောက်အတူ မီးဖိုဘက်သို့ သွားကြတော့ ဒေါ်မေမေလှိုင် သမီးတို့ကို ပီတိနှင့်ကြည့်ကျန်ခဲ့သည်။ သမီးလေး ကံကောင်းပါစေ။



## အခန်း(၂၃)

သည်နေ့ ပန်းယွန်းကို နောင်ခွန်းဆက်အိမ်သို့ ခေါ်ခဲ့သည်။ လိုအပ်တာလေးတွေ ဝယ်ခြမ်းပေးဖို့နှင့် လက်ဝတ်ရတနာလေးတွေ ဆင်မြန်းကြည့်ချင်လို့ပါ။ နောက်ပြီး ချစ်သူချင်း ရင်းရင်းနှီးနှီး တွေ့ချင်စကားပြောချင်လို့ပါ။

ခါတိုင်းက ဒေါ်မေမေလှိုင်ရှိနေသည်မို့ လေးစားအားနာရပါသည်။ ယခုဆို ပန်းယွန်းတို့သားအမိကို သူပိုင်တိုက်ခန်းတစ်ခုမှာ ခေတ္တထားသည်။ သူလေးစားစွာဖြင့် ခွင့်ပန်ပြီးခေါ်တော့ ဒေါ်မေမေလှိုင်ကလည်း စိတ်ချယုံကြည်စွာထည့်သည်။

"သားရယ်၊ အန်တီ ဘာမထည့်နိုင်စရာရှိသလဲကွယ်။ တကယ်ဆို သမီးလေးက သားအိမ်မှာ နေခဲ့ရတာပဲ၊ သားရဲ့ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကို ယုံကြည်ပြီးသားပါ”

ယောက္ခမကြီးရဲ့စကားကိုကြားယောင်ရင်း သူပြုံးမိသည်။ ‘အန်တီရေ၊ မထင်နဲ့ဗျာ၊ ဟိုတုန်းက မိန်းမမုန်းနေတဲ့ကောင်။ အခုက မိန်းမကို အဲ. . . ပန်းယွန်းကို ကျွန်တော်ငုံထားမတတ် ချစ်နေမိပြီလေ’

“ကဲ. . . ရောက်ပြီ ဆင်း”

“အစ်ကိုမင့်အင်ရော”

“ဈေးဝယ်သွားနေတယ်လေ၊ အဟဲ. . . အိမ်မှာ ကိုကို တို့နှစ်ယောက်တည်းရှယ်။ အားလုံးရှင်းထားတယ်”

ကားပေါ်မှဆင်းရင်း ပန်းယွန်းရဲ့ပခုံးလေးကိုဖက်ကာ သူ့ အိမ်ထဲခေါ်ခဲ့တော့ ကောင်မလေး ကြောက်နေပုံက မြူးချင်စရာ။

“ကိုကိုနော်၊ ဘာတွေ ကလိကမာကြံစည်မလို့လဲ”

“အံမာ! လူကိုများ ဘာမှတ်နေသလဲ။ ပန်းယွန်းက ကိုကို့ ရဲ့ချစ်သူပဲ။ ချစ်သူပါမစ်လောက်တော့ အသုံးချမှာပေါ့။ ဘာလဲ၊ မကြည်ဘူးလား”

ဧည့်ခန်းထဲရောက်သည်နှင့် သူကအရင် ဆိုဖာတစ်ခု ပေါ်ထိုင်ချလိုက်ပြီး ပန်းယွန်းကို ကလေးလေးလို ပွေ့ချီလိုက်ပါ သည်။ ကောင်မလေး တုန်ယင်နေတာကိုလည်း စချင်လို့ပါ။





“လွမ်းနေတာ ကြာပြီလေ၊ တောက်! ရှေးတုန်းကလို သာ အမြန်ဆုံး ဝုဒိုးတန်းတင်ပစ်လိုက်ချင်တယ်။ ကြာတယ် ကွာ. . . ကိုကိုက ပန်းယွန်းကိုမြင်တိုင်း ချစ်စိတ်တွေ မျိုသိပ်ထား ရတာ ရင်ဘတ်ကြီးပွင့်ထွက်တော့မယ်”

“အား. . . ကြောက်တယ်၊ ကိုကို့ကိုကြောက်တယ်”

သူက ပြောရင်းမှပင် ကလေးကို လူကြီးက ကျီစယ်နေ တာမျိုး အတင်းပွေ့ အတင်းနမ်းနေပုံက ကဗျာမဆန်။ တစ်ဆင့် ချင်းမလာ။ သူက ကျီစားနေပေမယ့် အရိုင်းမကလေးခမျာ လိပ် ပြာလွင့်မတတ်။

“ကိုကိုနော်. . . တော်ပြီ တော်ပြီ”

“ဘာလို့တော်ရမှာလဲ၊ အဲလိုလုပ်ချင်လို့ကို ယောက္ခမ ကြီးဆီက ပါမစ်ယူလာရတာ။ ပါမစ်ကို အလကားအဖြစ်မခံနိုင် ဘူး”

“မေမေက ကိုကို့ကိုယုံကြည်လို့ ထည့်လိုက်တာ။ ခုလို လုပ်လိမ့်မယ်လို့ ဘယ်ထင်မလဲ”

“ရတယ်လေ၊ သူ့ယုံကြည်ချက်ကို ကိုကိုအလွဲသုံးစား လုပ်ပါဘူး။ ပါးပါးလေးပါ”

“အား. . . အား. . . အား. . . ကြောက်ပြီ ကိုကို”



www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးလို သူ့ရင်ခွင်ကိုတွန်းရင်း မျက်နှာလေး ဝှက်ထားသည့် ချစ်သူကောင်မလေးခမျာ အတန်ကြာတော့ ဆင်ကျိုးစားရာ ဆိတ်မခံနိုင်ဆိုသလို သူ့ရင်ခွင်မှာ ငြိမ်သက်သွားရ ရှာပေပြီ။

သူကလည်း အစက နောက်နေရာမှ တကယ်ရှာန်ဝင်သွားပြီကိုး။ သိပ်ချစ်စရာကောင်းသည့် ချစ်သူမလေးကို ခွေးဖေါက်လေး စသလို စနေရာမှာ သူ့ရင်ဘတ်ထဲသို့ စေတန်နတ်ဆိုး ဝင်မွှေချေပြီထင့်။

ရင်ခွင်ထဲမှာ ညင်သာစွာ ပွေ့ဖက်ထားမိပြီး ချစ်သူလေးရဲ့နှင်းဆီဖူးနုတ်ခမ်းလေးကို ခပ်ရွရွလေး ငုံခဲထားမိပါချေပြီ။

သူ့အနမ်းတွေ ကြာမြင့်မှုရှိလာတော့ ကောင်မလေး သူ့ရင်ခွင်ထဲမှာ ပျော့ခွေနွမ်းလျရင်း သူမရဲ့လက်ကလေးများက သူ့ကျောကို အားယူသလို သိုင်းဖက်လာခဲ့စဉ်. . .

"တီ! တီ! တီ! . . ."

ခြံရှေ့မှ ကားဟွန်းသံကြောင့် သူတို့နှစ်ယောက်လုံး အိပ်မက်ကမ္ဘာမှ နိုးထသလို ဆတ်ခနဲလန့်နိုးသွားကြသည်။

ပန်းမော်ရုံကြားမှာ ပန်းဝတ်ရည်စုတ်သည့်ငှက်ကလေးလို သူ မိန်းမော ချမ်းမြေ့နေရာမှ ဖျတ်ခနဲနိုးထရချေပြီ။





ကျေးဇူးတင်ရမှာလား၊ ကော်ဆဲရမှာလားပင်။ ဒါ သူ့သူငယ်ချင်း ဟိုနှစ်ကောင်ပဲဖြစ်မှာပေါ့။ တောက်! အရေးကောင်း ဒိန်းဒေါင်းဖျက်ပဲ။

သူ ပန်းယွန်း၏ပါးလေးကို ရွရွကလေး မွှေးလိုက်ရင်း ချစ်သူမလေးကို ပွေ့ထူပေးလိုက်သည်။

"သွား. . .သွား. . . ပန်းယွန်း၊ ကိုကို့အခန်းထဲ သွားပုန်းနေ"

"ဖြစ်ပါ့မလားကိုကိုရယ်၊ တော်ကြာ တစ်မျိုးထင်နေမှာ"

"ထင်ထင်ကွာ၊ အခု ပန်းယွန်းမှာ ကိုကို့ရှုပ်နှောက်ထားလို့ ဖရိုဖရဲဖြစ်နေတယ်လေ။ သပ်သပ်ရပ်ရပ်လေး သွားပြင်ဆင်ပြီးမှ ထွက်ခဲ့"

"အင်းပါ. . . အင်းပါ"

ကောင်မလေး သူ့အခန်းထဲသို့ ပြေးဝင်သွားနေစဉ် သူမျက်နှာကြီးရှုစ်ခေါက်ချိုးနှင့် အိမ်တံခါးဖွင့်ရင်း ခြံဝသို့ဆင်းလာခဲ့ရသည်။

သူခြံတံခါးဖွင့်နေသည်ကိုကြည့်ရင်း ဟိုနှစ်ကောင်ကကားပေါ်မှ ပြုံးစိစိ။ ရုပ်တွေကိုက။

"ဟော့ကောင်ကြီး၊ ငါတို့လာတာနဲ့ လုပ်ငန်းတွေ ပျက်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ပြီလား"

"ပျက်ကုန်ပြီ၊ အစီအစဉ်တွေ လွဲကုန်ပြီ"

ကားနှစ်စီး ခြံထဲသို့လိုမ့်ဝင်လာကြရင်း ကားပေါ် သင်း တော့ ထက်အာကာနှင့် ကျော်ထက်လူတို့ သူဖြစ်ပျက်နေသည့် ရုပ်ကိုကြည့်ပြီး တဟားဟားရယ်နေကြ၏။

"ငါတို့ မင်းယောက္ခမတိုက်ခန်းကို အရင်ဖုန်းလှမ်းဆက် တာ။ မင်း ကောင်မလေးကို မ,သွားတာလည်းသိရော၊ အချိန်မီ လိုက်လာကြတာကွ"

"ဘာလုပ်ရအောင်လဲ၊ မင်းတို့နှစ်ကောင် တစ်သက်လုံး ကြီးတွားမယ့်ကောင်တွေမဟုတ်ဘူး။ တစ်သက်လုံး လူပျိုကြီးဖြစ် မယ့်ကောင်တွေ"

"အေးပေါ့ကွာ၊ မင်းကတော့ ပြောအားရှိတာပေါ့။ တစ် ယောက်ဆင်း တစ်ယောက်တက် နှလုံးသားပိုင်ရှင်ကြီးကိုကွ၊ ငါတို့ကိုလည်း နည်းလေးလမ်းလေး ပေးပါဦး"

သုံးယောက်သား ဧည့်ခန်းထဲမှာထိုင်မိကြရင်း ယသူ ငယ်ချင်းတွေမို့ ပြောမနာဆိုမနာနှင့် စနောက်နေကြစဉ် ပန်းယွန်း သူ့အခန်းထဲမှထွက်လာတာမြင်လျှင် အာကာနှင့် ကျော်ထက်လူ တို့ တမင်ပင် သူ့ကိုမျက်လုံးပြူးပြကြသည်။ ခွေးတိရစ္ဆာန်တွေ





သိပ်ရှစ်တာပဲ။

"ဟာ! ဟေ့ကောင်၊ လက်သွက်လှချည်လား။ မင်္ဂလာ ဆောင်မှာဖြင့်လည်း မြန်မြန်ဆောင်ကွာ။ တော်ကြာ ကောင်မ လေး. . ."

"တော်ပြီ၊ မင်းတို့လွန်ပြီနော်။ ငါ့ကိုများ သူတို့စိတ်နဲ့ နှိုင်းနေကြသေးတယ်။ လက်မထပ်ရသေးခင် ငါဘာမှမလုပ်ရှား ဘူး။ ငါချစ်သူလေးကို လက်ထပ်ပြီးမှ တမြတ်တနိုးချစ်မှာ"

"အမယ်လေး! ရည်ရွယ်ချက်ကလည်း ကြီးပါ့။ ကြက် သီးထချာကြီး"

"တော်ပြီကွာ၊ ဝန်းယွန်း ရှက်နေလိမ့်မယ်"

သူ့အနားသို့ မဝံ့မရဲ အပြုံးနုနုလေးနှင့် ကပ်လာသည့် ပန်းယွန်းရဲ့ပုံစံလေးက လုပနေဖတ်လွန်းလို့ ကျန်သည့်နှစ်ကောင် ပါ အံ့အားကြီးတွေ သင့်လို့။

မိန်းမချောလေးတစ်ယောက်ရဲ့အချစ်နှင့် ဖျန်းပက်ထား သည့်ရုပ်လေးက ဘယ်ပန်းချီရေးလို့မမီဇဖွယ်။ သူ ဂုဏ်ယူဝင့် ကြွားစွာနှင့် ပန်းယွန်းကို သူ့ဘေးနားသို့ ဆွဲခေါ်ထိုင်နိုင်းလိုက် သည်။

"ယွန်း. . . ဒါ ကိုကိုသူငယ်ချင်း ထက်အာကာတဲ့။ ဒေ



www.burmeseclassic.com

www.burmeseclassic.com



မစွံ လူပျိုကြီးတွေပေါ့"

"ပြောထားပေါ့ကွာ၊ ငါတို့လည်း မင်းကိုအမီလိုက်မှာ ပါကွ"

"သူက ငုဝါထက် ငယ်ပြီ။ ငုဝါထက် အများကြီး ချစ်စရာကောင်းတယ်နော်။ ကလေးလေးလိုပဲ၊ ဖြူဖြူစင်စင်လေး"

ထက်အာကာရဲ့စကားကြောင့် နောင်ခွန်းဆက် မျက်နှာ ပျက်သွားတာ ပန်းယွန်းကို အားနာလို့ပါ။ မိန်းကလေးတချို့က အရင်ချစ်သူအကြောင်းကိုပြောလျှင် အူတိုတတ်ကြသည်လေ။

သူတို့ပြောလည်းပြောချင်စရာ၊ ဒီနေ့ ပန်းယွန်းပုံစံလေးက အတူးကို လှပနေခဲ့သည်။ အဝါနုရောင်ဝတ်စုံလေးမှာ ချစ်စရာပုံဆန်းဆန်းလေး။

"ဒါကြောင့် ငါသိပ်ချစ်နေရတာပေါ့ကွာ။ ဖြစ်နိုင်ရင် တာ နောယံကွကြီးလို အာခံတွင်းထဲတောင် ငုံထားလိုက်ချင်သေး"

"တော်ပါတော့ကိုကိုရယ်၊ ပန်းယွန်း မနေတတ်တော့ ဘူး"

ကြောင်မလေးလို ခေါင်းလေးငုံ့ရင်း သူမ တိုးတိုးလေး တောင်းပန်နေတော့ နောင်ခွန်းဆက် သူငယ်ချင်းတွေကို လက် ကာပြရသည်။ တော်ပြီလေ။





"တခြားစကားတွေပဲ ပြောကြတော့ကွာ၊ ယွန်း ရှက် နေပြီ"

ထက်အာကာ လေးနက်စွာဖြင့် နောင်ခွန်းဆက်ကိုကြည့် လိုက်သည်။ ပြီးမှ. . .

"ငါတို့ငုဝါအကြောင်း စုံစမ်းကြရအောင်။ သူပျောက် နေတာ မရိုးသားဘူး"

ကျော်ထက်လူကတော့ အာကာ့ကို ဝင်ရောက်ဟန့်တား လိုက်၏။

"ပန်းယွန်းရှေ့မှာ အားနာစရာကွာ။ မင်းကလည်း"

ပန်းယွန်းမှာ နားလည်မှုရှိပါသည်။ ပြီးတော့ မမငုဝါက အိပ်မက်ထဲက အမိပ္ပာယ်အရခုဆို သေနေပြီ။

"ပန်းယွန်းကိုယ်တိုင်လည်း မမငုဝါကို ရှာဖွေစေချင်ပါ တယ်။ ကျွန်မတို့အိပ်မက်ထဲကအတိုင်းဆို သူအသက်မရှိတော့ ဘူးနဲ့တူပါတယ်"

ပန်းယွန်းပါ ဝင်ပြီးထောက်ခံနေတော့ သူတို့အားလုံး ငုဝါကိုရှာဖွေကြဖို့ အစီအစဉ်တွေ ရေးဆွဲကြသည်။

"မိဘအိမ်မှာလည်း မရှိ အဆောင်မှာလည်း မနေဆို တော့ ခက်လိုက်တာ။ ဘယ်သူငယ်ချင်းဆီများ ရောက်နေမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရဲတိုင်ရအောင်လည်း အမှုက နစ်နစ်ကြာနေပြီ"

"သူ့သူငယ်ချင်းကောင်မလေးကတစ်ဆင့် စုံစမ်းတာ အကောင်းဆုံးပဲ"

သူတို့တိုင်ပင်ဆွေးနွေးနေကြစဉ်. . .

"ဗိုး. . ."

"ဒေါက်!"

"အား. . ."

ဗိုးခနဲအသံနှင့်အတူ ကျော်ထက်လူနဖူးမှာ သွေးတွေ ဖြာထွက်လာသဖြင့် သူတို့အားလုံး အံ့အားသင့်သွားကြရ၏။ ခဲ လုံးတစ်လုံး။

ဘယ်သူလဲ ဘယ်ကပစ်လိုက်တာလဲ။ ထကြည့်တော့လည်း ဘာမှမတွေ့ရပေ။ နောင်ခွန်းဆက် ဖိုးကျော်ကို ဆေးထည့် ပလာစတာကပ်ပေးရင်း သူတို့အားလုံး အဖြေရှာမရဖြစ်နေကြ၏။

ပန်းယွန်းမှာ ကြက်သီးတဖြန်းဖြန်းထနေရင်း နောင်ခွန်း ဆက်သို့. . .

"ကိုကို. . . မမငုဝါလားမသိဘူးနော်၊ သူက မကျွတ် ဘူးလေ။ ကိုကို့အိမ်မှာပဲ ကပ်နေတာတဲ့"





"ကြံကြံဖန်ဖန်. . . ယွန်းရယ်"

သည်စဉ် မင်းဒင် ကားနှင့်ပြန်လာသဖြင့် မင်းဒင်ကို အိမ်မှာထားခဲ့ကာ သူတို့နှစ်ယောက် ဈေးဝယ်ထွက်ဖို့ အားလုံး ကို ခွင့်ပန်လိုက်သည်။

"ကဲ! ဒီနေ့တော့ ယွန်းအတွက် ငါဈေးဝယ်ပေးမလို့။ မင်းတို့ရော လိုက်ခဲ့ကြပါလား"

"လောကွတ်တွေ ချော်မနေနဲ့ကွာ၊ ငါတို့လည်း ပြန်တော့ မယ်။ ဖိုးကျော်. . . ကားမောင်းလို့ရရဲ့လား"

"ရပါတယ်။ ကဲ! နှစ်ယောက်လုံးပဲ နှုတ်ဆက်တယ်နော်၊ ဆီးယူ"

ကားသုံးစီး ရှေ့ဆင့်နောက်ဆင့် ထွက်ခဲ့ကြတော့၊ ထက် အာကာ တစ်လမ်းလုံး အတွေးတွေကြီးစိုးလာခဲ့ရသည်။ ဖိုးကျော် ကို ဘယ်သူပစ်လိုက်တာလဲ၊ နာနာဘာဝဆိုတာ တကယ်ရှိနေ သလား။ ပန်းယွန်းပြောသလို ငုဝါမကျွတ်ဘူးဆိုတာ တကယ် လား။

"ကျွီ. . ."

"အား. . ."

လမ်းရှင်းနေပေမယ့် အတွေးကြောင့် တစ်ဝုံတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို တိုက်မိမတတ်ဖြစ်သွားသဖြင့် အာကာ ကားကိုဘရိတ်ဆွဲကာ ကားပေါ်မှလျှင်မြန်စွာ ဆင်းလိုက်ရ၏။

မိန်းကလေးတစ်ယောက်. . .

"ညီမ ဘာဖြစ်သွားသေးလဲ၊ အစ်ကို ဆေးခန်းလိုက်ပို့ပါ့မယ်။ ရပ်ကြည့်ပါဦး"

"ခြေခေါက်သွားတာထင်တယ်၊ ကိစ္စမရှိပါဘူးရှင်။ ညီမကလည်း အတွေးများသွားလို့ပါ"

"ဆေးခန်းသွားရအောင်လေ၊ အစ်ကို ဘယ်ကိုပို့ပေးရမလဲ။ ဘာလုပ်ပေးရဦးမလဲ"

"ရပါတယ်ရှင်. . . ကျွန်မ"

"ဟင်!"

ကောင်မလေးကို သေသေချာချာကြည့်လိုက်တော့ ငုဝါရဲ့သူငယ်ချင်းမလေးဖြစ်နေသဖြင့် အာကာ ယောင်ပြီး လက်ကိုပင် ဆွဲထားမိလိုက်၏။

"မင်း. . . မင်း. . . ငုဝါရဲ့သူငယ်ချင်း"

"ရှင်"

ထိတ်လန့်တုန်လှုပ်သွားသည့်ကောင်မလေးကို ထက်အာကာ လက်ကိုသေသေချာချာဆွဲထားပြီး. . .





"ငုဝါ အခုပျောက်နေတယ်၊ သေသလားရှင်သလား တောင်မသိရဘူး။ မင်းက သူ့သူငယ်ချင်းဖြစ်ပြီး ဘာဖြစ်လို့ လိမ်ညာချင်ရတာလဲ"

"ကျွန်မ. . . ကျွန်မ ဘာမှမလုပ်ရပါဘူးရှင်"

ကောင်မလေး မျက်ရည်တွေစီးကျလာလျှင် ထက်အာကာ သူ့ကားပေါ်သို့ ဆွဲတင်ခဲ့သည်။ စားသောက်ဆိုင်တစ်ခုမှာ ရပ်လိုက်ပြီး. . .

"မင်းကို ငါတွေ့ချင်နေတာ။ ကဲ. . . ပြော၊ ငုဝါဘယ်ရောက်သွားတာလဲ။ မင်းကို သူ စာပေးခဲ့တာလား။ ဪ. . . ငါ အာကာဆိုတာ ငါလေ။ ငါနဲ့သူ ဘယ်မှာခိုးပြေးလို့လဲ"

သူပြောချသမျှ ငုဝါသူငယ်ချင်း သန္တာမှာ မျက်ရည်တွေကျရင်း တုန်လှုပ်နေရှာသည်။

"ကျွန်မ ကြောက်လို့ပါရှင်"

"မကြောက်နဲ့. . . ငါ မင်းကို အကာအကွယ်ပေးမယ်။ အဖြစ်မှန်ကိုသာ ရှင်းပြ"

သန္တာ မျက်ရည်များကိုသုတ်ရင်း အသံတုန်တုန်နှင့်

"ကျွန်မကိုသတ်ပစ်မယ်ဆိုလို့ ဘာမှမပြောခဲ့တာပါရှင်။ အဲဒီနေ့က အဲဒီစာကို လူတစ်ယောက် ပေးခိုင်းလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုလည်း အစဖော်ရင် သတ်ပစ်မယ်. . . ငုဝါကိုမေးရင် အဆောင်ပြန်မလာဘူးဆိုတာပဲ ပြောနိုင်းလို့ပါ။ နောက် ကျွန်မကို နယ်ပြန်နိုင်းပြီး ငွေငါးသိန်းလည်းပေးပါတယ်"

"အဲဒီလူ ဘယ်သူလဲ"

သန္တာမှာ ဘေးဘေးဘီဘီကို ကျိုးကန်းတောင်းမျှော်ကြည့်လိုက်သေး၏။ ပြီးမှ စိတ်ကိုတင်းပြီး တိုးတိုးလေးပြောပြတော့၊ အာကာ ကိုဏ္ဍနားပင် ကိုယ်မယုံနိုင်ဖြစ်သွားရလေသည်။



## အခန်း(၂၄)

မင်္ဂလာရက်နီးပြီမို့ နောင်ခွန်းဆက်နှင့် ပန်းယွန်းတို့နှစ်ယောက်မှာ တတွဲတွဲ။ မင်္ဂလာကိစ္စတွေကို ကြိုတင်ဆောင်ရွက်ကြရင်း နှစ်ယောက်အတူ ကြည်နူးနှစ်သိမ့်နေမိပေမယ့် နောင်ခွန်းဆက်ရင်ထဲ တစ်ခါတစ်ခါ ငုဝါကိုသတိရမိသွားပြီး လေးလံနေမိသည်။

ငုဝါ ဘယ်မှာရောက်နေသလဲ၊ သေသွားပြီလား။ ယခုလည်း စိတ်စာအပ်ပြီးလို့ ပြန်အထွက်၊ လမ်းပေါ်မှာ ငုဝါကို ရိပ်ခနဲမြင်လိုက်ရသဖြင့် သူသတိလက်လွှတ် ပြေးလိုက်မိသည်အထိ။

လေဆိပ်ကိုသွားတုန်းကအတိုင်း ပန်းနုရောင်ဝတ်စုံလှလှလေးနှင့်ပါ။ မြင်တုန်းက အသေအချာမြင်လိုက်ရပေမယ့် သူ့



www.burmeseclassic.com

www.burmeseclassic.com



ပြေးလိုက်သည့်အခါ ပျောက်ကွယ်သွားပြန်သည်။ လူတွေလည်း ဒီလောက်များတာမဟုတ်။ လိုင်းကားတစ်စီးစီးပေါ်များ တက်သွားသလား။

"ကိုကို ဘယ်သူ့ကိုတွေ့လိုက်လို့လဲဟင်"

ပန်းယွန်း သူ့ကားနားမှာ ရပ်စောင့်ရင်းမေးတော့ သူ့မှာ ဟိုလိုလိုဒီလိုလိုဖြေရသည်။ ညာရသည်။

"ဪ. . .သူငယ်ချင်းတစ်ယောက် တွေ့လိုက်လို့ပါ။ မတွေ့တာကြာပြီဆိုတော့လေ။ သူ့ကို မင်္ဂလာဆောင်လည်း ဖိတ်ချင်လို့ ယွန်းရဲ့။ သူ ရန်ကုန်က ပြန်လာတယ်ကြားပေမယ့် ကိုယ့်ဆီ မလာဘူးလေ"

"ဪ. . . ဖုန်းနံပါတ်မရှိဘူးလား ကိုကို"

"ဖုန်းနံပါတ်ပြောင်းသွားပြီနဲ့ တူပါတယ်ကွာ။ ကဲ! သွားကြစို့"

နှစ်ယောက်အတူပြန်ခဲ့ကြရင်း သူ ပန်းယွန်းကို ပြန်မပို့သေးဘဲ ကိုယ့်အိမ်သို့ခေါ်လာခဲ့သည်။ သူ့အိမ်ခေါ်လာလျှင် ပန်းယွန်း ခပ်လန့်လန့်။ ကိုကို သူမကိုချစ်တယ်ဆိုတာ တကယ်လား။ ယောကျ်ားတို့၏အချစ်ဆိုတာ ဒီလိုပဲလား။ မြန်မြန်လက်ထပ်ဖြစ်မှပဲ အေးမှာမှာ။ ကြာလျှင်မလွယ်။





"ကဲ! ဆင်း. . . နေ့လယ်စာစားဖို့ပြင်ထားကွာ။ ကိုကို ရေချိုးလိုက်ဦးမယ်။ ကိုကို့အခန်းကို တံခါးမခေါက်ဘဲ ဝင်မလာနဲ့နော်။ ကိုကိုရှက်တယ်"

သူကပဲ တစ်ပြန်စီ။ ပန်းယွန်းကို ကိုကို့ကို ချစ်စဖွယ် မျက်စောင်းထိုးလိုက်ပြီး မီးဖိုဘက်သို့ဝင်ခဲ့သည်။ မီးဖိုထဲမှာ ကိုမင်းဒင်ချက်ထားသည့် ထမင်းဟင်းများကို နွှးခပ်ပြင်ဆင်နေရင်း သူမနှာခေါင်းထဲ ရေမွှေးနံ့တွေ တထောင်းထောင်းရသဖြင့် ခေါင်းနားပန်ကြီးသွားရ၏။

အဲဒါဘာဖြစ်တာလဲ။ မမငုဝါ အနားမှာရှိနေတာလား။ နေ့လယ်ကြီး သရဲခြောက်နေတာထင်သည်။ ပန်းယွန်း ကြက်သီးတွေ တဖျန်းဖျန်းထနေပေမယ့် စိတ်ကိုတင်းကာ ထမင်းပွဲပြင်ဆင်နေစဉ် သူမ၏ကျောသို့ ခေါက်ခနဲ တစ်ခုခုမှန်သည်ကြောင့် လှည့်ကြည့်လိုက်တော့ ခြံထဲမှ နှင်းဆီဖူးတစ်ခုကို တွေ့လိုက်ရသည်။

အစ်ကိုမင်းဒင်များ နောက်နေတာလား။ မီးဖိုပြတင်းမှ တစ်ဆင့် ဟိုဟိုဒီဒီ လှမ်းရှာကြည့်တော့ သူမျက်ဝန်းထောင့်ထဲ ပန်းနုရောင်အရိပ်ကလေးတစ်ခုကို ရိပ်ခနဲမြင်လိုက်ရ၏။

"အမယ်လေး!"



www.burmeseclassic.com

www.burmeseclassic.com



ပန်းယွန်း သွေးမကောင်းနိုင်တော့ပါ။ ထမင်းကို အုပ်ဆောင်းနှင့်အုပ်ခဲ့ပြီး သူမ ကိုကို့အခန်းဘက်သို့ ခွတ်ပြေးလေတော့သည်။ လူ့အခန်းတံခါးက စေ့ထားရုံမျှ သူမပြေးဝင်တော့ ကိုကို့အသွင်က ကိုရှိကားယား။

ရေချိုးပြီးစမို့ မျက်နှာသုတ်စောင်ပတ်ထားပြီး အပေါ်ပိုင်းဗလာ။

"ဟ! ဟ! ဒီကောင်မလေး သေသေချာချာမှာထားခဲ့တဲ့ကြားတာ။ ကောင်းပြီ. . . ကိုကို့ကို အပြစ်မဆိုနဲ့တော့နော်။ ဒီကတော့ လာထားမဲ့"

အရေးထဲ သူက ပန်းယွန်းကိုဆီးငေ့ပြီး ဝမ်းသာအားရနှင့် ဖြစ်နေလျှင် သူမ ကိုကို့ကို တုန်လှုပ်စွာနှင့် ပြန်ဖက်ထားမိသည်။

"ကိုကို. ... မမ. . . မငုဝါ"

"အမယ်လေး. . . ဘယ်မှာလဲ ငုဝါ"

ကြောက်ကြောက်နှင့် သူ ဟိုကြည့်ဒီကြည့်ဖြစ်နေရာမှ ပန်းယွန်းကိုပွေ့ကာ ကုတင်ပေါ်ထိုင်လိုက်သည်။

"ပန်းယွန်းမျက်လုံးထဲ ပန်းနုရောင်အရိပ်ကလေး ခိုပ်ခနဲဖြတ်သွားတယ်။ နောက် ကျောကိုလည်း နှင်းဆီပွားနဲ့ပေါက်





တယ်။ ရေမွှေးနံ့တွေရော ထောင်းထောင်းထလို့"

"ဘုရားရေ"

ပန်းနုရောင်အရိပ်ဆိုတာနှင့် သူယုံကြည်လိုက်ပါသည်။ သူကိုယ်တိုင်လည်း မနက်ကတွေ့ပြီးပြီမဟုတ်လား။ ကေန္တ ငုဝါ အုတိုနေပြီထင်သည်။ ပန်းယွန်းနှင့်လက်ထပ်မှာ သဘောမတူဘူးလား။

"ငုဝါရေ. . . အမျှ အမျှ . . . မောင်ပြုသမျှ ကုသိုလ်တွေ အမျှပေးဝေပါတယ်။ မောင်နဲ့ပန်းယွန်းကို သဘောတူပေးပါနော်"

"မငုဝါက သေတာရောဟုတ်လို့လား ကိုကိုရယ်"

"မသိဘူးကွာ၊ ဘာပဲဖြစ်ဖြစ် စနေနေ့ကျရင် သံဃာတော်တွေ ဆွမ်းသွားကပ်ရင်း အမျှအတန်းဝေပေးရအောင်နော်".

"အင်း. . . ကောင်းတယ်၊ ကဲ! အဝတ်လဲ. . . ထ"

သူမ သူ့ရင်ခွင်ထဲမှ ရုန်းထွက်တော့ သူ မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်ပေးလိုက်ရသည်။

"အရမ်းအသည်းယားတယ်ကွာ၊ လူကို လာလာဆွပြီးတော့"

"ကိုကိုနော်၊ သရဲကြောက်လို့ပြေးလာတဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ၊ အခုလည်း ယွန်းကို မီးဖိုထဲက သရဲမကြီး စောင့်နေမှာသေချာတယ်"

"စောင့်ပစေ"

မျက်စောင်းလေးထိုးပြီး ပန်းယွန်း အခန်းထဲကထွက်သွားတော့ သူရယ်ကျဲကျဲနှင့် အဝတ်အမြန်ဆုံးလဲပြီး ထမင်းစားခန်းသို့ လိုက်သွားရသည်။ မင်းအင်ကတော့ ချက်ပြုတ်ပေးခဲ့ပြီး သူ့ကိစ္စတစ်ခုအတွက် အပြင်သွားနေဖလသည်။

သည်စဉ် သူ့ဖုန်းမြည်လာသဖြင့် ကြည့်လိုက်မိတော့ ထက်အာကာ။

"ခွန်းဆက်. . . ငါ သန္တာကိုရှာတွေ့ပြီ၊ အကြောင်းစုံလည်းသိလိုက်ရပြီ"

"ဟင်! ဘာလဲ. . . ဘာဖြစ်လို့လဲ၊ ငုဝါသတင်းရပြီလား သူ. . . သူ"

"ငုဝါမရှိတော့ဘူး၊ မထင်မှတ်တဲ့အကြောင်းအရာတွေကြောင့် ငုဝါသေဆုံးသွားခဲ့ရပြီ"

"ဘာ!"

"သေသေချာချာပြောကြရအောင် ငါ့အိမ်ကိုလာခဲ့ကွာ"

"အေး! လာခဲ့မယ်၊ ယွန်းကိုပို့ရင်း ငါလှည့်ဝင်ခဲ့မယ်"





သူ ဖုန်းပိတ်လိုက်ပြီး ထမင်းစားခန်းသို့ ဆက်လာခဲ့ရပေမယ့် ရင်ထဲမှာ လှိုင်းထန်နေရသည်။ သူ့ချစ်သူ ပန်းငုဝါတစ်ယောက် အသက်ခံလိုက်ရပြီဆိုသည့်သတင်းက သေချာသွားခဲ့ပါပြီ။

ငုဝါအတွက် ခံစားလိုက်ရခြင်းနှင့်အတူ တရားခံ ဘယ်သူလဲဟု တွေးမိနေခြင်းကြောင့် သူထမင်းစားလို့ပင် မရတော့။

"ဆောရီးကွာ၊ ကိုကို ရုတ်တရက်နေမကောင်းဖြစ်သွားလို့၊ ယွန်းပဲ စားတော့နော်။ ပြီးရင် ကိုကို လိုက်ပို့မယ်"

စောစောက ရွှင်လန်းနေပြီး ချက်ချင်းပင် ရာသီဥတုက မကြည်မလင်ဖြစ်သွားသောကြောင့် ပန်းယွန်းမျက်နှာလေး ငယ်ငယ်။

ကိုကို ဘာများဖြစ်လို့ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

ကျော်ထက်လူ ဟိုတစ်နေ့က နောင်ခွန်းဆက်ရဲ့အိမ်မှာ နဖူးကို ခဲပေါက်ခံလိုက်ရကတည်းက သူ ခွန်းဆက်တို့အိမ်ကို ရှောင်ခဲ့သည်။

ငဝါမကျွတ်တူးဆိုတာ တကယ်လား။ သူ့ကို အပြုံးထားပြီလား။ တစ္ဆေသရဲဆိုတာရော တကယ်ရှိလို့လား။ သွားစမ်းပါ။

သည်စဉ် သူ့အိမ်ထဲသို့ နောင်ခွန်းဆက်နှင့် အာကာရဲ့ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့်ရောက်လာသဖြင့် သူကြိုဆိုလိုက်ရသည်။

"လာကြ. . . လာကြ၊ နှစ်ယောက်ချိန်းပြီးလာကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ညနေကျ ငါအကြိုပွဲလေး လုပ်ပေးမယ်လို့ မင်းကိုလာပြောတာ"

"ဖုန်းနဲ့ပြောလည်း ရသားပဲကွာ"

"လူကိုယ်တိုင် လာပြောတော့... ပိုပြီးအလေးထားရာ ရောက်တာပေါ့ကွ။ ငါတို့ကို တစ်ခုခုကျွေး"

"အေးပါကွာ"

ကျော်ထက်လူမှာ တစ်ယောက်တည်းသမားမို့ ကိုယ်တိုင်ပင် အချိုရည်ဘူးနှင့်မုန့်များ ယူလာခဲ့လေသည်။ သုံးယောက် ထိုင်မိကြလျှင် အာကာက...

"ငါ မနေ့က သဉ္ဇာ့ကို လှမ်းမြင်လိုက်တယ်။ နောက် ကလိုက်တာ မမီဘူးကွာ။ သူနဲ့တွေ့ရင် အားလုံးရှင်းသွားမှာ"

နောင်ခွန်းဆက်လည်း ဝင်ပြောလေ၏။

"ယွန်းလည်း ငုဝါကို မကြာခဏအိပ်မက်မက်တယ်။ ခုတလော အိပ်မက်တင် မဟုတ်တော့ဘူး။ အပြင်မှာ ရိပ်ခနဲ ရိပ်ခနဲမြင်လိုက်ရတယ်။ ငုဝါတော့ တော်တော်သောင်းကျန်းနေ ပြီ။ ဖိုးကျော် သတိထားနော်"

"အေး.... ဟာ! ငါက ဘာလို့သတိထားရမှာလဲ။ ငါ ဘာမှမဆိုင်ဘူး"





"အေးပါ... မဆိုင်ပါဘူး။ ငုဝါက အိပ်မက်တိုင်းပြော တာတော့ တူတယ်ကွ"

"သူက ဘာပြောလဲ"

ကျော်ထက်လူပုံစံက တုန်လှုပ်ချောက်ချားမှုကို ဖုံးကွယ် နေသလားပင်၊ အာကာနှင့်နောင်ခွန်းဆက်တို့ သူ့ကိုအသေအချာ ကြည့်နေကြ၏။

"သူ့ကို လူယုံသတ်တာတဲ့"

"ဟာကွာ... မင်းတို့စွဲလန်းလို့ အိပ်မက်မက်နေတာ ပါ။ ငါတော့ တစ္ဆေတွေ ဝိညာဉ်တွေကို မယုံပါဘူး"

"ငုဝါသေသွားတယ်ဆိုရင်တော့ ယုံရမှာပဲကွ။ ခုတလော ငုဝါအရမ်းသောင်းကျန်းနေတယ်၊ ငါတောင် စိတ်မရှည်လို့ အိမ် ကိုပတ်ပြီးအော်ပစ်ခဲ့သေးတယ်။ ငုဝါရေ... နင်တကယ်မကျွတ် မလွတ်ရှိနေရင် နင့်ကိုသတ်တဲ့သူကို လက်စားသွားချေပါ။ လည် ပင်းသွားညှစ်ပါလို့ အော်ပစ်လိုက်တယ်"

"ဘာ!"

ကျော်ထက်လူမျက်နှာ သွေးဆုတ်သလို ဖွေးခနဲဖြစ်သွား လျှင် အာကာက...

"ဘာဖြစ်တာလဲ၊ မင်းနဲ့ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်ပါဘူး။ ဒါပေမဲ့ ငါကကြောက်တတ်လို့ပါ"

"ကဲကဲ. . . ဒါဆိုလည်း ညကျ ငါ့အိမ်ကိုလာခဲ့ကွာ။ ဆက်ဆက်လာနော်၊ ငါ ငှဝါကိုလည်းဖိတ်ထားတယ်။ သန္တာကိုလည်းဖိတ်ထားတယ်"

"အမယ်လေး!"

ကျော်ထက်လူ ယောင်ပြီးအော်လျှင် သူတို့နှစ်ယောက် မျက်လုံးချင်းဆုံလိုက်ကြသည်။

"ငါ. . . ငါနေမကောင်းလို့ မလာနိုင်တော့ပါဘူးကွာ။ ခေါင်းထဲမှာ သွေးတိုးသလားမသိဘူး"

သူ ဆိုဖာမှာမှီချရင်း ရှုံ့မဲ့နေလေတော့ နောင်ခွန်းဆက်နှင့်အာကာတို့ ပြန်ဖို့ပြင်ကြရတော့သည်။

"ကဲ! ဒါဆိုလည်း ဆေးသောက်ပြီး အိပ်လိုက်တော့။ ငါတို့လည်း မင်းနေကောင်းမှပဲ ဝိုင်းလုပ်တော့မယ်"

နှုတ်ဆက်ပြီး ပြန်သွားကြလေမှ ကျော်ထက်လူ စိတ်သက်သာရာရလေတော့သည်။



## အခန်း(၂၆)

ကျော်ထက်လူ သူ့တိုက်ခန်းက ခါတိုင်းထက် ပိုပြီးကျယ်ဝန်းနေသလို ခံစားရသည်။ ပြီးတော့ ဒီနေ့မှ ကြွက်တွေသောင်းကျန်းနေသလိုလို။ ဟိုနား ချိုးချိုးချွတ်ချွတ်၊ ဒီနား ချိုးချိုးချွတ်ချွတ်နှင့်။

"ငှဝါ ခုတလော အရမ်းသောင်းကျန်းနေတယ်။ အပြင်မှာကို ရိပ်ခနဲရိပ်ခနဲမြင်နေရတယ်"

"ငါတောင် စိတ်မရှည်လို့ အိမ်ကိုပတ်ပြီးအော်ပစ်ခဲ့သေးတယ်။ ငှဝါရေ. . . နင် တကယ်မကျွတ်မလွတ်ရှိနေရင် နင့်ကိုသတ်တဲ့သူကို လက်စားသွားချေပါ။ လည်ပင်းသွားညှစ်ပါလို့ အော်ပစ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နောင်ခွန်းဆက်နှင့်အာကာတို့၏စကားတွေကို ပြန်ကြား ယောင်တိုင်း ကျော်ထက်လူ အိပ်မရဖြစ်နေ၏။ ခေါင်းထဲမှာလည်း စိုးစိုးစီစီအသံတွေ ညံနေ၏။

ည(၁၂)နာရီအထိ မျက်စိကြောင်နေတော့ သူအိပ်သေး သောက်ကာ အိပ်ပစ်ရသည်။ သူအိပ်ပျော်မည်ကြံခါရှိသေး နား ထဲမှာ ကြားရသည်က ခြေသံတရှပ်ရှပ်။ သူ ခေါင်းနားပန်ကြီး စွာနှင့် အခန်းတံခါးကိုကြည့်နေပေမယ့် ရိပ်ခနဲဝင်လာသည်က ပြတင်းပေါက်မှန်တံခါးဆီမှ။

"ဟင်!"

ပိတ်ထားသည့်မှန်တံခါးဆီမှ လေတိုက်သလို လွင့်ခနဲ ရောက်လာတာ ပန်းရောင်အရိပ်တစ်ရိပ်။

"ဘုရားရေ!"

ငုဝါ လေဆိပ်မှပြန်လာတုန်းကဝတ်စုံ။ အရိပ်ကတော့ မပီဝိုးတဝါး။ သူ မျက်လုံးတွေပွတ်ကြည့်နေတုန်း အရိပ်က ပိုပြီး ပီပြင်လာခဲ့သည်။

"ငုဝါ"

"ဟား. . . ဟား. . . ဟား. . . အယုတ်တမာကောင် နင်ဘာယ်ပြေးမလဲ"





"အား. . . သွား. . . နင်သေပြီ၊ နင်သေပြီလေ။ ငါ သတ်လို့ နင်သေပြီးပြီ"

"ဟား. . . ဟား. . . ဟား. . . ငါသေသလို နင်လည်း သေရမှာပေါ့ အယုတ်တမာကောင်ရယ်"

လက်နှစ်ဖက်ကိုဆန့်တန်းကာ တဟားဟားအော်ရယ် နေသည့်ငုဝါရုပ်က ပါးစပ်တွေမျက်လုံးတွေထဲမှ သွေးတွေစီးကျ လို့။ ကြောက်စဖွယ်။

"အား. . . အား. . . သွား. . . သွား. . . မလာနဲ့"

ကျော်ထက်လူ အနီးအနားရှိပစ္စည်းတွေနှင့် ကောက် ပေါက်ပေမယ့် သူမက မမှု။ အော်ရယ်ရင်းနှင့်ပင် သူ့ထံသို့ တိုး ကပ်လာနေသည်။

"ခုတော့ နင့်အလှည့်ပေါ့ ဖိုးကျော်။ နင့်ကို ငါသတ် မယ်။ နင့်ကိုလည်ပင်းညှစ်ပြီး ပြန်သတ်မယ်။ ဘုရားမရှိတရား မရှိတဲ့အကောင်"

သူ့လည်ပင်းဆီ အတင်းဝင်ညှစ်သည်။ လက်နှစ်ဖက် ကြီးက အေးစက်နေလိုက်တာ ရေခဲတုံးတမျှ။ မျက်နှာမှ သွေး တွေကလည်း သူ့အပေါ်ပဲ စီးကျတော့မလို။ ပုပ်စော်တွေကလည်း နံ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . ဟား. . . သေစမ်း"

"မလုပ်နဲ့. . . မလုပ်နဲ့ ငဝါ"

"သတ်မယ်၊ နင့်ကို ငါသတ်ရမှ ကျေနပ်မယ်"

သူ ငဝါကိုကန်ကျောက်နေရင်း လုံးလားထွေးလားဖြစ်နေရာမှ ကုတင်ပေါ်မှ ပြုတ်ကျသွားခဲ့လျှင်. . .

"ဘုတ်!"

"အား. /."

သူလန့်နိုးသွားပေမယ့် လည်ပင်းမှာ ယခုထိ နာကျင်နေတုန်းမို့ သွေးတွေများ ထွက်ကျန်ခဲ့သေးလားလို့ သူ ကြောက်ရွံ့တုန်လှုပ်နေမိသည်။

ဘုရား. . . ဘုရား. . . အိပ်မက်မို့ တော်ပါသေးရဲ့။

ငဝါရယ်. . . ငါမှားပါပြီဟာ။

စိတ်အလိုကိုလိုက်ပြီး စိတ်မိုက်စိတ်ရိုင်းတွေနဲ့ လူမသန်ခဲ့တဲ့ငါ့ကို နင်ဘယ်ခွင့်လွှတ်နိုင်ပါ့မလဲ။ ငါလည်း ငါ့အကုသိုလ်နဲ့ငါ ဖိစီးခြောက်လှန့်ခံနေရပါပြီ။

တစ်ကိုယ်လုံး ရွှဲနစ်နေသည့်ဇောချွေးများကိုသုတ်ရင်း သူ ရေတစ်ခွက်သောက်လိုက်ရသည်။

ရေက အေးမြပေမယ့် သူ့ရင်မှအပူကို မငြိမ်းသတ်နိုင်





ခဲ့ပါလေ။

လည်ပင်းခဲစီမှ လက်အေးအေးကြီးများကို ခံစားနေရရင်း ကျော်ထက်လူ အိပ်မပျော်နိုင်ခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)

ဒီနေ့ မိုးလင်းကတည်းက နောင်ခွန်းဆက် ပန်းယွန်းကို သွားခေါ်ထားခဲ့သည်။ အိမ်မှာရှင်းသင့်တာလေးတွေ ရှင်းဖို့နှင့် အိမ်စောင့်ရရန်ပါ။ မင်္ဂလာပွဲရက်က နီးလာပြီမို့ သူနှင့်မင်းဒင်တို့မှာ စီစဉ်စရာတွေက အများအပြား။ ဖိတ်စာဖိတ်ဖို့က အစ။

သူသွားလေရာသို့ ယွန်းကိုခေါ်မသွားတာ ယွန်းလေးပင်ပန်းမှာစိုးလို့ပါ။ မိန်းကလေးဆိုတော့ ဘဝအပြောင်းအလဲမှာ စိတ်လှုပ်ရှားသလား။ ဒါမှမဟုတ် ဂုဏ်ကိုကြောက်လို့ပေလားတော့မသိ။ ကောင်မလေးခမျာ ညညဆို အိပ်မပျော်ဘူးတဲ့။

ယခုတလော ယွန်းကိုကြည့်ရတာ နည်းနည်းမျက်ဆံချောင်နေသလိုလို။ အဲလိုပုံစံကလေးကလည်း တစ်မျိုးချစ်စရာ။



www.burmeseclassic.com

www.burmeseclassic.com



သနားကြင်နာစရာကောင်းနေသည်။

ဒီနေ့ ယွန်းဝတ်ထားတာ ဂါဝန်အဖြူပေါ်မှာ အနက်လုံးသေးသေးလေးတွေနှင့်။ ဂါဝန်ပုံလေးက အထပ်အထပ်နှင့် ချစ်စရာကောင်းလွန်းလှပါသည်။

အကျီက ဆင်နားရွက်လို အထပ်လေးတွေနှင့်။ ဂါဝန်က ဒူးအောက်၊ ခြေသလုံးတစ်ဝက်လောက်မှာ။ အရုပ်မလေးလို နုဖတ်ပြီး ချစ်စရာကောင်းနေ၏။

ကားပေါ်မှဆင်းကတည်းက အိပ်ချင်မူးတူးပုံစံလေးနှင့် ပန်းယွန်းကို သူ တယုတယပွေ့ချီလိုက်ပါသည်။

"ကိုကိုကလည်း ဒီနေ့ ယွန်းနေမကောင်းချင်ပါဘူးဆိုမှ အတင်းခေါ်လာတယ်။ ဒီရောက်တော့ရော ယွန်း အိပ်နေရမယ့်ဟာ"

"အိပ်လေ. . . အိပ်ပေါ့ ကလေးရဲ့။ ကိုကိုက ကိုကို့အချစ်လေး ကိုကိုနဲ့အတူ တစ်မိုးအောက်မှာရှိနေရင် ပြီးရောလေ။ စိတ်ချမ်းမြေ့ရတာပေါ့"

"ကိုကိုအရမ်းပိုတာပဲ၊ အဲလိုသည်းသည်းလှုပ်တဲ့လူတွေက ကြောက်ဖို့ကောင်းတယ်တဲ့။ ကြာရင် အချစ်ပြယ်သွားရောတဲ့"





"အံမာ! ဘယ်ပညာရှိက ပြောလဲ"

"မသိဘူးလေ. . . ပြောကြတာပဲ။ တော်ကြာ ယွန်းကို ကိုကို မချစ်တော့မှာ စိုးပါတယ်။ ပုံမှန်လေးပဲချစ်ပါ ကိုကိုရယ်။ အရမ်းကြီး သည်းသည်းမလှုပ်ပါနဲ့"

"ဩော. . . ယွန်းက ကိုကိုမချစ်တော့မှာ စိုးတယ်ပေါ့"

"အင်းပေါ့၊ ယွန်းက မိန်းကလေးပဲဟာ၊ ကိုယ့်ခင်ပွန်းရဲ့မျက်နှာကိုပဲ ကြည့်နေရမှာ။ ယောက်ျားသာပစ်သွားရင် ဘာမှလည်း မလုပ်တတ်တော့ဘဲ ကလေးတွေနဲ့ ယွန်းဒုက္ခရောက်မှာ"

နောင်ခွန်းဆက် ပန်းယွန်းကို သူ့အိပ်ခန်းထဲမှာ သိပ်ပေးဖို့ခေါ်သွားတာမို့ ယခု သူ့အိပ်ခန်းထဲသို့ ရောက်ပေပြီ။ ယွန်းကို ကုတင်ပေါ်မှာချပေးပြီးတော့ သူ ယွန်းစကားတွေကို ပြန်လည်ချေပဖို့ သူမအနီးမှာ ထိုင်လိုက်သည်။

"ကြည့်ထား. . . ဒီရုပ်ကို သေသေချာချာကြည့်ထား။ ယွန်းကို တစ်သက်တင်မဟုတ်ဘူး။ ဆယ်သက်. . . ဆယ်သက်တောင် ပေါင်းဦးမှာ"

"တကယ်နော်"

"တကယ်ပေါ့ [illegible] အသက်တမ်းဆုံးတဲ့အထိ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သက်ပန်ပေါင်းပြီးရင် သရဲဘဝနဲ့ဆက်ပေါင်းမယ်"

"အာ... လုပ်ပြီ၊ ကိုကိုနော်... အဲဒါဆို မမငိုဝီ"

"ဟိုး... ဘဝချင်းက မတူတော့လို့ပေါ့။ ကိုကိုလည်း သရဲသာဆို သရဲချင်းပေါင်းမှာပေါ့။ ကောင်မလေးတစ်ယောက် ငိုပြီးကျန်ခဲ့ရမှာ"

"ကဲ! ယုံပါပြီ ယုံပါပြီ၊ ကိုကိုတို့သွားစရာရှိတာ သွားကြတော့။ ယွန်း အိမ်ကျန်ခဲ့မယ်။ သော့ကို အပြင်ကခတ်သွား။ ကိုကိုရယ်... အစ်ကိုမင်းခင်ကို အားနာဖို့ကောင်းပါတယ်။ ယွန်းတို့ အခန်းထဲကမထွက်တော့ သူက တစ်မျိုးထင်နေမှာ ကိုကိုရဲ့"

ချစ်စဖွယ်ကောင်မလေးရဲ့ပွပွယန်းပန်းစကားကို နားထောင်ပြီး နောင်ခွန်းဆက် အသည်းယားနေရပါသည်။ ခွေးမလေး...

"ထင်ထင်ပေါ့ကွ၊ သူ့များ အရေးစိုက်လို့"

ကိုကိုက ပြောရင်းမှ ပန်းယွန်း၏မျက်နှာလေးကို ငုံ့ပြီး မွှေးလိုက်သေး၏။ နောက် နဖူးကို လက်သီးဆုပ်နှင့်ဖွဖွထုပြီး

"တော်ပြီ... တော်ပြီ... တော်ကြာ ကိုကိုစိတ်တွေ လွတ်ထွက်ကုန်ဦးမယ်။ ဒီနေ့ ဗိတ်စာတွေ သွားယူရမှာ။ ယွန်း လေး... အိပ်ကျန်ခဲ့နော်။ တော်ကြာ မင်္ဂလာပွဲမှာ သတို့သမီး က မျက်ဆံချောင်နဲ့ဆိုရင် လူတွေက တစ်မျိုးထင်ဦးမှာ"





"အမယ်! ဘာထင်စရာရှိလို့လဲ"

"ထင်စရာတွေကတော့ အများကြီးပေါ့ကွာ။ ဥပမာ"

"တော်ပြီ ကိုကို၊ သွားစရာရှိလည်း သွားတော့"

"အင်း... ဘယ်သူ့ကိုမှ တံခါးဖွင့်မပေးနဲ့နော် ချာတိတ်၊ ကိုကို့သူငယ်ချင်းတွေဖြစ်ဖြစ်၊ အို... ဘယ်သူဖြစ်ဖြစ်ကွာ"

"အင်းပါ ကိုကိုရဲ့"

"ဆာရင်လည်း မုန့်တွေယူစားနှင့်။ ထမင်းကတော့ ကိုကိုပြန်လာမှ အတူစားမယ်နော်"

"အင်းပါ... အင်းပါ"

မှာတမ်းတွေခြွေနေရင်းမှ ကိုကို သူမရှေ့တင်ပင် အဝတ်လဲနေလျှင် ပန်းယွန်း မျက်နှာကို လက်ဝါးနှင့်အုပ်ထားရသည်။ နောင်ခွန်းဆက် ကျီစယ်ချင်သည်နှင့် သူမရဲ့အနားထိ တိုးကပ်သွားပြီး လက်ကိုအတင်းဆွဲဖယ်နေလေသည်။ တဟားဟားက လည်း ရယ်လိုက်သေး။

"ကိုကို့ကို မကြည့်ရဲလို့... ဟုတ်လား၊ ဒီဗလကြီးကို သေချာကြည့်ထားနော်။ ညစ်ကျယ်ကျယ်ပြောဖို့ မစဉ်းစားနဲ့။ ဒီ ဗလကြီးနဲ့ ဖျစ်လိုက်ညှစ်လိုက်ရင် ကောင်မလေး အရိုးတွေ ကျေ သွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်မောင်း သူ့ရင်အုပ်တွေက ဖွေးဥ စိမ်းဖန့်နေလျှင် ပန်းယွန်း အရက်တွေကြီးနေရပါသည်။

"တော်ပြီ ကိုကိုရာ၊ ယွန်း အပြင်ထွက်ပေးမယ်။ တော်ရုံပဲ နှိပ်စက်တော့"

ကောင်မလေး ထွက်ပြေးလေလျှင် သူ တဟားဟားနှင့် အူမြူးရယ်မောနေရင်း အဝတ်လဲသည်။ အဝတ်လဲပြီး ထွက်လာတော့ ပန်းယွန်းကို အလှပန်းအိုးတွေ လဲနေတာတွေ့ရသည်။

"ချာတိတ် နားနားနေနေနေနော်။ ကိုကိုလာမှ ထမင်းစား. . . သိလား"

"ဟုတ်ကဲ့ပါ"

ကိုကိုနှင့် ကိုမင်းခင်တို့ ကားနှင့်အပြင်ထွက်သွားတော့ အပြင်မှ သူမကို သော့ပိတ်ခဲ့ကြသည်။

ကိုယ်က တစ်ယောက်တည်းမို့ ပန်းယွန်း စိတ်လွတ်လက်သည်က တစ်ဖက်။ မမငုဝါကိုကြောက်သည်က တစ်ဖက်။

ခြံထဲမှာပန်းတွေဆင်းခူးပြီး ဘုရားပန်းအိုးတွေကို မနေအောင် ကပ်လှူလိုက်သေးသည်။ နောက် ကိုကို့အဝတ်တွေ





ကို အဝတ်လျှော်စက်နှင့် လျှော်လိုက်သေး၊ လှန်းလိုက်သေး၏။

မျက်စိထဲမြင်တာတွေကို သိမ်းဆည်းရှင်းလင်းနေရင်း မှပင် (၁၁)နာရီထိုးခါနီးတော့ ပန်းယွန်း ခေါင်းတွေ မူးနောက်လာခဲ့သဖြင့် ကိုကို့အိပ်ခန်းထဲသို့သွားကာ သူမလှဲနေမိသည်။

နောက် မေ့ခနဲအိပ်ပျော်သွားမိစဉ် နားထဲမှာ ခြေသံကြားလိုက်ရသဖြင့် သူမ ဖျတ်ခနဲလန့်နိုးသွားတော့. . . .

"အား. . ."

သူမရဲ့မျက်နှာပေါ်မှာ အုပ်မိုးနေတာ ကျော်ထက်လူ။

"ရှင်. . . ရှင်. . . လူယုတ်မာ၊ ဘာလုပ်တာလဲ။ ဘယ်လိုလုပ်ပြီး ဝင်လာတာလဲ"

သူက ခေတ္တအရှိန်သတ်လိုက်ပေမယ့် ပန်းယွန်းကို ချုပ်ကိုင်ထား၏။

"ကိုယ်က သော့တုစီစွာလေ၊ ဘာရယ်မဟုတ်ပါဘူး။ အပြင်မှာ ပန်းယွန်းရဲ့ဖိနပ်ကလေးမြင်လို့ တွေ့ချင်လို့ သော့ကို ကလိလိုက်တာ။ ကံကောင်းချင်တော့ သော့က ပွင့်သွားတယ်လေ"

"ဖယ်! ရှင်. . . ရှင့်ကို အရမ်းအံ့ဩတယ်၊ ကိုယ့်သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးရဲ့ဇနီးလောင်းကို ရှင်မို့ မဖွယ်



www.burmeseclassic.com

www.burmeseclassic.com



မရာ ကြစည်ဦးမယ်။ ရှင် လူယုတ်မာ. . . ဒါကြောင့် မမငုဝါက ပြောတာ၊ အနီးဆုံးရန်သူဆိုတာ ရှင်ကိုး”

ပန်းယွန်း သူ့လက်ထဲမှ ရုန်းထ ကန်ကျောက်နေပေမယ့် မလွတ်သည့်အပြင် ဂါဝန်မို့ အနားစတွေလန်ကာ အခြေအနေတွေ ပိုဆိုးကုန်လေသည်။

ပန်းယွန်းရဲ့ ဖွေးဥ နုထွတ်သော ခြေတံပေါင်တံများကို မြင်ပြီး တဏှာရူး ကာမဘီလူးမှာ သွားရည်တမြားမြား။

“အဲဒါတွေ ထားလိုက်ပါတော့ ယွန်းရယ်။ ကိုယ်က အရှုံးသမားတစ်ယောက်ပါ။ မိန်းမချောမိန်းမလှလေးတွေ မှန်သမျှ သူ့ကိုပဲကြိုက်ကြတယ်။ ငုဝါတုန်းကလည်း သူ့ကိုပဲရွေးချယ်ခဲ့တယ်။ ပန်းယွန်းကျတော့ရော သူ့ကိုပဲရွေးချယ်တယ်”

“ရှင်ရူးနေသလား။ ရှင့်ကို ကိုကိုနဲ့တွေ့မှမြင်ဖူးတာ”

“မလွန်သေးပါဘူး ယွန်းရယ်၊ ကိုယ်လည်း ယွန်းကို သူ့လိုပဲ ချစ်နိုင်ပါတယ်။ အခု မင်္ဂလာမဆောင်ရသေးဘူးလေ။ ကိုယ့်နောက် လိုက်ခဲ့ပါလား”

“အံမာ! ရှင့်လိုလူယုတ်မာကိုများ။ ကျွန်မရူးနေမှပဲ ပြန်ကြိုက်မိလိမ့်မယ်။ ဖယ်! ရှင်လွှတ်. . . ခွေးကြီး နွားကြီး”

ကိုယ့်ကိုယ်ပေါ်သို့ ဖိကပ်ချုပ်နှောင်ရင်း သူ့အလိုဆန္ဒ





ပြည့်ဖို့သာ ကြိုးပမ်းနေသည့်ကျော်ထက်လူ၏အသွင်က ကာမဘီလူးစီးနေသည်မို့ လူစိတ်ပျောက်လုမတတ်။

ပန်းယွန်း သူ့ကို လက်သည်းတွေနှင့်ကုတ်၊ ခြေထောက်နှင့်ဆောင့်ကန်၊ အမျိုးမျိုးရုန်းကန်ကြိုးစားနေရင်းမှ အော်လည်းအော်၊ ငိုလည်းငို၊ ပန်းယွန်း ရူးမတတ် ရုန်းထွက် ကန်ကျောက်နေရပါ၏။

“သွား! လူယုတ်မာကြီး. . . ခွေးကြီး။ ကိုကိုရေ. . . ကယ်ပါဦး. . . ကယ်ကြပါဦးရှင့်”

သူကလည်း ပန်းယွန်း၏ဘောင်းဘီကို အတင်းဆွဲဖြဲပစ်။ ဂါဝန်ကိုစုတ်ဖြဲနေလိုက်တာ သရဲမရဲစီးနေသည့်နှယ်။ ပန်းယွန်းမှာ အဝတ်တွေအားလုံး မရှိတော့သည့်အဖြစ်။

ပန်းယွန်းကို ကုတင်ပေါ်မှာ ဖိနှိပ် ဖျစ်ညှစ်ရင်းနှင့် သူ အောင်ပွဲဆင်ဖို့ ကြိုးစားနေခိုက်. . .

“ခွေးကောင်! လူယုတ်မာ”

“ခွပ်!”

နောက်မှ ကုတ်ကိုဆွဲပြီး မျက်နှာကို တခွပ်ခွပ်ထိုးသံများကြောင့် ပန်းယွန်း ကြည့်လိုက်တော့ ကိုကိုနှင့် ထက်အာကာ။ နောက် ကိုမင်းဒင်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းယွန်း အနားမှစောင်နှင့် သူမကိုယ်ကိုလွှမ်းပတ်လိုက်ရင်း ကိုကို့နောက်ကျောမှာ ကွယ်လိုက်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိ၏။

"ကိုကို. . . ယွန်းဖွင့်ပေးတာမဟုတ်ဘူးနော်။ သူ့ဘာသာ တံခါးကို သော့တုနဲ့"

"ကိုကိုသိတယ်၊ ယွန်းကိုအပြစ်မပြောပါဘူးကွာ။ သင်းကိုပဲ သတ်ချင်တယ်"

နောင်ခွန်းဆက် တုန်ရီနေအောင် ဒေါသတွေထွက်နေစဉ် မင်းအင်က ကျော်ထက်လူကို ကြိုးနှင့်တုပ်ဖို့ကြိုးစားနေသည်။ ထက်အာကာမှာလည်း ဒေါသတွေနှင့်။ သူငယ်ချင်းမေမယ့် သူကျူးလွန်သည့်အမှုက ခွင့်လွှတ်နိုင်စရာမရှိ။

သည့်ကြားထဲ သူ့ရုပ်က ကြောင်စီစီ။ ကျော်ထက်လူ ရူးနေပြီလားပင်မသိ။ အာကာက. . .

"ဟော့ကောင်! မင်းစိတ်ဓာတ်တွေ အောက်တန်းကျလှချည်လား။ ကိုယ့်သူငယ်ချင်းရဲ့ဇနီးလောင်းကို မင်းမို့ 'တောက်! မင်း. . . လူမဟုတ်ဘူးကွ။ ခွေး. . . ခွေးမှ ချီးစားခွေး။ ဗိုလ်ခွေးမဟုတ်ဘူး. . . ချီးစားခွေး"

ကျော်ထက်လူ စကားတစ်ခွန်းမှ ပြန်မပြောနိုင်။ သူ့မှာ





မြေရှင်းစရာစကားလုံးမရှိ။ အားလုံး ဗူးပေါ်သလိုပေါ်သွားခဲ့ပြီပဲလေ။ ကျီစားတာပါလို့ ပြောလို့ရမလား။

နောင်ခွန်းဆက် မချုပ်တီးနိုင်တော့။ ကျော်ထက်လူကို လက်ညှိုးငေါက်ငေါက်ထိုးရင်း ဒေါသတွေနှင့် တုန်ယင် အက်ကွဲလျက်. . .

"မင်း. . . လူယုတ်မာ၊ သစ္စာဖောက်။ မင်း ငါ့ရဲ့ဇနီးလောင်းတွေကိုမှ ဘယ်အကြံနဲ့ ဖျက်ဆီးယုတ်မာနေရတာလဲ။ ဥပဒေသာမရှိဘူးဆိုရင် မင်းကို ငါ့လက်နဲ့ ငါကိုယ်တိုင်သတ်ပစ်တယ်"

"ဟော့ကောင်! ပြောစမ်းပါကွ။ မင်းရဲ့ပုပ်စပ်နံစော်နေတဲ့ ပါးစပ်ကြီးက ရှင်းချက်ထုတ်စမ်းပါ။ မင်းအပေါ် ငါ ဘာမကောင်းတာတွေ လုပ်မိလို့လဲ။ မင်း တော်တော်ပက်စက်တဲ့အကောင်။ တော်တော် အရှက်မရှိတဲ့အကောင်"

"အာကာ. . . ရဲစခန်းကိုဖုန်းဆက်။ ဒီမုဒိန်းကောင် လူသတ်သမားကို ရဲလက်အပ်မယ်"

ထက်အာကာမှာ နောင်ခွန်းဆက် နစ်နာနေတာသိပေမယ့် တစ်ဖက်မှလည်း သူငယ်ချင်းမို့ ဖုန်းဆက်ဖို့ရာ တုံ့ဆိုင်းတုံ့ဆိုင်း။



www.burmeseclassic.com

www.burmeseclassic.com



ကျေးအေးလိုက်ပါလို့ပြောရမှာလည်း ကျော်ထက်လူ၏ အပြစ်တွေက ခွင့်လွှတ်နိုင်စရာမရှိ။ သို့ပေမယ့် ကျော်ထက်လူ နောင်ခွန်းဆက်ကို ရုတ်တရက် ခြေသလုံးဖက်ပြီး ငိုယိုတောင်းပန်ပုံက ထင်ရက်စရာမရှိ။ လူယုတ်မာတို့ဟာ သူရဲဘောကြောင်လှပါလား။

"သူငယ်ချင်းရယ်၊ ငါ့ကိုခွင့်လွှတ်ပါကွာ. . . ငါမှားပါတယ်။ မင်းတို့ရှိတယ်မှတ်လို့ နောက်ချင်တာနဲ့ ငါ သော့တုံနဲ့ ဖွင့်ဝင်မိတာပါ။ နောက် မင်းအခန်းဆီ ဝင်နေကျမို့ ဝင်လိုက်တော့ ပန်းယွန်းအိပ်နေတာ တွေ့ရတာနဲ့"

"တော်. . . တော်. . . မင်း ခွေးတိရစ္ဆာန်။ ခွေးစကားမပြောနဲ့။ ဟော့! ထက်အာကာ၊ မင်း ဖုန်းမဆက်ဘူးလား။ ဆက်မှာလား။ ဘာလဲ! မင်းက သူ့ဘက်တော်သားလား။ မင်းမိန်းမကို ဒီကောင်စော်ကားရင်ရော သူငယ်ချင်းမို့ မင်းကျေနပ်နေမှာလား"

ထက်အာကာ မျက်စိမျက်နှာပျက်စွာနှင့် ရဲစခန်းသို့ ဖုန်းဆက်လိုက်ရသည်။

သည်စဉ် မိန်းကလေးတစ်ယောက် အခန်းထဲသို့ဝင်လာသဖြင့် ကျော်ထက်လူ မော့ကြည့်လိုက်တော့၊ သန္တာ။





"ဟင်!"

သူ့အတွက် လွတ်လမ်းမမြင်တော့ပါလား။ သန္တာနှင့်တွေ့ပြီးကြပြီဆိုမှတော့ အားလုံးပေါ်ကုန်ခဲ့ပြီပေါ့။

"ကဲ! ဒီကိစ္စကိုရော ဘယ်လိုငြင်းချင်သေးလဲ။ မင်းသန္တာ့ကိုခြိမ်းခြောက်ပြီး စာပို့ခိုင်းလိုက်တာ။ ငုဝါဘယ်မလဲ။ ငုဝါကိုရော ယွန်းလိုပဲ စော်ကားခဲ့တာလား"

ကျော်ထက်လူ ထွက်ပေါက်မရှိတော့။ ယခုနေ သူ့ကိုတစ်ယောက်ယောက်က လည်ပင်းညှစ်သတ်ပေးလျှင် ကောင်းမှာပဲဟုပင် တွေးမိသေး၏။ မထူးတော့ပြီမို့ သူဝန်ခံဖို့ပြင်စဉ် ရဲများ ရောက်ရှိလာသည်မို့ စနစ်တကျပင် ဖြောင့်ချက်ပေးရသည်။

"ကျွန်တော်ဟာ ကိုယ့်စိတ်ကိုယ်မထိန်းနိုင်တဲ့လူယုတ်မာတစ်ယောက်ပါ။ ငုဝါတုန်းကလည်း လေဆိပ်ကအပြန် သူ့အဆောင်ကိုလိုက်ပို့ပေးမယ်ဆိုပြီး. . ."

ပန်းငုဝါကို သူနှင့်နောင်ခွန်းဆက်တို့ အပြိုင်ပိုးပန်းခဲ့ကြတာပါ။ တက္ကသိုလ်ကျောင်းသူ ပန်းငုဝါဟာ နောက်ဆုံးကျ ဒေါက်တာ နောင်ခွန်းဆက်ကိုပဲ ရွေးချယ်သွားခဲ့တော့၊ သူ မိန်းမတွေ့



www.burmeseclassic.com

www.burmeseclassic.com



ကို နာကြည်းမိသည်။

မိန်းမတွေဟာ ဂုဏ်မက်တယ်၊ ငွေမက်တယ်။ ရုပ်ရည်ချောမောလှပမှုကို မက်မောတယ်။ အလကား မိန်းမတွေ။

ယခုလည်း သူ့မှာတော့ ပန်းငုဝါရဲ့အလှအပမှာ ယစ်မူးမိန်းမောလိုက်ရတာ။ အချိန်တွေ များစွာပဲ ငုဝါအတွက် သူပေးဆပ်ခဲ့ရသည်။

အင်း. . . နောက်ဆုံးကျ သစ္စာမရှိတဲ့မိန်းမတွေ၊ သာရာ နားတတ်တဲ့မိန်းမတွေဟာ သူ့ထက် အစစအရာရာသာလွန်တဲ့ နောင်ခွန်းဆက်ကိုပဲ ရွေးချယ်သွားခဲ့သည်။

သူ မစားရတဲ့အမဲမို့ သဲနှင့်ပက်ချင်မိသည်။ နေသေးသပ မြူထဲက၊ ချိုသွေးတမြမြလုပ်ရင်း အခွင့်အခါကောင်းကို စောင့်နေမိသည်။

သူ့အကြံအစည်က ပန်းငုဝါကို သူ မရရအောင်နိုးပြီး လက်ထပ်မည်။ နောက် သူ့ခြေတော်ရင်းမှာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလိုပဲ ပြားပြားဝပ်နေစေရမည်။

ထို့ကြောင့် နောင်ခွန်းဆက်နှင့်ရော ပန်းငုဝါနှင့်ပါ အချိုသတ်ပြီး ပေါင်းသင်းဆက်ဆံနေခဲ့ပေမယ့် သူ့ရင်ထဲမှာ အစွယ်ထွက်နေခဲ့ပေပြီ။





အခင်ပြေမည့်နေ့တစ်နေ့ကိုပဲ သူမျက်ခြည်မပြတ် စောင့်ကြည့်နေရင်း ထိုနေ့သို့ရောက်ရှိလာခဲ့သည်။

အဲဒီနေ့က အာကာ အမေရိကားသို့သွားမည့်နေ့။ သူလည်း လေဆိပ်သို့လိုက်ပို့သလို ပန်းငုဝါလည်း လေဆိပ်သို့ လိုက်ပို့ခဲ့သည်။

"မောင်မအားလို့ လိုက်မပို့နိုင်ပေမယ့် မောင့်ကိုယ်စား ငုဝါ လိုက်ပို့တယ်နော်. . . ကိုအာကာကြီး"

"အေးပေါ့ဟာ၊ နင်ပို့လည်း ကျေနပ်ရမှာပေါ့။ ငါပြန်လာရင်လည်း နင်တို့လင်မယား လေဆိပ်ကိုလာကြိုကြဦးနော်"

"ကြည့်စမ်း! ကြည့်စမ်း! ကိုအာကာကြီး ပါးစပ်ရဲလိုက်တာ။ မောင်နဲ့ကို ပြန်တိုင်မယ်. . . သိလား"

"ဟဲဟဲဟဲ. . . တိုင်လေ၊ တိုင်ပေါ့။ ငါကောင်ကြီးက သဘောကျလွန်းလို့ သွားသုံးဆယ့်နှစ်ချောင်းလုံး ပေါ်နေမှာ မြင်ယောင်သေးတယ်။ နင်တို့လာကြိုရင် ကလေးလည်း နှစ်ယောက်လောက်ပါပစေနော်"

"ကိုအာကာ လွန်ပြီ၊ ရှင်သွားမှာ နှစ်နှစ်နဲ့ ကလေးက ဘယ်လိုလုပ် နှစ်ယောက်ရမှာလဲ။ တော်တော်. . ."

"ဟာ! ဒီကောင်က လက်သွက်ပါတယ်။ နှစ်နှစ်ဆို နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လောက်တော့ အသာလေးရယ်"

နောက်တော့ ပန်းငုဝါ သူတို့ကျီစားတာ မခံနိုင်ဖြစ်ပြီး သူတို့အနား မကပ်တော့ဘူး။ ကျော်ထက်လူ ပန်းရောင်ဝတ်စုံလေးနှင့် သိပ်ပြီးလှပနေဖတ်နေသည့်ပန်းငုဝါကို မျက်မှန်အနက်ထဲမှ အားပါးတရငေးကြည့်ရင်း သွေးတွေဆူဝေလာရသည်။

ဒီလောက်ချော ဒီလောက်လှတဲ့မိန်းမတစ်ယောက်ကို ငါ လက်လွှတ်မခံနိုင်ဘူး၊ နောင်ခွန်းဆက်ရေ၊ ငါ ငုဝါကို မရအရယူတော့မယ်။

လေယာဉ်ထွက်သွားတဲ့အထိ နှစ်ယောက်အတူ လတ်ပြနှုတ်ဆက်ကြပြီး လေဆိပ်မှပြန်လည်ထွက်ခွာလာကြတော့လည်း သူ ငုဝါရဲ့ကားနောက် မလှမ်းမကမ်းမှ လိုက်ပါလာခဲ့သည်။

အဆောင်လမ်းထိပ်သို့ရောက်တော့ ငုဝါ ကားပေါ်မှဆင်းပြီး ဒရိုင်ဘာကိုလက်ပြကာ အဆောင်ဘက်လမ်းကျဉ်းသို့ လျှောက်လာခဲ့လျှင် ကျော်ထက်လူ ငုဝါကို ဖုန်းလှမ်းဆက်လိုက်သည်။

"ဟဲလို ငုဝါ၊ နောင်ခွန်းဆက် ကားအက်ဆီးဒင့်ဖြစ်လို့ ငါ့ဆီဖုန်းဆက်တယ်"

"ဟင်! ဒုက္ခပါပဲ၊ မောင်. . . မောင် အခုဘယ်မှာလဲဟင်။ အို. . . ဒုက္ခပါပဲ ဘုရား. . . ဘုရား"





ပန်းငုဝါထံမှ အလွန်အမင်းစိုးရိမ်ထိတ်လန့်သံတွေ ကြားလိုက်ရလျှင် ကျော်ထက်လူရင်ထဲ ကျေနပ်ပြုံးဘိလူးပြုံး ရယ်နေမိသည်။

သိပ်ချစ်နေတယ်ပေါ့လေ. . . ဟုတ်လား. . .

"ဟဲလို. . . ဗိုးကျော်၊ နင်အခုဘယ်မှာလဲဟင်။ နင် ငါ့ကို မောင့်ဆီခေါ်သွားပေးပါလားဟင်"

"အေး. . . ငါလည်း ခွန်းဆက်ဆီသွားမလို့၊ သူ မနက်က ပဲခူးကိုသွားတယ်မဟုတ်လား။ လမ်းမှာဖြစ်တာတဲ့။ နင်လိုက်မနေပါနဲ့တော့၊ ငါပဲသွားလိုက်တော့မယ်"

"ဟင့်အင်း. . . လိုက်မယ်၊ ငါပါလိုက်ပါရစေ။ မောင့်ကို ငါလိုက်တွေ့ပါရစေ၊ နင် အခုဘယ်မှာလဲဟင်။ ငါ့ကိုဝင်ခေါ်ပါနော်"

ကဲ. . . မပိုင်လား။ သူစိုးရိမ်ရာ ဥစ္စာနဲ့လာဆိုသလို ပန်းငုဝါကိုယ်တိုင်က လိုလိုချင်ချင်နှင့် သူဆင်သည့်အကွက်ထဲသို့ ဝင်လာခဲ့လေပြီ။

"နင် အဆောင်ရောက်ပြီလား။ အဆောင်ကို ငါလာခေါ်ရမလား။ လမ်းထွက်စောင့်မလား"

"အဆောင်ရှေ့ရောက်နေတယ်၊ ဒါပေမဲ့ လမ်းကိုပဲထွက်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ပါ့မယ်။ နင်အမြန်ဆုံးလာခဲ့နော်၊ ငါစိတ်ပူလှပြီဟယ်"

ကျော်ထက်လူကတော့ မျက်မြှုဆိုက်လေ ဆရာကြီးက် လေပါပဲ။ ပန်းငုဝါကို စိုးရိမ်မှုပန်အောင် ဆွပေးပြီး သူ ကားကို ဟိုနားဒီနားသို့မောင်းထွက်သွားလိုက်သေးအေ။ ဆယ်မိနစ်လောက် ကြာမှ ပန်းငုဝါရပ်စောင့်နေသည့်လမ်းမသို့ သူ ရှေ့ခနဲ ထိုး ဆိုက်သွားလိုက်သည်။

"နင်ကလည်း ကြာလိုက်တာဟယ်"

"ငါလည်း မောင်းတာပဲဟာ"

ပန်းငုဝါ ကားပေါ်တက်ပြီးလျှင် သူ ကားကိုအမြန်နှုန်း နှင့် မောင်းလာခဲ့သည်မှာ လှိုင်သာယာရှိ သူ့တိုက်ခန်းအလွှတ် သို့ပါ။

"ဟင်! နင် ဘယ်တွေမောင်းနေတာလဲ၊ ဒါ ပဲခူးဘက် လည်းမဟုတ်ပါလား"

"စောစောက ဖုန်းဝင်လာတယ်၊ သူရောက်နေတဲ့ဆေး ခန်းကို ငါသွားတာ။ နင်အရမ်းစိုးရိမ်စိတ်တွေ များနေတယ်။ မျက်စိမှိတ်ပြီး လိုက်ခဲ့ဟာ။ ဘုရားစာတွေ ရွတ်ခဲ့"

သူပြောသည့်အတိုင်း ပန်းငုဝါ မျက်စိမှိတ် ပရိတ်တွေ ရွတ်ရင်းနှင့်ပင် သူ့တိုက်အလွှတ်သို့ ရောက်ရှိလာခဲ့သည်။





"ဟင်! ဒါ. . ."

"ဆင်းစမ်းပါ၊ သူ အထဲမှာ"

"အို. . . ငါမယုံတော့ဘူး။ နင်. . . နင် ငါ့ကိုညာနေ တာမဟုတ်လား"

သူမ ထိတ်လန့်နေဆဲ ကျော်ထက်လူ ပန်းငုဝါကို မေ့ ဆေးဆွတ်ထားသည့်လက်ကိုင်ပဝါဖြင့် အုပ်လိုက်သည်။

"နင်. . . နင် လူယုတ်မာ၊ ဘာဖြစ်လို့ ငါ့ဘဝကိုဖျက် ဆီးရတာလဲ။ နင် လူမဟုတ်ဘူး. . . ခွေး. . . ခွေး"

ငုဝါ သတိမေ့နေသည့်နာရီပိုင်းလေးအတွင်း ကျော်ထက် လူ သူမကိုဖျက်ဆီးပစ်နိုင်ခဲ့လေပြီ။ အဝတ်မဲ့ကိုယ်ခန္ဓာနှင့် သူမ ခါးသားမှာ သူက စီးကရက်ဖွာရင်း အောင်နိုင်သူအပြုံးနှင့် တစိမ့် စိမ့်ကြည့်နေ၏။

ပန်းငုဝါ ယူကြုံးမရ မျက်ရည်များနှင့် ကိုယ့်အဝတ်တွေ လိုက်ရှာပေမယ့် မတွေ့။ လူယုတ်မာ၏မျက်စိအောက်မှာ သူမ ဘဝက တန်ဖိုးမဲ့။

"ခွေး. . . ခွေးတိရစ္ဆာန် နင့်ကို ငါတစ်သက်မကျေဘူး။



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ငါသတ်မယ်"

"သတ်လေ. . .ရတယ်၊ ငါကလည်း သေချင်နေတာ။ ရာဇဝင်ထဲမှာတော့ ဒေသကီရိုက လူစွမ်းကောင်းပဲ။ အပြင်မှာကျ ဘယ်သူမှလည်း ဩဘာမပေးကြပါလား။ ကိုယ့်မိန်းမကအစ"

"ဘာ! ကိုယ့်မိန်းမလဲ၊ နင် ခွေးစကားမပြောနဲ့"

"ဟာ! နင် ငါ့မိန်းမဖြစ်ပြီးပြီလေ။ နင်သတိမေ့နေတဲ့ နှစ်နာရီလောက်အတွင်း ငါ့စိတ်တိုင်းကျပဲ"

"အလကား. . .မုဒိန်းကောင်၊ နင့်ကို ရဲတိုင်မယ်"

"တိုင်လေ. . .တိုင်၊ ငါ့ဘဝကတော့ မထူးတော့ပါဘူး။ ငါ့မှာ ရွေးစရာနှစ်လမ်းပဲရှိတယ်။ နင်မကျေနပ်လို့ ရဲတိုင်ရင် ငါ ထောင်ကျမယ်။ နင်က မထူးပါဘူးဆိုပြီး ငါ့ကိုယူမယ်ဆိုရင်လည်း နင်နဲ့ငါ ပျော်ရွှင်စွာပေါင်းကြလေသတည်းပေါ့ဟာ"

"နင့်ကိုမယူဘူး၊ ဘယ်တော့မှမယူဘူး။ ရဲကိုပဲ တိုင်မယ်။ အဟင့်. . .ဟင့်. . .ငါ. . .ငါ. . .မောင့်ကို ဘယ်လို မျက်နှာပြရတော့မှာလဲ။ ငါ့ဘဝ ပျက်စီးသွားပြီ"

ပန်းငုဝါ ယူကျုံးမရဖြစ်ကာ ကုတင်ပေါ်မှာ အားလျား မှောက်ပြီး ငိုနေရပါသည်။ ကျော်ထက်လူကတော့ ဖြောင်းဖြ ချော့မော့လျက်။





"မထူးတော့ပါဘူး ငုဝါရယ်၊ ငါအခုလိုကြံစည်ရတာက လည်း နင့်ကိုချစ်လွန်းလို့ပါ။ ငါ့ကိုလက်ထပ်လိုက်ပါတော့နော်။ ငါ နင့်ကိုလက်ထပ်ယူချင်ပါတယ်။ ငါ့မှာ တိုက်ခန်းနှစ်ခန်း၊ ကား နဲ့ ဘဏ်အပ်ငွေလည်း နှစ်ရာလောက်ရှိတယ်။ ငါ နင့်ကိုကောင်း ကောင်းလုပ်ကျွေးနိုင်ပါတယ်"

"မပြောနဲ့. . .မကြားချင်ဘူး။ ငါ့အဝတ်တွေ ပြန်ပေး။ ခွေးတိရစ္ဆာန်"

"အဝတ်တွေပြန်ပေးရင် နင်ထွက်ပြေးမှာစိုးလို့ပါ။ ငါ နင့်ကိုသိပ်ချစ်ပါတယ် ငုဝါရယ်"

ပြောရင်းမှပင် ကျော်ထက်လူ ပန်းငုဝါကိုသိမ်းဖက်ရင်း အကြမ်းဖက်လာပြန်လျှင် ပန်းငုဝါ ကိုယ့်ဘဝကိုယ် ရွံရှာစက်ဆုပ် မိသည်။

ဒီလိုလူယုတ်မာကိုတော့ ဘယ်တော့မှလက်မထပ်ဘူး။ ဒင်းကိုလက်စားချေရမယ်။ အချိန်သတ်ပြီး ကလဲ့စားချေရမယ်။

သူကတော့ သူ့ဆန္ဒအတိုင်း ပြည့်ဝသွားပြန်လျှင် ငုဝါ လက်လျှော့လိုက်ပြီအထင်နှင့် သူမကို ဆက်လက်ဖြောင်းဖြ နား ချနေလေ၏။

"ခုလိုဖြစ်ပြီးမှတော့ ငါတို့ယူလိုက်ကြတာပဲ ကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် ငုဝါရယ်။ ခွန်းဆက်နဲ့လက်ထပ်မယ့်အစား ငါနဲ့ပဲ လက်ထပ်လိုက်ပါတော့နော်။ ငါ နင့်ကို တစ်သက်လုံး ကြင်ကြင်နာနာနဲ့ ချစ်သွားမှာပါ။ အလိုလိုက် အကြိုက်ဆောင်သွားမှာပါ"

ပန်းငုဝါ နေရာမှာပင် အပုံလိုက် ပျော့ခွေနေရာမှ ဆတ်ခနဲထရပ်ကာ အခန်းထောင့်မှာတွေ့သည့် သစ်သားချောင်းကို ပြေးဆွဲပြီး ကျော်ထက်လူ့ကို လိုက်ရိုက်တော့သည်။

"သေစမ်း! လူယုတ်မာ၊ နင့်ကိုသတ်ပြီး ငါထောင်ကျခံလိုက်တော့မယ်"

"အား. . . အား. . . ငုဝါ. . . ငုဝါ. . . နင်လွန်လာပြီနော်"

ကျော်ထက်လူ၏ လက်မောင်း၊ လက်ဖျံတွေမှာ အရိုက်ခံလိုက်ရသဖြင့် အသားနာလာလျှင် သူ လူစိတ်ပျောက်မတတ် ဒေါသတွေထွက်ရ၏။

ဒီမိန်းမ ဘယ်လိုမှစည်းရုံးလို့မရပါလား။ နောင်ခွန်းဆက်ကိုပဲ သေတဲ့အထိ ဖက်တွယ်ထားမယ့်မိန်းမ။ သူ အသားအနာခံပြီး သစ်သားချောင်းကို လှချင်းပွေးပြီး လှုပ်ယူကာ လွှင့်ပစ်လိုက်တော့၊ ငုဝါက သူ့လည်ပင်းကို ခုန်ညှစ်၊ သူ့လက်မောင်းကို ကိုက်ဆွဲနေလိုက်တာ တဒင်္ဂလျှနေသည့်နှယ်။





"ဟာ. . . ဒီမိန်းမ"

သူ ကိုယ့်ကိုရန်ပြုနေသည့်ငုဝါအား ဒေါသနှင့် လည်ပင်းပြန်ညှစ်လိုက်လျှင် ဂွတ်ခနဲ အရိုးကျိုးသံနှင့်အတူ သူမ ဖက်ကျိုးသွားလေရာ. . .

"ဟာ! ငါ. . . ငါ လက်လွန်သွားပြီ။ ငုဝါ. . . ငုဝါ"

သူခေါ်လို့မရတော့။ သူ့လက်ချက်ကြောင့် ငုဝါ ဖက်ကျိုးသွားခဲ့လေပြီတည်း။

ကျော်ထက်လူ ဇောချွေးတွေပြန်လာခဲ့ပြီး လူက ထူပူနေသည်။ လောလောဆယ် သူ့ခေါင်းတွေ သွေးဆူနေရပေပြီ။ ပျော့ခွေလျက် အပုံလိုက်ဖြစ်နေသည့်ပန်းငုဝါကို သူမကြည့်ရဲ။ သို့ပေမယ့် သူမရဲ့ပန်းရောင်အဝတ်တွေကို တစ်ဖက်ခန်းမှာ သွားယူပြီး ပြန်ဝတ်ပေးလိုက်သည်။

နောက် သူ ဒီတိုက်နောက်ဘက်တွင်ပင် ညကျမှ မြေမြှုပ်ဖို့ စဉ်းစားလိုက်ပြီး လောလောဆယ် အဆင်ပြေသွားအောင် သူ့အခေါင်သို့သွားကာ သန္တာအား စာပေးခိုင်းလိုက်သည်။ သူ့လက်ရေးနှင့်။

'အာကာနှင့် လိုက်သွားပြီ'ဆိုမှ နောင်ခွန်းဆက်ရော အဆောင်ကပါ လိုက်မရှာဘဲ လောလောဆယ် အဆင်ပြေသွား



www.burmeseclassic.com

www.burmeseclassic.com



မည်။

"ဟုတ်တယ်၊ ဒီအစီအစဉ်အတိုင်း ဆက်ရမယ်။ ဒါမှ ဒီအမှုမပေါ်တော့မှာ"

ညကျတော့ သူ့တိုက်ခန်းနောက်ဘက်မှာပင် ငုဝါကို ဖျောက်ဖျက်ပစ်ရသည်။



## အခန်း(၂၀)

သူ့ဖြောင့်ချက်အတိုင်း ငုဝါကို လှိုင်သာယာရှိ သူ့တိုက်နောက်ဘက်မှာသွားပြီး တူးဖော်ရသည်။ နောင်ခွန်းဆက်မှာ ကျော်ထက်လူ၏အသံကိုလည်း မကြားချင်၊ ရုပ်ကိုလည်း မမြင်ချင်တော့ပါ။

သူ့ဖုန်းလောင်းတွေကိုမှ လိုက်လံဖျက်ဆီး သတ်ဖြတ်ရက်သည့် သစ္စာဖောက် လောက်ကောင်။

ငုဝါခမျာ သူကားတိုက်ခံရတယ်ဆိုလို့ လိုက်သွားခဲ့ရင်း ရေဝတီမ်နစ်ရသည့်အဖြစ်။ သစ္စာတရားကိုဖက်တွယ်ရင်း အသေခံသွားသူကိုမှ သူက အမုန်းကြီးမုန်းခဲ့မိသေးသည်။

ခုတ်ရာတစ်ခြား ရှရာတစ်လွဲ။ သစ္စာဖောက် လောက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကိုတော့ နှစ်နှစ်လုံးလုံး တွယ်ဖက်နေခဲ့ပြီး သစ္စာရှိသည့် အာကာနှင့်ငုဝါကိုတော့ အမုန်းကြီးမုန်းနေခဲ့မိသည်။

တရားဥပဒေအရ ကျော်ထက်လူရဲ့အပြစ်က သက်သာမည်မဟုတ်။ ဒါတောင် ငုဝါကိုသတ်သည့်အမှုနှင့် မတရားစော်ကားသည့်အမှုတင်။ ပန်းယွန်းကိုစော်ကားဖို့ ကြံစည်သည့်အမှုကို သူတို့ထည့်မတိုင်တော့ပါ။

ပန်းယွန်းအရှက်ကွဲမှာစိုးတာရော၊ ကျော်ထက်လူ အမှုတွေ ပိုကြီးမှာစိုးလို့ပါဖြစ်သည်။ သူတို့မင်္ဂလာရက်ကလည်း နီးပြီလေ။

နောက်ဆုံးကျ မကောင်းသူက မကောင်းသည့်လမ်းသို့သွားရပြီး ကောင်းသူက ကောင်းသည့်လမ်းသို့သွားရသည်သာ။

လက်ထပ်ပြီးလျှင်တော့ နောင်ခွန်းဆက် အလုပ်ပြန်လုပ်မည်။ မြန်မာပြည်တစ်နံ့တစ်လျား ဘယ်အရပ်ဒေသပဲ ရောက်ရောက်ပေါ့။ သူ့ရဲ့ချစ်သည်းလေးကလည်း အနားမှ တစ်ဖဝါးမှမခွာ၊ ငဲ့ရှုရှုရေချမ်းကမ်းလှမ်းလိုက်မည်မဟုတ်ပါလား။

နောင်ခွန်းဆက်ရင်ထဲမှာ အဖြစ်အပျက်အမှန်ကို သိလိုက်ရတော့ ငုဝါအတွက် ရင်နာခြင်း၊ ယူကျုံးမရဖြစ်ခြင်းတို့က မပိုးကွယ်သာ။ သူ ထိုနေ့တစ်နေ့လုံး ဘယ်လိုမှဖြေမဆည်နိုင်ခဲ့။





ကျော်ထက်လူ ဖြောင့်ချက်ပေးနေစဉ်. . . ကာလတစ်လျှောက်လုံး။ နောက် အလောင်းသွားဖော်ကြရာတစ်လျှောက်လုံး ဘယ်လိုမှဖြေဆည်လို့မရ။

သူ့အပေါ် သိပ်ပြီးသစ္စာတရားကြီးမားခဲ့သည့်ငုဝါ။ ဘုမသိဘမသိနှင့် အချောင်အမုန်းခံခဲ့ရသည့် ထက်အာကာ။ နှစ်ယောက်လုံးအတွက် သူ ရင်နာခဲ့ရပါသည်။

ပန်းယွန်းအတွက်လည်း စိတ်မကောင်းဖြစ်ခဲ့ရပေမယ့် သူမက ငုဝါလောက် အထိမနာ။ လူတွေအချိန်မီသိရှိခဲ့လို့ ဘာမှမဖြစ်ခဲ့ရ။

အချစ်ကြီးချစ်ခဲ့ရသည့် အသည်းအသက်ချင်း ဖလှယ်ခဲ့ရသည့် ချစ်ဦးသူ ငုဝါရဲ့အဖြစ်ဆိုးကြီးကြောင့် သူ့ရင်ဘတ်ကြီးတစ်ခုလုံး တစစ်စစ် နာကျင် ကိုက်ခဲခဲ့ရပြီ။

ထိုနေ့က သူ ပန်းယွန်းကိုပင် မေ့သွားခဲ့ရသည်။ ပန်းယွန်း ဘယ်အချိန်က အိမ်ပြန်သွားမှန်းပင် မသိရ။

မင်းအင်ကိုမေးကြည့်တော့မှ. . .

"ဆရာတို့ လှိုင်သာယာသွားနေကြတုန်း သူပြန်ချင်တယ်ဆိုတာနဲ့ ကျွန်တော်လိုက်ပို့လိုက်ပါတယ်ခင်ဗျာ"

"အေးကွာ. . . ငုဝါအတွက် ခံစားရလွန်းလို့ ငါ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမှ ပြုံးမပြနိုင်ဖြစ်နေတယ်ကွာ။ သူ ငါ့ကိုနားလည်ပေးမှာပါ။ ငါ သုံးရက်လောက် တစ်နေရာကို ခရီးထွက်သွားလိုက်ချင်တယ်။ ဒီကပြဿနာတွေအားလုံး မင်းပဲဖြေလည်အောင် ဖြေရှင်းလိုက်ကွာ။ ပန်းယွန်းတို့သားအမိအတွက်လည်း ဈေးဝယ်ချင်တာဝယ်ဖို့ ငွေငါးသိန်း သွားပေးလိုက်''

''ဆရာ. . . မင်္ဂလာရက်က ဆယ်ရက်လောက်ပဲ လိုတော့တယ်နော်''

''ငါသိပါတယ်၊ ငါပြန်လာမှ ဆက်စီစဉ်မယ်။ ငုဝါ့အတွက် ငါရူးချင်နေတယ်ကွာ။ ရင်ထဲအထိ မခံနိုင်လောက်အောင် နာကျင်ရတယ်။ ငါ့ချစ်သူတစ်ယောက်လုံး ကြက်ကလေးငှက်ကလေး တစ်ကောင်လို အသတ်ခံလိုက်ရတာကို ငါအကာအကွယ်မပေးနိုင်ခဲ့ဘူး။ ငါချက်ချင်းမသိခဲ့ဘူး။ ရန်သူနဲ့တောင် ပူးပေါင်းလက်တွဲလို့ တော်တော်အသုံးမကျတဲ့ငါပဲနော်''

ဒါကတော့ ဆရာရယ်၊ သူကလည်း တကယ့်ကို ပိပိရိရိနဲ့ ကောက်ကျစ်ယုတ်မာခဲ့တာကိုး။ ဒါပေမဲ့ ဆရာ၊ ဖြစ်ပြီးတာတွေက ပြန်ပြင်လို့မှမရတော့ဘဲ။ ကျွန်တော့်အထင်တော့ အတိတ်ထက် အနာဂတ်က ပိုပြီးအရေးကြီးတယ်ထင်တာပဲ''

''မင်း ဘာကိုဆိုလိုချင်တာလဲ''





''ပန်းငုဝါက သေသွားခဲ့ပြီလေ ဆရာ။ လောလောဆယ် ပန်းယွန်းစိတ်ချမ်းသာဖို့က ပိုပြီးအဓိကကျ. . .''

''ဘာကွ! ငုဝါပဲဟာ ငါ့အသည်းပွင့်တွက်မတတ် ချစ်ခဲ့ရတဲ့မိန်းကလေးပါ။ ငါ သူ့အတွက် မကြေကွဲရဘူးလား။ မလွမ်းဆွေးရဘူးလား။ သူသာရှိရင် ငါ ပန်းယွန်းကိုထပ်ချစ်ဖြစ်ခဲ့မှာမဟုတ်ဘူး။ ငါ့ဘဝမှာ ပန်းယွန်းဆိုတာ ရှိလာမှာမဟုတ်ဘူး။ သူက ဝင်ပေါ်ကလူပါကွာ၊ ငါ့အချစ်ငါ့ဘဝကို တစ်သက်လုံးပိုင်ဆိုင်ခွင့်ရမယ့်လူပါ။ ဒါကို သူက မဏ္ဍာပ်တိုင် ဖက်တက်ပြချင်သေးသတဲ့လား။ တော်ပြီ. . .မင်းဒင်၊ ငါခရီးထွက်မယ်။ သုံးရက်ကြာရင် ပြန်လာမယ်။ ကျန်တာ မင်းကြည့်ပြောထားလိုက်၊ ကြည့်ရှင်းထားလိုက်. . .ဒါပဲ''

နောင်ခွန်းဆက် သူ့အခန်းထဲသို့ ဝင်သွားချိန်မှာ အိမ်အပေါက်ဝ တံခါးရွက်နားမှာ ပန်းယွန်းစည် ရေခွေးအဖျော့ခံလိုက်ရသည့်သားကောင်လို ဖြူဖွေး တော်င့်တင်းသွားခဲ့ရသည်။

နေ့လယ်က အိမ်ပြန်သွားခဲ့ပေမယ့် ညနေမှာ ကိုကို့ကို အားပေးနှစ်သိမ့်ဖို့ သူမ တက္ကစီနှင့်ပြန်လာခဲ့မိတာ ယခုလို ရင်ကွဲဖို့တဲ့လား။

တက္ကစီကို လမ်းထိပ်မှာ ရပ်ခဲ့ပြီး သူမ ခြေလျင်ဆက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့မိသည်။ နောက် အသင့်ဖွင့်ထားသည့်ခြံတံခါးကို ဖြတ်ကျော်ပြီး အိမ်တံခါးနားရောက်တော့ ကိုကိုနှင့်ကိုမင်းခင်တို့၏ စကားအခြေအတင်ကို သူမ ရင်ကွဲမတတ် ခံစားကြားနာလိုက်ရပါသည်။

"သူသာရှိရင် ငါ ပန်းယွန်းကို ထပ်ချစ်ဖြစ်ခဲ့မှာမဟုတ်ဘူး။ ငါ့ဘဝမှာ ပန်းယွန်းဆိုတာ ရှိလာမှာမဟုတ်ဘူး။ သူက စင်ပေါ်ကလူပါကွာ၊ ငါ့အချစ် ငါ့ဘဝကို တစ်သက်လုံးပိုင်ဆိုင်ခွင့်ရမယ့်သူပါ"

ကိုကိုရယ်. . . မကျေနပ်ဘူးလား။ ပန်းယွန်းကို လက်မထပ်ချင်ဘဲ လက်ထပ်ရမယ့်သဘောလား။

ပန်းယွန်းစည်ရဲ့မျက်ရည်တွေ ရေကာတာကျိုးသလို တသွင်သွင်စီးကျနေခဲ့တော့ ဘယ်အရပ်က ဖြစ်တည်လာလေသည်လဲမသိ။

သူမ ဘယ်သူမှမသိအောင် တိတ်တိတ်ကလေးပင် ပြန်လည်ဆုတ်ခွာလာခဲ့တာ သစ်ရွက်လေး လေလွင့်နေသလို။ ဒါမှမဟုတ် သက်မဲ့ဝိညာဉ်တစ်ခု လွင့်ပါးနေသလိုပေါ့။

သူမကို ယခုပုံစံအတိုင်း လူတွေမြင်သွားမှာ ရှက်လွန်းလှသဖြင့် ပန်းယွန်း တိတ်တဆိတ် ပြန်လည်ဆုတ်ခွာလာပုံဟာ





ညင်သာလွန်းလို့ ကိုယ့်ကိုယ်ကိုယ် အသက်မှရှိသေးရဲ့လားဟု ပန်းယွန်း ထင်မှတ်မိသည်။

ကိုကိုရယ်. . . အသက်သေပြမှ ချစ်ခြင်းဟာ လေးနက်သတဲ့လား။

ကိုကိုသစ္စာမှတ်တဲ့စကား ဘယ်လိုလဲကွယ်. . .

ပန်းယွန်းဆိုတာ ကမ္ဘာမြေရဲ့ရော်ရွက်ဝါလေး တစ်ရွက်ပါ။

ကိုကို့ကိုချစ်တတ်လာမှ ဘဝဟာ အဓိပ္ပာယ်ရှိလာခဲ့တဲ့သူပါ။

ကိုကို မပြတ်နိုးရင် ဒီပန်းကလေးက မပွင့်ဖူးတော့ပါဘူးနော်. . .

ဒါမှမဟုတ် သူမကို ကျော်ထက်လူက ပွင့်ဖတ်ပွင့်ချပ်တွေ စုတ်ဖြဲသလို စော်ကားမော်ကားလုပ်တော့မှာကြောင့်များ မသတီတော့တာလား. . .

ပန်းယွန်း လမ်းထိပ်သို့ ပြန်ရောက်တော့ စောင့်နေသည့် ဦးလေးကြီးက ထိတ်ထိတ်ပြာပြာနှင့်. . .

"ဟင်! ကလေးမ၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ဦးလေးရယ်၊ သမီးကို အိမ်ပြန်ပို့ပါ



www.burmeseclassic.com

www.burmeseclassic.com



နော်''

တက္ကစီပေါ်မှာ အသက်မဲ့ဝိညာဉ်တစ်ခုလို လွင့်ပါးရင်း ပန်းယွန်းစည် အဖြေတစ်ခု ချမှတ်နိုင်ခဲ့သည်။

## အခန်း(၂၉)

နောင်ခွန်းဆက် ချောင်းသာမှာ သုံးရက်တိတိ၊ ပင်လယ်ပြာကြီးကိုငေးမောရင်း ပင်လယ်လှိုင်းသံများကို နားခံရင်း ငုဝါကို လွမ်းသည့် အလွမ်းများကို အရက်နှင့်ကုစားရင်း လွမ်းချင်တိုင်း လွမ်း၊ ဆွေးချင်တိုင်း ဆွေးနေမိခဲ့သည်။

သုံးရက်လုံးလုံး ဖုန်းကိုပိတ်ထားပြီး လောကကြီးထဲမှ သေးခဏထွက်ကာ ကိုယ့်စိတ်နှင့်ကိုယ် ကိုယ်ပေါက်ကွဲ၊ ရှုံ့ပြပြီးတော့ သူ ကိုယ့်စိတ်ကိုယ် ပြန်ပြီးထိန်းချုပ်နေရသည်။

တစ်သက်လုံး လွမ်းရမည်ဆိုလည်း လွမ်းနိုင်မှာမဟုတ်။ သုံးရက်လုံးလုံး လွမ်းပြီးပြီပဲ။ သူ မင်းဒင်ထံသို့ အရင်ဆုံး ဖုန်းဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဒင်၊ ပန်းယွန်းဆီရောက်သေးလား။ သူ ဒါ့ကို ဘာပြောသလဲ၊ သူက နားလည်မှုရှိတဲ့မိန်းကလေးတစ်ယောက်ပါ"

"ဟုတ်ပါတယ်ဆရာ၊ သူက တန်ဖိုးမရှိတဲ့ မိန်းကလေးတစ်ယောက်ပါ"

မင်းဒင်အသံက အေးစက်စက်။ သူ့လေသံနှင့် သူ့ပြောပေါက်က သဘာဝကိုလွန်ဆန်နေလျှင် နောင်ခွန်းဆက် မျက်မှောင်ကြုတ်သွားရသည်။

"ဘာလဲကွ၊ မင်းစကားက။ ဘာလဲ. . . သူက ဒါ့ကို စိတ်ဆိုးနေသတဲ့လား။ အဟက်! သူ့လိုမိန်းကလေးတစ်ယောက်က ဒါ့ကိုအသေရရ အရှင်ရရ လက်ထပ်ချင်မှာပါကွာ"

"ဟုတ်ပါတယ်ဆရာ၊ မှန်ပါတယ်။ ဆရာမြန်မြန်သာ ပြန်ခဲ့ပါတော့"

ပြောပြီး မင်းဒင် ဖုန်းချသွားခဲ့လျှင် နောင်ခွန်းဆက်စိတ်ထဲ ထင့်သွားရသည်။ တစ်ခုခုတော့ တစ်ခုခုပဲ။

သူ ကားနှင့် ရန်ကုန်သို့ အမြန်ဆုံးပြန်လာဖြစ်ခဲ့တော့ ညနေလေးနာရီလောက်မှ အိမ်သို့ပြန်ရောက်လေသည်။ သူပြန်ရောက်တော့ မင်းဒင် ဘာမှမပြောဘဲ ကားရေဆေးခြင်း၊ သူ့ကို





ပြုစုခြင်းများသာ လုပ်ကိုင်ပေးနေ၏။ သူ ဟန်မဆောင်နိုင်တော့။

"ဟေ့ကောင်! အဲဒါတွေက အရေးမကြီးဘူး။ ပန်းယွန်း ဘာဖြစ်လို့လဲ။ တန်ဖိုးမရှိတဲ့မိန်းကလေးလို့ပြောပုံထောက်တော့ ဘာလဲ. . . ခုလည်း တစ်ယောက်ယောက်နဲ့ ပါသွားပြန်ပလား"

"ပါသွားတော့လည်း အေးတာပေါ့ဆရာရယ်၊ ဆရာ အားနာပါးနာ လက်ထပ်မနေရတော့ဘူးပေါ့"

"ဟေ့ကောင်! ဒါ့ကိုမငြေနဲ့၊ အဲဒီအလုပ်တွေ ထားလိုက်၊ ဒါ့ကို ပန်းယွန်းဆီလိုက်ပို့စမ်း"

မင်းဒင် ကားဆေးနေသည့်ရေပိုက်ကို ပိတ်ပြီး အိမ်ထဲပြန်ဝင်လာသည်။ ပြီး ညှိခန်းရှုံးကော့စ်ထဲမှာ ထည့်ထားသည့် စာအိတ်ကို အသာတိတ်ပေးလိုက်သည်။

လာပြန်ပြီတစ်ယောက်။ ဒီစာကရော အတုလားအစစ်လား။ သူ တုန်ယင်စွာဖြင့် ကမူးရှူးထိုးဖောက်မိသည်။

**ဆရာ....**

**ပန်းယွန်း အဲဒီနေ့က ဆရာကိုနှစ်သိမ့်ပေးဖို့အတွက် ဒီ အိမ်ကို ပြန်လာခဲ့မိတယ်။ ညနေငါးနာရီအချိန်မှာ...**

**"ချစ်သက်ရှိုင် ငါ ပန်းယွန်းကို ထပ်ချစ်ဖြစ်ခဲ့မှာမဟုတ် ဘူး ငါ့ဘဝမှာ ပန်းယွန်းဆိုတာ ရှိလာမှာမဟုတ်ဘူး၊ ချက် ဝင်ပေါ်က**



www.burmeseclassic.com

www.burmeseclassic.com



လှူပါကွာ၊ ငါ့အချစ် ငါ့ဘဝကို တစ်သက်လုံးပိုင်ဆိုင်ခွင့်ရမယ့်သူပါ" တဲ့...

ဒေါ်သန့်သောကနဲ့ ပြောခဲ့တယ်ဆိုပေမယ့် ဆရာ့ရင်ထဲက အသံကို ပန်းယွန်းကြားခဲ့မိရတယ်။ ကမ္ဘာမြေကြီး ချာချာလည်သွားခဲ့ပါတယ်ရှင်....

ဟုတ်တာပဲနော် ဆရာ၊ ပန်းယွန်းလည်း မမငှဝါကို အားနာပါတယ်။ ဆရာလည်း တည်မိတဲ့ဘုရားဆိုပြီး အားနာပါးနာ လက်ထပ်နေရမှာ ကျွန်မအားနာပါတယ်....

အချစ်ဆိုတာလည်း ခွင့်လွှတ်နားလည်ခြင်းပဲ မဟုတ်လား ဆရာ....

ဆရာ့ကို ပန်းယွန်း ခွင့်လွှတ်နားလည်ပေးခဲ့ပါတယ်....

စာလေးမှာ မျက်ရည်စက်တွေနှင့် စိုရွှဲပြီး စာလုံးတွေက ဝေဝေဝါးဝါး။

"ဟာ! သူ အခုဘယ်မှာလဲ၊ မင်းကို ဒီစာဘယ်တုန်းက ပေးသွားတာလဲ။ မင်းက ဆွဲမထားလိုက်ဘူးလား။ မင်းကို ငါ အစစအရာရာတာဝန်လွှဲခဲ့တယ်လေ၊ တောက်! မင်းကွာ. . . ဘာမှအသုံးမကျဘူး။ ထုတ်. . . ကားထုတ်၊ သွားမယ်. . . သူ့ဆီသွားမယ်"





သူ့ မင်းခေါင်ကိုအတင်းဆွဲလှုပ်ပြီး သွေးရူးသွေးတမ်းပြောနေမိတော့ မင်းခေါင်က သူ့လက်များကို ဖြည်းညင်းစွာ ဖယ်ချခဲ့သည်။

"သူလာပေးတာ မဟုတ်ဘူးဆရာ။ ဆရာ ချောင်းသာသွားတဲ့မနက်မှာပဲ ကျွန်တော် သူတို့တိုက်ခန်းကို ငွေပေးဖို့သွားတော့ အေးတိုက်ခန်းမှာ သော့နဲ့ဒီစာ ပေးခဲ့တယ်"

"သူတို့အိမ်ရော သွားမကြည့်ဘူးလား"

"သူတို့အိမ်က အစကတည်းက အိမ်ငှားတင်လိုက်တာပဲလေ။ ကျွန်တော်သွားကြည့်ပါသေးတယ်။ ဘာမှမထူးဘူးပေါ့"

"ဟာကွာ. . . မင်း ငါ့ဆီကို လိုက်လာသင့်တယ်၊ ဒီလောက် အရေးကြီးတဲ့ကိစ္စ"

"သူတို့အေးတိုက်ခန်းက အစ်မကြီးက ပြောတယ်။ အဲဒီညနေက ပန်းယွန်းစည်ဖြစ်လာပုံက တစ်ကိုယ်လုံး ညိုးချုံးကြေကွဲပြီး ရူးတော့မလား အောက်မေ့ရတယ်တဲ့၊ မနက်ကျတော့ သော့အပ်ထားခဲ့ပြီး သားအမိနှစ်ယောက် အဝတ်အိတ်ကလေး တစ်ခုစီနဲ့ ထွက်သွားခဲ့တယ်တဲ့"

"တော်ပါတော့ကွာ၊ ငါမကြားပါရစေနဲ့တော့"

နောင်ခွန်းဆက် ညည့်ခန်းဆိုဖာတစ်ခုမှာ အရုပ်ကြိုးပြတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကျသွားရပြီး။ သူ့ခေါင်းကို လက်နဲ့အုပ်ထားမိစဉ် သူ့ခြံထဲသို့ အာရှာ ကားနှင့်ရောက်လာခဲ့သည်။ အခြေအနေတွေကို မင်းဒင်ရှင်းပြတော့ ထက်အာကာ နားလည်သွားရသည်။

"ခွန်းဆက်ရယ်. . . ဖြစ်လိုက်ရင် အသည်းအသန်ပဲ။ မင်းအဖြစ်က ငါးစိမ်းမြင် ငါးကင်ပစ်လို့ ပြောရမလား။ ငါးကင်မြင်လို့ ငါးစိမ်းပစ်တယ်ပြောရမလားဘဲ။ သေချာတာကတော့ ငါးစိမ်းရော ငါးကင်ရော မင်းအနားမှာ မရှိကြတော့တာဘဲ"

"ငါ့ကိုအကြံပေးစမ်းပါဦး အာကာရယ်။ ငါ. . . ငါ ယွန်းကိုချစ်ပါတယ်။ သေတဲ့လူက သေပြီပဲကွာ။ ရှင်တဲ့လူက နားလည်ပေးရမှာပေါ့"

"ခုကိစ္စက နားမလည်လို့မှမဟုတ်ဘဲ။ မင်းပြောပုံလည်းကြည့်ဦးလေ။ တကယ်ချစ်တဲ့သူက ခံနိုင်မလားကွ။ ပေသီးတွက်နဲ့ချစ်တဲ့သူကသာ မင်းဘယ်လိုပြောပြော တွယ်ကပ်နေတော့မှာပေါ့"

"ကဲပါ။ ငါ့ကိုအပြစ်တွေ တင်မနေပါနဲ့။ ယွန်းပြန်လာအောင်ပဲ ကြံစည်ပေးကြပါဦး"

သုံးယောက်သား ကြံစည်စိတ်ကူးကြပြန်ရာ. . .



## အခန်း(၃၀)

ပန်းယွန်းစည်...

နောင်ခွန်းဆက် ဆေးရုံတက်နေရသည်။ အမြန်ပြန်လာပါ။

ထက်အာကာ၊ မင်းဒင်

ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာထဲမှာ ကြော်ငြာပါလာတော့ စစ်ကိုင်းမှာရောက်နေသည့်ပန်းယွန်းစည် အရမ်းစိုးရိမ်သွားသည်။

ဒါတောင် သတင်းစာက နောက်တစ်နေ့မှ ဖတ်မိခြင်းမို့ နောက်တောင်ကျနေပါပြီ။ သူမ မေမေ့ထံ သတင်းစာကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားမိသည်။

"မေမေ. . . မေမေ၊ ဒီမှာ ဆရာဝေးရုံတက်နေရတယ်တဲ့။ ဘုရား. . . ဘုရား. . . သမီးတို့ထွက်လာတာကြောင့်များလား မေမေရယ်။ ဆရာသာ တစ်ခုခုဖြစ်ရင် သမီးရင်ကျိုးရပါပြီ။ ခုညနေကားနဲ့ လိုက်သွားမယ်နော်မေမေ။ မြတ်မန္တလာထွန်းညကား မီသေးတယ်"

ပန်းယွန်းစည် အရူးမီးဝိုင်းဖြစ်နေပုံကိုကြည့်ပြီး ဒေါ်မေမေလှိုင် တည်ငြိမ်စွာ ခွင့်ပေးလိုက်သည်။

"သမီးပဲသွားတော့၊ မေမေ ဒီမှာပဲ တရားနဲ့မွေ့လျော်ပြီး ကျန်ခဲ့မယ်"

"ဟာ. . . မေမေကလည်း။ နောက်မှဝင်ပါ။ ခုတော့ လိုက်ခဲ့ပါဦးနော်။ သမီးတစ်ယောက်တည်းမို့ပါ"

နောက်ဆုံး သားအမိနှစ်ယောက် ညတွင်းချင်းပင် စစ်ကိုင်းမှ ကားနှင့်ပြန်ဆင်းခဲ့ကြသည်။ သားအမိနှစ်ယောက် တက္ကစီငှားပြီး အိမ်သို့ဝင်လိုက်ကြတော့ တစ်အိမ်လုံး တိတ်ဆိတ်နေ၏။

"ခြံတံခါးတွေ ဘာလို့ဖွင့်ထားတာလဲ၊ အိမ်တံခါးတွေရော ဖွင့်လို့ပါလား။ အစ်ကိုမင်းခေါင်ဟာလေ ဘာမဆို ပေါ့ပေါ့ဆဆနဲ့"





ဒေါ်မေမေလှိုင်က ဧည့်ခန်းမှာ အမောဖြေရင်း အနားယူနေပေမယ့် ပန်းယွန်းမှာတော့ စိုးရိမ်ပူပန်မှုကြောင့် တစ်ခန်းဝင်တစ်ခန်းထွက်နှင့် လူတွေလိုက်ရှာနေခဲ့မိသည်။

နောက် ကိုကို့အခန်းကို မရဲတရဲတွန်းဖွင့်ကြည့်လိုက်တော့ အိပ်ရာပေါ်မှာ လဲလျောင်းပြီး စောင်ခြုံထားသည့် နောင်ခွန်းဆက်ကို တွေ့လိုက်ရလျှင် သူမ စိုးရိမ်တကြီးပြေးကပ်မိ၏။

"ကိုကို. . . ဆေးရုံကဆင်းပြီလားဟင်၊ ဘာဖြစ်လို့လဲဟင်"

"အသည်းကွဲနာလေ၊ အသည်းကွဲနေတာပေါ့"

"မမငုဝါကို လွမ်းလို့ပေါ့နော်"

"ငုဝါရော ယွန်းကိုရောပေါ့၊ နှစ်ခါတောင်ကွဲမှတော့ အသည်းက ဇက်ကာပေါက်ဖြစ်ရောပေါ့ကွာ။ တော်တော်ရက်စက်တဲ့ကလေးမပဲ"

ပြောရင်းမှ သူ စောင်ခွာလိုက်ပြီး ပန်းယွန်းကိုလှမ်းပွေ့ဖက်လိုက်လျှင် သူမ အလန့်တကြားနှင့်. . .

"ကိုကို ဆေးရုံတက်နေရတယ်ဆိုလို့ ပြန်လာတာ။ ကိုကို လက်မထပ်ချင်လည်းရပါတယ်။ အားနာစရာမလိုပါဘူးနော်။ ပန်းယွန်းကို ဒီအသိုင်းအဝိုင်းက ဘယ်သူမှသိတာမှမဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာသေးတယ်. . . ခွေးမလေး။ သေပြီးတဲ့လူနဲ့များ တွက်ကပ်နေသေးတယ်ဟုတ်လား"

"နို့. . . ကိုကိုပဲ ပန်းယွန်းကို"

"ဩော်ကွာ. . . ဒါကတော့ သွေးမှုတုန်းဆို ပြောမိတာပေါ့။ မရှိတဲ့လူကို ထည့်မတွက်ကပ်နဲ့အချစ်ရယ်။ ကိုကို့မှာ ငါးစိမ်းမှမရှိတော့ဘဲကွ။ ဒီငါးကင်လေးကိုပဲ တရှုတ်ရှုတ်မြည်အောင် ဝါးစားရတော့မှာ"

"အာ. . . ကိုကိုမကောင်းဘူး။ ဘာကြီးမှန်းလဲမသိဘူး"

"စိတ်ချ! ဘာကြီးမှန်းသိအောင် လက်တွေ့ကိုပြမယ်"

"ကိုကိုနော်၊ အိမ်ရှေ့မှာ မေမေပါတယ်"

"ပါပစေလေ၊ ညွှန်းနဲ့အိပ်ခန်းက ပေတစ်ရာလောက်ဝေးတာကြီး။ မကြားပါဘူး"

"လက်မထပ်ရသေးဘဲနဲ့များ"

"ရပါတယ်၊ အခု မနက်(၇)နာရီ ကိုကိုတို့ချစ်ပြီးရင် (၈)နာရီ အဲ. . . (၉)နာရီပေါ့ကွာ။ အဲဒါဆို တရားရုံးဖွင့်ပြီ။ ချက်ချင်းပဲ သွားလက်ထပ်မှာ။ မသေချာမရေရာတဲ့အဖြစ်တွေကို မခံစားချင်တော့ဘူးကွာ။ နောက်တစ်ကြိမ်ဆို ကိုကိုရူးတော့မှာ ခံနိုင်ရည်မရှိတော့ဘူး"





ပြောပြီး နောင်ခွန်းဆက် ပန်းယွန်းကို မွှေးမည်ကြံလျှင် သူမက သူ့ကိုတွန်းထားလိုက်ရင်း. . .

"ယွန်းတို့က မြန်မာလူမျိုးတွေလေ ကိုကိုရဲ့။ လက်မထပ်ရသေးခင် စည်းစောင့်ရမှာ မြန်မာအမျိုးသမီးတို့ရဲ့တာဝန်ဝတ္တရားပါ။ ဒီတော့ လက်ထပ်ဖို့ပဲ အရင်စီစဉ်လိုက်ပါဦး။ ပြီးမှ ကိုကို့သဘော"

"သွားပါပြီကွာ၊ အရှုံးက တစ်မှုးသာဆိုတာ အဲဒါပေါ့။ ဒါပေမဲ့ ပန်းယွန်းကို ဒီတစ်ချက်နဲ့တင် ကိုကို အများကြီးလေးစားပါတယ်။ ဟဲ! အမြင်သွားကြဖို့ ယောက္ခမကြီးနဲ့တိုင်ပင်ပြီး ဒီနေ့ပဲ လက်မှတ်သွားထိုးကြရအောင်. . . အိုကေ"

နှစ်ယောက်သား လက်ဝါးချင်းရိုက်ရင်း ရယ်မောမိကြချိန်မှာ ငှဝါ အခန်းထောင့်မှ ငေးကြည့်လို့ပါလော။ ။

ကြယ်စင်မှူးဝေ

www.burmeseclassic.com